ဦးသိန်းစိန်ပဲ မင်းသားကြီး
လုပ်မှာလား
စာ–၆

ယမကာသွင်းကုန်မူဝါဒ
ပြန်သုံးသပ်နေ
စာ–၁၂

oHPdyfjym&U
tyfufxuJppfOm;uD
စာ–၄၄


# The Irrawaddy

Weekly Journal

Vol.1, No.1, January 5, 2014


SPECIAL REPORT

## အာဏာရှင်များနှင့် မြန်မာ့တပ်မတော်

စာ–၁၂



# အယ်ဒီတာ့ စကား

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များက လူဝင်မှုကြီးကြပ်ရေးအရာရှိ၏ ဝင်ခွင့်ပေးသည့် တုံးထုသံကို စောင့်ဆိုင်းနေကြသည်။ နိုင်ငံတကာလေကြောင်း လိုင်းများမှဂျက်လေယာဉ်များ နေ့စဉ်ဆိုက်ရောက်နေသည်။ လွန်ခဲ့သော တနှစ်ကျော်ခန့်က အမေရိကန်သမ္မတ အိုဘားမား၏ Air Force One လေယာဉ် ဤလေယာဉ်ကွင်းတွင်ပင် ဆိုက်ခဲ့သေးသည်။ ကမ္ဘာကျော်ခေါင်းဆောင်များ၊ အထင်ကရကျော်ကြားသူများ တဖွဲဖွဲဝင်လာကြသည်။ တံခါးဖွင့်ခဲ့ပြီဖြစ်သော မြန်မာကိုလာပြီး ကြည့်ကြသည်။ မိတ်ဆွေဖွဲ့သည်။ မြန်မာ၏ ညှို့ဝတ်ကျေပွန်မှုနှင့် ပြောင်းလဲလာသော သဘောထားကိုကိုယ်တိုင်ကိုယ်ကျစူးစမ်းကြသည်။ မြန်မာ၏ ရှေးဟောင်းအမွေအနှစ်ပုဂံဒေသကို လေ့လာကြသည်။ ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားပြီး စစ်ဘုရင်များ၊ လက်နက်ကိုင်တော်လှန်မှုများနှင့် ပြည်တွင်းစစ်သက်ဆိုးရှည်ခဲ့သော မြန်မာနိုင်ငံကို စောင်းငဲ့ကြည့်ကြသည်။ ပါလီမန်ထဲတွင် အတိုက်အခံများနှင့် ဘောင်းဘီဝတ်၊ ဘောင်းဘီချွတ် မိုးကျရွှေကိုယ်များကို လာကြည့်ကြသည်။ သယံဇာတများပေါကြွယ်ဝသော်လည်းကမ္ဘာ့အဆင်းရဲဆုံးစာရင်းဝင်နေသောမြန်မာနိုင်ငံနှင့်တိုင်းရင်းသားဒေသမှ ပဋိပက္ခများကို ဂရုဏာသက်စွာလေ့လာအဖြေထုတ်ကြသည်။

လူဦးရေထူထပ်ပြီး နျူကလီးယားပါဝါကို ပိုင်ဆိုင်ထားသော အင်အားကြီး နိုင်ငံနှစ်နိုင်ငံကြားမှ မြန်မာတိုင်းရင်းသားတို့၏ဖြတ်သန်းမှု၊ စောင့်ရှောက်ထိန်းသိမ်းမှုနှင့် စစ်အာဏာရှင်အောက်မှ ရုန်းကန်လှုပ်ရှား လွတ်မြောက်အောင် ကြိုးစားခဲ့သူ သူရဲကောင်းများကို လက်ဆွဲနှုတ်ဆက်ပြီး ဩဘာပေးကြသည်။

သို့သော် ယခုလွတ်လပ်ပွင့်လင်းမှု အပေါ်တွင် လက်မထောင်၊ တက်မထောင်ချင်၍ မရသေးပါ။ သဘောကမူ တကယ်ခွျေးထွက်သောအလုပ် Hard work ကိုအခုမှ လုပ်ရတော့မည်ဖြစ်သောကြောင့်ပင်။ အတိုင်းအတာ အကန့်အသတ်နှင့် ပွင့်လင်းလွတ်လပ်လာသည့်ထဲတွင်လည်း မီဒီယာများပါဝင်သည်။ ထိုကြောင့်လည်း The Irrawaddy က ၁၉၉၃ ခုနှစ်ကတည်းက စတင်ထုတ်ဝေခဲ့သော အင်္ဂလိပ်ဘာသာဖြင့် မဂ္ဂဇင်းကို မြန်မာပြည်တွင် ရုံးဖွင့်ပြီး စတင်ဖြန့်ချိခဲ့သည်။ ဧရာဝတီ၏ အွန်လိုင်းမှ နေ့စဉ်တင်ဆက်နေသော အင်္ဂလိပ်နှင့် မြန်မာဘာသာဖြင့် သတင်းတင်ပြချက်များကို မြန်မာပြည်တွင်လွတ်လပ်စွာ ဖတ်ရှုနိုင်ပြီ။ မြန်မာနိုင်ငံတွင် တံခါးဖွင့်ခဲ့ခြင်း၏ ခြေလှမ်းသစ်တခု။

ဧရာဝတီအနေဖြင့် ကျင့်ဝတ်စံနှုန်းများကို လိုက်နာသော ဂျာနယ်လစ်ဇင်အလုပ်ကိုသာ ဆက်လုပ်မည်ဖြစ်သည်။ မှန်ကန်သော သတင်းအချက်အလက်များ၊ သုံးသပ်ခန့်မှန်းချက်များ၊ အယ်ဒီတာ့အာဘော်များကို မျက်နှာမလိုက်ဘဲ မျှတစွာဖြင့်ရေးသားသွားမည်။ ပြည်တွင်းနှင့် နိုင်ငံတကာစာဖတ်ပရိသတ်များကို ဧရာဝတီ၏ အမှတ်တံဆိပ်ပုံရိပ် (Brand)၊ အရည်အသွေးရှိသတင်းတင်ပြမှု(Quality Reporting) နှင့် လွတ်လပ်သော စာနယ်ဇင်းပညာ (Independent Journalism) နှင့် မိတ်ဆက်ခဲ့ပြီးဖြစ်သည်။

ထို့ကြောင့်ပင် နိုင်ငံတကာနှင့် ဒေသတွင်း ဩဇာကြီးသော New York Times, Foreign Policy, Washington Post, Financial Times, Wall Street Journal, BBC, CNN, Al Jazeera, The Guardian , Bangkok Post, The Nation, Jakarta Post တို့တွင် ဧရာဝတီ၏ သုံးသပ်ချက်သတင်းများ အစဉ်တစိုက်ညွှန်းဆိုဖော်ပြခြင်း ခံရသည်။

ယနေ့အချိန်တွင် ဧရာဝတီမဂ္ဂဇင်းနှင့် ယခုအသစ်ထွက်ရှိမည့် ဂျာနယ်တို့ အနေဖြင့် အနှစ် ၂၀ ကျော်အတွေ့အကြုံများနှင့် လတ်ဆတ်သောသတင်းများကို တရားဝင်ချပြခွင့်ရသဖြင့် ဝမ်းမြောက်မိပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။


ဓာတ်ပုံ - ဂျေပိုင်/The Irrawaddy

**ကျေးဇူးတင်ပါသည်**

ရန်ကုန်မြို့တွင် စတင်အခြေချချိန်မှစ၍ ကူညီခဲ့သော မိတ်ဆွေဟောင်းများ၊ မိတ်ဆွေသစ်များ၊ စာဖတ်ပရိသတ်များအားလုံး အားလုံးကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း အလေးအနက်မှတ်တမ်းတင်လိုပါသည်။ The Irrawaddy Weekly Journal ၏ဒီဇိုင်း Layout များကို စိတ်ရှည်စွာဖန်တီးပေးသော ကိုကာကြီးနှင့် ကိုကေထက်စံကိုလည်း အထူးပင်ကျေးဇူးတင်ရှိသလိုဂျာနယ်ကိုပုံနှိပ်စက်ပို့ခါနီးအချိန်အထိ ဒီဇိုင်းကိစ္စနှင့်ပတ်သက်ပြီး အားလုံးကူညီပေးခဲ့သော ကိုစိုးဝင်းငြိမ်းကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါသည်။

Peace

# ဘားအံငြိမ်းချမ်းရေးဆွေးနွေးပွဲမှ အပစ်ရပ်မူကြမ်းသစ် ထွက်ပေါ်ရန်ရှိ

**သစ်နေမိုး**


ဓာတ်ပုံ - ဂျေပိုင်/The Irrawaddy

**ပြီးခဲ့သည့်အောက်တိုဘာ ၃၀ ရက်က ကချင်ပြည်နယ် လိုင်ဇာမြို့တွင်ကျင်းပသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းပေါင်းစုံ ညီလာခံ။**

ကရင်ပြည်နယ် ဘားအံမြို့တွင် လာမည့် ဇန်နဝါရီလ ကျင်းပမည့် အစိုးရ ငြိမ်းချမ်းရေးအဖွဲ့နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ ဆွေးနွေးပွဲမှ တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ သဘောတူညီမှု မူကြမ်းတခု ထွက်ပေါ်လာရန်ရှိကြောင်း သတင်းရရှိသည်။

လာမည့်ဇန်နဝါရီ ၂၄ ရက်နေ့မှ ၂၅ ရက်အထိ ဘားအံမြို့တွင်ပြုလုပ်သွားမည်ဖြစ်သော ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်မှု လုပ်ငန်းကော်မတီနှင့် တိုင်းရင်းသားများ၏ တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT) တို့အကြား အပစ်ရပ်မူကြမ်းကိစ္စ ညှိနှိုင်းကြမည်ဖြစ်ကြောင်း NCCT ဒုတိယဥက္ကဋ္ဌ စောကွယ်ထူးဝင်းကဧရာဝတီသတင်းဌာနသို့ ပြောသည်။

"ဘားအံ ဆွေးနွေးပွဲမှာ မူကြမ်းတခုထွက်လာဖို့ ရှိပါတယ်၊ နှစ်ဘက်သဘောတူတဲ့မူကြမ်းပေါ့"ဟု ဖဒိုစောကွယ်ထူးဝင်းက ပြောသည်။

ဒီဇင်ဘာလ ၂၉ ရက်နေ့ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင်အစိုးရငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့နှင့်တိုင်းရင်းသားအဖွဲ့များအကြား တွေ့ဆုံခဲ့သော အလွတ်သဘောဆွေးနွေးမှုသည်လည်း အောင်မြင်မှုရှိခဲ့ကြောင်း သိရှိရသည်။

"အမြင်အားဖြင့် ၈၀ ရာခိုင်နှုန်းလောက် တူညီတယ်၊ ဒီတခါမှာ သူတို့ဘက်က အသစ်ရေးလာတယ်၊ အဲ့ဒီဟာမှာ ယေဘုယျအနေနဲ့ ခြုံပြောရရင်တော့ ဖက်ဒရယ်မူကို ဦးတည်တဲ့ဟာပေါ့"ဟု NCCT ဥက္ကဋ္ဌ ဦးနိုင်ဟံသာက ဆိုသည်။

လက်ရှိညှိနှိုင်းမှု အခြေအနေများအရတိုးတက်မှုရှိလာသော်လည်း လာမည့်ဇန်နဝါရီ၌ ကျင်းပမည်ဖြစ်သော ဘားအံဆွေးနွေးပွဲတွင် တနိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေး သဘောတူညီမှုအတွက် အဆုံးသတ်ညှိနှိုင်းရေးမှာ မသေချာသေးကြောင်း ဦးနိုင်ဟံသာက ပြောဆိုသည်။

ကရင်အမျိုးသားအစည်းအရုံး (KNU) က ဘားအံငြိမ်းချမ်းရေး ဆွေးနွေးပွဲမတိုင်မီ အကြိုတိုင်းရင်းသားညီလာခံတရပ်ကို ဇန်နဝါရီလ ၂၀ ရက်နေ့မှ ၂၂ ရက်နေ့အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီးယင်းညီလာခံသည် အောက်တိုဘာလ ကျင်းပခဲ့သည့်လိုင်ဇာတိုင်းရင်းသား ညီလာခံပြီးလျှင် ဒုတိယအကြိမ်မြောက်ပြုလုပ်သော တိုင်းရင်းသားလက်နက်ကိုင် ခေါင်းဆောင်များ တွေ့ဆုံသည့် ညီလာခံဖြစ်ကြောင်း၊ အဆိုပါညီလာခံမှ ချမှတ်သည့် ဆုံးဖြတ်ချက်များသည် အစိုးရနှင့် ညှိနှိုင်းမည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် အပစ်ရပ်ရေးမူကြမ်းများ ဖြစ်လာမည်ဖြစ်ကြောင်း သိရှိရသည်။

ဘားအံဆွေးနွေးပွဲမှာ တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုအတွက် အဖြေတခုထွက်လာနိုင်မည်ဖြစ်သည်နှင့်အညီ လေ့လာစောင့်ကြည့်သူများအဖြစ်လည်း ထပ်မံတိုးကာဖိတ်ကြားသွားမည်ဖြစ်ကြောင်း ဦးနိုင်ဟံသာကပြောသည်။

"အရင်တက်ခဲ့တဲ့ ကုလကိုယ်စားလှယ်ဗီဂျေနမ်ဘီယာနဲ့ တရုတ်ကိုယ်စားလှယ်လည်းပါမယ်၊ အင်္ဂလန်၊ ဂျပန်ထပ်ဖိတ်မယ်၊ ဒေါ်စုနဲ့ဦးခွန်ထွန်းဦးတို့ကိုလည်း ဖိတ်ဖို့သဘောတူထားပါတယ်"ဟု ၎င်းက ဆက်ပြောသည်။

တိုင်းရင်းသား လက်နက်ကိုင်များနှင့်အပစ်အခတ်ရပ်စဲရေးဆိုင်ရာ သဘောတူညီမှုများကိုလက်ရှိအစိုးရသစ်တက်လာပြီးနောက်ပိုင်းမှစ၍ ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် သဘောတူညီမှုများဖြင့် လုပ်ဆောင်လာခဲ့ပြီးလက်နက်ကိုင်အဖွဲ့ ၁၅ ဖွဲ့နှင့် သဘောတူ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

သမ္မတ ဦးသိန်းစိန်က တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ဆိုင်ရာသဘောတူမှုကို လက်မှတ်ထိုးရန် လုပ်ဆောင်လျက်ရှိပြီး မကြာမီ နိုင်ငံ့အဆင့်အပစ်ရေးလက်မှတ်ထိုးနိုင်မည်ဟု ယုံကြည်ကြောင်း ၎င်း၏ နိုင်ငံခြားခရီးစဉ်များတွင် ထုတ်ဖော်ပြောဆိုထားသည်။ ■

# The Irrawaddy

Vol.1/ No.1 January 5, 2014


O;DawZ\ ylwm t kd
pDuef a0zetcad&

စာ– ၄

orac;s;ai Gjpm;rr sm;
jzpfay:

စာ – ၁၁



အမေစုလောက်
သမ္မတဖြစ်သင့်တာ မရှိဘူး

စာ– ၃၈

BUSINESS

# BMW မြန်မာပြည်လာပြီ

စာ –၂၃




ထိုင်းနိုင်ငံရေး အကျပ်အတည်းနှင့် ရွေးကောက်ပွဲ သံသရာ

စာ – ၈

ယောက်ျားတွေကျတော့ ဘာကြောင့်
လူပျိုစစ်ဖို့ မလိုတာလဲ

စာ – ၃၀

"ဆိုဒါ"ပါတဲ့ အချိုရည်နဲ့ ကလေးတို့ရဲ့ ကျန်းမာရေး

စာ – ၄၀

လန်းလန်းဆန်းဆန်း မနက်စာစားနိုင်မယ့်
၄၉ လမ်း Lucky Seven

စာ – ၄၃

၂၀၁၂ ခုနှစ် မြန်မာ့ရုပ်ရှင် အကယ်ဒမီပေးပွဲ
အခမ်းအနားမြင်ကွင်း

စာ – ၂၆



The Irrawaddy
Vol:1, No:1

Business

# ဦးတေဇ၏ ပူတာအိုစီမံကိန်း ဝေဖန်ခံနေရ

**စောရန်နိုင်/မြစ်ကြီးနား**

jre မာနိုင်ငံ၏ အမြင့်ဆုံးဖြစ်သည့် ရေခဲဖုံးတောင်တန်းများဝိုင်းရံထားသော၊ ဝေးလံ၍ လမ်းပန်းဆက်သွယ်ရေးလည်း ခက်ခဲသော ကချင်ပြည်နယ်မြောက်ပိုင်းမှ ပူတာအို တောင်ကြားဒေသသည် အသက်ရှူမှားလောက်စရာလှပပြီး သဘာဝအတိုင်းရှိနေသေးသည့် တောင်တန်းများကို မြင်တွေ့ရနိုင်သည့် နေရာဖြစ်သည်။



ဓာတ်ပုံ – Tayza/facebook

**တောင်အမြင့်ကြီးတွေတက်ရတာ ဝါသနာပါတဲ့ ဦးတေဇ။**

ဟိမဝန္တာတောင်ကြောများကြားရှိ သဘာဝဒေသသည် ရှားပါးတောရိုင်းတိရစ္ဆာန်များ၊ကျယ်ပြန့်သောတောအုပ်ကြီးများ၊ မျိုးတုံးပျောက်ကွယ်တော့မည့် ဟိမဝန္တာထင်းရှူးပင်များ၊ ရှားပါး သစ်ခွများနှင့် လူပုမျိုးနွယ်စုများပင်လျှင်ရှိနေကြသည့် နေရာဖြစ်သည်။

ပူတာအို တောင်ကြားဒေသသည် ပင်လယ်ရေမျက်နှာပြင် အထက် မီတာ ၁၀၀၀ ခန့်တွင်ရှိပြီး ဝေးလံသီခေါင်မှုနှင့် တိုင်းရင်းသား ပဋိပက္ခများကြောင့် အသွားအလာနည်းပါးခဲ့သော်လည်းယခုအခါတွင် မြန်မာနိုင်ငံ၏ အချမ်းသာဆုံးသောပုဂ္ဂိုလ်များထဲမှ တဦးကပူတာအိုဒေသကို စိတ်ဝင်စားမှုများလာကြောင်း ကချင်ပြည်နယ်၏ မြို့တော်မြစ်ကြီးနားမှ သတင်းရင်းမြစ်တခုက ပြောသည်။

ယခင်စစ်အစိုးရ နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်ချမ်းသာကြွယ်ဝလာခဲ့သော ထူးကုမ္ပဏီအုပ်စု၏ ဥက္ကဋ္ဌဖြစ်သော ဦးတေဇက သူ၏ စီးပွားရေးလုပ်ငန်းများကိုပူတာအိုခရိုင်အထိ ချဲ့ထွင်နိုင်ရန်အားကြိုးမာန်တက်ဆောင်ရွက်နေသည်ကို တွေ့ရသည်။ မြစ်ကြီးနားမြို့ခံများ၏ အဆိုအရဦးတေဇသည်ဧက ၃၀၀၀၀၀ ခန့်ရှိသည့် တောင်ပေါ်သစ်တောများတွင် သစ်ထုတ်လုပ်ခွင့်နှင့် ပူတာအိုမြောက်ပိုင်းရှိ မလိခမြစ်ကမ်းပါးတွင် ရွှေတူးဖော်ရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် မြေဧက ၆၀၀၀၀၀ ခန့် ရရှိထားပြီး ဖြစ်သည်ဟု သိရသည်။

အမေရိကန် အစိုးရက နာမည်ပျက်စာရင်းသွင်းထားခြင်းခံရဆဲဖြစ်သော ဦးတေဇသည်မြစ်ကြီးနားမြို့၏ မြောက်ဘက် မိုင် ၁၄၀ ခန့်အကွာ ပူတာအိုမြို့အနီးမှ မူလာရှီဒီး ကျေးရွာတွင် Malikha Lodge အမည်ရှိ ဇိမ်ခံ အပန်းဖြေစခန်းတခု ဖွင့်လှစ်ထားသည်ဟုလည်း သိရသည်။

"အခုဆိုရင် ပူတာအို တောင်ကြားကို ဦးတေဇပိုင်သွားပြီလို့ ကျနော်တို့ ကြားရပါတယ်၊ ကျနော်နဲ့တွေ့ခဲ့တဲ့ ဒေသခံပြည်သူ အားလုံးကတော့အစိုးရဆီကသူဝယ်လိုက်တယ်ပြောကြတယ်"ဟုအစိုးရတပ်နှင့် ကချင်လွတ်မြောက်ရေး တပ်မတော်တို့ကြားတွင် ဖြစ်ပွားနေသောတိုက်ပွဲများကြောင့်တိမ်းရှောင်ထွက်ပြေးနေရသည့် ပူတာအိုနယ်အတွင်းမှဒုက္ခသည်များထံသို့ သွားရောက်ခဲ့သော ကချင်နှစ်ခြင်းအသင်းတော် (Kachin Baptist Church) မှ ညွှန်ကြားရေးမှူး ဦးလမိုင်ရော်ကပြောသည်။

"မူလာရှီဒီး ရွာမှာရှိတဲ့ ဦးတေဇရဲ့အပန်းဖြေစခန်းက နိုင်ငံတကာ အဆင့်မီအပန်းဖြေစခန်းတခုလိုပါပဲ။ တညတည်းခိုရင် ဒေါ်လာ ၅၀၀ လောက်ပေးရတယ်။ ပူတာအိုဒေသဟာ သဘာဝရှုခင်းတွေနဲ့ သာယာတဲ့နေရာပါ။ ဒါပေမယ့်ဝေးလွန်းတယ်။ ဒီနေရာကို ကမ္ဘာလှည့်ခရီးသည်တွေအများကြီးလာပဲ့မလားလို့ ကျနော်သံသယဖြစ်မိပါတယ်" ဟုလည်း သူကဆိုသည်။

ယခင်ကလည်း အဆိုပါဒေသတွင် နှင်းလျှောစီးအပန်းဖြေစခန်းတခု တည်ထောင်ရန် စိတ်ဝင်စားကြောင်းဦးတေဇကထုတ်ဖော်ပြောကြားခဲ့ဖူးပြီးသူ၏လေကြောင်းလိုင်းဖြစ်သော Air Bagan က လည်း ပူတာအို-မြစ်ကြီးနား ခရီးစဉ်ကို ပြေးဆွဲပျံသန်းပေးနေသည်။ သို့သော်လည်း မြန်မာနိုင်ငံတွင် အဝေးလံဆုံးနှင့် အဆင်းရဲဆုံးဒေသတခုတွင် သာမန်ထက်ပိုသော ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နေသော ဦးတေဇ၏ အစီအမံများသည် ဤမျှသာမဟုတ်ပါ။

မကြာသေးမီက မြစ်ကြီးနားမြို့တွင်တွေ့ဆုံမေးမြန်းခဲ့စဉ် ဦးလမိုင်ရော်က ဧရာဝတီသတင်းထောက်ကို ပူတာအိုခရိုင်မလိခမြစ်အတွင်းတွင် တွေ့ရသော ထူးအုပ်စုပိုင် စပိဘုတ်တစီး၏ ဓာတ်ပုံများထုတ်ပြခဲ့သည်။ "ဒီလို လှေမျိုးကို ပူတာအိုလိုနေရာမျိုးအထိ ရောက်အောင်သယ်ရတာ ဘယ်လောက်ခက်ခဲမလဲဆိုတာတွေးကြည့်ဖို့ တောင်မလိုပါဘူး။ ဒါပေမယ့် ဦးတေဇက ရောက်အောင်သယ်ပြီးသွားပြီ။ သူ့မှာ စီးပွားရေး စီမံကိန်း ကြီးကြီးမားမား ရှိနေပုံရတယ်" ဟု သူကပုံထဲမှ စပိဘုတ်ကိုညွှန်ပြရင်းပြောသည်။

အသက် ၄၈ နှစ်အရွယ်ရှိပြီဖြစ်သော ဦးတေဇက တိဘက်ပြည်နယ်နှင့် နယ်နိမိတ်ချင်းထိစပ်နေသောမြန်မာနိုင်ငံ၏ မြောက်ဘက်စွန်းဒေသကိုစိတ်ဝင်စားနေသည်မှာ ကြာခဲ့ပြီဖြစ်သည်။ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလအတွင်းက လူ ၅ ဦးပါအဖွဲ့တခုကို ဦးဆောင်ပြီး ရေခဲဖုံးတောင်တခုဖြစ်သည့်ဖုန်ကန်ရာဇီတောင်ထိပ်သို့ သွားရောက်ခဲ့သည်။ သို့သော်လည်း ရာသီဥတု ဆိုးရွားမှုကြောင့် ရဟတ်ယာဉ်အရေးပေါ်ဆင်းသက်ခဲ့ရပြီး တောင်ပေါ်တွင် ကယ်ဆယ်သူတွေရောက်လာသည့် အချိန်အထိသုံးရက်ကြာပိတ်မိနေခဲ့သည်။

အဆိုပါ ခရီးစဉ်မှ ပြန်လည်ရောက်ရှိလာပြီးနောက် ဦးတေဇသည်ထိုအချိန်က မြန်မာစစ်အစိုးရ၏ ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုသွားရောက်တွေ့ဆုံဂါရဝပြုပြီး သူတို့ကို ကယ်တင်ရန်အတွက်ကယ်ဆယ်ရေးအဖွဲ့ စေလွှတ်ပေးခဲ့သည့်အတွက် ကျေးဇူးတင်စကားပြောခဲ့သည်။ ဦးတေဇ၏သတင်းကို ကြားကြားချင်း သူ့ကို ရှာဖွေကြရန်ဗိုလ်ချုပ်မှူးကြီး သန်းရွှေကတပ်ရင်းအားလုံးကိုအမိန့်ပေးခဲ့သည် ဟုလည်းသိရသည်။

မကြာသေးမီကပင် အမေရိကန်တောင်တက်သမားများ ပါဝင်သောအဖွဲ့တဖွဲ့သည် ဦးတေဇ၏ ထူးဖောင်ဒေးရှင်း၏ ထောက်ပံ့ကူညီမှုဖြင့် ကချင်ပြည်နယ်အတွင်းရှိ ဂမ်လန်ရာဇီတောင်ထိပ်သို့တက်ရောက်ပြီး အမြင့်ကို တိုင်းထွာခဲ့သည်။ သူတို့ ပြန်ရောက်လာသည့်အခါ ဂမ်လန်ရာဇီတောင်သည် ခါကာဘိုရာဇီတောင်ထက် ပိုမြင့်သည့်အတွက်မြန်မာနိုင်ငံတွင် အမြင့်ဆုံးဖြစ်သည်ဟုထုတ်ပြန်ခဲ့သည်။

၎င်းတို့၏ ခရီးစဉ်အပေါ် စိတ်ဝင်စားမှုကို မြှင့်တင်နိုင်ရန်အတွက် ထူးဖောင်ဒေးရှင်းက ထရုန်တိုင်းရင်းသားတဦးကို ပူတာအိုမှ ရန်ကုန်သို့ ခေါ်ဆောင်လာခဲ့သည်။ အသက် ၆၀ အရွယ်ရှိ ဦးဒါဝိတ်သည် အရပ် ၄ ပေပင်မရှိဘဲ အနည်းငယ်သာ ကျန်တော့

## KIA က ဦးတေဇကို စောင့်ကြည့်

**လင်းသန့်/ချင်းမိုင်**

သဘာဝသယံဇာတ ပေါကြွယ်ဝသော ကချင်ပြည်နယ်တွင် ရင်းနှီးမြှုပ်နှံမှုများ အကြီးအကျယ်လုပ်ဆောင်နေသည့် ဦးတေဇသည် ဒေသခံလူထုအကျိုး၊ ကချင်ပြည်နယ်အကျိုးများနှင့် ပတ်သက်၍ စေတနာထားလုပ်ဆောင်နေခြင်းများရှိ၊ မရှိ ကချင်လွတ်လပ်ရေးတပ်မတော် (KIA) ကစောင့်ကြည့်နေကြောင်း KIA စစ်ဦးစီးချုပ် ဗိုလ်ချုပ်ဂွန်မော်က ဧရာဝတီသတင်းဌာနနှင့် ထိုင်းနိုင်ငံချင်းမိုင်မြို့တွင် ဒီဇင်ဘာလအတွင်း သီးသန့်တွေ့ဆုံစဉ် ပြောဆိုသည်။

ကချင်ပြည်နယ်အတွင်း အစိုးရတပ်နှင့် KIA တို့အကြား တိုက်ပွဲများပြင်းထန်နေစဉ် ဦးတေဇက အစိုးရစစ်တပ်ကို ငွေကြေးနှင့် အခြားလှူဒါန်းမှု၊ စိတ်ဓာတ်ရေးရာ အားပေးကူညီမှုများ လုပ်ဆောင်ခဲ့ခြင်းအပေါ် မနှစ်သက်ဟုရန်ကုန်ခရီးစဉ်အတွင်း ဦးတေဇနှင့်တွေ့ဆုံစဉ် ပြောဆိုခဲ့ကြောင်း ဗိုလ်ချုပ်ဂွန်မော်က ရှင်းပြသည်။

"သူ့အနေနဲ့ အစိုးရက တာဝန်ပေးလို့ မြန်မာ့တပ်မတော်ကို တစုံတရာ နည်းပညာတို့၊ လက်နက်တို့ရှာပေးတာ၊ ကိစ္စက နိုင်ငံတော်တခုလုံးနဲ့ဆိုင်တဲ့ကိစ္စ၊ ကျနော်တို့ဘက်က နားလည်နိုင်တယ်။ သို့သော်လည်းပဲ ကချင်ပြည်နယ်ကိုတက်လာတဲ့ စစ်ကြောင်းတွေကို တိုက်ရိုက်အကူအညီပေးတာမျိုးတော့ ကျနော်တို့လက်မခံနိုင်ဘူးလို့ ဒါအတိအကျ ကျနော်တို့ဒီလိုပဲ ပြောထားပြီးဖြစ်ပါတယ်" ဟု ဗိုလ်ချုပ်ဂွန်မော်က ဧရာဝတီနှင့် သီးသန့်အင်တာဗျူးတွင် ပြောဆိုသည်။

■

သည့် ထရုန်မျိုးနွယ်စုအတွင်းမှ ကျန်နေသူတဦးဖြစ်သည်။ ထူးဖောင်ဒေးရှင်း အမှတ်တံဆိပ်ပါသည့် အဝတ်အစားများ ဝတ်ဆင်ထားသည့် ဦးဒါဝိတ်ကို ရန်ကုန်မြို့ရှိ အဆင့်မြင့်ဟိုတယ်တခုဖြစ်သောကုန်သည်ကြီးများ ဟိုတယ်တွင် အများပြည်သူသိအောင် စာနယ်ဇင်းများမှတဆင့် မိတ်ဆက်ပေးခဲ့သည်။

ဦးတေဇသည် ၁၉၈၈ နောက်ပိုင်းနှစ်များတွင် တံခါးပိတ်ဝါဒကျင့်သုံးပြီး ဘဏ္ဍာငွေ မလုံလောက်မှုနှင့်ရင်ဆိုင်ခဲ့ရသော စစ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ချမ်းသာကြွယ်ဝမှုကို ရှာဖွေနိုင်ခဲ့သူဖြစ်သည်။ ၁၉၉၀ နှစ်များမှစ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှအစ သဘာဝသစ်တောများတွင်အကြီးစားသစ်ထုတ်လုပ်ငန်းအထိ တိုးချဲ့လာခဲ့ပြီး နောက်တွင် သတ္တုတူးဖော်ရေး၊ ဆောက်လုပ်ရေးနှင့် ဟိုတယ်လုပ်ငန်းများပါ ဆောင်ရွက်လာပြီး AGD ဘဏ် နှင့် Air Bagan လေကြောင်းလိုင်းကိုလည်း တည်ထောင်ခဲ့သည်။

အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာနက သူ့ကို ၂၀၀၈ ခုနှစ်တွင် တားမြစ်ကန့်သတ်မှုစာရင်းထဲသို့ ထည့်သွင်းလိုက်ပြီး လက်ရှိ ဖြစ်ပွားနေသော ကချင်ပဋိပက္ခများတွင် သုံးစွဲခဲ့သော ရုရှားနိုင်ငံလုပ်တိုက်ခိုက်ရေး ရဟတ်ယာဉ်များအပါအဝင် စစ်လက်နက်ပစ္စည်းများ ဝယ်ယူရာတွင်ကူညီခဲ့သည့် လက်နက်ပွဲစားနှင့် မြန်မာစစ်အစိုးရ၏ ငွေကြေးဆိုင်ရာ လက်ရုံးတဦးဟုလည်း အမည်တပ်ခဲ့သည်။

ယခုလ အစောပိုင်းကလည်း ဦးတေဇသည် ရုရှားဖက်ဒရေးရှင်း အဖွဲ့ဝင်ဖြစ်သည့် တတာစတန် သမ္မတနိုင်ငံသို့ မြန်မာအစိုးရ၏ အရေးကိစ္စအတွက် သွားရောက်ခဲ့ပြီး သမ္မတ၊ ကုန်သွယ်ရေးဝန်ကြီးတို့အပြင် ရုရှားနိုင်ငံ၏အကြီးဆုံး ထရပ်ကားထုတ်လုပ်သူဖြစ်သော Kamaz ကုမ္ပဏီ၏ ညွှန်ကြားရေးမှူးနှင့်လည်းတွေ့ဆုံခဲ့သည်။ ရဟတ်ယာဉ်များ၊ ထရပ်ကားများ၊ စက်ပစ္စည်းထုတ်လုပ်ရေး ပစ္စည်းများနှင့် သဘော်္ဘာတည်ဆောက်ရေး ပစ္စည်းများ ပြန်လည်သယ်ဆောင်သွားရန် တတာစတန် နိုင်ငံသမ္မတ Rustam Minikhanov က သူ့ကို အကြံပြုကြောင်း လည်းသတင်းထုတ်ပြန်ချက် တခုတွင်ဖော်ပြထားသည်။

တိုင်းရင်းသားလူမျိုးများ၏ ဒေသတွင်သစ်တောနှင့် သတ္တုသယံဇာတများ ထုတ်ယူမည့်ဦးတေဇ၏ စီမံကိန်းများတွင်အဆိုပါဒေသများ၌ အစိုးရစစ်တပ်များ လှုပ်ရှားစစ်ဆင်နိုင်ရန်ရည်ရွယ်ချက်များပါဝင် နေသည်ဟု တိုင်းရင်းသားအရေး လှုပ်ရှားသူများ၊ လက်နက်ကိုင်အဖွဲ့များနှင့် ဒေသခံများကစွပ်စွဲကန့်ကွက်မှုများလည်းရှိနေသည်။

အစိုးရတပ်များ အနေဖြင့် KIA နှင့် စစ်ပွဲများ ဖြစ်ပွားနေစဉ်အတွင်းတွင် ဒေသခံပြည်သူများ အပေါ် လူ့အခွင့်အရေး ချိုးဖောက်ကျူးလွန်မှုများ ရှိနေသည်ဟု စွပ်စွဲခံနေရချိန်တွင် စီမံကိန်းများကိုလည်း သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်နိုင်သည်ဟုလည်း စွပ်စွဲပြောဆိုမှုများလည်း ရှိနေသည်။

ဦးတေဇ၏ စီမံကိန်းများအတွက် အစိုးရထံမှ အတည်ပြုချက်ရရှိထားပြီး ဖြစ်သည်ဟု မြစ်ကြီးနားဒေသခံများက ယုံကြည်နေကြပြီး လုံခြုံရေးအတွက်လည်း မြန်မာစစ်တပ်၏ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ထံမှ အာမခံချက် ရရှိထားပြီးဖြစ်သည်ဟုလည်းဆိုကြသည်။

> မြစ်ကြီးနားမြို့ခံများ၏ အဆိုအရ
> ဦးတေဇသည်ဧက ၃၀၀၀၀၀ ခန့်ရှိသည့်
> တောင်ပေါ်သစ်တောများတွင်
> သစ်ထုတ်လုပ်ခွင့်နှင့် ပူတာအိုမြောက်ပိုင်းရှိ
> မလိခ မြစ်ကမ်းပါးတွင်
> ရွှေတူးဖော်ရေးလုပ်ငန်းဆောင်ရွက်ရန်အတွက်
> မြေဧက ၆၀၀၀၀၀ ခန့် ရရှိထားပြီး
> ဖြစ်သည်ဟု သိရသည် . . .

နိုင်ငံတကာ ဖွံ့ဖြိုးရေး အေဂျင်စီတခုတွင်အလုပ်လုပ်နေသော မြစ်ကြီးနားမြို့မှ အမည်မဖော်လိုသူ သုတေသီတဦးက ဦးတေဇ၏ ကုမ္ပဏီကပူတာအိုဒေသရှိ မြေအမြောက်အမြားကို ပိုင်ဆိုင်နိုင်ဖို့ကြိုးပမ်းနေခြင်းမှာကမ္ဘာလှည့် ခရီးသွားလုပ်ငန်းကိုချဲ့ထွင်သည့်အနေဖြင့် လုပ်ဆောင်နေခြင်း ဖြစ်ကြောင်း ပြောသည်။

"သူက မြေတွေ ပိုဝယ်နိုင်ဖို့ ကြိုးစားနေတယ်။ ဒီမှာနေထိုင်တဲ့ ဒေသခံတိုင်းရင်းသားတွေနဲ့လည်း တရင်းတနှီးဖြစ်အောင် လုပ်နေတယ်။ လိုအပ်လာရင် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နဲ့ ရင်ဆိုင်တိုက်ခိုက်နိုင်ဖို့အတွက် အစိုးရကကျောထောက်နောက်ခံပေးထားတဲ့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကိုလည်း လက်နက်တွေထောက်ပံ့ပေးနေတယ်လို့လည်း ကျနော်တို့ကြားပါတယ်"ဟု သူကဆက်ပြောသည်။

အစိုးရက ကျောထောက်နောက်ခံပေးထားသော ရဝမ်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့က ပူတာအိုခရိုင်ရှိ ဦးတေဇ၏ စီမံကိန်းများကိုအကာအကွယ်ပေးနိုင်ရန်အတွက် KIA တပ်မဟာ ၇ ကို တိုက်ခိုက်ခဲ့သည်ဟု ထိုင်းနိုင်ငံ အခြေစိုက်သတင်းဌာန တခုဖြစ်သော The Kachin News Group ကဆိုသည်။

သို့သော်လည်း ဦးတေဇသည် အစိုးရ၊ မြန်မာစစ်တပ်တို့နှင့် သာဆက်ဆံရေးကောင်းအောင် ထိန်းသိမ်းထားသည်မဟုတ်ပါ။ မကြာသေးမီက KIA ဒုတိယ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ဂွန်မော်နှင့်လည်း ရန်ကုန်မြို့တွင် တွေ့ဆုံခဲ့သည်ဟု သတင်းများတွင် ဖော်ပြခဲ့သည်။ "ကျနော် ဦးတေဇနဲ့ တွေ့တယ်ဆိုတာက အလုပ်ကိစ္စ မဟုတ်ပါဘူး။ ကျနော်ဒီကိုဆင်းလာတော့ သူကအကူအညီတချို့ပေးခဲ့ပါတယ်။ အထူးသဖြင့် ခရီးသွားလာရေးပေါ့။ ပြီးခဲ့တဲ့ညီလာခံတခုမှာ ကျနော်နဲ့ သူနဲ့ တွေ့ပြီးတော့ မိတ်ဆွေဖြစ်ခဲ့ပါတယ်" ဟု ဗိုလ်ချုပ် ဂွန်မော်က Eleven Media သို့ ပြောကြားခဲ့သည်။

ထူးကုမ္ပဏီ အုပ်စု၏ ပြောရေးဆိုခွင့် ရှိသူ ဦးညီညီအောင်ကမူ ၎င်းတို့ကုမ္ပဏီအနေဖြင့်ပူတာအို ခရိုင်တွင် သဘာဝအရင်းအမြစ်များ ရှာဖွေတူးဖော်မည်ဆိုခြင်းနှင့် ကျွန်းသစ်ထုတ်လုပ်မည်ဆိုသည့် သတင်းများကို ငြင်းပယ်ခဲ့သည်။

"ပူတာအို ဒေသမှာ ကျွန်းပင်တွေ မရှိပါဘူး။ ဖြစ်လဲမဖြစ်ထွန်းပါဘူး။ ကျနော်တို့တောင်မှ ကျွန်းပင်စိုက်ဖို့ တခါကြိုးစားခဲ့ပါသေးတယ်။ ဒါပေမယ့် မအောင်မြင်ပါဘူး။ ဒါကြောင့် ကျွန်းပင်မရှိတဲ့နေရာမှာ သစ်ထုတ်လုပ်ရေး လုပ်ဖို့ခက်ပါတယ်" ဟု သူကပြောသည်။

"ကျနော်တို့က ပူတာအိုမှာ သစ်ထုတ်ပြီးတော့ ရန်ကုန်ကို သစ်လုံးတွေ သယ်ယူမယ်လို့ စွပ်စွဲခံရတာလဲထူးဆန်းပါတယ်။ ဒီလိုသယ်မယ်ဆိုရင် သစ်လုံးတန်ဖိုးက တကယ်တန်တာထက် ၄ဆ၊ ၅ဆလောက် ပိုသွားပါလိမ့်မယ်" ဟု ဦးညီညီအောင်ကဆိုပြီး ထူးကုမ္ပဏီက ပူတာအို ဒေသတွင် ရွှေရှာဖွေနေသည်ဆိုသည့် သတင်းကိုလည်း ပယ်ချသွားသည်။

အစိုးရ၏ လုပ်ထုံးလုပ်နည်းများ အရဆိုလျှင် မြန်မာနိုင်ငံမှ နိုင်ငံခြားသို့ သစ်တင်ပို့မှုအားလုံးသည် ရန်ကုန် ဆိပ်ကမ်းမှသာ တဆင့်သွားရမည်ဖြစ်သည်။ သို့သော်လည်း နိုင်ငံတကာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့များ၏အဆိုအရ ကချင်ပြည်နယ်မှတရုတ်နိုင်ငံသို့ ကုန်းလမ်းမှသစ်တင်ပို့မှု အမြောက်အမြားရှိနေသည်။

ဦးညီညီအောင်က ပူတာအိုတွင် ဦးတေဇက နှင်းလျှောစီး အပန်းဖြေစခန်းတခု တည်ဆောက်ရန် စီစဉ်နေသည့် ကိစ္စကို သူသတိမထားမိကြောင်း အဆိုပါဒေသတွင် ဦးတေဇ၏ ဆောင်ရွက်ချက်များမှာ ပရဟိတလုပ်ငန်းများသာ ဖြစ်ကြောင်း ပြောသည်။ "ပူတာအိုဒေသက ပြည်သူတွေရဲ့ လူနေမှုဘဝ တိုးတက်လာဖို့အတွက် ကျနော်တို့ တတ်နိုင်သမျှကူညီနေပါတယ်။ ကျနော်တို့က ပူတာအိုဒေသကို ဖွံ့ဖြိုးတိုးတက်စေချင်ပါတယ်"ဟု သူက ဧရာဝတီသို့ပြောသည်။

ရန်ကုန်အခြေစိုက် ကချင်ငြိမ်းချမ်းရေးကွန်ရက်မှ ဦးဆောင်လှုပ်ရှားသူတဦးဖြစ်သောမခွန်ဂျာက ပူတာအိုဒေသနှင့် ပတ်သက်သည့် ဦးတေဇ၏ ရည်ရွယ်ချက်များကိုမေးခွန်းထုတ်လိုက်သည်။ အစိုးရနှင့် ပြည်သူများက မြန်မာနိုင်ငံ၏ အလှပဆုံးသော ဒေသတခုအပေါ်တွင် ကျရောက်လာနိုင်သည့် စီမံကိန်း၏သက်ရောက်မှုများကို အလေးထားကြဖို့လည်း သူကပြောသည်။

"ပူတာအိုကနှင်းဖုံးနေတဲ့ တောင်တွေကတိုင်းပြည်ရဲ့ ရတနာလိုပါပဲ။ သဘာဝတောရိုင်းတိရစ္ဆာန်တွေလည်း ခိုလှုံနေထိုင်ကြပါတယ်။ အဲဒါတွေအားလုံးက မြန်မာပြည်သူအားလုံးနဲ့ သက်ဆိုင်ပါတယ်" ဟု မခွန်ဂျာက ဆိုသည်။

"သဘာဝ ပတ်ဝန်းကျင် အပေါ်သက်ရောက်မှုနဲ့ ရာသီဥတုပြောင်းလဲမှုကို ကျမတို့ စဉ်းစားဖို့လိုပါတယ်။ တကယ်လို့ သဘာဝအလှအပတွေ ဖျက်ဆီးခံလိုက်ရမယ်ဆိုရင် တိုင်းပြည်တခုလုံးကို ထိခိုက်စေပါတယ်။ ဒေသခံတွေက ဦးတေဇရဲ့ စီမံကိန်းတွေကို ထောက်ခံတယ် ဆိုရင်တောင်မှကျမတို့ ဘယ်တော့မှ ပြန်မရနိုင်တဲ့ ကြီးမားတဲ့ ဆုံးရှုံးမှုပါ"ဟု သူကပြောပါသည်။ ■



Politics

# ဦးသိန်းစိန်ပဲ မင်းသားကြီးလုပ်မှာလား

The Irrawaddy

**orw** ဦးသိန်းစိန်က “မင်းသားကြီးမလုပ်ရလို့ ပတ်မကြီးထိုးဖောက်တဲ့နိမ့်ကျတဲ့စိတ်ဓာတ်တွေ ဖျောက်ဖျက်ဖို့လိုတယ်”လို့ ဧရာဝတီတိုင်း ဒေသကြီးခရီးစဉ်တခုအတွင်းမှာ ထုတ်ဖော်ပြောဆိုတဲ့ သတိပေးစကားက ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးပြိုင်ဘက်အားလုံးကို ရည်ညွှန်းတာမို့ စတက်ခါစကလို ညီညွတ်စည်းလုံးရေးကို ရှေးရှုမနေတော့ဘဲ အပြိုင်အဆိုင် နိုင်ငံရေးအပေါ် အခြေခံပြီး စတင်လှုပ်ရှားလာခဲ့ပြီဖြစ်ပါတယ်။



> လက်ရှိ နိုင်ငံရေးအနေအထားက ဒေါ်အောင်ဆန်းစုကြည်နဲ့ သူရဦးရွှေမန်းတို့ကတဘက်၊ သမ္မတဦးသိန်းစိန်နဲ့ တပ်မတော်တို့ကတဘက် ဖြစ်နေတယ်လို့ အကဲခတ်သူတွေက သုံးသပ်ပါတယ်။

၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင် ရေး အဆင်ပြေချောမွေ့စေရေး သမ္မတဦးသိန်းစိန်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းတို့ပါဝင်တဲ့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲတရပ် ကျင်းပဖို့ သမ္မတဦးသိန်းစိန်ထံ ပေးပို့လိုက်တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ မေတ္တာရပ်ခံချက်ကို အစိုးရဘက်က ငြင်းပယ်လိုက်တဲ့နောက် ပိုင်းဦးသိန်း စိန်နဲ့ ဒေါ်အောင်ဆန်းစုကြည်ဆက်ဆံရေးခွာပြဲသွားပြီဆိုတဲ့ သုံးသပ်ချက်တွေက ကျယ်ကျယ်ပြန့်ပြန့် ရှိလာပါတယ်။

၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့ သမ္မတဦးသိန်းစိန်နဲ့ နေပြည်တော်မှာ ပထမဆုံးအကြိမ် တွေ့ဆုံပြီးနောက် “သမ္မတကြီးကို ပြုပြင်ပြောင်းလဲရေး သမားတဦးအဖြစ် ယုံပါတယ်” ဆိုတဲ့ စကားနဲ့ ဒေါ်အောင်ဆန်းစုကြည်က NLD ပြန်လည် မှတ်ပုံတင်တာ၊ ကြားဖြတ်ရွေးကောက်ပွဲဝင်တာတွေကို ပြုလုပ်ခဲ့ပါတယ်။

လွှတ်တော်ထဲကို လွှတ်တော်အမတ်တဦးအဖြစ် တရားဝင်ရောက်ရှိပြီးချိန်မှာတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးသိန်းစိန်တို့အကြားဆက်ဆံရေးအနည်းငယ် ကျဲသွားပြီး လွှတ်တော်ဥက္ကဋ္ဌဖြစ်တဲ့ ဦးရွှေမန်းနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ အကြားမှာ အလွန်ကောင်းမွန်တဲ့ ဆက်ဆံရေးတရပ် ဖြစ်ထွန်းလာပါတယ်။

ဦးရွှေမန်းက ဒေါ်အောင်ဆန်းစုကြည်ကို ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေးကော်မတီ ဥက္ကဋ္ဌရာထူးပေးလို့ လွှတ်တော်မှာ အဆောက်အအုံတခု သီးသန့်ပေးလို့ တခမ်းတနားထားရှိခဲ့သလို ဒေါ်အောင်ဆန်းစုကြည်ကလည်း နေအိမ်မှာပြုလုပ်တဲ့ ဆွမ်းကျွေးတရားနာပွဲ ဖိတ်ကြားတာမျိုး၊ လွှတ်တော်ရပ်နားတဲ့အချိန်တွေမှာဦးရွှေမန်းရဲ့ လွှတ်တော်ဥက္ကဋ္ဌ ရုံးခန်းမှာသွားရောက်တာမျိုး ၊ လွှတ်တော်ရုံးခန်းမှာပဲ နံနက်စောစော ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးရွှေမန်းတို့နှစ်ဦး နိုင်ငံရေးရာ ကိစ္စတွေ မကြာခဏတွေ့ဆုံဆွေးနွေးတာမျိုး တောက်လျှောက်ရှိခဲ့တယ်လို့ လွှတ်တော်ကိုယ်စားလှယ်အသိုင်းအဝိုင်းမှ သိရပါတယ်။

ဦးသိန်းစိန်အစိုးရနဲ့ ဦးရွှေမန်းဦးဆောင်တဲ့ လွှတ်တော်ကြား အာဏာလွန်ဆွဲပွဲတွေ ဆက်တိုက်ဖြစ်ပေါ်ခဲ့ပြီး တပ်မတော်က သမ္မတဦးသိန်းစိန်ဘက်မှာတောက်လျှောက်ရပ်တည်ခဲ့တာ တွေ့ရတယ်လို့ လွှတ်တော်ကိုယ်စားလှယ်တွေက ဆိုပါတယ်။

၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေး ကိစ္စမှာ သူရဦးရွှေမန်းက ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်စေဖို့ အဟန့်အတား ဖြစ်နေတဲ့ ပုဒ်မ ၅၉(စ) အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေ အချက်တော်တော်များများကို ပြင်ရမယ်၊ ပြင်သင့်တယ်လို့ ပြောခဲ့ပေမယ့် သမ္မတဦးသိန်းစိန်ကဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး တိကျရာရာတဲ့ စကားမျိုး တစ်ခွန်းတပါဒမှ မဟခဲ့ပါဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးက လွှတ်တော်ရဲ့ တာဝန်သာဖြစ်တယ်ဆိုပြီး ဦးသိန်းစိန် တချိန်လုံး ခေါင်းရှောင်ခဲ့ပါတယ်။

ဒါပေမယ့် ဦးသိန်းစိန်က များမကြာမီက စပြီး ဖွဲ့စည်းပုံပြင်ဆင်ရေး သဘောမတူကြောင်း မိန့်ခွန်းတခုမှာ ပြောလာပါတယ်။ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နဲ့ တပ်မတော်သားကိုယ်စားလှယ်တွေကလည်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံကို ကာကွယ်စောင့်ရှောက်ရမယ်လို့ ပြောကြားလာခဲ့ကြပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဘက်ကလည်း နိုင်ငံခြားခရီးစဉ်တွေမှာ အပါအဝင် ရန်ကုန်နဲ့ နေပြည်တော်မှာ လူထုစုဝေးပွဲတွေလုပ်ပြီး ဖွဲ့စည်းပုံပြင်ဆင်ရေး ဖိအားပေး ပြောလာခဲ့ပါတယ်။ ဒီလိုပဲ အစိုးရနဲ့ တပ်နဲ့ငြိမ်းချမ်းရေးဆွေးနွေးနေတဲ့ တိုင်းရင်းသားတွေ ထောက်ခံတင်ပြနေတဲ့ ဖယ်ဒရယ်ပြည်ထောင်စုစနစ်ကိုထောက်ခံကြောင်း ပြောဆိုလာခဲ့ပါတယ်။

သမ္မတဦးသိန်းစိန်ဘက်က ရပ်တည်နေတဲ့ တပ်မတော်နဲ့ တိုက်ရိုက်ဆက်ဆံရေး မထူထောင်နိုင်တာမို့ သမ္မတဦးသိန်းစိန်ဆီ မေတ္တာရပ်ခံစာ ပေးပို့ပြီး ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်လာမယ့် နိုင်ငံရေးဆွေးနွေးပွဲတခု ဖန်တီးပေးဖို့ ဒေါ်အောင်ဆန်းစုကြည် ပန်ကြားလာခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ သူရဦးရွှေမန်း၊ သမ္မတဦးသိန်းစိန်တို့နဲ့ မကြာခဏတွေ့ဆုံနေရပေမယ့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့ကတော့ တကြိမ်မျှ မတွေ့ခဲ့ရပါဘူး။ ဖွဲ့စည်းပုံပြင်ဆင်ဖို့က လွှတ်တော်တွင်းမှာရှိနေတဲ့ ၂၅ ရာခိုင်နှုန်းသော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တွေ သဘောမတူရင် မဖြစ်နိုင်တာမို့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့တွေ့ဖို့က ဒေါ်အောင်ဆန်းစုကြည်အတွက် အလွန်အရေးကြီးနေပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပန်ကြားချက်က တွေ့ဖို့ အချိန်မတန်သေးတဲ့အကြောင်း သမ္မတဦးသိန်းစိန်နဲ့ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား သမ္မတ ပြောခွင့်ရ ပုဂ္ဂိုလ် ပြန်ကြားရေး ဒုတိယဝန်ကြီး ဦးရဲထွဋ်ကတုံ့ ပြန်ပြောဆိုချိန်မှာတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဦးသိန်းစိန်အစိုးရအနေနဲ့ ပြုပြင်ပြောင်းလဲရေးမလိုလားဘူးလို့ ကြေညာချက်ထုတ်ပြန် တုံ့ပြန်ပါတယ်။

သမ္မတဘက်ကလည်း - ပြုပြင်ပြောင်းလဲရေးကို လုပ်ဆောင်ခဲ့သလို ကတိအတိုင်း ဆက်လုပ်မယ်လို့ ချက်ချင်းတုံ့ပြန်ပါတယ်။

လက်ရှိ နိုင်ငံရေးအနေအထားက ဒေါ်အောင်ဆန်းစုကြည်နဲ့ သူရဦးရွှေမန်းတို့ကတဘက်၊ သမ္မတဦးသိန်းစိန်နဲ့ တပ်မတော်တို့က တဘက် ဖြစ်နေတယ်လို့ အကဲခတ်သူတွေက သုံးသပ်ပါတယ်။

လက်ရှိနိုင်ငံရေး မုန်တိုင်းကြားမှာ တိုင်းရင်းသား အဖွဲ့အစည်းတွေအနေနဲ့ သူတို့အကျိုးစီးပွားအတွက် သတိထားနေရတဲ့ အခြေအနေမျိုး ဖြစ်နေပါတယ်။

“ဒီဖွဲ့စည်းပုံအခြေခံဥပဒေကို ဘယ်သူက ပြင်ပေးမလဲ။ ပြင်မယ်ဆိုရင်တောင် တိုင်းရင်းသားတွေလိုလားတဲ့အချက်တွေ အားလုံး ပြင်ပေးမလား။ ဒီလို အာမခံချက်တွေ အစိုးရဘက်ကလည်း မပေးနိုင်သလို၊ လွှတ်တော်ဘက်ကလည်း မပေးနိုင်ဘူး” လို့ ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးက သုံးသပ်ပါတယ်။

ဦးသိန်းစိန်နဲ့ ဒေါ်အောင်ဆန်းစုကြည်ကြား ဆက်ဆံရေး မပြေလည်မှုနဲ့ ထိပ်တိုက်တွေ့ ဆုံမှုတွေက ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး အစီရင်ခံစာ ထွက်ပေါ်ချိန်မှာ ပိုအရှိန်မြင့်လာနိုင်ပြီး ၂၀၁၅ ရွေးကောက်ပွဲမတိုင်မီနဲ့ ရွေးကောက်ပွဲအပြီးမှာတောင် ပြင်းထန်တဲ့ နိုင်ငံရေး လွန်ဆွဲပွဲတွေ သေချာ ပေါက်ရှိလာမယ်လို့ နိုင်ငံရေးအသိုင်းအဝိုင်းက သုံးသပ်နေပါတယ်။ ■

Drugs

# ကယားပြည်နယ်အတွင်း ဘိန်းစိုက်ပျိုးမှုများလာ

**နန်းဆိုင်နွမ်**

ကယားပြည်နယ်အတွင်း စားသုံးသီးနှံ စိုက်ပျိုးမှု ခက်ခဲသဖြင့် ဘိန်းစိုက်ပျိုးမှု များပြားလာကြောင်း ကယားပြည်နယ် အတွင်းရှိ လူမှုအဖွဲ့အစည်းများ ပြောဆိုချက်အရ သိရသည်။

ကယားပြည်နယ်တွင် စိုက်ပျိုးရေ လုံလောက်စွာ မထွက်ရှိခြင်း၊ သီးနှံ စိုက်ပျိုး ထုတ်လုပ်ရာတွင် လမ်းပန်း ဆက်သွယ်မှု မကောင်းခြင်း၊ ရောင်းချရန် ဈေးကွက်မရှိခြင်းစသည့် အခြေအနေများကြောင့် ဘိန်းစိုက်ပျိုးမှု များလာခြင်းဖြစ်ကြောင်း ကရင်နီပြည်လူငယ်များသမဂ္ဂ ဗဟိုကော်မတီအဖွဲ့ဝင် ကျော်တင်အောင်က ဧရာဝတီသို့ ပြောသည်။

"ကျနော်တို့ ဒေသမှာ တခြားသီးနှံတွေ စိုက်လို့မရဘူး။ စိုက်ရင်လည်း ဘာမှမဖြစ်လာဘူး။ ဘိန်းကနှင်းနဲ့လည်း အသက်ရှင်တယ်လေ။ တခြားထက် ဝင်ငွေပိုရလို့ စိုက်လာကြတာ" ဟု ၎င်းက ဆိုသည်။

တနိုင်ငံလုံး ဘိန်းစိုက်ပျိုးမှု ပပျောက်ရေး ၅ နှစ်စီမံကိန်းကို ၂၀၁၄ မှ ၂၀၁၉ ခုနှစ်အထိ ထပ်မံတိုးမြှင့်လိုက်သဖြင့် ဘိန်းစိုက်ပျိုးမှု ပိုမိုများပြားလာရကြောင်း၊ စားသုံးသီးနှံ စိုက်ပျိုးရာတွင် အရှုံးပေါ်ခြင်းအပြင်၊ စားသုံးသီးနှံများ ပြည်ပသို့ တင်ပို့ရောင်းချရန် ဈေးကွက်တခု ဖော်ဆောင်ပေးရန် လိုအပ်နေကြောင်း ၎င်းက ဆိုသည်။

ယင်းအခြေအနေများနှင့် ပတ်သက်ပြီး "ဘိန်းစိုက်ပျိုးမှုက ဖယ်ခုံမြို့နယ်ဘက်မှာ ပိုစိုက်ပျိုးကြတယ်။ ဆေးပြားတွေ ပေါ်ပေါ်တင်တင် ရောင်းလာတာ တွေ့ရတယ်။ အဲဒီမှာ ရဲစခန်းတော့ ရှိတယ်။ သူတို့ရဲ့ လုပ်ဆောင်ချက်က သိပ်မထိရောက်ဘူး" ဟု ကယန်းအမျိုးသမီးများ အဖွဲ့မှ တွဲဖက်အတွင်းရေးမှူး မူအန်ဂျေလာက ပြောသည်။

ဘိန်းစိုက်ပျိုးမှု များပြားလာရခြင်း၏ အဓိကအကြောင်းရင်းများသည် နယ်မြေ မအေးချမ်းခြင်း၊ ဖွံ့ဖြိုးမှု နှောင့်နှေးခြင်း၊ လမ်းပန်း ဆက်သွယ်ရေး မကောင်းခြင်း၊ ရာသီဥတု အခြေအနေကြောင့် တောင်ယာစိုက်ပျိုးလျှင် အရှုံးပေါ်ခြင်းတို့ ဖြစ်ကြောင်း ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များက ပြောသည်။

ဘိန်းများကို ကရင်နီ(ကယားပြည်နယ်)-ရှမ်းနယ်စပ်ကြားတွင်အဓိကစိုက်ပျိုးမှုများကြောင်း၊ဘိန်းတပိဿာလျှင် ကျပ်သိန်း ၇ သိန်းခန့် ရရှိကြောင်း အဆိုပါလက်နက်ကိုင်တပ်ဖွဲ့များက ဆိုသည်။

"သီးနှံတွေ စိုက်လို့ရတာတော့ ရှိပါတယ်။ ပြဿနာက လမ်းပန်း ဆက်သွယ်ရေး မကောင်းတော့ ဈေးနှုန်းထက် ကားခက ပိုကြီးနေတယ်။ ဖွံ့ဖြိုးရေးမရှိ၊ အသိပညာမရှိတော့ ဒီလိုပဲဖြစ်သွားတာပါ" ဟု ကရင်နီပြည် လူမျိုးပေါင်းစုံ လွတ်မြောက်ရေးတပ်ဦး (ကလလတ) ၏ ဗဟိုကော်မတီဝင် ဦးဟာက်စတန်က ပြောသည်။


ဓာတ်ပုံ –စောဖေလှိုင်/The Irrawaddy

ကယားပြည်နယ်တွင် ဘိန်း အဓိက စိုက်ပျိုးသည့် နေရာများဖြစ်သည့် လွိုင်ကော်-ဒီးမောဆိုး-ဖရူဆို မြို့နယ်များတွင် ဘိန်းစိုက်ပျိုးမှုများအား စုံစမ်းဖျက်ဆီး ဆောင်ရွက်ရာတွင် ၂၀၀၇-၂၀၀၈ ခုနှစ်တွင် (၂၉. ၅) ဧက၊ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် (၃၃. ၅) ဧက၊ ၂၀၀၉-၂၀၁၀ခုနှစ်တွင် (၃၂. ၅) ဧက၊ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် (၉၃. ၅) ဧက၊ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် (၂၀၇. ၅) ဧက၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် (၁၄၅) ဧက နှင့် ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ပထမအကြိမ်အဖြစ် (၇၀. ၃၁) ဧက ဖျက်ဆီးနိုင်ခဲ့ကြောင်း ကယားပြည်နယ်၊ လွိုင်ကော်မြို့ ဒေသန္တရ စီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အလုပ်ရုံဆွေးနွေးပွဲ ထုတ်ပြန်ချက်အရ သိရသည်။

၂၀၁၀ ပြည့်နှစ် ဇွန်လက ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာရုံး (UNODC) ၏ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံသည် ဘိန်းစိုက်ပျိုးမှု ဒုတိယ အများဆုံး နိုင်ငံဖြစ်ပြီး၊ စိတ်ကြွဆေး ထုတ်လုပ်မှုမှာ အရှေ့တောင်အာရှ နိုင်ငံများတွင် စတုတ္ထ အများဆုံး နိုင်ငံဖြစ်ကြောင်း သိရသည်။ ■



Regional

# xdkif;EdkifiH; tusyfwnf;£Sa&;@umuyfOCbk&m

ညီစောလွင်

**ထိုင်း** နိုင်ငံမှာ ရွေးကောက်ပွဲနဲ့ဆက်စပ်တဲ့ သွေးထွက်သံယိုမှုတွေကြောင့် ရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲကိုရွှေ့ဆိုင်းဖို့ အစိုးရကို တောင်းဆိုတယ်။ အစိုးရက ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်ပွဲကျင်းပရုံကလွဲလို့ တခြားနည်းလမ်းမရှိ လို့ အကြောင်းပြပြီး ပယ်လိုက်တယ်။ အကယ်၍ ကြေညာထားတဲ့ ဖေဖော်ဝါရီလ ၂ ရက်နေ့မှာ ရွေးကောက်ပွဲကျင်းပမယ်ဆိုရင် ၈ နှစ်အတွင်း ၅ ကြိမ်မြောက် ရွေးကောက်ပွဲဖြစ်ဖို့ ရှိပါတယ်။ ပြန်ကြည့်ရင် ရွေးကောက်ပွဲနဲ့တက်တဲ့အစိုးရတိုင်း တိုင်းပြည်ကို တည်ငြိမ်အောင်မထိန်းနိုင်ခဲ့ပါဘူး။ ဒီမိုကရေစီဆိုတာကို ရွေးကောက်ပွဲလောက်ပဲ ကွက်မြင်နေရင် အဆိုးကျော့သံသရာလည်နေမယ်ဆိုတာ ထိုင်းကသင်ခန်းစာပေးနေပါတယ်။




ဓာတ်ပုံ – Steve Tickner / The Irrawaddy

**အစိုးရအိမ်တော်သို့ချီတက်လာသည့် ထိုင်းဆန္ဒပြသမားများကို ဒီဇင်ဘာလပထမပတ်အတွင်းကတွေ့ရစဉ်။**

ပြီးခဲ့တဲ့တလအတွင်း ထိုင်းနိုင်ငံမှာ ပေါ်ပေါက်နေတဲ့ နိုင်ငံရေးအကျပ်အတည်းနဲ့ ပတ်သက်လို့ ထိုင်းမှာရောက်နေတဲ့ မြန်မာပြည်သားမိတ်ဆွေတွေကြားထဲမှာတောင် အမြင်မတူပါဘူး။ လုပ်ဖော်ကိုင်ဖက် စီနီယာတွေဆိုရင် ဘန်ကောက်မြို့ပေါ်မှာ အစိုးရ ဆန့်ကျင်ဆန္ဒပြနေတဲ့လူတွေကို ထောက်ခံတယ်။ ရွေးကောက်ပွဲကို ဆန့်ကျင်တဲ့အနေနဲ့ ပါတီတွေ မှတ်ပုံတင်လို့မရအောင် ပိတ်ဆို့ဆန္ဒပြနေတာကိုလည်း ထောက်ခံတယ်၊ "ဒီလိုပဲလုပ်ရမှာပေါ့"တဲ့။ တနံနက်မှာတော့ ရုံးမှာဝေယျာဝစ္စလုပ်တဲ့ ညီမတယောက်က ညတုန်းက သူ အိပ်မက်မကောင်းဘူးလို့ ပြောပါတယ်။ ဘယ်လိုအိပ်မက်တာလဲလို့ မေးကြည့်တော့ "ညတုန်းက ကျမအိပ်မက်ထဲမှာ ယင့်လတ်ကို စစ်တပ်က ဖမ်းသွားတယ်လေ၊ ဆန္ဒပြသမားတွေကို မဖမ်းဘဲနဲ့ ဘာဖြစ်လို့ ယင့်လတ်ကို ဖမ်းတာလဲလို့ အော်ရင်း လန့်နိုးသွားတယ်"လို့ ပြောပြပါတယ်။

ထိုင်းနိုင်ငံရဲ့ ဒီမိုကရေစီဟာ အရှေ့တောင်အာရှမှာ ထူးခြားတဲ့ ဝိသေသရှိပါတယ်။ အဆင့်နေရာသတ်မှတ်ဖို့ အခက်ဆုံးနိုင်ငံလို့ ပြောရင်ရမယ်ထင်ပါတယ်။ ထိုင်းဒီမိုကရေစီစနစ်ဟာ အာရှနိုင်ငံတွေမှာ အစောဆုံးဖြစ်ရုံမဟုတ်ပါဘူး ကျား/မ တန်းတူမဲပေးခွင့်ဆိုရင် အမေရိကန်မှာထက် နှစ်တချို့စောခဲ့တယ်လို့ မှတ်သားဖူးပါတယ်။ ဒီလိုပဲ ထိုင်းဘုရင်ကြီးဟာလည်း ကမ္ဘာမှာ သက်တမ်းအရှည်ကြာဆုံး၊ ဂုဏ်သိက္ခာအရာသာမက နိုင်ငံရေးသြဇာပါ ကြီးတဲ့ဘုရင်ကြီးဖြစ်နေပြန်တယ်။ တချိန်တည်းမှာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၈၀ အတွင်း အာဏာသိမ်းမှု ၁၈ ကြိမ်ဖြစ်ခဲ့တဲ့ နိုင်ငံ။ တဖက်မှာ အရှေ့တောင်အာရှမှာ ဒုတိယစီးပွားရေး အင်အားအကြီးဆုံး နိုင်ငံလည်း ဖြစ်နေပြန်တယ်။

အာရပ်နွေဦး နိုင်ငံတွေမှာ၊ အာရပ်နိုင်ငံတွေက ပဋိပက္ခကို ဆွန်နီ-ရှီးယိုက် ပြဿနာ၊ လစ်ဘရယ်နဲ့ အစ္စလာမ္မစ်ပြဿနာအဖြစ် မီဒီယာတွေက ပုံဖော်ကြသလို ထိုင်းနိုင်ငံမှာ အခုဖြစ်နေတဲ့ ပြဿနာကိုတော့ တောသားနဲ့ မြို့သား (တနည်း) ဆင်းရဲသားတွေက တဖက်၊ လူလတ်တန်းစားနဲ့ အထက်တန်းလွှာလို့ ကောက်ချက်ဆွဲကြတယ်။ ဒီရှုထောင့်ကကြည့်ရင် အစဉ်အလာနားလည်ချက်၊ သီအိုရီတွေနဲ့ လွဲချော်တဲ့ အမြီးအမောက်မတည့်တဲ့ ကိစ္စတွေ အတော်များနေတယ်။ နိုင်ငံရေးသီအိုရီအရ ပြောရရင် လူတွေဟာ ပညာပိုတတ်လာမယ်။ ဝင်ငွေ ပိုကောင်းလာရင် လွတ်လပ်မှုကို ပိုတောင်းဆိုလာရမယ်မဟုတ်လား။ ဒီမိုကရေစီ အခွင့်အရေးတွေကို ပိုတောင်းဆိုလာမယ်မဟုတ်လား။ ဒါပေမယ့် ဘန်ကောက်မှာ ဆန္ဒပြနေသူတွေက ပညာတတ်တွေနဲ့ လူလတ်တန်းစားတွေဆိုပေမယ့် သူတို့က ဒီမိုကရေစီကို မစွန့်ပစ်ရင်တော့ လျှော့ပစ်သင့်တယ်လို့ ယုံကြည်နေတာတွေ့ရတယ်။ ဆန္ဒပြခေါင်းဆောင် ဆူထေ့ပ်တောင်းဆိုတဲ့ ပြည်သူ့ကောင်စီဆိုတာမျိုးက ရွေးကောက်ပွဲ စွန့်ပစ်လိုက်တဲ့ အစီအစဉ်ပါ။ ပညာမတတ်တဲ့ တောသားတွေ တောင်းဆိုနေတာက ဒီမိုကရေစီနဲ့ ရွေးကောက်ပွဲ ဖြစ်နေတယ်။

တခြား ဝိရောဓိတွေလည်း အတော်များပါတယ်။ သက်ဆင်က အကျင့်မကောင်းတဲ့ နိုင်ငံရေးသမားလို့ တဖက်ကစွပ်စွဲရင် တခြားလူတွေရော ကောင်းလို့လားလို့ တဖက်ကပြန်မေးလိမ့်မယ်။ တောသားတွေက ပညာမတတ်တော့ ဘုမသိ ဘမသိ ဖြစ်နေတာပါလို့ တဖက်ကစွပ်စွဲရင် အစဉ်အဆက် နိုင်ငံရေးသမားတွေ၊ အစိုးရတွေဟာ တောသူတောင်သားတွေနဲ့ ကင်းကွာခဲ့တယ်ဆိုတဲ့ အဓိပ္ပာယ် သက်ရောက်ပါ



ဓာတ်ပုံ – Steve Tickner / The Irrawaddy

**ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ထိုင်းဝန်ကြီးချုပ် ယင့်လတ်ရှင်နာဝပ်အစိုးရ ပြုတ်ကျရေးအတွက် ဆန္ဒပြနေသူများကို လုံထိန်းရဲများက မျက်ရည်ယိုဗုံးများဖြင့် ဖြိုခွင်းနေသည့်မြင်ကွင်း။**

တယ်။ မဲတမဲအတွက် ဘတ်ငွေ ၅၀၀ ပေးလို့ သက်ဆင်ပါတီကို မဲပေးတယ်မဟုတ်လားလို့ စွပ်စွဲရင် တခြားပါတီတွေက ဘတ် ၅၀၀ တောင်မတန်တဲ့ သဘောမျိုး သက်ရောက်သွားပါလိမ့်မယ်။ တကယ်တမ်း ဘတ် ၅၀၀ ယူပြီး မဲပေးချင်တဲ့ပါတီကို မဲထည့်လို့လည်း ရနေတာပဲလေ။

ထိုင်းလူမျိုး နိုင်ငံရေးသုံးသပ်သူ ပြောတာကတော့ သက်ဆင်ပါတီကပေးထားတဲ့ ကတိကိုတကယ်တည်လို့ ဆင်းရဲသားတွေက တကယ်ကို ရိုးရိုးသားသား ထောက်ခံကြတာမျိုးလို့ ပြောတယ်။ ကျနော်နေတဲ့မြို့က သက်ဆင် မိသားစုရဲ့ ဇာတိဖြစ်သလို ကျနော်နဲ့ခင်တဲ့ မိတ်ဆွေတော်တော်များများကလည်း ရိုးရိုးသားသား၊ နှစ်နှစ်သက်သက် ထောက်ခံတာ တွေ့ရတယ်။ သက်ဆင်ကို မထောက်ခံတဲ့တချို့ မိတ်ဆွေတွေကျတော့ ဒီမိုကရက်ကိုလည်းမထောက်ခံဘူး၊ ပဋိပက္ခတွေ ဖြစ်နေတာကို မကြိုက်တဲ့လူတွေ ဖြစ်နေတယ်။

ဘန်ကောက်မြို့ပေါ်က လူလတ်တန်းစားတွေကျတော့ သူတို့ဆီက အခွန်တွေကို သုံးပြီး သက်ဆင်က ဆင်းရဲသားတွေဆီက မဲရဖို့ ပေါ်လစီတွေကို အကောင်အထည်ဖော်တယ်လို့ မြင်တယ်။ ဥပမာ အခမဲ့နီးပါး ကျန်းမာရေးစောင့်ရှောက်မှု မူဝါဒတွေ၊ လယ်သမားတွေဆီက စပါးဈေးကို မြှင့်ပြီး အစိုးရက ဝယ်ပေးတာမျိုးတွေပါ။ တဖက်မှာ လယ်သမားတွေ အရှုံးမပေါ်အောင် စပါးဈေးကို အစိုးရက ကျားကန်ပေးပေမယ့် ရော်ဘာဈေးကိုတော့ အစိုးရက လျစ်လျူရှုထားပြန်တယ်။ ရော်ဘာခြံတွေကဒီမိုကရက်ပါတီရဲ့ အမာခံနယ်မြေဖြစ်တဲ့ တောင်ပိုင်းမှာ ရှိနေတော့ မပြေးသော်လည်း ကန်ရာရှိဆိုသလို အစိုးရပေါ်လစီတွေက ဝေဖန်စရာဖြစ်လာတယ်။

ဒါပေမယ့် နှိုင်းယှဉ်ချက်အရ ပြောရရင် နိုင်ငံရေးအတွေ့အကြုံဆိုလို့ လုံးဝမရှိခဲ့တဲ့ ယင့်လတ်အစိုးရက တိုင်းပြည်ကို နှစ်နှစ်လောက် ထိန်းနိုင်တယ်။ အခုနောက်ဆုံး ပဋိပက္ခတွေမပေါ်ခင်အထိ ယင့်လတ်အစိုးရက တိုင်းပြည်ကို တည်တည်ငြိမ်ငြိမ် အုပ်ချုပ်နိုင်ခဲ့တယ်။ ယင့်လတ်ရဲ့ ပေါ်လစီတွေကို ကြည့်ရင် ကားဈေးတွေကိုသက်သာအောင် အစိုးရက ကျားကန်ပေးတဲ့အတွက် ဆင်းရဲသားတွေကားစီးနိုင်တယ်။ အခြေခံအဆောက်အဦအတွက် ငွေကြေးအမြောက်အမြား (အမေရိကန်ဒေါ်လာ ၆၇ ဘီလီယံ) သုံးစွဲခဲ့တယ်။ (ဒီအစီအစဉ်တွေကို မဲရဖို့ သက်သက် အလဟဿဖြုန်းတီးတဲ့အစီအစဉ်တွေလို့ အခုတော့ ဆန္ဒပြခေါင်းဆောင် ဆူထေ့ပ်က ဝေဖန်ပါတယ်။) တဖက်မှာလည်း တဦးချင်းအခွန်နဲ့ ကော်ပိုရိတ်အခွန်တွေကိုလည်း လျှော့ချခဲ့လို့ လူချမ်းသာတွေလည်း အဆင်ပြေခဲ့တယ်။

“ tajzua&,aumufjzpf&ygl/ a&,aumufjzpf&if tajymbvd&,aumufjzpfcif&ef;vdkufwm oabmwhcDuf&Sd&ygw/ ”

နိုင်ငံရေးပိုင်းမှာလည်း အတိုက်အခံကိုအလေးထားတယ်။ ဘုရင်ကြီးကို လေးလေးစားစား အခစားဝင်သလို၊ အာဏာသိမ်းတဲ့ ဗိုလ်ချုပ်တွေနဲ့တောင် အဆင်ပြေဖို့ ကျိတ်ဝိုင်းတွေ ရှိခဲ့တယ်လို့ ဆိုကြပါတယ်။ သက်ဆင် လက်ထဲက အာဏာသိမ်းခဲ့တဲ့ စစ်တပ်က သက်ဆင်ရဲ့နှမကို ကာကွယ်ရေး ဝန်ကြီးအဖြစ် လက်ခံတာကိုကြည့်ရင် အတိုင်းအတာတခုအထိ ယုံကြည်မှုတည်ဆောက်နိုင်တယ်လို့ ယူဆနိုင်ပါတယ်။

အဂတိလိုက်စားမှု နည်းနိုင်သမျှ နည်းတဲ့ အစိုးရဖြစ်အောင် ထိန်းထိန်းသိမ်းသိမ်းနေခဲ့တယ်။ ဒီလိုနဲ့ လမ်းပေါ်ကဆန္ဒပြပွဲတွေရပ်သွားတယ်။ ထိုင်းစီးပွားရေး အလားအလာဟာ ၁၅ နှစ်အတွင်းမှာ အကောင်းဆုံးအနေအထားကို ရောက်ခဲ့တယ်။ မြေဈေး မြင့်တက်လာသလို စတော့ ဈေးကွက်ကလည်း ၂၀၀၈ က အခြေအနေထက် လေးဆ မြင့်တက်သွားတယ်။ ကမ္ဘာလှည့်ခရီးသွားတွေ ပြန်ဝင်လာတယ်။

ဒါပေမယ့် ဟန်နီးမွန်းခရီးက နှစ်နှစ်ပဲ ခံပါတယ်။ ထိုင်းနိုင်ငံရေးမှာ အကြီးဆုံးပြဿနာနှစ်ရပ်ကို ပြောပါဆိုရင် (၁) ဘုရင်ကြီးကွယ်လွန်တာနဲ့ (၂) သက်ဆင် ပြည်တော်ပြန်တာပါပဲ။ ထိုင်းဘုရင်ကြီးဟာ နိုင်ငံမှာ ပြဿနာတွေပေါ်တိုင်း မှန်မှန်ကန်ကန် ရပ်တည်ပေးခဲ့တဲ့ အစဉ်အလာရှိခဲ့တယ်။ ဒီဇင်ဘာလမှာ သက်တော် ၈၆ နှစ်မွေးနေ့ ကျင်းပခဲ့တဲ့အခါ ထိုင်းပြည်သူတွေအားလုံး ညီညွတ်ကြဖို့ ဩဝါဒစကားပြောတဲ့အခါ နားနားပြီး ပြောနေရတယ်။ အသက်အရွယ်အရ အိုမင်းမစွမ်းဖြစ်နေပါပြီ။ ဩဇာကြီးတဲ့ မိဖုရားကြီးလည်း လေဖြတ်ထားလို့ ဘုရင့်မွေးနေ့ပွဲတောင် မတက်နိုင်ပါဘူး။ ဒီအခြေအနေနောက်ခံမှာ ထိုင်းသမိုင်းမှာ စိတ်ဝမ်းကွဲမှုအဆိုးဆုံး ဖန်တီးတဲ့ သက်ဆင်ကို ပြည်တော်ပြန်ခွင့်ရဖို့ ဥပဒေကို လွှတ်တော်တင်တဲ့အခါ ငုပ်နေတဲ့ ပြဿနာက ပြန်ပေါ်လာတယ်။ သက်ဆင်ရဲ့ လူတွေနဲ့ ဖွဲ့ထားတဲ့ ဖုယာထိုင်းပါတီက အောက်လွှတ်တော်မှာ လူများစုဖြစ်တာကို အခွင့်ကောင်းယူပြီး ဥပဒေကြမ်းကို အတည်ပြုခဲ့တဲ့အချိန်မှာ လမ်းပေါ်ဆန္ဒပြပွဲတွေ အရှိန်မြင့်တက်လာတယ်။ ဥပဒေကြမ်းကို အထက်လွှတ်တော်က ပယ်ချလို့ နောက်တကြိမ် လွှတ်တော်မတင်တော့ပါဘူးလို့ ဝန်ကြီးချုပ်က ကတိပေးပေမယ့် ဆန္ဒပြပွဲတွေက အရှိန်ရပ်လို့မရတော့ပါဘူး။

နောက်ဆုံး ဆန္ဒပြသမားတွေက အစိုးရကို နုတ်ထွက်ပေးဖို့ တောင်းဆိုရင်း အစိုးရအိမ်တော်နဲ့ ဝန်ကြီးချုပ်ရုံးကို သိမ်းတယ်။ အကြီးဆုံးအတိုက်အခံ ဒီမိုကရက်ပါတီက လွှတ်တော်ကို အယုံအကြည်မရှိဆိုပြီး သပိတ်မှောက်ကျောခိုင်းခဲ့တဲ့အတွက် ဝန်ကြီးချုပ်က လွှတ်တော်ကို ဖျက်သိမ်းပြီး ကြားဖြတ် ရွေးကောက်ပွဲကို ကြေညာခဲ့ရပါတယ်။ အတိုက်အခံပါတီက ရွေးကောက်ပွဲကိုလည်း သပိတ်မှောက်ဖို့ ဆုံးဖြတ်လိုက်တယ်။

တကယ်တော့ ထိုင်းနိုင်ငံရေး အခု အကျပ်အတည်းဟာ ဒါဟာ အသစ်အဆန်းမဟုတ်ပါဘူး။ ၂၀၀၆ ခုနှစ်မှာ ဆန္ဒပြပွဲတွေကြောင့် သက်ဆင်က ကြားဖြတ်ရွေးကောက်ပွဲကို ကြေညာတဲ့အချိန်မှာ အတိုက်အခံ ဒီမိုကရက်ပါတီက သပိတ်မှောက်ခဲ့ပါတယ်။ နောက်ထပ် ၆ လ မပြည့်ခင်မှာပဲ စစ်တပ်က အာဏာသိမ်းခဲ့ပါတယ်။ ဒီတကြိမ်မှာ စစ်တပ်က အာဏာသိမ်းဦးမှာလားလို့ မေးတဲ့အခါ စစ်ဦးစီးချုပ်က အာဏာသိမ်းတဲ့စကား နောက်တခေါက် လာမပြောနဲ့တော့လို့ အပြတ်ပြောပါတယ်။ အာဏာသိမ်းရင်လည်း တကယ်တော့ ထိုင်းအစဉ်အလာအရ စိုးရိမ်စရာမဟုတ်ပါဘူး။ တကယ်စိုးရိမ်စရာက နိုင်ငံရေး အုပ်စုတွေအကြားမှာ မညှိနှိုင်းဘဲ ရွေးကောက်ပွဲကို ဆက်တွန်းရင်ဖြစ်ဖြစ်၊ လောလောဆယ် လမ်းမတွေပေါ်ကို ထွက်မလာသေးတဲ့ ရှပ်နီဝတ်တွေ ထွက်လာရင်ဖြစ်ဖြစ် ပြဿနာက ပိုရှုပ်ထွေးသွားနိုင်ပါတယ်။

အကယ်၍ ရွေးကောက်ပွဲကို အတင်းတွန်းရင် ယင့်လတ်ဦးဆောင်တဲ့ ဖုယာထိုင်းပါတီကပဲ နိုင်ဖို့ သေချာပါတယ်။ ပါတီရဲ့အမာခံနယ်မြေဖြစ်တဲ့ နိုင်ငံမြောက်ပိုင်းနဲ့ အရှေ့မြောက်ပိုင်းက ထိုင်းလူဦးရေရဲ့ သုံးပုံတပုံရှိတယ်။ ဒါပေမယ့် ရွေးကောက်ပွဲအလွန်မှာ ပြဿနာတွေက ပြန်ပေါ်လာဦးမှာပါပဲ။ အဖြေက ရွေးကောက်ပွဲမှာ မရှိပါဘူး။ ရွေးကောက်ပွဲကော်မရှင်က အကြံပြုသလို ရွေးကောက်ပွဲမတိုင်ခင်မှာ အားလုံးလက်ခံနိုင်တဲ့ သဘောတူညီချက်တခု ရှာဖွေနိုင်ဖို့ပါပဲ။ ဒါပဲလားဆိုတော့ မဟုတ်သေးပါဘူး။ ရွေးကောက်ပွဲမှာ အများစု အနိုင်ရခဲ့ရင်လည်း ကျင့်ဝတ်ကို စောင့်ထိန်းဖို့ လိုအပ်ပါတယ်၊ အများညီတိုင်း ဤကိုကွဲမလုပ်ဘူးဆိုတဲ့ ကျင့်ဝတ်ပါပဲ။ ဒီသင်ခန်းစာက ထိုင်းတနိုင်ငံတည်းက ပေးသလားဆိုရင် အီဂျစ်နဲ့ အာရပ်နွေဦးနိုင်ငံတွေကို ကြည့်ရင်လည်း ဒီသဘောမျိုးပဲ တွေ့ရပါတယ်။ ■



ဓာတ်ပုံ – Steve Tickner / The Irrawaddy

**ယင့်လတ်အစိုးရကို ဆန္ဒပြနေသူများ။**



ဓာတ်ပုံ – Steve Tickner / The Irrawaddy

**ထိုင်းဆန္ဒပြသူများနှင့်ရဲများ ထိပ်တိုက်တွေ့နေစဉ်။**

Migrant

# ထိုင်းရှိ မြန်မာအမျိုးသားပြည့်တန်ဆာများဘဝ ခက်ခဲကြမ်းတမ်း

**ငြိမ်းငြိမ်း/ ချင်းမိုင်**



ဓာတ်ပုံ – Jeanne Hallacy / ICAAP11

**ထိုင်းနိုင်ငံ စမွတ်စခွန်ခရိုင်တွင် HIV တားဆီးကာကွယ်ရေးအတွက် မြန်မာရွှေ့ပြောင်းလုပ်သားများကို ပညာပေးရှင်းပြနေစဉ်။**

မြန်မာ့လူ့ အဖွဲ့အစည်းတွင် လိင်ဖျော်ဖြေရေး လုပ်ငန်းသည် မလုပ်သင့်မလုပ်အပ်သည့် အရာတခု အဖြစ် အများက လက်ခံယုံကြည်ထားသော်လည်း နယ်စပ်၏ တဖက် ထိုင်းနိုင်ငံရှိ ယောက်ျားလေး လိင်လုပ်သားများထဲတွင် မြန်မာနိုင်ငံမှ ပြောင်းရွှေ့ ခိုလှုံနေထိုင်သူများက အချိုးအစားကြီးမားစွာ ပါဝင်နေသည်။

ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းမိုင်မြို့တွင် မြန်မာ ရွှေ့ပြောင်းလုပ်သားများသည် ၎င်းတို့၏ ကိုယ်ခန္ဓာကို ရှိုးဘား (Show Bar) များ သို့မဟုတ် အခြား ဖျော်ဖြေရေးဆိုင်ရာ နေရာများတွင် လိင်ကိစ္စအတွက် ရောင်းချခဲ့ကြသည်။ ဘားများသည် တရားဝင်ဖွင့်လှစ်ထားခြင်းဖြစ်သော်လည်း ရွှေ့ပြောင်းခိုလှုံနေထိုင်သူများ ဘားတွင်အလုပ်လုပ်ခွင့် မရှိပါ။ ရလဒ်အနေဖြင့် ယောက်ျားလေး လိင်လုပ်သား အများစုသည် ၎င်းတို့၏ ဝင်ငွေရရှိရာ အရင်းအမြစ်ကို ထုတ်ဖော်ပြောဆိုလိုခြင်း မရှိကြသည့်အတွက် လိင်ဆက်ဆံမှုကြောင့် ကူးစက်တတ်သည့်ရောဂါများ ခံစားရသည့်အခါတွင် ဆေးဝါးကုသမှုခံယူနိုင်ခြင်း မရှိကြပေ။

"ကျနော်တို့ ဘားမှာအလုပ်လုပ်နေတဲ့ အသက် ၁၈ နှစ်ကနေ ၂၅ နှစ်ကြား လူငယ်အများစုက မြန်မာနိုင်ငံက ဖြစ်ပါတယ်" ဟု ချင်းမိုင်မြို့တွင် လိင်တူချင်း ချစ်ခင်သူများအတွက် ဖွင့်လှစ်ထားသော ဘားတခုမှ အမည်မဖော်လိုသူ အလုပ်သမားတဦးက ပြောသည်။

ယောက်ျားလေး လိင်လုပ်သားများသည်လိင်တူဆက်ဆံသူများဟု အများကယူဆထားကြသော်လည်း အချို့ ပြောင်းရွှေ့ခိုလှုံလာသူများသည် မိသားစုကို ထောက်ပံ့နိုင်ရန်အတွက်သာ ယောက်ျားများနှင့် လိင်ဆက်ဆံကြခြင်း ဖြစ်ကြောင်းလည်း သူကဆိုသည်။

ချင်းမိုင်မြို့ရှိ ယောက်ျားလေး လိင်လုပ်သားထဲတွင် မြန်မာနိုင်ငံ ရှမ်း၊ ကယားနှင့် ကရင်ကဲ့သို့သော တိုင်းရင်းသားများက အများဆုံးဖြစ်သည်ဟုလည်း သိရသည်။ မြန်မာနိုင်ငံတွင် စစ်အစိုးရ အုပ်ချုပ်ခဲ့သည့် ပြီးခဲ့သည့် နှစ်ပေါင်း ၂၀ ကျော်ကာလအတွင်း၌ ပြည်တွင်းစစ်ကြောင့် တိုင်းရင်းသား လူနည်းစုပြည်နယ်များထိခိုက်ပျက်စီးခဲ့ရပြီး အိမ်နီးချင်း ထိုင်းနိုင်ငံသို့ ထွက်ပြေးခိုလှုံခဲ့ကြရသည်။

ယောက်ျားလေးလိင်လုပ်သား ၅၀ တွင် တဝက်ခန့်မှာ ရှမ်းပြည်နယ်မှ ရောက်လာသော ပြောင်းရွှေ့ခိုလှုံသူများ ဖြစ်နေသည်ဟု လိင်လုပ်ငန်းစီးပွားရေးနှင့် ကလေးသူငယ် လူကုန်ကူးမှု ပပျောက်ရေး ဆောင်ရွက်နေသော Urban Light နှင့် Love 146 အမည်ရှိ အစိုးရမဟုတ်သည့် အဖွဲ့အစည်းနှစ်ခု၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ ယခုနှစ် အစောပိုင်းတွင် ချင်းမိုင်မြို့ရှိ အနှိပ်ခန်းများနှင့် ဘားများတွင် တွေ့ဆုံမေးမြန်းလေ့လာမှုများပြုလုပ်ပြီး ယင်း အစီရင်ခံစာကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

" Show Bar မှာ အလုပ်လုပ်တဲ့ လူငယ်တယောက်ဟာ တလကို ဘတ် ၂၀၀၀၀ ကနေ ၄၀၀၀၀ ကြား (အမေရိကန်ဒေါ်လာ ၆၂၅ မှ ၁၂၅၀ ကြား) ရနိုင်ပါတယ်" ဟု လိင်တူချစ်ခင်သူများအတွက် ဖွင့်လှစ်ထားသည့် အခြားဘားတခုမှ အမည်မဖော်လိုသူ စားပွဲထိုးတဦးက ဧရာဝတီသို့ ပြောသည်။ စားပွဲထိုးများက ယောက်ျားလေး လိင်လုပ်သားများ လောက် ဝင်ငွေမရရှိကြောင်းနှင့် တခါတခါရံ ၎င်းတို့နှင့် ဖောက်သည်များ တွေ့ဆုံနိုင်ရန် ကိုယ်စားလှယ်အဖြစ် ကြားဝင်ချိတ်ဆက်ပေးရခြင်းမျိုးလည်း ရှိကြောင်း ပြောသည်။

ယောက်ျားလေး လိင်လုပ်သားများသည် ၎င်းတို့အတွက် ဖောက်သည်ကို Santitham, Chiang Mai Land နှင့် Night Bazaar စသည့် ချင်းမိုင်မြို့၏ လူသိများသည့် နေရာများတွင် ရှာဖွေတတ်ကြသည်။ သူတို့၏အလုပ်ကရေရှည်မဟုတ်ပါ။ "အများစုက သူတို့ရဲ့ နုပျိုမှုကို ထိန်းသိမ်းမထားနိုင်ဘူးလေ၊ အများဆုံး သုံးနှစ်လောက်ကြာတဲ့အခါ သူတို့ထွက်သွားကြတာပဲ" ဟု လုပ်သက် ၁၀ နှစ်ကျော်ပြီဖြစ်သော အဆိုပါစားပွဲထိုးကပြောသည်။

ငယ်ရွယ်သော ယောက်ျားလေး လိင်လုပ်သား အများအပြားသည် မူးယစ်ဆေးသုံးစွဲသွားကြသည် သို့မဟုတ် HIV ရောဂါပိုး ကူးစက်ခံကြရသည်ဟု လည်းပြောသည်။ သို့သော်လည်း Show Bar များရှိ အလုပ်သမားများက ယောက်ျားလေး လိင်လုပ်သားများ အနေဖြင့် NGO များထံမှ အကူအညီတောင်းခံ၍ မရနိုင်ကြောင်း၊ အဘယ်ကြောင့် ဆိုသော် သူတို့ အလုပ်သည် ဥပဒေကို ဆန့်ကျင်ချိုးဖောက်နေသည့်အတွက် ထုတ်ဖော်မပြောဆိုလို၍ ဖြစ်ကြောင်း ပြောကြသည်။

ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းခိုလှုံသူများသည် ဥပဒေအရ အိမ်အကူများအဖြစ် သို့မဟုတ် ဆောက်လုပ်ရေး လုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ ဈေးဆိုင်များတွင်သာ အလုပ်လုပ်ခွင့်ရှိသည်။

"တချို့ကောင်လေးတွေက ယောက်ျားဧည့်သည်တွေနဲ့အတူတူ ညဘက်မှာ အပြင်ကိုမထွက်ချင်ဘူး။ အပြင်ဘက်မှာ သူတို့ရဲ့သူငယ်ချင်းတွေ တွေ့သွားမှာစိုးတယ်လေ။ ကျနော်တို့ဘားမှာ အဲဒီ ပြဿနာရှိတယ်။ ဧည့်သည်က ကျနော်တို့ကို ခေါ်ပြီးပြောရင် ကျနော်တို့ကလည်း ပိုက်ဆံပြန်လျော်ပေးရတယ်" ဟုလည်း ဘား အလုပ်သမားတဦးက ပြောပြသည်။ ဧည့်သည်များက တညလုံးစာအတွက် ထိုင်းဘတ်ငွေ ၃၀၀၀ (အမေရိကန်ဒေါ်လာ ၉၀ ခန့်) ပေးသည်ဟုလည်း သူကပြောသည်။

လိင်လုပ်သား အဖြစ်လုပ်ကိုင်သည့် ရွှေ့ပြောင်းနေထိုင်သူတဦးကို ရဲအဖွဲ့က ဖမ်းဆီးထိန်းသိမ်းခြင်းပြုနိုင်ပြီး ထိုင်းနိုင်ငံမှပြန်လည်နှင်ထုတ်ခြင်းနှင့်လည်း ကြုံတွေ့နိုင်သည်ဟုသိရသည်။ "လုံခြုံရေးအတွက်ကတော့ ဘားပိုင်ရှင်တွေက တာဝန်ယူရတယ်" ဟု အာဏာပိုင်များသို့ လာဘ်ငွေပေးရသည်ကို ရည်ညွှန်း၍ မြန်မာစားပွဲထိုးတဦးက ဧရာဝတီကိုပြောပြသည်။ "အလုပ်လုပ်နေတုန်း အဖမ်းခံရတဲ့ လူငယ်တယောက်ကို ပြန်လွှတ်ပေးဖို့ဆိုရင် ဘတ် ၄၀၀၀ လောက်ပေးရတယ်"ဟုလည်း သူကပြောသည်။

လွန်ခဲ့သော နှစ်နှစ်က ကုလသမဂ္ဂ အေအိုင်ဒီအက်စ်ရောဂါ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ် UNAIDS က ၂၀၁၆ ခုနှစ်တွင် HIV အသစ်ကူးစက်ခြင်းနှင့် သေဆုံးခြင်းများကို "သုညအထိ လျှော့ချရန်" ဦးတည်ချက်ချမှတ်ခဲ့သည်။

" UNAIDS ရဲ့ သုညအထိ လျှော့ချရေး ဦးတည်ချက်အတိုင်းဖြစ်နိုင်ဖို့ အခုထိတော့ မဖြစ်နိုင်သေးပါဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ရွှေ့ပြောင်း ခိုလှုံလာသူတွေ ART ဆေးဝါးရရှိနိုင်ရေးနဲ့ ပတ်သက်တဲ့ ထိုင်းနိုင်ငံရဲ့ ကျန်းမာရေးမူဝါဒကို တချို့ဆေးရုံတွေမှာ ပြည့်ပြည့်ဝဝ အကောင်အထည်ဖော် မပေးနိုင်သေးလို့ပါ"ဟု ချင်းမိုင်မြို့ရှိ ရွှေ့ပြောင်း လုပ်သားများ ကူညီရေး အစီအစဉ် (MAP)မှ ဝန်ထမ်းတဦး ဖြစ်သော Hark Murng က ပြောသည်။ ART ကုထုံး သို့မဟုတ် Antiretroviral therapy ဆိုသည်မှာ HIV ပိုး၏ သက်ရောက်မှုကိုထိန်းချုပ်ရန်နှင့်ရောဂါတိုးပွားမှုကို ရပ်တန့်စေရန်အတွက် Antiretroviral (ARV) ဆေးများပေး၍ ကုသခြင်းဖြစ်သည်။

"အရင်က ထိုင်းနိုင်ငံမှာ ရွှေ့ပြောင်းလုပ်သားတွေကို ARV ဆေးပေးတဲ့ မူဝါဒ မရှိဘူး။ ဒါပေမယ့် ရွှေ့ပြောင်းလုပ်သားတွေလည်း ဘတ် ၂၈၀၀ ပေးပြီး ကျန်းမာရေး အာမခံလျှောက်ထားနိုင်တဲ့ လက်ရှိမူဝါဒကြောင့် ARV ဆေးတွေ ရရှိနေပါပြီ" ဟု သူက ဆက်ပြောသည်။

ရွှေ့ပြောင်း လုပ်သားများ ကူညီရေး အစီအစဉ် (MAP)မှ ယောက်ျားလေး လိင်အလုပ်သမားများလည်း အခြားထိုင်းအစိုးရ မဟုတ်သည့် အဖွဲ့အစည်းများထံမှ ကူညီထောက်ပံ့မှုများ ရရှိနိုင်ရန်ဆောင်ရွက်နေသည်။ ၁၀၀ ကျော်ခန့်ရှိမည့် ယောက်ျား၊ မိန်းမနှင့် ကလေးငယ်များသည် ၎င်းတို့၏အစီအစဉ်ဖြင့် ကျန်းမာရေးနှင့် အခြားထောက်ပံ့မှုများ ရရှိခဲ့ပြီးဖြစ်သည်ဟု ဆိုသော်လည်း အရေအတွက် အတိအကျကို ခန့်မှန်းရန်ခက်ခဲကြောင်း Hark Murng ကပြောသည်။

"သူတို့က သူတို့ရဲ့ပြဿနာကို ပွင့်ပွင့်လင်းလင်း ပြောဖို့ တွန့်ဆုတ်နေကြတယ်" ဟု သူကဆိုသည်။

ရွှေ့ပြောင်း လုပ်သားများ ကူညီရေး အစီအစဉ် (MAP) က ရှမ်း၊ ကချင်၊ ဗမာ၊ ကရင်၊ အခါ နှင့် လားဟူ တိုင်းရင်းသားများနှင့်လည်း အလုပ်လုပ်နေသည်ဟု Hark Murng ကဆိုသည်။

ယခင်အပတ်က ဘန်ကောက်မြို့တွင် ပြုလုပ်ခဲ့သော AIDS ဆိုင်ရာ အာရှနှင့် ပစိဖိတ်ဒေသ ၁၁ ကြိမ်မြောက် နိုင်ငံတကာ ကွန်ဂရက် (ICAAP11) သို့ နိုင်ငံပေါင်း ၈၀ မှ ကိုယ်စားလှယ် ၄၀၀၀ နီးပါး တက်ရောက်ပြီး HIV ကာကွယ်တားဆီးရေးအတွက် ဆွေးနွေးခဲ့ကြသည်။

အာရှနှင့် ပစိဖိတ်ဒေသတွင် လူ ၄. ၉ သန်းခန့် HIV ပိုးကူးစက်ခံထားရသည်ဟု UNAIDS ၏ အစီရင်ခံစာတစောင်တွင် ဖော်ပြထားသည်။ ■

EDE မော်ဒယ်မြင့်ကားများအတွက်
ကွန်ပျူတာထိန်းချုပ်စနစ် OBD-II သင်တန်း

လက်တွေ့သင်ကြားရေးဌာန တိုးချဲ့ဖွင့်လှစ်ထားပါသည်။ စနေနေ့တိုင်း မိတ်ဆက်(အခမဲ့) သင်တန်းဖွင့်လှစ်ပါသည်။

Computer Diagnostic, Software, Wiring Diagram, Modern Automotive Technology

အမှတ်စဉ်(၃၈)(၃၉)(၄၀) ပုံမှန်တန်းခွဲသစ်များကို ဇန်နဝါရီလ(၂)ရက်နေ့တွင် စတင်ဖွင့်လှစ်ပါမည်။

ပြစ်ချက်ရှာဖွေပေးသော Scan Tools အမျိုးမျိုး သင့်တင့်သောဈေးနှုန်းဖြင့် ရောင်းချပေးပါသည်။

Engine Doctor Engineering

အမှတ် (၁၀၂)၊ မြေညီထပ် ၊ ၅၂ လမ်း(အလယ်ဘလောက်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန် ။
ဖုန်း – ၀၉-၄၂၁၁၄၄၄၉၅ ၊ ၀၉-၄၂၁၁၄၄၄၉၆ ၊ ၀၉-၄၂၁၁၄၄၄၉၇

Corruption

# သမဈေးငွေ ခြစားမှုများ ဖြစ်ပေါ်

ထက်နိုင်ဇော်



ဓာတ်ပုံ –ဈေပိုင်/The Irrawaddy

**အတိုးပါသောချေးငွေကြောင့် ပိုမိုဆင်းရဲမွဲတေစေနိုင်ကြောင်း ကျွမ်းကျင်သူများက သတိပေးပြောဆိုကြသည်။**

သမ္မတဦးသိန်းစိန် အစိုးရက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အကောင်အထည်ဖော်ရာတွင် သမဝါယမအသင်းများ အသုံးပြု၍ ချေးငွေများထုတ်ပေးလျက်ရှိရာ အောက်ခြေတွင် ခြစားမှုများရှိနေကြောင်း ငွေချေးယူနေသူများကပြောဆိုပြီး သမဝါယမဝန်ကြီးဌာနက တာဝန်ရှိသူတချို့ ကလည်း ငွေချေးရာတွင် ပြဿနာရှိသည်ဟု ဧရာဝတီသို့ဝန်ခံပြောကြားသည်။ သမအသင်းများ၏ ငွေချေးမှုများတွင် နေရာဒေသတခုနှင့်တခုအတိုးနှုန်း တူညီမှုမရှိခြင်း၊ လယ်ပိုင်ယာပိုင်မရှိသော်လည်း ငွေချေးငှားသူများနှင့် နီးစပ်မှုရှိပါက ငွေချေးယူနိုင်ခြင်းနှင့် အချို့ငွေကြေးများကို ချေးငွေကိုင်ဆောင်သူက အလွဲသုံးစားလုပ်ပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများရှိနေကြောင်း ဧရာဝတီက တွေ့ဆုံခဲ့သူများက ပြောကြားသည်။ တချို့ဒေသများတွင် တောင်သူများမှာ ချေးငွေပေးသည်ကိုပင် မသိရှိကြပေ။

"ပြည်သူတွေ ပြောနေတာလည်း ဟုတ်ပါတယ်။ ကျနော်တို့ ဝန်ကြီးဌာနကို တိုင်စာတွေလည်းတက်ပါတယ်။ ကိုယ့်အမျိုးတွေကိုပဲ ချေးသွားတယ်။ သူ့လူနဲ့သူပဲ ပေါင်းပြီးထုတ်သွားတယ် ဆိုတာမျိုးတွေလည်းပါတယ်။ ကျနော်တို့အနေနဲ့ကလည်း ကျေးရွာပေါင်းခြောက်သောင်းကျော်ကို စီမံခန့်ခွဲနိုင်ဖို့ကလည်း မလွယ်ဘူး။ ပြည်သူ သန်း ၆၀ ကိုပေးချင်ရင် ဘီလျံ ၃၀၀၀ လောက်ကို လိုတာ။ အခုက ကျနော်တို့ တနိုင်ငံလုံးမှာ ၁၀၈ ဘီလျံပဲ ချေးနိုင်သေးတယ်။ ဘီလျံ ၄၀၀ လောက် ထပ်ချေးနိုင်ဖို့ လုပ်နေတယ်" ဟု သမဝါယမဝန်ကြီးဌာန ဒုညွှန်ချုပ် ဦးဇော်မျိုးက ဧရာဝတီသို့ ပြောသည်။

နေပြည်တော် ဥတ္တရသီရိမြို့နယ် တက်ရှိန်းကျေးရွာတွင် ကျေးရွာအုပ်ချုပ်ရေးမှူးက လယ်မြေရှိသူများကို ပိုက်ဆံထုတ်မချေးဘဲ ၎င်းတို့နှင့် နီးစပ်ပြီး လယ်မြေ မရှိသူများကို ပိုက်ဆံထုတ်ချေးခဲ့သောကြောင့် ပြဿနာဖြစ်ကာ တောင်သူများက သက်ဆိုင်ရာအဖွဲ့အစည်းများသို့ တိုင်ကြားထားကြောင်း တောင်ညိုကျေးရွာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခင်မောင်တင့်က ပြောသည်။

"အုပ်ချုပ်ရေးမှူးနဲ့ အဆင်ပြေရင် အတိုးနည်းတယ်။ ၂ ကျပ်ပဲ ပေးရတယ်။ အဆင်မပြေတဲ့သူဆိုရင် ၄ ကျပ်ပေးရတယ်။ တချို့လူတွေကျတော့ လယ်တွေက သိမ်းတဲ့အထဲပါသွားတော့ ချေးငွေမရတော့ဘူး။ အုပ်ချုပ်ရေးမှူးနဲ့ ပတ်သက်သူတွေထဲမှာ တချို့ လယ်မရှိတဲ့သူတွေလည်း ချေးငွေရကြတယ်" ဟု ဦးခင်မောင်တင့်က ပြောသည်။

နေပြည်တော်ဒေသတွင် တောင်သူလယ်သမားများမှာ ချေးယူ၍ ရနိုင်သော ငွေကြေးမှန်သမျှကို ရယူလေ့ရှိပြီး အတိုးမည်မျှ ပေးရသည်ကိုပင် တိတိကျကျမသိဘဲ ရသည့်နေရာမှ ယူနေကြရာ ငွေကြေးပြန်ဆပ်ရမည့်အချိန်တွင် အခက်အခဲများရှိနိုင်ပြီး ငွေချေးငှားရာတွင်လည်း နေရာဒေသ တခုနှင့်တခုမှာ အတိုးနှုန်းများ မတူညီသည်ကို တွေ့ရကြောင်း နေပြည်တော် ကျွဲရှင်းရွာမှ ဦးမောင်ထွေးကလည်း ပြောသည်။

"ရွာက ဥက္ကဋ္ဌ (အုပ်ချုပ်ရေးမှူး) ပြောတာတော့ မဆပ်နိုင်လည်း စည်းရုံးရေးသဘောနဲ့ ပေးထားပြီး ဒီဘက်မှာ ကြံခိုင်ရေး မဲပြန်နိုင်ခဲ့ရင် ပြန်မဆပ်နိုင်လည်း ပြဿနာရှာမှာ မဟုတ်ဘူးလို့ ပြောကြတယ်။ ၆ လအတွင်း ၅ သောင်း ပြန်ဆပ်နိုင်ရင် တစ်သိန်းချေးမယ်။ နောက်ပိုင်း နှစ်သိန်း၊ သုံးသိန်း အထိချေးမယ်လို့ကြားတယ်။ ဆပ်နိုင်မဆပ်နိုင်တော့ မသိဘူး။ ရတာယူကြတာပဲ ။ ပြီးတော့ ငွေပြန်နိုင်ရင် ထပ်ထုတ်ပေးမယ့် ပုံစံဆိုတော့။ သူတို့နဲ့ အဆင်ပြေတဲ့သူတွေကို ပေးမှာပဲ" ဟု ဦးမောင်ထွေးကဆိုသည်။

"အောက်ခြေက တာဝန်ခံတဲ့သူတွေမှာ မသမာမှုတွေရှိတယ်။ ဘယ်လို မသမာမှုတွေလဲဆိုတော့ ချေးမယ့်ပိုက်ဆံကို တကယ်လိုအပ်တဲ့သူဆီကို တိုက်ရိုက်မချေးဘဲ ရာခိုင်နှုန်းတခု ချန်ယူထားတာမျိုး ရှိတယ်။ ဝန်ထမ်းတွေကို ချေးတဲ့ငွေတွေမှာလည်း ဝန်ထမ်း အကြီးအကဲတွေက ဖြတ်ယူလိုက်တယ်။ ကျနော်တို့ဌာနမှာဆိုရင် တာဝန်ရှိတဲ့သူတယောက်က သိန်း ၃၀ လောက်ကို ဖြတ်ပြီးတော့ သူ့အိတ်ထဲကို ထည့်ထားလိုက်တာမျိုး ရှိတယ်။ တာဝန်ခံလုပ်မယ့်သူရဲ့အပေါ်က တာဝန်ရှိသူတယောက်ကအဲဒီပိုက်ဆံကိုဖြတ်ယူထားလိုက်တယ်။ ဖြတ်ယူပြီး သူ့စီးပွားရေးလုပ်ငန်းထဲကို ထည့်ထားလိုက်တာပေါ့"ဟုလှည်းကူးမြို့နယ်တွင် နေထိုင်သူ ဦးညွန့်လှိုင်က ပြောသည်။

အစိုးရအနေဖြင့် ဆင်းရဲနွမ်းပါးမှုကို ထိရောက်စွာ လျှော့ချနိုင်ရန် လုပ်ငန်းအကောင်အထည် ဖော်ရာ၌ လုပ်ငန်းအဆင့်ဆင့်တွင် တာဝန်ယူတာဝန်ခံနိုင်မည့် ပုဂ္ဂိုလ်များကို သေချာစွာ ရွေးချယ်သင့်ကြောင်း၊ တရုတ်နှင့် မွန်ဂိုးလီးယား နိုင်ငံများတွင် ဆင်းရဲမှုအကောင်အထည်ဖော်ရာ၌ လုပ်ငန်းအဆင့်ဆင့် တာဝန်ယူ တာဝန်ခံနိုင်မည့်သူများ ရွေးချယ်ထားသောကြောင့် လုပ်ငန်းထိရောက်မှုရှိကြောင်း တရုတ်နှင့် မွန်ဂိုလီးယားနိုင်ငံများသို့ သွားရောက်ပြီး ပြည်သူ့စီမံခန့်ခွဲမှုဘာသာရပ်လေ့လာခဲ့သူ လှည်းကူးမြို့နယ်မှ ဦးညွန့်လှိုင်က ဆိုသည်။

သမဝါယမဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဒု-ညွှန်မှူး ဦးမြင့်အောင်က "သမအသင်းဝင်ပြီးတော့ အစုရှယ်ယာငွေ ၅၀၀၀ ပေးသွင်းတဲ့ သူတိုင်းကို ချေးတာပဲ ။ အတိုးနှုန်း မတူဘူးဆိုတာက လယ်မြေယာမြေ မပိုင်ပေမယ့် ဈေးရောင်းတဲ့ လုပ်ငန်းရှိရင်လည်း ချေးပါတယ်။ ချေးယူတဲ့အခါ လုပ်ငန်းအမျိုးအစား မတူလို့ပါ။ အခု တရုတ်ကချေးတဲ့ငွေကိုတော့ လယ်သမားတွေကိုပဲသီးသန့်ချေးမှာပါ။ အခု စချေးနေပါပြီ" ဟု ပြောသည်။

သမဝါယမဝန်ကြီးဌာနမှ ချေးငွေရယူလိုပါက အနည်းဆုံး လူ ၃၀ ၊ ၅၀ ခန့်ဖြင့် ဒေသအလိုက် သ/မ အသင်းငယ်များ ဖွဲ့စည်းနိုင်ပြီး ငွေချေးယူခွင့်ရှိသောကြောင့် နေပြည်တော်တဝိုက် ဒေသများတွင် ရိုးမစိမ်းလန်း၊ ဒေါင်းစိတ်ဓါတ်၊ ရွက်စိမ်း၊ ပိတောက်စိမ်းအမည်များဖြင့် သမဝါယမအသင်းများ ပေါ်ပေါက်လာပြီး အမျိုးအစားအားဖြင့် လယ်ယာထုတ်ကုန် သမဝါယမအသင်း၊ ဈေးသူဈေးသား သမဝါမယအသင်းနှင့် မွေးမြူရေး သမဝါယမအသင်းတို့ ပေါ်ပေါက်လာကြောင်း သိရသည်။

လယ်ယာထုတ်ကုန် သမဝါယမအသင်းသို့ အသက် ၁၈ နှစ်နှင့်အထက် မည်သူမဆို ဝင်ရောက်နိုင်ပြီး လူတဦးလျှင် အသင်းဝင်ကြေး ၅၀၀၀ ကျပ်နှုန်းထည့်ဝင်ကာ အသင်းဝင် တဦးလျှင် ကျပ် ၅၀၀၀၀ မှ စတင်ကာ အတိုးနှုန်း နှစ်ကျပ်ခွဲဖြင့် ငွေချေးယူခွင့်ရှိကြောင်း၊ အတိုးနှုန်းထဲမှ တစ်ကျပ် ၂၅ ပြားကို သမဝါယမအသင်းသို့ ပေးသွင်းရပြီး ကျန် တစ်ကျပ် ၂၅ ပြားမှာ တောင်သူများအတွက် အသင့်ရန်ပုံငွေအဖြစ်ထားရှိကြောင်း တောင်ညိုရွာမှ ဦးဂျာကြီးက ပြောသည်။

"ပိုက်ဆံချေးလို့ ရတဲ့နေရာက စိုက်/ဘဏ် နဲ့ သမနဲ့ရှိတယ်။ တရုတ်က ငွေချေးမယ်ပြောပြီးယူရင် လက်မှတ်ထိုးထားလို့ ပြောတဲ့အတွက် လက်မှတ်ထိုးပေးထားသေးတယ်။ ဘယ်လို ချေးမယ်ဆိုတာတော့ သေသေချာချာ မသိသေးဘူး။ ၂၀၁၃ (၁၀) လပိုင်းက တသိန်းချေးထားတယ်။ ကျေးရွာအုပ်ချုပ်ရေးမှူးတွေဆီကနေ ယူထားတာ။ သ/မ အဖွဲ့အစည်းလို့ ပြောတာပဲ"ဟု ဦးဂျာကြီးက ဆိုသည်။

နေပြည်တော်ဒေသခံ ဦးစိုးမြင့်ကလည်း "ဈေးသူဈေးသား သ/မ အသင်းကျတော့ လူတယောက်ကို ငွေ ၃ သောင်းပဲ ချေးခွင့်ရှိတယ်။ အတိုးနှစ်ကျပ်ခွဲနှုန်းနဲ့ ၃ လအတွင်း ပြန်ဆပ်ရတယ်။ မွေးမြူရေးအတွက်ကတော့ ဝက်နဲ့နွား မွေးချင်ရင် အကောင်လိုက် လာဝယ်ပေးတယ်။ သူက ၁၀ လအတွင်း ပြန်ဆပ်ရတယ်။ နောက်ပိုင်းပြန်မဆပ်နိုင်ရင် ကိုယ်ပိုင်တဲ့ လယ်မြေပိုင်ဆိုင်မှု အထောက်အထားစာအုပ်ကို အပေါင်သဘောမျိုး ပေးထားပြီး ဆက်လုပ်လို့ရတယ်" ဟု ပြောသည်။

အတိုးနည်းသော ငွေချေးငှားမှုများ ရှိသကဲ့သို့ အတိုးများသော ငွေချေးငှားမှုများလည်း ရှိကြောင်း၊ ချေးငှားပေးနေသူများမှာ ကျေးရပ် အုပ်ချုပ်ရေးမှူးနှင့် သမအသင်းများမှ ဖြစ်ကြောင်း နေပြည်တော် အောင်ချမ်းသာကျေးရွာမှ ကိုကျွဲကြီးက ပြောသည်။

"ပြန်ဆပ်ရင် အတိုးအရင်း ပေါင်းဆပ်ရမှာ။ ဆုကြေးငွေက တသိန်းချေးရင် တသောင်းပေးရတယ်။ ၅၀၀၀ ထောင်က တောင်သူစုငွေ ၊ ကျန်တဲ့ ၅၀၀၀ က ဝန်ဆောင်မှုစရိတ်ပေါ့။ တသိန်းချေးရင် ၉ သောင်းပဲရတယ်။ တောင်သူစုငွေက ရတဲ့ငွေ ၅၀၀၀ ကို စုလိုက်ရင် လူတရာ ရှိရင် ၅ သိန်းရမယ်။ အဲဒီရတဲ့ ပိုက်ဆံကို စုပြီးပြန်ချေးမှာ။ စိုက်ပျိုးရေးဘဏ်က ၅ သိန်း ယူထားတယ်။ အတိုးက တသိန်းချေးမှ ၁၅၀၀ ပဲ ပေးရတယ်" ဟု ကိုကျွဲကြီးက ပြောသည်။

ရန်ကုန် အဝေးသင်တက္ကသိုလ်၊ ဘောဂဗေဒဌာန အငြိမ်းစားပါမောက္ခ ဒေါက်တာမောင်မောင်စိုးကမူ အသေးစားချေးငွေ ထုတ်ပေးခြင်းဖြင့် ဆင်းရဲမွဲတေမှု တိုက်ဖျက်နိုင်မည်မဟုတ်ဘဲ အစိုးရတာဝန်ရှိသူများအနေဖြင့် အသေးစား ချေးငွေထုတ်ပေးခြင်းဖြင့် ဆင်းရဲမွဲတေမှု တိုက်ဖျက်နိုင်လိမ့်မည်ဟု လွဲမှားမယူဆစေလိုကြောင်း၊ အတိုးပါသော ချေးငွေကြောင့် ပိုမိုဆင်းရဲ မွဲတေစေနိုင်ကြောင်း ပြောဆိုခဲ့သည်။

"ငွေချေးတယ်ဆိုတိုင်း ဆင်းရဲမှု တိုက်ဖျက်တာ မဟုတ်ဘူး။ ငွေချေးတယ် ဆိုတာက အတိုးပါမယ်။ ငွေချေးစားတဲ့သဘောပဲ။ ဆင်းရဲသားက လိုနေတာက ချေးငွေ (credit) မဟုတ်ဘူး။ ဆင်းရဲသား၊ လယ်သမားတွေလိုနေတာက အရင်းအနှီး(Capital) လိုနေတာ။ ချေးငွေဆိုတာ အတိုးပေးရမယ်၊ အချိန်တန်ရင် ပြန်မဆပ်လို့မရဘူး။ ဝိုင်းကြီးချုပ်စနစ်နဲ့ ချုပ်ထားတယ်။ တောင်သူက အတိုးပါတဲ့ ချေးငွေကြောင့် ပိုဝန်ပိတယ်။ အရင်းအနှီးဆိုတာက နှစ် ၃၀၊ နှစ် ၂၀၊ ၁၀ နှစ် တဖြည်းဖြည်း ပြန်ဆပ်ဆိုတဲ့ပုံစံနဲ့ သွားသင့်တယ်" ဟု ဒေါက်တာ မောင်မောင်စိုးက အကြံပြုသည်။

ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် တရုတ်နိုင်ငံမှ ချေးယူမည့် အမေရိကန်ဒေါ်လာ သန်း ၁၀၀ တွင် သန်း ၅၀ မှာ ယခုလ နောက်ဆုံးပတ်တွင် စတင်ရရှိမည်ဖြစ်ပြီး ယင်းငွေကို ဗဟိုသမဝါယမအသင်းသို့ လွှဲပြောင်းပေးကာ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သမဝါယမဝန်ကြီးဌာနမှ ရုံးအဖွဲ့မှူး ဒုညွှန်ချုပ် ဦးဇော်မျိုးက ပြောသည်။

"တရုတ်ကချေးမယ့် သန်း ၁၀၀ က ပထမ ၂ နှစ်မှာ အတိုးပဲပေးရမယ်။ အရင်း ဆပ်စရာမလိုဘူး။ နောက် ၈ နှစ်မှာတော့ အတိုးအရင်း ဆပ်ရမှာပေါ့။ အခုလက်ရှိချေးထားတဲ့ ငွေတွေက သမအသင်းက ပိုင်တဲ့ငွေတွေပါ။ သမအသင်းပိုင် အဆောက်အဦတွေကို သမဝါယမဘဏ်မှာ အပေါင်ထားပြီး အဲဒီပိုက်ဆံတွေနဲ့ လယ်သမားတွေကို ထုတ်ချေးထားနေတာပါ" ဟု ဦးဇော်မျိုးက ဆိုသည်။

ယခု ချေးငှားထားသော ငွေကြေးများသည် ဝန်ကြီးဌာနပိုင် ငွေကြေးမဟုတ်ဘဲ ဗဟိုသမဝါယမအသင်းက ပိုင်ဆိုင်သော ငွေကြေးများဖြစ်ကြောင်း၊ ဝန်ကြီးဌာနမှာ ငွေချေးရာတွင် လုပ်ငန်းများ ထိရောက်မှုရှိစေရန် ကူညီဆောင်ရွက်သော အပိုင်းတွင်သာ တာဝန်ရှိကြောင်း သိရသည်။ ■



# Special Report



## အာဏာရှင်များနှင့်

**ပြီး**ခဲ့တဲ့ ရာစုနှစ်တဝက်လောက်ကာလမှာ မြန်မာနိုင်ငံကို သဘောထားတင်းမာပြီး အညှာအတာကင်းသူ နှစ်ယောက်ဖြစ်တဲ့ ဗိုလ်ချုပ်ကြီးနေဝင်းနဲ့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက အစဉ်အဆက် အုပ်ချုပ်ခဲ့ကြတယ်။ ဗိုလ်ချုပ်ကြီးနေဝင်းက ကွန်မြူနစ်နဲ့ ဆိုရှယ်လစ်အတွေးအခေါ်တွေ လွှမ်းမိုးတဲ့ လွတ်လပ်ရေးကြိုးပမ်းမှုကာလရဲ့ ထုတ်ကုန်တခုဖြစ်ပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေကတော့ ဗိုလ်ချုပ်ကြီးနေဝင်းရဲ့အာဏာရှင်အုပ်ချုပ်ရေးနဲ့အတူ အောင်မြင်မှုမရခဲ့တဲ့ ဆိုရှယ်လစ်စီးပွားရေးစနစ်ရဲ့ ထွက်ကုန်တခုပါ။

မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအတွက်တိုက်ပွဲဝင်ခဲ့ကြတဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ သူ့ရဲဘော်တွေကလည်း အာဏာရှင်စစ်အစိုးရနဲ့ သူတို့ရဲ့ စိတ်ဓာတ်ရေးရာအခြေခံကို ပုံဖော်ပေးခဲ့ကြတဲ့ သူတို့နှစ်ယောက်ရဲ့နောက်ခံသမိုင်းနဲ့လုပ်ဆောင်ချက်တွေကို ကောင်းကောင်းသိနားလည်ကြပါတယ်။ အတိုက်အခံတွေပြုလုပ်တဲ့တွက်ချက်မှု၊ ဆုံးဖြတ်ချက်အားလုံးဟာ ဒီအတိတ်သမိုင်းအပေါ်မှာ အခြေခံစဉ်းစားပြီး ဆောင်ရွက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒါတွေက ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ သူ့ရဲ့နောက်လိုက်ဗိုလ်ချုပ်တွေရဲ့ အတွေးအခေါ်ဘယ်လိုယိမ်းမယ်ဆိုတာ ဖော်ပြနေလို့ပါပဲ။ နောက်ပြီး အင်တိုက်အားတိုက် ပါဝင်နေသူပဲဖြစ်ဖြစ်၊ ထဲထဲဝင်ဝင်မသိဘဲ သရုပ်ခွဲနေသူဖြစ်ဖြစ်၊ မြန်မာ့အရေး စောင့်ကြည့်သူ ဘယ်သူမဆို နိုင်ငံကို ဒီနေ့အခြေအနေရောက်လာအောင် ပြောင်းလဲပစ်ခဲ့တဲ့ ဒီ အာဏာရှင်ကြီးနှစ်ယောက်နဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို အကျွမ်းတဝင်ရှိထားသင့်ပါတယ်။

နာမည် မောင်ရှုမောင်လို့ခေါ်တဲ့ ဗိုလ်ချုပ်ကြီးနေဝင်းကို ရန်ကုန်မြို့မြောက်ဖက် မိုင် ၂၀၀ လောက်အကွာမှာရှိတဲ့ ပဲခူးတိုင်း ပြည်ခရိုင်မှာ ၁၉၁၁ ခုနှစ်မှာ မွေးဖွားခဲ့ပါတယ်။ အလယ်အလတ် အဆင့်အတန်းရှိတဲ့ မိသားစုမှာ ကြီးပြင်းခဲ့ပြီး အမျိုးသားအထက်တန်းကျောင်းမှာ တက်ရောက် ပညာသင်ကြားခဲ့တယ်။ ကလေးဘဝတုန်းကသူဖြစ်ချင်ခဲ့တာက ဆရာဝန်ပါ။ ဒါပေမယ့် ရန်ကုန်တက္ကသိုလ်တက်တဲ့အချိန်မှာ စာကောင်းကောင်းမလိုက်နိုင်ခဲ့တဲ့အတွက် သူ့ရဲ့ ဆေးပညာအိပ်မက်တွေ ပျက်စီးခဲ့ရပါတယ်။ တက္ကသိုလ်က ထွက်ခဲ့ရပြီးတဲ့နောက် ကိုရှုမောင်ဟာ နေ့တိုင်းပဲ မြန်မာနိုင်ငံကို ဗြိတိသျှလက်အောက်က လွတ်မြောက်အောင်ဘယ်လိုလုပ်ရမလဲဆိုတာ ဆွေးနွေးရင်း အချိန်ကုန်တတ်တဲ့ ကျောင်းသားသူငယ်ချင်းတစုနဲ့အတူ ရန်ကုန်မှာပဲဆက်နေခဲ့ပါ တယ်။

အဲဒီနောက်တော့ ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌ ကိုနု၊ အတွင်းရေးမှူး ကိုအောင်ဆန်းတို့နဲ့အတူ ကိုရှုမောင်ဟာ အမျိုးသားရေး အဖွဲ့အစည်းတခုဖြစ်တဲ့ ဒို့ဗမာအစည်းအရုံးဝင် သခင်ရှုမောင် ဖြစ်လာပါတယ်။

၁၉၄၁ ခုနှစ်မှာတော့ ကိုအောင်ဆန်းနဲ့ ကိုရှုမောင်ဟာ ဂျပန်နိုင်ငံမှာစစ်ပညာသင်ကြားဖို့အတွက် 'ရဲဘော်သုံးကျိပ်' လို့ လူသိများလာခဲ့တဲ့ လူငယ် ၃၀ ထဲမှာပါဝင်ဖို့ရွေးချယ်ခံရပြီးတော့ ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA)ကို ဖွဲ့စည်းခဲ့ကြတယ်။ ရဲဘော်သုံးကျိပ်ဟာ မြန်မာနိုင်ငံထဲကို ပြန်လည်မဝင်ရောက်ခင် နာမည်ပြောင်းခဲ့ကြချိန်မှာ သခင်အောင်ဆန်းက 'ဗိုလ်တေဇ' ဆိုတဲ့နာမည်ကို ရွေးချယ်ပြီး သခင်ရှုမောင်က တောက်ပလင်းလက်တဲ့ နေဝန်းလို့ အဓိပ္ပာယ်ရတဲ့ 'ဗိုလ်နေဝင်း' ဆိုတဲ့နာမည်ကို ခံယူခဲ့ပါတယ်။

မြန်မာ့လွတ်လပ်ရေးလှုပ်ရှားမှုရဲ့ အငြင်းပွားဖွယ်ရာမရှိ ခေါင်းဆောင်ဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၇ ခုနှစ်မှာ သူရဲ့နိုင်ငံရေးပြိုင်ဖက်တဦးဖြစ်သူ ဂဠုန်ဦးစောရဲ့ လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ရပါတယ်။ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးတဲ့နောက်မှာတော့ ဦးနုကို ဝန်ကြီးချုပ်ဖြစ်လာခဲ့တယ်။ အဲဒီနှစ် မတ်လအတွင်းမှာ ဗမာပြည်ကွန်မြူနစ်ပါတီ (CPB) တောခိုသွားခဲ့ပြီး အနီရောင်ခေတ်(ကွန်မြူနစ်ခေတ်)ကို တည်ထောင်ဖို့ လက်နက်ကိုင် တော်လှန်ရေးလမ်းစဉ်ကို ရွေးချယ်လိုက်တယ်။

အစိုးရတပ်ဖွဲ့တွေနဲ့ ဗမာပြည်ကွန်မြူနစ်ပါတီကြားမှာ ပထမဆုံးတိုက်ပွဲဖြစ်ခဲ့တာက ရန်ကုန်တောင်ဘက်က ပဲခူးမှာပါ။ မကြာခင်မှာပဲ တိုက်ပွဲတွေဟာ ကွန်မြူနစ်တွေ အခိုင်အမာထိန်းချုပ်ထားတဲ့ မြန်မာနိုင်ငံအလယ်ပိုင်းအထိ ပျံ့နှံ့သွားပါတော့တယ်။ တချိန်တည်းမှာပဲ ကရင်တိုင်းရင်းသားလက်နက်ကိုင်တွေကလည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်အတွက် လက်နက်ကိုင်တော်လှန်ဖို့ အားထုတ်လာပါတယ်။

ဖြစ်တည်ခါစ မြန်မာ့တပ်မတော်ကလည်း ဖရိုဖရဲဖြစ်နေပြီး ငြိမ်ဝပ်ပိပြားရေးကို ထိန်းသိမ်းနိုင်စွမ်းမရှိ ဖြစ်ခဲ့ရတယ်။ နယ်မြေ အမြောက်အမြား လက်လွှတ်ဆုံးရှုံးခဲ့ပြီး ကွန်မြူနစ်တွေနဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေရဲ့ အင်အားက အစိုးရတပ်တွေထက် ပိုများနေပါတယ်။ ဗိုလ်နေဝင်း ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလမှာ စစ်ဦးစီးချုပ်ဖြစ်လာတဲ့အခါ သူ့မှာ စစ်သား ၂၀၀၀ ပဲရှိတယ်။ မြန်မာပြည်ရဲ့ အမျိုးသားရေးစိတ်ပြင်းထန်တဲ့ မျိုးချစ်လူငယ်အများစုက နိုင်ငံဟာ အန္တရာယ်ကြီးတဲ့လမ်းကြောင်းကို ဦးတည်နေပြီလို့ တွေးခဲ့ကြပါတယ်။ ဒီကြားထဲ အခြေအနေကို ပိုပြီးဆိုးဝါးစေတဲ့ အကြပ်အတည်းအသစ် တခုကလည်း မြန်မာနိုင်ငံမြောက်ဖက်ပိုင်းကို ရောက်လာပါတယ်။ တရုတ်ပြည်ထဲမှာ ကွန်မြူနစ်တွေရဲ့တိုက်ခိုက်မှုကြောင့် အမျိုးသားရေးဝါဒီ ချန်ကေရှိတ်ရဲ့ ကူမင်တန် (KMT) တပ်ဖွဲ့တွေ ဆုတ်ခွာထွက်ပြေးရင်း နယ်စပ်ကို ဖြတ်ကျော်လို့ ရှမ်းပြည်နယ် အရှေ့ပိုင်းကို ဝင်ရောက်လာပါတယ်။ အမေရိကန်ထောက်လှမ်းရေးအဖွဲ့ CIA ရဲ့ ကျောထောက်နောက်ခံရရှိထားပြီး လက်နက်အပြည့်အစုံ တပ်ဆင်ထားတဲ့ ကူမင်တန်တပ်ဖွဲ့တွေဟာ ၁၉၄၉ ခုနှစ်မှာ အင်အား ၂၀၀ လောက် ရှိရာကနေ ၁၉၅၂ မှာ ၁၂,၀၀၀ အထိ ကြီးထွားလာခဲ့ပါတယ်။

သူတို့က တရုတ်-မြန်မာ နယ်စပ်တစ်လျှောက်ကျိုင်းတုံနှင့် တာချီလိတ်အထိ အခြေချစခန်းတွေ တည်ထောင်တဲ့အပြင် အမျိုးအမည်မသိ လေယာဉ်တွေနဲ့ ရောက်လာတဲ့ လက်နက်နဲ့ ထောက်ပံ့ရေးပစ္စည်းတွေကိုလက်ခံယူနိုင်ဖို့ မိုင်းဆတ်မှာ လေတပ်စခန်းတစ်ခုလည်း တည်ဆောက်ထားခဲ့ပါတယ်။ မကြာခင်မှာပဲ ကူမင်တန်တပ်တွေဟာ သံလွင်မြစ်အရှေ့ဖက်ခြမ်းကိုထိန်းချုပ်ထားပြီး လက်နက်မပြည့်စုံတဲ့ မြန်မာအစိုးရတပ်တွေ၊ တရုတ်ကွန်မြူနစ်တပ်တွေနဲ့ ပြင်းထန်စွာ တိုက်ခိုက်လာပါတော့တယ်။ မြန်မာစစ်တပ်ရဲ့ 'နဂါးနိုင်စစ်ဆင်ရေး' အပါအဝင် တွန်းလှန်အားထုတ်မှုတွေကို ကူမင်တန်တပ်တွေက ပစ်အားသာလွန်မှုနဲ့ လွယ်လွယ်ကူကူ ချေမှုန်းခဲ့ပါတယ်။

အစပိုင်းမှာ လူအင်အားနဲ့ အရင်းအမြစ်မပြည့်စုံမှုတွေ ရှိခဲ့ပေမယ့် တပ်မှူးဗိုလ်နေဝင်းမှာ စစ်တပ်တွေကို ဦးဆောင်နိုင်ဖို့အတွက် ကြီးမားတဲ့အစီအစဉ်တစ်ခု ရှိခဲ့ပါတယ်။ သူနဲ့ သူ့ရဲ့ အကြီးတန်းအရာရှိတွေဟာ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ် စမစ်ဒွန်း အပါအဝင် ကရင်အမျိုးသားတပ်မှူးတွေ၊ ဗြိတိသျှလိုလားသူတွေနဲ့ တပ်ကို ထိထိရောက်ရောက် သစ္စာမရှိဘူးလို့ ယူဆရသူ လုပ်ဖော်ကိုင်ဖက် အမြောက်အများကို တပ်ကနေထုတ်ပယ်လိုက်တယ်။ တပ်ချုပ်ဖြစ်လာတဲ့ ဗိုလ်ချုပ်နေဝင်းဟာ သူဦးစီးတဲ့ ဗမာ့သေနတ်ကိုင် တပ်ရင်း (၄) က ငယ်ရွယ်တဲ့ အရာရှိအများစုကို စစ်တပ်ရဲ့ထိပ်ပိုင်းနေရာတွေမှာခန့်အပ်ခဲ့တယ်။

၁၉၅၁ ခုနှစ်မှာ အသက် ၄၀ အရွယ်ရှိပြီဖြစ်တဲ့ ဗိုလ်ချုပ်နေဝင်းဟာ သူ့ရဲ့တပ်မှူးတွေနဲ့ ရန်ကုန်က

▶ ဒုက်ရာရသူကို ဝင်ကူဖို့ . . . . . စာ–၁၄

▶ ဖွံ့ဖြိုးရေးက ထားဝယ်ဒေသခံ . . . . . စာ–၁၆

▶ "ငြိမ်းချမ်းရေး" ကားပါမစ်များ . . . . . စာ–၁၈


Politics

# မြန်မာ့တပ်မတော် အပိုင်း(၁) ဗိုလ်နေဝင်းတက်လာခြင်း

**အောင်ဇော်**

စစ်ရုံးမှာအစည်းအဝေးတခုပြုလုပ်ခဲ့ပြီး ကူမင်တန် ကျူးကျော်သူများ၊ ကွန်မြူနစ်ပါတီနဲ့ တိုင်းရင်းသား လက်နက်ကိုင်တွေကိုရင်ဆိုင်တိုက်ခိုက်နိုင်ဖို့အတွက် စစ်တပ်ကို စနစ်တကျလေ့ကျင့်ပြီး လက်နက်တပ်ဆင်ထားတဲ့ စွမ်းဆောင်ရည်ပြည့်ဝတဲ့ စစ်တပ်တစ်ခု ဖြစ်လာအောင် အသွင်ပြောင်းဖို့ ညွှန်ကြားခဲ့ပါတယ်။

ဗိုလ်ချုပ်နေဝင်းကို သစ္စာစောင့်သိတဲ့ အရာရှိတွေကလည်း အမိန့်အတိုင်း ဆောင်ရွက်ခဲ့ကြပြီး မြန်မာစစ်တပ်ကို လူရိုသေရှင်ရိုသေ စစ်တပ်တခု ဖြစ်အောင် အသွင်ပြောင်းခဲ့ပါတယ်။ သူတို့ရဲ့ ပြုပြင်ပြောင်းလဲရေးအစီအစဉ်မှာ စစ်တပ်ကို တိုးချဲ့နိုင်ဖို့အတွက် လူသစ်စုဆောင်းရေးနဲ့ လေ့ကျင့်ရေးတို့ အပြင် ထိရောက်တဲ့ထောက်လှမ်းရေးစနစ်ကို တည်ထောင်ဖို့၊ ကာကွယ်ရေးဆိုင်ရာ အဖွဲ့အစည်းတွေ ထူထောင်ဖို့၊ စစ်တပ်ရဲ့မူဝါဒတွေ ရေးဆွဲနိုင်ဖို့နဲ့ လက်နက်ထောက်ပံ့ရေးကိစ္စတွေ ပါဝင်ပါတယ်။

ဒါ့အပြင် ဦးနေဝင်းနဲ့ သူ့ရဲ့အရာရှိတွေဟာ ပြည်သူတွေ၊ လက်နက်ကိုင်တော်လှန်သူတွေ၊ ကွန်မြူနစ်လိုလားသူတွေကို စိတ်ပိုင်းဆိုင်ရာလွှမ်းမိုးနိုင်ဖို့အတွက် စိတ်ဓာတ်စစ်ဆင်ရေးဌာနတခု တည်ထောင်ဖို့လည်း သဘောတူခဲ့ကြတယ်။ ၁၉၅၂ ခုနှစ်တွင် တရားဝင်ပေါ်ပေါက်လာခဲ့တဲ့ စိတ်ဓာတ်စစ်ဆင်ရေးဌာနကို ဒုတိယဗိုလ်မှူးကြီး ဘသန်းက ဦးစီးပါတယ်။

စိတ်ဓာတ်စစ်ဆင်ရေးဌာနဟာ မှန်မှန် ဖွံ့ဖြိုးလာခဲ့ပြီးတော့ စီမံကိန်းအမြောက်အများကိုလည်း လုပ်ဆောင်ခဲ့ပါတယ်။ တပ်မတော်မော်ကွန်းတိုက်ကို တည်ထောင်တာ၊ ယဉ်ကျေးမှုပွဲတွေ၊ ရေဒီယိုအသံလွှင့်အစီအစဉ်တွေကို ထောက်ပံ့ပေးတာတွေအပြင် နိုင်ငံတလွှားမှာ လက်ကမ်းစာစောင်တွေ ဖြန့်ဝေတာမျိုးတွေလည်း လုပ်ခဲ့တယ်။ အစိုးရဆန့်ကျင်ရေးရေးသားထုတ်ဝေမှုများကိုတုံ့ပြန်ဖို့ မြဝတီမဂ္ဂဇင်းကို ထုတ်ဝေခဲ့ရာမှာ ယနေ့ခေတ်အထိ ဆက်လက်တည်ရှိနေပြီးတော့ လက်ရှိ စစ်အစိုးရလက်ထက်မှာတော့ ကိုယ်ပိုင်ရုပ်မြင်သံကြား အစီအစဉ်တွေပါ ထုတ်လွှင့်နိုင်တဲ့အထိ ဖြစ်လာခဲ့ပါတယ်။

ဗိုလ်ချုပ်နေဝင်းဟာ စိတ်ဓာတ်စစ်ဆင်ရေးဌာနမှာတာဝန်ထမ်းဆောင်ဖို့ ကွန်မြူနစ်ဟောင်းတွေဖြစ်တဲ့ ဦးစောဦးနဲ့ ဦးချစ်လှိုင်ကို ခေါ်ယူခဲ့ပါတယ်။ ဦးစောဦးဟာ အလံဖြူကွန်မြူနစ်ခေါင်းဆောင် သခင်သန်းထွန်းရဲ့ သစ္စာရှိတဲ့ နောက်လိုက် တစ်ယောက်ဖြစ်ပါတယ်။ အစိုးရကိုလက်နက်စွဲကိုင် တော်လှန်ခဲ့ပြီး ၁၉၅၀ အစောပိုင်းနှစ်တွေမှာ လက်နက်ချခဲ့ပါတယ်။

ဦးချစ်လှိုင်ကတော့ ဗုဒ္ဓဘာသာအတွေးအခေါ်ကိုရော မာ့စ်ဝါဒကိုပါ ယုံကြည်သက်ဝင်သူဖြစ်ပြီး ကွန်မြူနစ်ပါတီရဲ့ 'အလံနီအဖွဲ့' ခေါင်းဆောင် သခင်စိုးရဲ့ အမာခံနောက်လိုက်တဦးလည်း ဖြစ်ပါတယ်။ မာ့စ်ဝါဒအတွေးအခေါ်တွေကို ဂျပန်ခေတ်အတွင်းနဲ့ ၁၉၅၀ အစောပိုင်း နှစ်တွေအတွင်း ဥရောပမှာ ခရီးလှည့်လည်စဉ် လေ့လာခဲ့ပါတယ်။ အဲဒီတုန်းက သူဟာ ပါရီနဲ့မော်စကိုမြို့မှာ တလှည့်စီ နေထိုင်ခဲ့ပါတယ်။ ဦးစောဦးနဲ့ ဦးချစ်လှိုင်ဟာ အရပ်သားတွေ ဖြစ်နေပေမယ့် ဦးစောဦးရဲ့ ရာထူးဟာ စစ်ဖက် ဒုတိယဗိုလ်မှူးကြီးနဲ့ အဆင့်အတန်းတူပြီး ဦးချစ်လှိုင်ရဲ့ ရာထူးကတော့ ဗိုလ်မှူးရာထူးနဲ့ ညီမျှပါတယ်။

၁၉၅၂ ခုနှစ် ဇန်နဝါရီလမှာ ဗိုလ်ကြီးဘသောင်း ဦးဆောင်တဲ့ နယ်လှည့် စိတ်ဓာတ်စစ်ဆင်ရေးအဖွဲ့ တခုဟာ ကွန်မြူနစ်လိုလားသူတွေနဲ့ ရန်သူတွေ ပတ်လည်ဝိုင်းနေတဲ့ ကျောက်ဆည်မြို့မှာ စစ်ဆင်ရေး အစီအစဉ်တခု ပြုလုပ်ခဲ့ပါတယ်။ ဗိုလ်ကြီးဘသောင်း ကျောက်ဆည်ဒေသမှာ ၂ လကြာ နေထိုင်ခဲ့စဉ်အတွင်း ထောင်ပေါင်းများစွာသော ဝါဒဖြန့်ချိရေး လက်ကမ်းစာစောင်တွေ၊ ကျယ်ပြန့်လာတဲ့ ပြည်တွင်းစစ်ရဲ့ခြိမ်းခြောက်မှုနဲ့ တိုင်းပြည်တည်ငြိမ်မှု ကင်းမဲ့နေပုံတွေကို သရုပ်ဖော်ရေးဆွဲထားတဲ့ ကာတွန်းတွေကို ဖြန့်ဝေခဲ့ပါတယ်။ အစိုးရ မှတ်တမ်းမှတ်ရာတွေအရ ၁၉၅၂ ခုနှစ်နဲ့ ၁၉၅၃ ခုနှစ်အတွင်းမှာ နယ်လှည့်စိတ်ဓာတ်စစ်ဆင်ရေးအဖွဲ့က မြန်မာနိုင်ငံတလွှားမှာ လက်ကမ်းစာစောင် ၁၁၅၀၀၀၀ စောင် ဖြန့်ချိခဲ့တယ်လို့ သိရပါတယ်။

ဗိုလ်ကြီးဘသောင်း ကျောက်ဆည်မှာ စစ်ဆင်ရေး ဆောင်ရွက်နေတဲ့အချိန်မှာပဲ ကျောက်ဆည်အစိုးရအထက်တန်းကျောင်းက တက္ကသိုလ်ဝင် စာမေးပွဲ အောင်မြင်ပြီး မြို့နီးချင်း မိတ္ထီလာစာတိုက်မှာ စာရေးလုပ်နေတဲ့ အသက် ၂၀ အရွယ် လူငယ်တစ်ယောက်ဟာ ဗိုလ်လောင်းသင်တန်း အမှတ်စဉ် ၉ ကို တက်ရောက်ဖို့ စာရင်းသွင်းခဲ့ပါတယ်။ ဗိုလ်သင်တန်းအတူတက်ခဲ့သူတွေ ပြန်ပြောတဲ့အတိုင်း ဆိုရင် သူဟာ အပတ်စဉ် ၉ ရဲ့ အသက်အငယ်ဆုံး သင်တန်းသား ဖြစ်ပါတယ်တဲ့။

တခါတလေမှာ ကွမ်းစားနေတတ်တဲ့ အဲဒီလူငယ်ဟာ နည်းနည်းငြီးငွေ့စရာကောင်းတဲ့ နှုတ်နည်းသူတယောက်ဖြစ်ပြီး ထူးချွန်တဲ့သင်တန်းသား တယောက်မဟုတ်ခဲ့တာ သေချာပါတယ်တဲ့။ ဒီဗိုလ်လောင်းလေးရဲ့ နာမည်ကတော့ မောင်သန်းရွှေ ဖြစ်ပါတယ်။ ■

*အပိုင်း (၂) ကို ဆက်လက်ဖော်ပြပါမည်။*

*(ဧရာဝတီမဂ္ဂဇင်းတွင် အခန်းဆက်ဖော်ပြခဲ့သော အောင်ဇော်၏ **Dictators: A Story of Burma's Military Rulers** ကို နိုင်မင်းသွင် ဆီလျော်အောင် ဘာသာပြန်ဆိုပါသည်။)*

" tpyk&rSvtift;eY&iftjrpfjynfusKwG &Sd&r,fh wyfrS;ukd 0ifrSpfwyfwGuk 0ifqifEkdifwGuf;wD twfpwpfrk&Sd;w,f oBud;uvnf;&G [umuG;&0;pf Aktfyfrpfrsd;t0ifu&iftrsd;wyfrS;wG Addvkdm;oawG&ufukd&uf opf&Slvkd;olvkdufukduf;ajrufrsd;uk wyfuaexkdwf,fvkdw,f "



အောင်ဇော်သည်
ဧရာဝတီသတင်းဌာနကို တည်ထောင်သူဖြစ်သည်။

Society

# ဒဏ်ရာရသူကို ဝင်ကူဖို့ တွန့်ဆုတ်နေရခြင်း အကြောင်းရင်း

မြတ်စုမွန်

ကမာရွတ်လှည်းတန်းရှိ အင်းစိန်လမ်းမပေါ်တွင် အမျိုးသမီးတဦး ပက်လက်အနေအထားဖြင့် လဲကျနေသည်။ သူ၏ဦးခေါင်းမှ သွေးများသည် ကတ္တရာလမ်းမ၏ နိမ့်ရာဘက်သို့ စီးကျနေ၏။



သူ၏ဘေးလွယ်အိတ်နှင့် ဖိနပ်တို့ကတနေရာစီ ပြန့်ကျဲနေသည်။ သူ့ဘေးပတ်လည်တွင်ဝိုင်းအုံကြည့်နေသူများထဲမှ စာနာသနားမှုဖြင့် စုပ်တသပ်သပ်ဖြစ်နေသည့် အမျိုးသမီးတချို့ကို တွေ့ရသည်။ ကားများကဝိုင်းအုံကြည့်နေသော လူအုပ်ကြီးကို ကွေ့ရှောင် မောင်းနှင်သွားကြသည်။ အမျိုးသမီးငယ်တချို့က မကြည့်ရဲ၊ မမြင်ရဲသဖြင့် မျက်နှာလွှဲကာ ထိုနေရာမှ ခပ်သုတ်သုတ်ထွက်ခွာသွားကြသည်။

သူ အချိန်မည်မျှကြာအောင် လဲကျနေသည်ကို ခဲစပြုနေသည့် သွေးစီးကြောင်းများက သက်သေပြနေသလို ရှိနေသည်။ အသက်ရှင်လျက် ရှိနေသလား၊ သေဆုံးသွားပြီလား မည်သူမျှမသိနိုင်ဘဲ ဘေးမှသာ ဝိုင်းအုံကြည့်ရှုနေကြလေသည်။

"နေပူနေတယ်။ သူ့ကို လမ်းဘေးအရိပ်ထဲ ဝိုင်းရွှေ့ကြရင် မကောင်းဘူးလားဟင်" ဆိုသည့် အမျိုးသမီးတဦး၏အသံကို ကြားရသည်။

တဆက်တည်းမှာ "ရဲမလာသေးဘူး။ သွားမကိုင်နဲ့။ အမှုပတ်နေမယ်။ လူနာတင်ကားခေါ်ထားတယ်" ဆိုသည့် အမျိုးသားတဦး၏ အသံကိုလည်း ကြားရသည်။

မီးပွိုင့်အမီဖြတ်ရရေးအတွက် အပြေးမောင်းနှင်လာသည့် ယာဉ်တစီးက လှည်းတန်းရှိ ဦးထွန်းလင်းခြံလမ်းထိပ်မှ တဘက်သို့ဖြတ်ကူးရန် ကြိုးစားသည့် သူနာပြုဆရာမလေး တဦးအား တိုက်မိခဲ့ခြင်းဖြစ်သည်။ လူနာများအား ပြုစုကုသပေးရသည့် သူနာပြုဆရာမလေး၏ ပြုစုသူမဲ့ လဲကျနေဟန်ကို လွန်ခဲ့သော နှစ်အနည်းငယ်က မြင်တွေ့ခဲ့ရဖူးသည်။

လူနာတင်ယာဉ် ရောက်လာပြီးနောက် ရန်ကုန်ပြည်သူ့ဆေးရုံသို့ သယ်ဆောင်ရောက်ရှိချိန်တွင် ထိုသူနာပြုဆရာမလေးမှာ အသက်ရှင်လျက် ရှိသေးသော်လည်း အချိန်နောက်ကျမှုကြောင့် သွေးထွက်လွန်ကာ အသက်ဆုံးရှုံးခဲ့ရကြောင်း ပြန်လည်သိရှိရသည်။

"ဝင်မကယ်ရဲဘူး။ မတော်လို့ အမှုပတ်ရင် ရုံးရောက်ဂတ်ရောက် မဖြစ်နိုင်ဘူးဗျ။ တရက် အလုပ်ပျက်ရင် တရက်ဝင်ငွေကလျော့ပြီလေ" ဟု အငှားယာဉ်မောင်းတဦးက သူ့သဘောထားနှင့် စိုးရိမ်မှုကို ပြောပြသည်။

လူနာကို ကိုင်တွယ်သဖြင့် အမှုပတ်မည်ကို စိုးရိမ်ခြင်း၊ မျက်မြင်သက်သေအဖြစ် ထွက်ဆိုရမည်ဆိုပါက မိမိစရိတ်ဖြင့် တရားရုံးသို့ ရုံးချိန်းများ သွားရောက်ရမည်ကိုစိုးရိမ်ခြင်း၊ ဒဏ်ရာရနေသော လူနာအား ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာနသို့ပို့ဆောင်ပါက လူနာရှင်အဖြစ် ဆေးဖိုးဝါးခစရိတ်များကုန်ကျခံရမည်ကိုစိုးရိမ်ခြင်းစသည်တို့သည် မတော်တဆမှုများကြောင့် ဒဏ်ရာရသူကို ကူညီရန် လူအများစု စိုးရိမ်သည့်အချက်တချို့ ဖြစ်လေသည်။

လူအများ ယူဆထားသည့် အမှုပတ်မည်ဆိုသည့်အချက်သည် မှားယွင်းနေပြီး မတော်တဆမှုကြောင့် ဒဏ်ရာရထားသူများအား မည်သူမဆို ဝိုင်းဝန်းကူညီနိုင်ကြောင်း ရန်ကုန်တိုင်း အနောက်ပိုင်းခရိုင်၊ ကမာရွတ်မြို့နယ်မှ မြို့နယ်ရဲမှူး ဇော်ဝင်းက ဧရာဝတီသို့ ပြောသည်။

"အမှုပတ်တာမျိုး မဖြစ်နိုင်ပါဘူး။ မတော်တဆမှုဖြစ်လို့မြင်မကောင်းအောင်လဲကျနေပြီ၊ ယာဉ်ထိန်းကလည်း မလာသေးဘူး၊ ရဲကလည်း မလာသေးဘူးဆိုရင် အနီးနားမှာရှိတဲ့ ပြည်သူတွေက အခင်းဖြစ်ရပ်ကို မှတ်တမ်းဓာတ်ပုံရိုက်တာတို့၊ ဖြစ်ပွားတဲ့ ယာဉ်ကိုထွက်မပြေးအောင် တားမြစ်တာတို့၊ ယာဉ်နံပါတ်ကို မှတ်သားတာတို့၊ ရဲစခန်းကို အကြောင်းကြားပြီး လူနာကို ရွှေ့ထားပြောင်းထားတာတို့၊ အမှတ်အသားတွေ လုပ်ထားတာတို့၊ ဆေးရုံကို ဝိုင်းကူပို့ပေးတာတို့ အားလုံးကို လုပ်လို့ရတယ်" ဟု အထက်ပါ ရဲမှူးက ရှင်းပြသည်။

အလားတူ ယာဉ်ထိန်းရဲတပ်ဖွဲ့၏ အရေးပေါ်ကယ်ဆယ်ရေးဌာနမှ တာဝန်ရှိသူတဦးဖြစ်သည့် တပ်ကြပ်ကြီး ထွန်းထွန်းလွင်ကလည်း "တချို့က မတော်တဆမှုဖြစ်ရင် ဒါကမှုခင်းကိစ္စဆိုပြီး ဒဏ်ရာရသူကို မကိုင်ရဲဘူး။ ဒါဟာ မှုခင်းနဲ့မဆိုင်ပါဘူး။ ကူညီပေးလို့ ရပါတယ်။ လူနာတင်ယာဉ်မရောက်ခင် ပြုစုပေးပြီး ကူညီထားလို့ရပါတယ်။ ယာဉ်တိုက်မှုကြောင့်ဆိုရင် ဆေးရုံကြီးကိုတန်းပို့ပြီး အရေးပေါ်မှာ တာဝန်ကျနေတဲ့ ယာဉ်မှုစစ်အဖွဲ့ဆီမှာ အပ်ပေးထားခဲ့လို့ ရပါတယ်" ဟု ပြောသည်။

ယာဉ်တိုက်မှုကြောင့် ရောက်လာသည့် လူနာများကို လက်ခံဆောင်ရွက်ပေးမည့် ယာဉ်ထိန်းရဲတပ်ဖွဲ့ကို ဆေးရုံကြီးတွင် တာဝန်ချထားပေးသဖြင့် ကူညီသူများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်ရန် စိတ်ပူစရာမရှိကြောင်း သူကရှင်းပြသည်။

"တက္ကစီသမားက လိုက်ပို့ပေးတယ်ဆိုရင်တော့ ယာဉ်မောင်းကို သံသယမဖြစ်အောင် သက်သေတယောက်လောက် အတူပါသွားရင် ပိုကောင်းပါတယ်"ဟု သူကပြောသည်။

မကြာသေးမီနှစ်ပိုင်းက တရုတ်ပြည်တွင် ဖြစ်ပွားခဲ့သည့် မတော်တဆ ကားတိုက်မှုတခုကို အင်တာနက်သတင်းများမှ တဆင့်ကြည့်ခဲ့၊ ဖတ်ခဲ့ကြရသည်။ ထိုသတင်းသည် တရုတ်နိုင်ငံအတွက်ရော၊ သတင်းကြည့် ပရိသတ်များအတွက်ပါ လူ့စံနှုန်း၊ လူ့ကျင့်ဝတ်အရည်အသွေး နိမ့်ကျလာမှု၊ တာဝန်ယူစိတ်လျော့နည်းလာမှုကို အချက်ပေး ခေါင်းလောင်းထိုးလိုက်သကဲ့သို့ ဖြစ်ပွားခဲ့သည်။

မြို့လယ်ကောင် လမ်းမပေါ်တွင် ကလေးငယ်တဦး ကားတိုက်ခံရသည်ကို ပတ်ဝန်းကျင်ရှိ လူအများက လျစ်လျူရှုထားခဲ့ရာမှ ကားအဆင့်ဆင့်ထပ်မံအတိုက်ခံခဲ့ရသည့် သတင်းတပုဒ်ဖြစ်သည်။

မြန်မာနိုင်ငံတွင်၊ အထူးသဖြင့် တဦးနှင့်တဦး မသိနိုင်သည့် လူနေထူထပ်လှသော မြို့ကြီးပြကြီးများတွင် ယာဉ်မတော်တဆဖြစ်ခြင်း၊ အထပ်မြင့် တိုက်ပေါ်မှပြုတ်ကျခြင်း၊ ကျန်းမာရေးကြောင့် မူးမေ့လဲကျကာ တဦးတည်း ကူညီရာမဲ့နေခြင်းများ မကြာခဏဖြစ်ပွားသည်ကို မြင်တွေ့ကြရသည်။

ထို့အတူ မြန်မာနိုင်ငံတွင် အများပြည်သူမတော်တဆမှုများကို အချိန်နှင့်တပြေးညီလျင်မြန်စွာ ဝန်ဆောင်မှုပေးနိုင်သည့် စနစ်မှာလည်း အားနည်းနေဆဲဖြစ်သည်။ အခင်းဖြစ်ပွားချိန်နှင့် အရေးပေါ်လူနာတင်ယာဉ် ရောက်ရှိလာနိုင်သည့် အချိန်သည် ကွာဟနေဆဲဖြစ်သည်။

"လူအများစုက မတော်တဆမှု ဖြစ်ရင် ဒဏ်ရာရတဲ့သူကို မထိရဲ မကိုင်ရဲ ဖြစ်တယ်။ အမှုပတ်မှာစိုးတယ်။ ရုံးချိန်းလိုက်ရတာတွေ၊ ရဲသက်သေလုပ်ရမှာတွေ စိုးရိမ်ကြတယ်" ဟု ကမာရွတ်မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၏ ဒုတိယတပ်ရင်းမှူး ဦးခင်မောင်ထွန်းက ပြောသည်။

ထို့အပြင် သူ၏အတွေ့အကြုံ တခုကိုလည်း ယခုကဲ့သို့ ပြန်လည်ပြောပြသည်။

"သူငယ်ချင်းတယောက်ရဲ့ မင်္ဂလာဆောင်သွားဖို့ အိမ်ကထွက်လာတော့ လမ်းဘေးမှာ လဲနေတဲ့ ရောဂါသည်တယောက်ကို အရေးပေါ်ကို ပို့ဖူးတယ်။ အဲဒီလိုလူနာတွေအတွက် အရေးပေါ် ဘတ်ဂျက်မရှိဘူး။ ပို့တဲ့လူက တာဝန်ယူရတယ်။ လက်ဖွဲ့ဖို့ယူလာတဲ့ငွေကို ဆေးဖိုးပေး၊ အဝတ်အစားလဲဖို့ လိုနေတဲ့ လူနာကို ကိုယ်ပေါ်ကအဝတ်တွေ ချွတ်ပေးခဲ့ပြီး စွပ်ကျယ်၊ ဘောင်းဘီတိုနဲ့ အိမ်ပြန်လာခဲ့ရဖူးတယ်" ဟု ဦးခင်မောင်ထွန်းက ရယ်လျက်ပြောသည်။

ယခင် အစိုးရလက်ထက် ရန်ကုန်ဆေးရုံကြီး၏ အရေးပေါ်ဌာနတွင် ရောက်လာသည့် ပိုင်ရှင်မဲ့လူနာများအတွက် ဝန်ဆောင်ပေးခဲ့သည့် အခြေအနေကို သူကထောက်ပြသည်။

လူမှုဝန်ထမ်းစိတ်ဖြင့် ဝင်ရောက်ကူညီလိုသူများအတွက် ထိုသို့သောအချက်က အဟန့်အတား တခုသဖွယ် ဖြစ်ခဲ့ကြောင်း သူကဆိုသည်။

သို့သော် ယခုအစိုးရသစ် တက်လာပြီး နောက်ပိုင်းတွင် ယင်းသို့ရောက်လာသည့် လူနာများအတွက် ဆေးရုံအသုံးစရိတ်ဖြင့် ကုသပေးလာသဖြင့် ပြောင်း



ဓာတ်ပုံ – ထက်နိုင်ဇော်/ The Irrawaddy

မြောက်ဒဂုံ–ဆူးလေ ပြေးဆွဲနေသော အမှတ်(၂၅၅) ခရီးသည်တင်ယာဉ်တစီး ၂၀၁၃ ခုနှစ် မေလအတွင်းက ရန်ကုန်မြို့ အလံပြဘုရားလမ်းတွင် တိမ်းမှောက်နေစဉ်။



ဓာတ်ပုံ – ဈေးပိုင်/The Irrawaddy

၂၀၁၃ ခုနှစ် စက်တင်ဘာလအတွင်းက ရန်ကုန်မြို့၊ ထောက်ကြန့်လမ်းဆုံတွင် အဝေးပြေးခရီးသည်တင်ယာဉ်တစီးနှင့်တိုက်မိပြီး ကလေးငယ်တဦး ကားဘီးကြားတွင်ညပ်နေစဉ်။

> “လူနာတင်ယာဉ်မရောက်ခင် ပြုစုပေးပြီး ကူညီထားလို့ရပါတယ်။ ယာဉ်တိုက်မှုကြောင့်ဆိုရင် ဆေးရုံကြီးကိုတန်းပို့ပြီး အရေးပေါ်မှာ တာဝန်ကျနေတဲ့ ယာဉ်မှုစစ်အဖွဲ့ဆီမှာ အပ်ပေးထားခဲ့လို့ ရပါတယ်”

လဲမှုရှိလာကြောင်း သိရသည်။

“အရင်တုန်းကလို သူနာပြုတွေက ဆေးဖိုး ဘယ်သူပေးမှာလဲလို့ မမေးတော့ဘူး။ လူနာ ရောက်လာတာနဲ့ ဆေးသွင်းတာ၊ ဆေးထိုးပေးတာတွေ လုပ်တယ်”ဟု ယခုနှစ် အောက်တိုဘာလအတွင်းက ၄ ထပ်အမြင့်တိုက်ပေါ်မှာ မတော်တဆ ပြုတ်ကျခဲ့သူတဦးအား ကူညီပေးခဲ့ဖူးသည့် ဦးခင်မောင်ထွန်းက ပြောသည်။

ထို့အပြင် ၎င်းကူညီလိုက်ပြီးနောက် နောက်ဆက်တွဲ ရဲသက်သေအနေဖြင့် တရားခွင်၌သက်သေထွက်ဆိုပေးရခြင်းကလည်း လူအများစုအတွက် အခက်အခဲများစွာ ရှိနေကြောင်း ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ တရားရုံးချုပ်ရှေ့နေ ဦးအောင်သန်းစိုး၏ အဆိုအရ သိရသည်။

“သက်သေမလိုက်ပေးချင်ရတဲ့ အကြောင်းအရာတွေမှာ အဓိကတော့ တရားခံဆီမှာ ရန်ငြိုးပြုခံရမှာစိုးတာ၊ တရားရုံးက ရုံးချိန်းတွေက ကြာလွန်းပြီး အကြိမ်ကြိမ်သွားရတာ၊ ကိုယ့်ငွေ ကိုယ်စိုက်ပြီး တရားရုံးကို အလုပ်ပျက်အကိုင်ပျက် သက်သေလာထွက်ပေးရတာတွေ ကြောင့်ပဲ။ တော်တော်များများက သက်သေမထွက်ရဲကြဘူး”ဟု သူကရှင်းပြသည်။

ထို့အပြင် သက်သေထွက်ဆိုရာတွင် ရဲစခန်းများနှင့် ဆက်ဆံရေးကလည်း လူအများအတွက် စိတ်အနှောင့်အယှက် ဖြစ်စရာများ ရှိခဲ့ကြောင်း ဦးခင်မောင်ထွန်းက ပြောသည်။

“ရဲတပ်ဖွဲ့ဝင်တွေအနေနဲ့ သူတို့ကို လာကူညီပေးနေတယ်လို့ယူဆပြီး ဆက်ဆံကြရင်ကောင်းမယ်။ ရဲစခန်းထဲ ရောက်လာရင်ပဲ တရားခံလို၊ သူတို့လုပ်သမျှ ခံရမယ့်လူတွေလို လေးစားမှုမရှိဘူး။ ပြည်သူတွေအပေါ်မှာ မထီမဲ့မြင်လုပ်တာတွေ များခဲ့တော့ လူတွေကလည်း ရဲစခန်းနဲ့ မဆက်ဆံချင်တော့ဘူး” ဟု ထောက်ပြသည်။

သို့ဆိုလျှင် ထိုသို့သော အဟန့်အတားများကြောင့် လူတို့၏ စာနာစိတ်၊ ကိုယ်ချင်းစာစိတ်နှင့် လူမှုဝန်ထမ်းစိတ်များကို တစထက်တစ လျော့ပါးလာမည်ဆိုပါက လူ့အဖွဲ့အစည်းအတွက် ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုကို ခန့်မှန်း၍ရနိုင်သည်။

အမှန်တကယ်မှာမူ တရားရုံးသို့ သွားရောက်ကာ သက်သေထွက်ဆိုရသူများအတွက် တရားရုံးက ထုတ်ပေးရန် သတ်မှတ်ထားသည့် သက်သေစရိတ်များရှိကြောင်း ကမာရွတ်မြို့နယ် မြို့နယ်ရဲမှူး ဇော်ဝင်း၏ အဆိုအရ သိရသည်။

“သက်သေလိုက် စရိတ်တွေရှိတာ အရင်ကတည်းကပဲ။ သက်သေတယောက်လာရတဲ့ ခရီးအနီးအဝေးအပေါ် မူတည်ပြီး တရားရုံးမှာ သက်သေစရိတ် ထုတ်ပေးပါလို့ တင်ပြရင်ထုတ်ပေးတယ်။ အရင်ကတည်းကရှိတယ်။ လူတွေက ထုတ်ရကောင်းမှန်းလည်း မသိဘူး”ဟု သူကရှင်းပြသည်။

သို့ရာတွင် ထိုသို့ သက်သေစရိတ်ထုတ်ရန် အချိန် ကြန့်ကြာလှကြောင်း၊ စောင့်ဆိုင်းရကြောင်း သူက ဆက်ပြောသည်။

မြန်မာနိုင်ငံတွင် တရားရုံးတော်၌ သက်သေထွက်ဆိုသူသည် သက်ဆိုင်ရာ တရားရုံးရှိ ဘီလစ်စာရေးများထံတွင် စရိတ်ထုတ်ယူ တောင်းခံနိုင်သော်လည်း ယင်းအချက်ကို အများပြည်သူ သိရှိအောင် ထုတ်ပြန်ပြောဆိုမှု အားနည်းကြောင်း တရားရုံးချုပ်ရှေ့နေ ဦးအောင်သန်းစိုးက ဆိုသည်။

ထို့အပြင် တရားရုံးများက ထုတ်ပေးနေသည့် သက်သေစရိတ်များသည် ခေတ်နှင့်မလျော်ညီသည့် နှုန်းထားများဖြစ်နေပြီး လွန်ခဲ့သည့် ၁ နှစ်တာကာလအထိ သက်သေစရိတ်မှာ ၁၅ ကျပ်သာ ရှိကြောင်း၊ မကြာသေးမီက လွှတ်တော်တွင် ပြင်ဆင်ခဲ့သည့် စရိတ်မှာလည်း ကျပ်ငွေ ထောင်ဂဏန်းမျှသာ ရှိကြောင်း သိရသည်။

ဦးအောင်သန်းစိုးက “သက်သေစရိတ် ထုတ်ပေးတယ်ဆိုတာကို တရားရုံးတွေကလည်း ပြောပြသင့်တယ်။ တရားစီရင်ရေးမှာ မျက်မြင်သက်သေဆိုတာ အရေးအကြီးဆုံးပဲ။ သက်သေထွက်တဲ့သူများများ ပေါ်လာစေချင်ရင် သက်သေစရိတ်တွေကို နိုင်ငံတော်က လုံလုံလောက်လောက် ပေးသင့်တယ်။ လွယ်လွယ်ကူကူနဲ့ မြန်မြန်ဆန်ဆန် ပေးသင့်တယ်။ ကိုယ့်စရိတ်ကိုယ်စားပြီး ကြီးဒေါ်နွား ကျောင်းတာ ဘယ်သူမှမလုပ်ချင်ဘူး”ဟု ပြောသည်။

ထို့အပြင် ရဲဝန်ထမ်းတို့၏ အများပြည်သူအပေါ် ဆက်ဆံရေးပိုင်း အားနည်းချက်ကလည်း ဖြစ်ပေါ်လာသည့်အမှုများတွင် သာမန်လူများ ပါဝင်ပတ်သက်မှု မရှိလိုခြင်း၊ သက်သေ မလိုက်လိုခြင်းနှင့် ဆက်ဆိုင်နေသည်။ ထိုသို့ အားနည်းချက်များ ရှိခဲ့သဖြင့် ပြန်လည်ပြုပြင်နေကြောင်း ရဲမှူးဇော်ဝင်းကဆိုသည်။

“ရဲဘော်တွေက ပြည်သူတွေထဲက ဝင်လာတာပဲ။ တချို့က ပညာအရည်အချင်း မပြည့်မီပေမယ့် လိုအပ်ချက်အရ ခန့်ရတာတွေရှိတယ်။ တခါတလေမှာ ယူနီဖောင်းဝတ်ပြီး ရဲတပ်ဖွဲ့ရဲ့ လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစား လုပ်တာတွေ ရှိခဲ့ဖူးတယ်” ဟု အထက်ပါ ရဲမှူးကပြောသည်။

သူက ဆက်လက်၍ “ဒါပေမယ့် နောက်ပိုင်းမှာ အဆင့်ဆင့် တိုက်စီးသင်တန်းတွေ ပေးပြီးတော့မှ တပ်ဖွဲ့က ပြည်သူကို ဘယ်လိုဆက်ဆံရမယ်၊ ဟိုးတုန်းက ကျနော်တို့မှာတင်နေတဲ့ ပုလိပ်ဆိုတဲ့အကြွေးတွေ၊ ပြည်သူတွေက ရဲဝန်ထမ်းတွေကို ရွံ့မုန်းတဲ့ အကြွေးတွေကို ဆပ်ရမယ်ဆိုတဲ့ အသိအမြင်ကို ဖော်ထုတ်တယ်။ တပ်ဖွဲ့ဝင်တွေက ပြည်သူလူထုကို ဆက်ဆံနည်း၊ မီဒီယာဆိုရင်လည်း မီဒီယာအလိုက် ဆက်ဆံနည်းတွေ သင်ပြပေးတဲ့အခါမှာ အောင်မြင်မှုတွေ ရလာပါတယ်”ဟု ရှင်းပြသည်။

အလားတူ ကမာရွတ်မြို့နယ်မှ စခန်းမှူး ဒုရဲမှူး မောင်မောင်ဦးကလည်း “ကျနော်တို့ဘက်ကလည်း ရဲစခန်းကိုလာတဲ့ သူတွေကို တရားခံကြည့်ကြည့်တာ၊ တရားခံစစ် စစ်တာမျိုး လုပ်တယ်ဆိုတဲ့ လူတွေရဲ့အမြင်ကို ပြောင်းဖို့ပြုပြင်နေပါပြီ။ လူတွေ မလာချင်တဲ့နေရာ သုံးခုရှိတယ်။ ရဲစခန်း၊ ဆေးရုံနဲ့ သင်္ချိုင်းကုန်းပေ့ါ။ ရဲစခန်းကိုလာရင်ပဲ ချက်ချင်း ဖမ်းချုပ်ခံရတော့မလို။ ဒါကတော့ ခေတ်စနစ်ဟောင်းက တွေ့ကြုံခဲ့ရတာတွေကြောင့်လည်း ဖြစ်ချင်ဖြစ်မှာပေ့ါနော်။ အခုတော့ ကျနော်တို့ ပြောင်းလဲနေပါပြီ”ဟု ၎င်းတို့၏ ပြုပြင်ပြောင်းလဲနေမှုများနှင့် ပတ်သက်၍ပြောသည်။

ရန်ကုန်မြို့တွင် လစဉ် ယာဉ်တိုက်မှုပေါင်း ပျမ်းမျှအကြိမ်ရေ ၃၀ ဝန်းကျင် ဖြစ်ပွားလေ့ရှိကြောင်း ၂၀၀၆ ခုနှစ်မှစတင်ကာ အရေးပေါ်ဝန်ဆောင်မှုပေးခဲ့သည့် ယာဉ်ထိန်းရဲတပ်ဖွဲ့၏ စာရင်းအရ သိရသည်။ တချို့လများတွင် အထပ်မြင့်တိုက်များပေါ်မှ ပြုတ်ကျသည့် အမှုများ၊ ရထားကြိတ်သည့် အမှုများ၊ တိုက်ပြိုကျသည့် အမှုများ စသည့် မတော်တဆမှုများလည်း ပါဝင်သည်။

ထိုသို့ဖြစ်ပွားသည့် မတော်တဆမှုများတွင် အနီးဝန်းကျင်ရှိ လူအများက ဝိုင်းဝန်းကယ်တင်ပေးသည့်အမှုများ ရှိသကဲ့သို့ လူနာတင်ယာဉ် ရောက်သည်အထိ စောင့်ဆိုင်းနေသည့် အမှုများလည်း ကြုံခဲ့ရကြောင်း ယင်းတပ်ဖွဲ့မှ တပ်ကြပ်ကြီး ထွန်းထွန်းလွင်က ဧရာဝတီသို့ ရှင်းပြသည်။

“မတော်တဆမှုဖြစ်တယ်ဆိုတာ လှမ်းအကြောင်းကြားလို့ ကျနော်တို့သွားတဲ့အခါ တခါတလေမှာ လူနာကို မမီလိုက်တာရှိတယ်။ ဘေးလူတွေဝိုင်းပို့လို့ ဆေးရုံရောက်သွားတာမျိုးလည်း ရှိတယ်။ အဲဒီလို အချိန်ကျရင် ပြည်သူတွေဆီမှာ ကျနော်တို့ နောက်ကျလို့ဆိုပြီး အပြစ်တင်ခံရတာရှိတယ်”ဟု သူကပြောသည်။

ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်ပေါင်း ၃၀ ကျော်အတွက် ရန်ကုန်တိုင်းအစိုးရက စီစဉ်ပေးထားသည့် လူနာတင်ယာဉ်နှစ်စီး၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၏ အရေးပေါ်ကယ်ဆယ်ရေး တပ်ဖွဲ့ဝင် လူအင်အား ၉ ဦးတို့ဖြင့်သာ လုပ်ငန်းလည်ပတ်နေရကြောင်း ယင်းတပ်ဖွဲ့မှ သိရသည်။

“ခရိုင်တခုမှာ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ တဖွဲ့စီလောက်တော့ ရှိသင့်တယ်လို့ ထင်ပါတယ်။ ယာဉ်ကြောပိတ်တတ်တဲ့ မြို့ထဲလို နေရာမျိုးတွေနဲ့ အင်းစိန်ဘက်မှာ ရှိသင့်တယ်။ ဥပမာ - အရှေ့ပိုင်းခရိုင်ဘက်မှာဖြစ်ရင် ကျနော်တို့ ဒီကနေသွားဖို့ မလွယ်ဘူး”ဟု ဟံသာဝတီအဝိုင်းတွင် ရုံးဖွင့်ထားသည့် အဆိုပါ အရေးပေါ်ကယ်ဆယ်ရေးတပ်ဖွဲ့မှ တပ်ကြပ်ကြီး ထွန်းထွန်းလွင်က အကြံပြုပြောကြားသည်။

ယာဉ်ထိန်းသာမကဘဲ တခြားသောအရေးပေါ်ကယ်ဆယ်ရေး စေတနာ့ဝန်ထမ်း အဖွဲ့ငယ်များလည်း ရှိသင့်ကြောင်း သူကပြောသည်။

“လူ့အသက်က မိနစ်နဲ့အမျှ အရေးကြီးပါတယ်။ သွေးထွက်ဒဏ်ရာများတဲ့သူဟာ အချိန်မီ ဆေးရုံမရောက်ရင် သေနိုင်တယ်။ ပတ်ဝန်းကျင်က ဝိုင်းမကယ်နိုင်ရင် သေမယ်” ဟု ကမာရွတ်မြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ ဒုတိယတပ်ရင်းမှူး ဦးခင်မောင်ထွန်းက ဆိုသည်။

ယာဉ်ကြောပိတ်ဆို့မှု ပိုမိုဆိုးရွားလာသည့် ရန်ကုန်မြို့တွင် အရေးပေါ်အခြေအနေ ကြုံရလျှင် လူနာတင်ယာဉ် မရောက်လာမီ ဝိုင်းဝန်းကူညီမည့် ပတ်ဝန်းကျင်ကောင်း မရှိပါက လူစည်ကားရာ လှည်းတန်း - အင်းစိန်လမ်းမပေါ်တွင် လဲကျသွားခဲ့သည့် သူနာပြုဆရာမလေးကဲ့သို့ ကူညီသူမဲ့ အခြေအနေမျိုး မည်သူမဆို ကြုံတွေ့ကြရနိုင်သည်။

လမ်းပေါ်တွင် မတော်တဆမှုကြောင့် ဒဏ်ရာရသူများကို မျက်နှာလွှဲသွားခြင်းများသည် စိတ်ဓာတ်အခံ ကောင်းခြင်းဆိုးခြင်းတို့နှင့် မသက်ဆိုင်ဘဲ၊ နောက်ဆက်တွဲ ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကို ရင်ဆိုင်ရမည့်အပေါ် ကြောက်ရွံ့ထိတ်လန့်နေခြင်းကြောင့် ပေလားဟု မေးခွန်းထုတ်ရပေလိမ့်မည်။ ■



မြတ်စုမွန်သည်
ဧရာဝတီသတင်းဌာန၏
ကော်ပီအယ်ဒီတာတဦးဖြစ်ပြီး
ကျန်းမာရေး၊ စီးပွားရေးနှင့်
ပညာရေးဆိုင်ရာဆောင်းပါးများ
အထူးပြုရေးသားလျက်ရှိသည်။

The Irrawaddy
Vol:1,No:1

Development

# ဖွံ့ဖြိုးရေးက ထားဝယ်ဒေသခံ လုပ်ငန်းများကို ခြိမ်းခြောက်နေပြီ



**ထက်နိုင်ဇော်/ ထားဝယ်**

တနသာ်ရီတိုင်း ထားဝယ်ဒေသတွင် ထားဝယ်စီးပွားရေးအထူးဇုန်နှင့် ရေနက်ဆိပ်ကမ်းတည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေးအတွက် ဒေသခံများ၏ နေရာနှင့်အလုပ်အကိုင်များ ရွှေ့ပြောင်းပေးရန် သက်ဆိုင်ရာအာဏာပိုင်များ၏ ဖိအားပေး လာမှုက ဒေသခံထားဝယ်လူမျိုးများ၏ ရိုးရာဓလေ့၊ ထုံးတမ်းအစဉ်အလာနေထိုင်မှုများ ပျောက်ကွယ်စေမည့် ခြိမ်းခြောက်မှု တရပ်အဖြစ် ထားဝယ်တိုင်းရင်းသားများက စိုးရိမ်ပူပန်နေကြသည်။

ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်အပိုင် ထိန်ကြီးကျေးရွာအနီး တနသာ်ရီကမ်းရိုးတန်းတွင် ရေကြည်ရာ မြက်နုရာ နှစ်ပေါင်းများစွာကပင် တဲထိုးနေထိုင်ကြသူများကို ကျေးရွာပြင်ပတွင် ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်နေထိုင်မှုဖြင့် တရားစွဲဆိုထားရာ ယင်းကျေးရွာအနီးမှ အိမ်ထောင်စု ၃၅ ခုမှာ ရေဖြူမြို့နယ်တရားရုံး၌ တရားရင်ဆိုင်နေရသည်။

ဒေသအာဏာပိုင်များက နေရာအစားထိုးပေးမည်ဟုကတိပြုသော်လည်း ဒေသခံများက ပင်လယ်ကို အခြေပြု၍ လုပ်ကိုင်နေသော ငါးဖမ်းလုပ်ငန်း၊ ငပိလုပ်ငန်း ၊ ဆားချက်လုပ်ငန်းများနှင့် ဓနိပင်၊ သီဟိုပင်စိုက်ပျိုးခြင်း လုပ်ငန်းများအား စွန့်ခွာရမည့် အခြေအနေကို ကြောက်ရွံ့နေရာမှ နှစ်ဖက်ထိပ်တိုက်တွေ့ဆုံပြီး တရားရုံးသို့ရောက်ရှိရခြင်း ဖြစ်သည်။

ထိန်ကြီးကျေးရွာမှ လေှသူကြီးကတော် ဒေါ်မာလာက "ကျမတို့ ဒီမှာနေလာတာ ကြာလှပြီ။ ရှမ်း (ထိုင်း) တွေ ရောက်လာမှ ဒီပြဿနာတွေ ဖြစ်တာ။ ကိုယ့်နိုင်ငံထဲမှာ ကိုယ်နေတာ နေထိုင်ခွင့်မရှိဘူးလား" ဟု မေးခွန်းထုတ်သည်။

ဒေါ်မာလာက မိမိ၏တဲအိမ်တလုံး ရွှေ့ပြောင်းပေးရမှုအတွက် လျော်ကြေး သိန်း ၁၀၀၊ လှေတစီးအတွက် လျော်ကြေး သိန်း ၅၀၀ တောင်းခံခဲ့ရာ ဒေသခံအာဏာပိုင်များက ငြင်းပယ်ခဲ့သည်ဟု ဆိုသည်။

"ကျနော်ရဲ့ ဆားတွင်းကတော့ ပျက်သွားပြီ။ နောက်ပိုင်း ဒီနေရာကို စက်ရုံတွေဝင်လာရင်တော့ ကျနော်တို့ ငါးဖမ်းလို့ရတော့မှာမဟုတ်ဘူး။ ပြီးတော့ ရေနံချက်စက်ရုံပါလုပ်ဦးမယ်ဆိုရင် ငါးဖမ်းလုပ်ငန်းက အဆင်ပြေမှာမဟုတ်တော့ဘူး" ဟု ဒေသခံငါးဖမ်းသမား ကိုတင်စိုးက ပြောသည်။

ငါးဖမ်းသမားများမှာ ယင်းပြဿနာများသာမက ကမ်းစပ်မှ ရေမိုင်(၁၀)မိုင်အတွင်းသို့ ငါးခိုးဖမ်းရန် ဝင်ရောက်လာသော ဒေသအခေါ် ဝလက်၊ ဝတန်းကဲ့သို့ ပင်လယ်ငါးဖမ်း စက်လှေများကြောင့် ငါးဖမ်းပိုက်များ ပျက်စီးရလေ့ရှိကြောင်း မောင်းမကန်ဒေသမှ လှေသမား ဦးဝင်းက ပြောသည်။

"သူတို့က ဒီဘက်မှာ ငါးခိုးဝင်ဆွဲတယ်။ ပြီးတော့ သင်္ဘောနံပါတ်တွေကို အုပ်ထားတယ်။ ကျနော်တို့ ငါးဖမ်းပိုက်တွေကို မရှောင်ဘဲ အတင်းဖြတ်မောင်းတော့ ပိုက်တွေပျက်စီးကုန်တယ်။ သူတို့ကို ပြန်အော်ရင် ရန်ရှာတယ်" ဟု ဦးဝင်းက ဆိုသည်။

လွန်ခဲ့သော ဆယ်စုနှစ်များက နယ်မြေတည်ငြိမ်မှုမရှိခဲ့သော တနသာ်ရီတိုင်း၊ ထားဝယ်ဒေသသည် ယခုအခါ အစိုးရနှင့်တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအကြား အပစ်အခတ် ရပ်စဲလိုက်ပြီးနောက် နိုင်ငံရေး ပြောင်းလဲမှုများကြောင့် ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေမှာ စိတ်ဝင်စားဖွယ်ကောင်းသော အနေအထား ဖြစ်လာသည်။

တိုင်းပြည်၏ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများတွင် ထားဝယ်ဒေသမှာလည်း လိုက်ပါပြောင်းလဲလာခဲ့ပြီး ယခင်က ထားဝယ်မြို့မှ နှစ်မိုင်ခန့် သွားလာမိပါက ဘဝလုံခြုံမှု မရှိနိုင်သည့် အခြေအနေရှိခဲ့ရာမှ ယခုအခါ ထားဝယ်တွင် နိုင်ငံခြားသားခရီးသွားများပါ လာရောက်လည်ပတ်မှုများရှိနေပြီး စီမံကိန်းကြီးများနှင့်အတူ ဒေသပြောင်းလဲလာမှု ရှိနေသည်ဟု ဒေသခံများက ဆိုသည်။

ထားဝယ် ရေနက်ဆိပ်ကမ်း စီမံကိန်းဇုန်အတွင်း၌ ထိုင်းလူမျိုး အများအပြား လာရောက်လုပ်ကိုင်လျက်ရှိပြီး ဈေးဆိုင်နှင့် စားသောက်ဆိုင်များတွင် ထိုင်းရုပ်ရှင်ဇာတ်လမ်းများ ပြသမှုများလာပြီး လမ်းညွှန် ဆိုင်းဘုတ်နှင့် အိမ်သာဝင်ပေါက်များတွင်လည်း ထိုင်းဘာသာစကားဖြင့် ရေးသားညွှန်ပြထားသည်ကို တွေ့ရသည်။

"ကျနော်တို့ယဉ်ကျေးမှုတွေ လုံးဝပျောက်ကွယ်သွားမှာ သေချာတယ်။ ဒီစီမံကိန်းကြီးတွေ ဖွံ့ဖြိုးလာတာနဲ့အမျှ ကျနော်တို့ ယဉ်ကျေးမှုတွေ ပျောက်ကွယ်သွားတော့မှာ" ဟု ထားဝယ်တက္ကသိုလ် မြန်မာစာဌာနမှ လက်ထောက်ကထိက ဦးသူရဇော်က ပြောသည်။

ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန် စီမံကိန်းကြောင့် စီမံကိန်းဆက်စပ်ဒေသ ဖြစ်သော ထားဝယ်မြို့ ၊ လောင်းလုံမြို့နှင့် ရေဖြူမြို့နယ်တို့တွင် အိမ်ခြံမြေ ဈေးနှုန်းများသည် ၂၀၀၈ ခုနှစ်မှ စတင်ပြီး ပုံမှန်မြင့်တက်လာခဲ့ရာမှ ယခုအခါ ဒေသအခေါ် ပါးစပ်ဈေးဟုဆိုသည့် ကြိုက်ရောင်းကြိုက်ဝယ်ပုံစံမျိုးဖြင့် ရောင်းဝယ်လာနေကြောင်း တနသာ်ရီ-ထားဝယ် ကုန်ထုတ်လုပ်ငန်းရှင်များအသင်း ဒုဥက္ကဋ္ဌနှင့် Co Co and You ခရီးသွားလုပ်ငန်း၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ ဦးထိန်ဝင်းက ပြောသည်။

"ဘယ်လောက်ဆိုတာ အတိအကျပြောလို့ မရပေမယ့် အရင်ထက်စာရင်တော့ အိမ်ခြံမြေဈေးနှုန်းက ၅ ဆ ၆ ဆလောက်အထိ တက်လာတယ်။ ဘယ်သူတွေဝယ်လဲဆိုရင် ဒီဒေသမှာ ရင်းနှီးမြှုပ်နှံဖို့ စိတ်ဝင်စားတဲ့သူတွေ ဝယ်တယ်။ နိုင်ငံခြားသားတွေ ကိုယ်တိုင်လည်း မြန်မာတွေနဲ့ စပ်ပြီးဝယ်တာမျိုးရှိတယ်။ အများဆုံးကတော့ ယိုးဒယားနဲ့တရုတ်ပဲ" ဟု ဦးထိန်ဝင်းက ဆိုသည်။

ထားဝယ်ဖွံ့ဖြိုးမှု အများပိုင်ကုမ္ပဏီမှ ဦးရဲထွဋ်နိုင်က "ထားဝယ်ဒေသမှာ မြေတန်ဖိုးတွေ အရမ်းတက်လာတာ မကောင်းဘူး။ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံတဲ့သူတွေ မလာနိုင်ရင် ဒီဒေသက ဖွံ့ဖြိုးမှာမဟုတ်ဘူး။ ဈေးနှုန်းတွေကြီးပြီးတော့ ခိုင်မာလားဆိုရင် ဘာစာရွက်စာတမ်းမှ ရှိတာမဟုတ်ဘူး။ ဈေးလည်း ကြီးတယ်။ လုံခြုံမှုလည်း မရှိတဲ့အတွက် ထားဝယ်ဒေသကို စိတ်ဝင်စားတဲ့ နိုင်ငံခြားသားနည်းတယ်။ ထားဝယ်မြို့ပေါ်မှာရှိတဲ့ မြေဈေးနှုန်းက ရန်ကုန်မြို့ထက် ဈေးကြီးတယ်။ လူတယောက်က မြေနေရာကို ကြိုက်ပြီဆိုရင် တန်ဖိုးသိပ်မရှိတဲ့ မြေနေရာတောင် သိန်းတရာလောက် ပေးဝယ်သွားတော့ ပါးစပ်ဈေးတွေ ဖြစ်ကုန်တယ်" ဟု ဆိုသည်။

ဒေသခံလုပ်ငန်းရှင်များက ထားဝယ်ဒေသသို့ စိတ်ပါဝင်စား လာရောက်လည်ပတ်သော နိုင်ငံခြား



ဓာတ်ပုံ -ဂျေပိုင်/The Irrawaddy

ထားဝယ်အထူးစီးပွားရေးဇုန် ထိန်ကြီးကျေးရွာမှ တံငါသည်များ။



ဓာတ်ပုံ – ဂျေပိုင်/The Irrawaddy

**ထားဝယ်ဖွံ့ဖြိုးမှုအများပိုင်ကုမ္ပဏီက သိမ်းယူလိုက်သောကြောင့် နေစရာပျောက်သွားသော ဒေသခံအမျိုးသမီးတဦး။**

> **“ဒီစီမံကိန်းကြီးတွေ ဖွံ့ဖြိုးလာတာနဲ့အမျှ ကျနော်တို့ ယဉ်ကျေးမှုတွေ ပျောက်ကွယ်သွားတော့မှာ . . . . .”**

ခရီးသွားများ တိုးတက်လျက်ရှိရာတွင် အများဆုံးမှာ ဂျပန်နိုင်ငံမှဖြစ်ကြောင်း၊ ယိုးဒယားနှင့် မြန်မာများလည်း ပုံမှန်ခရီးသွားရာသီတွင် လာရောက်လည်ပတ်ကြပြီး တလလျှင် နိုင်ငံခြားခရီးသွားဦးရေ ၂၀ ခန့် ရှိနေကြောင်း၊ ထားဝယ်ရေနက်ဆိပ်ကမ်းကြောင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်လာမည်ကို ကြိုဆိုသော်လည်း ယင်းစီမံကိန်းများကြောင့် ထားဝယ်ဒေသ၏ လှပသောသဘာဝ ပျက်စီးသွားမည်ကိုစိုးရိမ်ကြောင်း၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းကို အနှောင့်အယှက်ဖြစ်စေနိုင်ကြောင်း ပြောဆိုသည်။

“Business Tour နဲ့ Package Tour” ဆိုပြီး နှစ်မျိုးစီစဉ်ပေးထားတယ်။ တချို့နိုင်ငံခြားသားတွေက အလုပ်နဲ့တွဲလာတာ။ တချို့ကျတော့ အပန်းဖြေသက်သက်ပဲ။ ကျနော်တို့ဆီမှာ ရှေးဟောင်းသမိုင်းဝင် ဘုရားတွေရှိတယ်။ မောင်းမကန် ကမ်းခြေနဲ့ ရေနက်ဆိပ်ကမ်းတွေဆီ သွားကြည့်လို့ရမယ်” ဟု ဦးထိန်ဝင်းက ဆိုသည်။

အညာဒေသထက် စီးပွားရေး သာလွန်သောကြောင့် ထားဝယ်မြို့သို့ အလုပ်လာရောက် ရှာဖွေလုပ်ကိုင်ရင်း အိမ်ထောင်အခြေချ တည်ထောင်နေထိုင်ပြီး ဆိုင်ကယ်တက္ကစီဆွဲနေသူ ဦးမောင်မောင်သန်းက ထားဝယ်မြို့ပေါ်တွင် ယခုအခါ အလုပ်အကိုင် ပိုကောင်းလာသည်ဟု ပြောသည်။

“ကျနော်ကတော့ ဒီမှာအဆင်ပြေတယ်။ တနေ့ကို ကိုယ့်အတွက် ၅၀၀၀၊ တသောင်းလောက်ကတော့ ရှာလို့ရတယ်။ နေ့တိုင်း ဝင်ငွေမရှင်ပေမယ့် စားဝတ်နေရေး မပူရဘူး။ ဒါပေမဲ့ ဒီက ဒေသခံထားဝယ်တော်တော်များကတော့ ထိုင်းရောက်ကုန်ကျပြီ” ဟု ဦးမောင်မောင်သန်းက ဆိုသည်။

ထားဝယ်ဒေသတွင် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား အပစ်အခတ် ရပ်စဲထားချိန်တွင် ဒေသဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေးနှင့် နယ်စပ်ဒေသရောက် ဒုက္ခသည်များ ပြန်လည်နေရာချထားရေး လုပ်ငန်းများ မပြုလုပ်နိုင်သေးမီ စီမံကိန်းကြီးများနှင့် မြေယာသိမ်းယူမှုများက အရင်ဆုံး ဖြစ်ပွားလာကြောင်း ထားဝယ်ဖွံ့ဖြိုးမှုအဖွဲ့ (DDA) မှ ကိုသန့်ဇင်က ပြောသည်။

“အရင်က တိုက်ပွဲတွေဖြစ်ပြီးရင် ကိုယ်နေရာမှာ ပြန်လုပ်စားလို့ရတယ်။ အခုက ငြိမ်းချမ်းရေးရဖို့ စနိုင်ရုံလေးပဲ ရှိသေးတယ်။ ဒေသကို ဝင်လာတဲ့ စီမံကိန်းတွေကြောင့် ဒေသခံတွေမှာ လုပ်စားစရာမြေတွေမရှိတော့ဘူး။ ဒေသခံတွေနဲ့ ကုမ္ပဏီတွေကြားမှာ ပြဿနာတွေဖြစ်လာတော့ ဒီဒေသမှာ တရားဥပဒေစိုးမိုးဖို့ လိုလာတယ်” ဟု ကိုသန့်ဇင်က ပြောသည်။

ယခင်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဩဇာအားကောင်းသော ထားဝယ်ဒေသတွင် ထားဝယ် တိုင်းရင်းသားပါတီတခု ပေါ်ပေါက်လာခြင်းမှာ ထားဝယ်၏ ထူးခြားမှုတခုဖြစ်ပြီး ယင်းတိုင်းရင်းသား ပါတီကပင် ၂၀၁၅ ရွေးကောက်ပွဲတွင် NLD ပါတီနှင့် အဓိကပြိုင်ဘက်ဖြစ်လာလိမ့်မည်ဟု ယုံကြည်ကြောင်း ထားဝယ်မြို့နယ်၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ၁၉၉၀ ခုနှစ်က စတင်ထူထောင်ခဲ့သူ ဒေါက်တာသန်းဝင်းက ဧရာဝတီသို့ ပြောသည်။

“ကျနော်တို့ NLD မှာက ဒေါ်အောင်ဆန်းစုကြည်တယောက်လောက်ပဲ တော်တာ။ ကျန်တဲ့ နောက်လိုက်တွေက ညံ့တယ်။ ပြီးတော့ ထားဝယ်ဒေသကို NLD က သိပ်အာရုံမစိုက်နိုင်တဲ့အပြင် ပါတီဝင်ကလေးတချို့ လှုပ်ရှားမှုတွေမှာ ဝင်ပါတဲ့အခါ ပါတီက မကြိုက်ဘူး။ အဲဒီမှာ လူတွေရဲ့ အားကိုးအားထားမှုက လျော့သွားပြီးတော့ ထားဝယ်ဒေသအတွက် တိုင်းရင်းသားပါတီတခုတော့ ရှိမှဖြစ်မယ်ဆိုပြီး ဖြစ်လာတယ်” ဟု ဒေါက်တာသန်းဝင်းက ဆိုသည်။

ထားဝယ် တိုင်းရင်းသားပါတီကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ထံတွင် မှတ်ပုံတင်ထားပြီး ထားဝယ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းသာယာရေးအတွက် ထူထောင်လိုက်ခြင်း ဖြစ်ကြောင်း ထားဝယ်တိုင်းရင်းသားပါတီထူထောင်ရာတွင် ပါဝင်သူ ဦးရာဇာစိုးက ပြောသည်။

“အရင်ကကျနော် NLD ပါတီဝင်ပါ။ မြေသိမ်းခံရလို့ ဆန္ဒထုတ်ဖော်တာတွေကိုကူညီတဲ့အခါ ပါတီက ကျနော်တို့ကို Activist တွေနဲ့ ပေါင်းတယ်။ ပါတီစည်းကမ်းနဲ့မညီဘူး ဆိုတာမျိုးတွေ ပြောလာတော့ ဒီလိုဆိုရင် ငါတို့ဒေသအတွက် အားကိုးလို့ရမယ့် ပါတီတခု လိုပြီဆိုပြီး ဆုံးဖြတ်လိုက်ကြတယ်” ဟု ဦးရာဇာစိုးက ဆိုသည်။

ထားဝယ်မြို့သည် ရန်ကုန်မြို့မှ မိုင်ပေါင်း ၃၈၄ မိုင်အကွာတွင် တည်ရှိပြီး မောင်းမကန်ကဲ့သို့ လှပသော ပင်လယ်ကမ်းခြေများ ၊ နွားလဘို့တောင်ကဲ့သို့သော ပေ ၆၀၀၀ ကျော် တောင်တန်းကြီးများရှိပြီး ဒေသခံများမှာ စိုက်ပျိုးရေး၊ ပင်လယ် ငါးဖမ်းလုပ်ငန်းနှင့် အခြားသော အသက်မွေးဝမ်းကျောင်းမှုများ လုပ်ကိုင်နေသည်ကို တွေ့ရသည်။

“ထားဝယ်ဒေသမှာ ဒီစီမံကိန်းကြီးတွေဖြစ်လာရင် ဘယ်သူတွေ ချမ်းသာမလဲဆိုတာ ကျနော်သိချင်တယ်။ ကျနော်တို့ကတော့ မချမ်းသာရင်နေပါစေ၊ အေးချမ်းတည်ငြိမ်တဲ့ဘဝမျိုးလေးပဲ ကြိုက်တယ်။ အခု ကျနော်တို့ဒေသက လူတွေက မကျန်းမာတော့ဘူး” ဟု ထားဝယ်မြို့ပေါ်မှ အထွေထွေရောဂါကုဆရာဝန်တဦးက ပြောသည်။

ထားဝယ်ဒေသမှ သမိုင်းတွင် ထင်ရှားသော မီးပုံပျံ ဦးကျော်ရင် ၊ ဗိုလ်မှူးကြီး ဗထူး ၊ သခင်ဗသိန်းတင်၊ ဝန်ကြီးချုပ် ဦးစိန်ဝင်း ကဲ့သို့သော လူပုဂ္ဂိုလ်များ ပေါ်ထွက်ခဲ့သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) သည် ထိုင်းနိုင်ငံမှ ပြည်တွင်းသို့ ဝင်ရောက်လာစဉ်တွင် လွတ်လပ်ရေး ကြိုးပမ်းမှုမှတ်တမ်းအနေဖြင့် ထားဝယ်မြို့ တောင်သုံးလုံးကျေးရွာတွင် မော်ကွန်းကျောက်စာပါ အလံတိုင်ကို ထားဝယ်ဒေသတွင် သမိုင်းဝင် စိုက်ထူထားခဲ့သေးသည်။

■



ထက်နိုင်ဇော်သည်
ဧရာဝတီ၏ အကြီးတန်းသတင်းထောက်တဦးဖြစ်ပြီး နိုင်ငံရေး၊ လွှတ်တော်ရေးရာ၊ စစ်မှုရေးရာများနှင့် နယ်စပ်ရေးရာများ အထူးပြုရေးသားလျက်ရှိသည်။



ဓာတ်ပုံ – ဂျေပိုင်/The Irrawaddy

**မောင်းမကန်ကျေးရွာသူ၊ ကျေးရွာသားများ။**



ဓာတ်ပုံ – ဂျေပိုင်/The Irrawaddy

**ထားဝယ်အထူးစီးပွားရေးဇုန်ကြောင့် ပျက်စီးသွားသော လယ်မြေတခုကို တွေ့ရစဉ်။**

The Irrawaddy
Vol:1, No:1

Peace



ဓာတ်ပုံ – ဂျေပိုင်/The Irrawaddy

၂၀၁၃ နိုဝင်ဘာလအတွင်းကျင်းပခဲ့သော လိုင်ဇာတိုင်းရင်းသားညီလာခံသို့တက်ရောက်ကြသည့် လက်နက်ကိုင်တိုင်းရင်းသားခေါင်းဆောင်များ၏ ကားတန်း။

# “ငြိမ်းချမ်းရေး”ကားပါမစ်များ အပြင်းအထန် ဝေဖန်ခံနေရ

**စောရန်နိုင်/ ချင်းမိုင်**

မြန်မာနိုင်ငံတွင် ရာစုနှစ်များစွာ ကြာမြင့်ခဲ့ပြီဖြစ်သော တိုင်းရင်းသားပဋိပက္ခများ အဆုံးသတ် နိုင်ရေးအားထုတ်ရာတွင် မော်တော်ယာဉ်တင်သွင်းခွင့်ပါမစ်များက လူအများပြောစရာဖြစ်လာခဲ့သည်။ လက်ခံရရှိသူများက အစိုးရက လိုင်စင်ထုတ်ပေးမည်ဟုအာမခံခြင်းသာဖြစ်ကြောင်း ကာကွယ်ကြသည်။ ဝေဖန်သူများကတော့“ငြိမ်းချမ်းရေးလက်ဆောင်”ပါမစ်များဆိုသည်မှာ လာဘ်ပေးခြင်းထက်အနည်းငယ်မျှသာပိုသည့် အရာဖြစ်သည်ဟုယူဆကြသည်။

အစိုးရဘက်မှ ငြိမ်းချမ်းရေးအတွက် အဓိကစေ့စပ်သူ ဝန်ကြီး ဦးအောင်မင်း လက်မှတ်ရေးထိုးထားသည့် မော်တော်ယာဉ်တင်သွင်းခွင့်ပါမစ်စာရွက်များကို စာအိတ်များအတွင်း ထည့်၍ ဖေဖော်ဝါရီလ ၁၂ ရက်နေ့က နေပြည်တော်တွင် ကျင်းပသည့် ၆၆ နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတွင်တိုင်းရင်းသားအဖွဲ့ အသီးသီးသို့ လက်ဆောင်အဖြစ်ပေးအပ်ခဲ့သည်။ ဝန်ကြီးဦးအောင်မင်းကိုယ်တိုင်ပေးအပ်ခဲ့ခြင်းဖြစ်သည်ဟု တိုင်းရင်းသား ခေါင်းဆောင်များက ပြောကြသည်။

အစိုးရက တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် တနိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိနိုင်ရန် ကြိုးစားနေသည့်အချိန်တွင် ငွေအမြောက်အများ ရှာဖွေနိုင်သည့် ရာနှင့်ချီသော မော်တော်ယာဉ်တင်သွင်းခွင့်ပါမစ်များကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ကြီးငယ်အစုံ လက်ခံရရှိခဲ့သည်။ ဇိမ်ခံကား ပါမစ်များကို အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ ခန့်ဖြင့်ပြန်လည်ရောင်းချနိုင်သည်။

အကြီးဆုံး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များဖြစ်သည့်‘ဝ’ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA)၊ ကရင်အမျိုးသား အစည်းအရုံး (KNU) နှင့်မွန်ပြည်သစ်ပါတီ (NMSP) တို့သည် ကားပါမစ် ၁၂၀ စီ သို့မဟုတ် ထိုထက်ပို၍ရရှိကြသည်ဟု အဆိုပါကိစ္စနှင့်နီးစပ်သူများ၏ အဆိုအရသိရသည်။

ကိုးကန့်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ဖြစ်သည့် အမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော် (NDAA) ကိုအနည်းဆုံးကားပါမစ် ၁၀၀ ခု ချထားပေးခဲ့သည်ဟု သိရသည်။ တိုင်းရင်းသား အဖွဲ့ငယ်များဖြစ်သည့် ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း) နှင့်ဒီမိုကရေစီ အကျိုးပြုကရင်တပ်မတော်(DKBA) နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) တို့က ကားပါမစ် ၆၀စီ ရရှိခဲ့သည်။

ကရင်အမျိုးသား အစည်းအရုံး (KNU) ၏ အထွေထွေအတွင်းရေးမှူး စောကွယ်ထူးဝင်းက ၎င်းတို့အဖွဲ့အတွက် ကားစီးရေ ၁၂၀ တင်သွင်းခွင့်လိုင်စင် ရရှိခဲ့ကြောင်း အတည်ပြုပြောကြားလိုက်ပြီး ကားပါမစ်များကို အဖွဲ့၏ လိုအပ်ချက်များအတွက် သုံးစွဲသွားမည်ဖြစ်ကြောင်းနှင့် ခေါင်းဆောင်များ၏ ကိုယ်ရေးကိုယ်တာအတွက် အသုံးပြုမည် မဟုတ်ကြောင်းပြောသည်။

အစိုးရ၏ လက်ဆောင်ကို အဖွဲ့အစည်း၏ ရင်းနှီးမြှုပ်နှံမှုအတွက် ငွေကြေးအဖြစ်အသွင်ပြောင်းသည့်အနေဖြင့် ပါမစ်များကိုရောင်းချခဲ့ခြင်းဖြစ်သည်ဟု သူကဆိုသည်။

KNU သည် မကြာသေးခင်က တည်ထောင်ခဲ့သော ခရီးသွားနှင့် ပို့ဆောင်ရေးဆိုင်ရာ စီးပွားရေးလုပ်ငန်းတခုဖြစ်သည့် Moe Ko San Travel and Tour Co.Ltd မှလည်း ဝင်ငွေရရှိနေသလိုထုတ်ကုန်သွင်းကုန် လုပ်ငန်းများလည်း လုပ်ကိုင်နေသည်။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအတွင်းမှ သတင်းရင်းမြစ်များနှင့် ဧရာဝတီသတင်းဌာနက တွေ့ဆုံမေးမြန်းခဲ့သော မော်တော်ကားရောင်းချသည့် ကိုယ်စားလှယ်များ၏ အဆိုအရ တိုင်းရင်းသားခေါင်းဆောင်များသည် ထိုင်း-မြန်မာ နယ်စပ်ဒေသမှ စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန်အတွက် ငွေကြေးရရှိနိုင်ရန် ၎င်းတို့ရရှိသော ပါမစ်အားလုံးနီးပါးကို ရောင်းချခဲ့ပြီးဖြစ်သည်ဟု သိရသည်။ သို့သော်လည်း ရှမ်းကဲ့သို့သော အခြားတိုင်းရင်းသား ခေါင်းဆောင်များက ၎င်းတို့တင်သွင်းထားပြီးဖြစ်သည့်လိုင်စင်မဲ့ကားများကိုမှတ်ပုံတင်နိုင်ရန်အတွက် ပါမစ်များကိုအသုံးချခဲ့ကြသည်ဟု ဆိုသည်။

“ကားအရောင်း ကိုယ်စားလှယ်တွေကတော့ ဇိမ်ခံကားပါမစ်တွေ ဝယ်ခွင့်ရလို့ပျော်တာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ဒီကားတွေက အခွန်မပေးရတော့ သူတို့အတွက် အများကြီးမြတ်တယ်လေ။ တိုင်းရင်းသားအဖွဲ့တွေ အားလုံးနီးပါးက ကားပါမစ်တွေကို ရောင်းကြတယ်။ သူတို့က စီးပွားရေးလုပ်ဖို့ ပိုက်ဆံလိုချင်ကြတယ်” ဟု ရှမ်းပြည်နယ်ရှိ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တခုမှ သတင်းရင်းမြစ်ကဆိုသည်။

“ကားပါမစ်တွေထဲမှာ Mercedes, BMW နဲ့ ကျည်ဆံလုံ Hummer ကားတွေလို ဇိမ်ခံကားတွေပါတယ်။ ဒီဇိမ်ခံကားပါမစ်တွေကြောင့်စီးပွားရေးသမားတွေ အကြီးအကျယ်အမြတ်ထွက်ကြတယ်”ဟု သူက ထပ်ပြောသည်။

တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များသည် အခွန်ကင်းလွတ်ခွင့်နှင့်အခွန်နှုန်းထားကို ၆၀ ရာခိုင်နှုန်းသို့လျှော့ချပေးခြင်းများ ရရှိခဲ့သည်။ တိုင်းရင်းသားခေါင်းဆောင်များအတွက် တင်သွင်းသည့်ကားများကို အခွန်ကင်းလွတ်သည့်ပြုခဲ့ပြီး ခေါင်းဆောင်ငယ်များအတွက် တင်သွင်းသည့်ကားများကို အခွန် ၆၀ ရာခိုင်နှုန်းသာ ပေးဆောင်ခွင့် ပေးခဲ့သည်။ တင်သွင်းသောကားများကို အဓိကအားဖြင့် ထိုင်းမြန်မာနယ်စပ်မှ တဆင့်တင်သွင်းခဲ့ခြင်းဖြစ်သည်။

ဧရာဝတီသတင်းဌာနက တွေ့ဆုံခဲ့သော တိုင်းရင်းသားခေါင်းဆောင်များနှင့် ငြိမ်းချမ်းရေးဆွေးနွေးညှိနှိုင်းရန်အတွက် အစိုးရက ဖွဲ့စည်းပေးထားသော မြန်မာငြိမ်းချမ်းရေးစင်တာ (MPC) တို့နှစ်ဖက်လုံးက ကားပါမစ်များကို တိုင်းရင်းသားအဖွဲ့များ၏ လိုအပ်ချက်များအတွက် ထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း ပြောကြသည်။

ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအတွက် သူ၏ ကိုယ်ပိုင်ငွေထဲမှပင် ကျခံသုံးစွဲနေရသည်ဟု ဝန်ကြီး ဦးအောင်မင်းက MPC ရုံးခန်းတွင် စာနယ်ဇင်းများ

သို့ စက်တင်ဘာလအတွင်းက ပြောကြားခဲ့သည်။

"ကျနော် ငြိမ်းချမ်းရေးကို အရမ်းလိုချင်ပါတယ်။ ဒါကြောင့် ကျနော့်အိမ်တွေ၊ ကားတွေကို ရောင်းခဲ့ပြီးပြီ။ တကယ်လို့ ဘယ်အိမ်တွေ ကျနော်ရောင်းခဲ့သလဲဆိုတာ သိချင်ရင် သွားကြည့်နိုင်ပါတယ်။ ကျနော်လိပ်စာတွေပေးလိုက်ပါမယ်" ဟု သူကပြောကြောင်း သတင်းများတွင် ဖော်ပြခဲ့ကြသည်။

သို့သော်လည်း တိုင်းရင်းသားခေါင်းဆောင်များက ကားပါမစ်ကိုလက်ခံရန် ဆုံးဖြတ်လိုက်ခြင်းအတွက် အပြစ်တင်ဝေဖန်လိုက်ကြသည်။ လိုင်စင်များကြောင့် တိုင်းရင်းသားအဖွဲ့များကြားတွင်ကွဲပြားမှုများပေါ်ပေါက်လာနိုင်သည် ဟုလည်းသူတို့က ပြောသည်။

တိုင်းရင်းသားအဖွဲ့များက မိမိတို့အဖွဲ့များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် လက်ဆောင်ပါမစ်များကို ယူခဲ့ရခြင်းဖြစ်သည်ဟု ဆိုသည်။

ဩဂုတ်လအတွင်းက မြန်မာအစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့သော မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ် တပ်ဦး (ABSDF) က အနာဂတ်တွင် လုပ်ဆောင်ရန် ရှိသည်များအတွက် ကားတင်သွင်းခွင့်ပါမစ်များကို အသုံးပြုသွားမည် ဖြစ်သည် ဟုဆိုသည်။

"ကျနော်တို့ရဲ့ အနာဂတ်နိုင်ငံရေး အစီအစဉ်တွေကို အကောင်အထည် ဖော်နိုင်ဖို့အတွက် ရံပုံငွေ

**"**

**ငြိမ်းချမ်းရေး အစီအစဉ်များအတွက် ငွေကြေးထောက်ပံ့မှု မြောက်များစွာရှိနေသော်လည်း အဆိုပါ ငွေများကို မည်သို့သုံးစွဲနေသည် ဆိုခြင်းနှင့်ပတ်သက်သည့် အချက်အလက်များက သိရှိရန်ခက်ခဲနေဆဲဖြစ်သည် . . .**

**"**

လိုပါတယ်။ ဒါကြောင့် အစိုးရရဲ့ ကမ်းလှမ်းမှုကို ကျနော်တို့ လက်ခံခဲ့တာပါ"ဟု ABSDF အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ဦးမျိုးဝင်း က ဧရာဝတီသို့ ပြောသည်။

"အဖွဲ့ဝင်တွေ ဒါမှမဟုတ် အဖွဲ့အစည်း တခုလုံးရဲ့ သက်သာချောင်ချိမှုအတွက် ကျနော်တို့ ယူခဲ့တာမဟုတ်ပါဘူး။ လက်ရှိ ပြုပြင်ပြောင်းလဲရေးကို အထောက်အကူပြုမယ့် နိုင်ငံရေး အစီအစဉ်တွေကို ဒီရန်ပုံငွေတွေနဲ့ အကောင်အထည် ဖော်သွားမှာပါ" ဟု သူကထပ်ပြောသည်။

သို့သော်လည်း လေ့လာစောင့်ကြည့်သူအချို့က ငြိမ်းချမ်းရေးအတွက် ကားပေးသည့် အစီအစဉ်သည် အစိုးရ၏ "အကျိုးလို၍ ညောင်ရေလောင်း" သည့် နည်းဗျူဟာသာ ဖြစ်သည်ဟု ပြောကြသည်။

"ဒါလာဘ်ထိုးတာ သက်သက်ပါပဲ။ တခြားမဖြစ်နိုင်ပါဘူး" ဟု မြန်မာနိုင်ငံနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအကြောင်း စာအုပ်အများအပြား ရေးသားထုတ်ဝေခဲ့သော မြန်မာ့အရေး ကျွမ်းကျင်သူ ဆွီဒင်နိုင်ငံသား ဝါရင့်စာနယ်ဇင်းသမားတဦးဖြစ်သည့် Bertil Lintner ကပြောသည်။

"နောက်ပြီး ဒါကမြန်မာနိုင်ငံရဲ့လူမျိုးစုပြဿနာတွေအတွက်လည်း ဘာမှလုပ်မပေးနိုင်ပါဘူး။ ဒီလိုလာဘ်ပေးလာဘ်ယူကိစ္စမျိုး တိုင်းရင်းသားအုပ်စုတွေရဲ့ ပြိုင်ဖက်ခေါင်းဆောင်တွေကြားမှာ၊ ခေါင်းဆောင်တွေနဲ့ စိတ်ပျက်ဝမ်းနည်းသွားတဲ့ နောက်လိုက်တွေကြားမှာ အကွဲအပြဲတွေ ပေါ်ပေါက်လာပြီးတော့ အခြေအနေပိုဆိုးလာစေပါလိမ့်မယ်"ဟု သူကထပ်ပြောသည်။

KNU ခေါင်းဆောင်တဦးကို ဧရာဝတီသတင်းဌာနက မေးမြန်းကြည့်သည့်အခါ အဆိုပါကိစ္စနှင့်ပတ်သက်၍ မှတ်ချက်ပေးရန်ငြင်းဆိုခဲ့သည်။ ကားပါမစ်များအတွက်အဖွဲ့၏ ထိပ်တန်းခေါင်းဆောင်ပိုင်းမှာ ကွဲပြားမှုများဖြစ်ခဲ့ရကြောင်း ပြောသည်။

"ကားအကြောင်း ကျနော်မပြောချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ခုတလောမှာ ဒီကားပါမစ်တွေကြောင့် ကျနော်တို့ စကားတွေများနေခဲ့ရတယ်" ဟု အဆိုပါ KNU ခေါင်းဆောင်ကပြောသည်။

KNU အဖွဲ့နှင့်နီးစပ်သော ကရင်သတင်းရင်းမြစ်များ၏ အဆိုအရ KNU အဖွဲ့က ကားပါမစ်အားလုံးကို ရောင်းချပြီး ရရှိသည့်ငွေများကို Moe Ko San ကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံခဲ့သည်ဟု သိရသည်။

ABSDF အဖွဲ့နှင့်နီးစပ်သော သတင်းရင်းမြစ်များကလည်း ကားပါမစ်နှင့်ပတ်သက်၍ ABSDF ခေါင်းဆောင်များကြားတွင် သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့ရသည်ဟုဆိုသည်။ အဖွဲ့၏ ခေါင်းဆောင်များက အစိုးရ၏လက်ဆောင်ကို လက်ခံလိုက်ခြင်းအတွက် ABSDF ၏ အမာခံထောက်ခံသူများ စိတ်မသက်မသာဖြစ်ရသည့်အကြောင်း နိုင်ငံရပ်ခြားမှ ABSDF ကို ထောက်ခံသူ အချို့ကပြောကြသည်။

ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တခုအတွင်းမှ အဆက်အသွယ်ကောင်းသည့် သတင်းရင်းမြစ်တခု၏ အဆိုအရ ရှမ်းပြည်နယ်တွင်းမှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့သည် ကားပါမစ်အစစ်များရရှိပြီး အချို့ အဖွဲ့များရရှိသည့် လိုင်စင်များက အတုဖြစ်နေသည့်အတွက် လက်နက်ကိုင်အဖွဲ့ငယ်များအတွင်းတွင်ဇဝေဇဝါဖြင့်နားလည်ရခက်နေကြကြောင်း ပြောသည်။

"ကားအရောင်းကိုယ်စားလှယ်တွေက ကျနော်တို့ဆီပြန်လာပြီး ကျနော်တို့လိုင်စင်က အတုဖြစ်နေတယ်လို့ ပြောလာတာတွေရှိနေတယ်။ ဒီစာရွက်စာတမ်းအတုတွေ ဘယ်ကလာတယ်ဆိုတာ ကျနော်တို့လဲမသိဘူး။ ပထမတော့ ကားအရောင်းကိုယ်စားလှယ်တွေက ကျနော်တို့ကို ပါမစ်အတုရောင်းတဲ့အတွက် တရားစွဲချင်ကြတယ်။ ဒါပေမဲ့ ဒီကိစ္စကို လူသိရှင်ကြားဖြစ်အောင် မလုပ်ဘဲထားတာက ပိုကောင်းတယ်လို့ သူတို့သိသွားကြပြီးတဲ့ နောက်မှာတော့ အရှုံးကိုကာမိအောင်လို့ ကျနော်တို့သူတို့ဆီက ဝယ်ထားတဲ့ကားတွေထဲက တချို့ကိုပြန်ပေးဖို့တောင်းဆိုကြတယ်"ဟု အဆိုပါ သတင်းရင်းမြစ်ကပြောသည်။

ပါမစ်အတုများကို ကောင်းစွာမြင်တွေ့ဖူးသည့် သတင်းရင်းမြစ်များက စာရွက်စာတမ်းများသည် မိတ္တူကူးထားသည့်အသွင်ရှိပြီး လက်မှတ်အတုများထိုးထားသည်ဟု ဆိုသည်။

မြန်မာငြိမ်းချမ်းရေးစင်တာ (MPC)မှ ဦးလှမောင်ရွှေကကားပါမစ်ပေးခြင်းသည် လာဘ်ထိုးခြင်း သဘောမျိုးမဟုတ်ကြောင်း ငြင်းဆိုလိုက်သည်။ အစပထမတွင် အမည်မဖော်ပြလိုသော ကရင်တိုင်းရင်းသားအဖွဲ့အချို့က ၎င်းတို့၏ လိုင်စင်မဲ့ကားများကို တရားဝင်သုံးစွဲခွင့်ရလိုကြောင်း အစိုးရကိုပြောကြားခဲ့သည့်အတွက် စီစဉ်ပေးခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

မြန်မာနိုင်ငံအတွင်းမှ မော်တော်ယာဉ် အမြောက်အများ၊ အထူးသဖြင့် နယ်စပ်ဒေသများမှ မော်တော်ယာဉ်များသည် လိုင်စင်မဲ့များဖြစ်ကြပြီး တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ တရားမဝင်တင်သွင်းခဲ့ကြခြင်းဖြစ်သည်။

အစိုးရက ကရင်အဖွဲ့၏ တောင်းဆိုချက်ကို လိုက်လျောရန် ကတိပြုခဲ့သည်။ သို့သော်လည်း နောက်ပိုင်းတွင် အခြားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုပါ တိုးချဲ့ကမ်းလှမ်းခဲ့ရာတွင် မညီမျှမှုများ ဖြစ်ပေါ်ခဲ့ရသည်ဟုဦးလှမောင်ရွှေကဆိုသည်။ လက်နက်ကိုင်အဖွဲ့ငယ်များသည် ပါမစ်အနည်းငယ်သာရရှိပြီး အင်အားကြီးသည့် အဖွဲ့များကအချိုး




**လိုင်ဇာညီလာခံတက်ရောက်မည့် KUN ဥက္ကဋ္ဌ မူးတူးစေးဖိုး(ယာဘက်မှဒုတိယ)ကို မြစ်ကြီးနား လိုင်ဇာလမ်းတနေရာတွင် ၂၀၁၃ နိုဝင်ဘာလအတွင်းက တွေ့ရစဉ်။**

အဆပို၍ ကြီးမားစွာရရှိသွားသည်ဟုလည်း သူကထပ် ပြောသည်။

"ကျနော်နားလည်တာကတော့ ကားအရေအတွက်က အရမ်းနည်းတယ်။ ဥပမာ ရခိုင်လွတ်မြောက်ရေးပါတီ (ALP) ဆိုရင် သူတို့ ခေါင်းဆောင်တွေအတွက် အကောက်ခွန်လွတ်ကား ၅ စီးပဲရတယ်။ တချို့အဖွဲ့ကြီးတွေကျတော့ ကားအစီးရေ ၂၀ ကနေ ၂၅ စီးအထိရကြတယ်။ ကျနော်သိသလောက်ဆိုရင် အကောက်ခွန်လွတ်ကား ၂၇၀ ထက်မကျော်ပါဘူး"ဟု ဦးလှမောင်ရွှေကဆိုသည်။

သို့သော်လည်း တိုင်းရင်းသားလက်နက်ကိုင်များက ကားစီးရေ ၃၀၀၀ ခန့် တင်သွင်းရန်စီစဉ်ခဲ့ကြောင်း မြန်မာနိုင်ငံ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၏ အစောပိုင်း အစီရင်ခံစာများအရသိရသည်။ ကားအစီးပေါင်း ၃၀၀၀ ၏ ဈေးကွက်တန်ဖိုး စုစုပေါင်းသည် အမေရိကန်ဒေါ်လာသန်း ၁၀၀ မှ ၃၀၀ အတွင်းရှိမည်ဟု ယူဆရသည်။ အဆိုပါ ၃၀၀၀ အနက်မှ ၁၀၀၀ ခန့်ကို တင်သွင်းခဲ့ပြီးဖြစ်ပြီး ကျန်ပါမစ် ၂၀၀၀ ၏ အနေအထားက မသေမချာဖြစ်နေသည်။

မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးဖော်ဆောင်မှုများ စတင်ခဲ့သည့် ၂၀၁၁ ခုနှစ် နှောင်းပိုင်းမှစ၍ အစိုးရက ကျောထောက်နောက်ခံပေးထားသည့် မြန်မာငြိမ်းချမ်းရေးစင်တာ(MPC)သို့ ရန်ပုံငွေများဝင်ရောက်လာခဲ့သည်။ MPC သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်အတွက် ဗဟိုအစိုးရကို နှစ်ပေါင်း ၆၀ ကျော်ဆန့်ကျင်တိုက်ခိုက်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ နှင့် ပြန်လည်သင့်မြတ်ရေး အားထုတ်မှုများကို ငွေကြေးထောက်ပံ့လိုသည့် နိုင်ငံတကာအလှူရှင်များအတွက် ဆက်သွယ်ရန်နေရာတခုအဖြစ် ရပ်တည်နေသည့် အသွင်ရှိနေသည်။

နော်ဝေနှင့် ဥရောပသမဂ္ဂအပါအဝင် နိုင်ငံတကာအလှူရှင်များက Peace Donor Support Group မှတဆင့် ထိရောက်သည့် ငွေကြေးပံ့ပိုးမှုများပြုလုပ်ပေးခဲ့သည်။

နိုဝင်ဘာလအစောပိုင်းက ရန်ကုန်မြို့ရှိ MPC ရုံးတွင်ကျင်းပခဲ့သောအခမ်းအနားတခုတွင် ဥရောပကော်မရှင် ဥက္ကဋ္ဌ Jose Manuel Barroso က ယခုနှစ်ကုန်အထိ ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ သန်း ၄၀ အထိ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ငြိမ်းချမ်းရေး အစီအစဉ်များအတွက် ငွေကြေးထောက်ပံ့မှု မြောက်များစွာရှိနေသော်လည်းအဆိုပါငွေများကို မည်သို့သုံးစွဲနေသည်ဆိုခြင်းနှင့်ပတ်သက်သည့် အချက်အလက်များက သိရှိရန်ခက်ခဲနေဆဲဖြစ်သည်။ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်နေသည့်ကြားတွင် ကားပါမစ်အပေးအယူကိစ္စများ ထုတ်ဖော်ပြောကြားလာနေခြင်းက ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းစဉ်များ၏ပွင့်လင်းမြင်သာမှုနှင့် ပတ်သက်၍ မေးခွန်းများဖြစ်လာစေခဲ့သည်။

"မြန်မာနိုင်ငံမှာ စီးပွားရေးကို ပွင့်လင်းမြင်သာမှုရှိစွာ ဘယ်လိုလုပ်ဆောင်ရမယ်ဆိုတာနဲ့ ဒါဟာ တိုင်းပြည်တံခါး ဖွင့်လိုက်တဲ့အချိန်မှာ လက်ဝါးကြီးအုပ်ရတာကို သာယာနေတဲ့ ကုမ္ပဏီတွေ၊ အဖွဲ့အစည်းတွေ လေ့လာရမယ့် ဖြစ်စဉ်တခုဆိုတာကို သလောပေါက်နားလည်ခြင်း မရှိကြဘူး။ နားလည်ခဲ့တဲ့ အစဉ်အလာလဲ မရှိခဲ့ဘူးလို့ ကျနော်ထင်တယ်" ဟု နိုင်ငံတကာအကြံပေး ကုမ္ပဏီတခုတွင် တာဝန်ထမ်းဆောင်နေသော မြန်မာ့အရေး စောင့်ကြည့်လေ့လာသူတဦးက ပြောသည်။

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ၏ အထွေထွေ အတွင်းရေးမှူးနိုင်ဟံသာကကားပါမစ်များ လက်ခံရယူခြင်းကို ကန့်ကွက်မည်မဟုတ်ကြောင်းပြောသည်။ သို့သော်လည်း ငြိမ်းချမ်းရေး ဆွေးနွေးညှိနှိုင်းမှုများတွင်မိမိ၏ရပ်တည်ချက်အပေါ်၌ အစိုးရ၏ လက်ဆောင်များကသက်ရောက်မှုမရှိစေရန် သတိပေးလိုက်သည်။

"ငွေကြေးအခက်အခဲ ကိုယ်စီရှိနေကြတာကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအနေနဲ့ ကားပါမစ်ကို လက်ခံသင့်ပါတယ်။ ကျနော်တို့အလုပ်မှာ ရန်ပုံငွေကအရေးကြီးပါတယ်။ ကျနော်တို့ကိုကမ်းလှမ်းလာတဲ့ အခွင့်အရေးကို ရယူသင့်ပါတယ်။ ဒါပေမယ့် ကျနော်တို့ရဲ့ ယုံကြည်မှုတွေ၊တာဝန်တွေကိုတော့ အဝယ်မခံသင့်ပါဘူး။ ကျနော်တို့အားလုံးဟာနုံအမိုက်မဲသူတွေ မဖြစ်သင့်ပါဘူး"ဟု နိုင်ဟံသာကဆိုသည်။ သူ၏ မိခင်အဖွဲ့အစည်းဖြစ်သော မွန်ပြည်သစ်ပါတီ (NMSP) သည်လည်း ကားပါမစ်များကို လက်ခံခဲ့သည်ဟု သူကထပ်ပြောသည်။

ကရင်အမျိုးသား အစည်းအရုံး (KNU) ၏ ထိပ်တန်းခေါင်းဆောင်တယောက်ဖြစ်သော ဖဒိုမန်းငြိမ်းမောင်ကလည်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များက ကားတင်သွင်းခွင့် ပါမစ်များလက်ခံရန် ဆုံးဖြတ်ခဲ့ခြင်းအပေါ် ကာကွယ်ပြောကြားခဲ့သည်။

"ငြိမ်းချမ်းရေးကို ကားပါမစ်နဲ့ လဲလှယ်တယ်လို့ ကျနော်တို့ကို ဝေဖန်နေကြတယ်။ ဒါပေမယ့်ဒီမှတ်ချက်တွေက ကျနော်တို့ရဲ့ငြိမ်းချမ်းရေးသဘောတူညီချက်တွေနဲ့ ပတ်သက်ပြီး နားလည်မှု လွဲမှားစရာတွေဖန်တီးဖို့ ပြောနေကြတာဖြစ်ပါတယ်။ KNU က ပါမစ်တွေကို လက်ခံခဲ့တယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ကျနော်တို့အဖွဲ့အစည်းရပ်တည်နေနိုင်ဖို့ အတွက် ကျနော်တို့မှာအခက်အခဲတွေရှိနေလို့ပါ"ဟု သူကဆိုသည်။

***– ဧရာဝတီသတင်းထောက် ဇာနည်မာန် ပါဝင်ရေးသားသတင်းပို့သည်။***



စောရန်နိုင်သည် ဧရာဝတီသတင်းဌာန၏ အင်္ဂလိပ်ပိုင်းမှ သတင်းထောက်တဦးဖြစ်ပြီး နယ်စပ်ရေးရာ၊ တိုင်းရင်းသားရေးရာနှင့် ဆက်စပ်သော စစ်ရေး၊ လူမှုရေး၊ နိုင်ငံရေး သတင်းများအထူးပြုရေးသားလျက်ရှိသည်။

# Business



Market

# စီးပွား/ကူးသန်း၏ မိုဘိုင်းအဖွဲ့ ဖမ်းဆီးမှု တရားမျှတခြင်းမရှိ

**ရဲနည်**

**စီး**ပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ Mobile Team မိုဘိုင်းစစ်ဆေးရေးအဖွဲ့က မြန်မာနိုင်ငံတွင် အကြီးဆုံး လက်လီရောင်းချခြင်းလုပ်ငန်း City Mart Holdings ပိုင်ဆိုင်သော စားသောက်ကုန်ဖြန့်ချိရေးကုမ္ပဏီတခု ဖြစ်သည့် Premium Food Service Products မှ ဒါရိုက်တာတဦးကို ပြီးခဲ့သည့် ဒီဇင်ဘာ ၁၃ ရက်နေ့က ဖမ်းဆီးလိုက်ခြင်းသည် သမ္မတဦးသိန်းစိန်၏ စီးပွားရေးစနစ်ပြုပြင်ပြောင်းလဲရေးရလဒ် မဖြစ်သင့်ပါ။

အကြောင်းမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အကောက်ခွန်၊ ရဲနှင့် စသုံးလုံးတို့ဖြင့် ဖွဲ့စည်းထားပြီး တရားမဝင် ပို့ကုန်ပစ္စည်းများကို တားမြစ်ဖမ်းဆီးခွင့်ပေးထားသော မိုဘိုင်းစစ်ဆေးရေးအဖွဲ့သည် လက်ကားတင်သွင်းနေသူများအပေါ် အာရုံမထားဘဲ လက်လီရောင်းချနေသောဆိုင်များကို လိုက်လံစစ်ဆေး သိမ်းဆည်းသောကြောင့် ဈေးကွက်ကမောက်ကမဖြစ်ရသည်။ ပိုဆိုးသည်မှာ လက်လီရောင်းသူများကို ဖမ်းဆီးအပြစ်ပေးခြင်းကြောင့် မှောင်ခိုစနစ် ပပျောက်သွားမည်မဟုတ်ဘဲ မိုဘိုင်းစစ်ဆေးရေးအဖွဲ့သာ ပိုအာဏာကြီးလာနေစေပြီး ဈေးကွက်စီးပွားရေး ပိုမပီမပြင် ဖြစ်လာနေစေသောကြောင့်ပင်။

မိုဘိုင်းစစ်ဆေးရေး အဖွဲ့နှစ်ခုက လက်လီအရောင်းကုမ္ပဏီများ၏ ရန်ကုန်နှင့် မန္တလေးမြို့များရှိ ကုန်လှောင်ရုံများကို အရက်၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးနှင့် ပြင်ဆင်ထားသည့် အေးခဲအစားအစာများကို တရားဝင်တင်သွင်းခြင်း ဟုတ်မဟုတ် ဝင်ရောက်ရှာဖွေ စစ်ဆေးသိမ်းဆည်းခဲ့သည်။ လက်လီရောင်းချသူအများက ဖမ်းဆီးသိမ်းယူခံရမည်ကို စိုးရိမ်ပြီး နိုင်ငံခြားအရက်များရောင်းချခြင်းကို ရပ်ဆိုင်းလိုက်သည့်အတွက် ဈေးကွက်တွင် အရက်ပြတ်တောက်မှု ဖြစ်ပေါ်လာပြီး စားသုံးသူများနှင့် စားသောက်ဆိုင်များကလည်း ဝေဖန်ပြောဆိုမှုများ ရှိလာသည်။

ယခုလ အစောပိုင်းက Premium Food Service Products မှ ပိုင်ဆိုင်သော ရန်ကုန်ရှိ ကုန်လှောင်ရုံတခုကို မိုဘိုင်းစစ်ဆေးရေးအဖွဲ့မှ ဝင်ရောက်စစ်ဆေးသိမ်းဆည်းသွားပြီးနောက် ယခင်အပတ်သောကြာနေ့က ကုမ္ပဏီ၏ဒါရိုက်တာ ဦးဖြိုးဟိန်းကျော်ကို တရားမဝင်အရက်တင်သွင်းရောင်းချရာတွင် ပါဝင်ပတ်သက်ခဲ့သည်ဆိုသော စွပ်စွဲချက်ဖြင့် ဖမ်းဆီးခဲ့သည်။ အောက်တိုဘာလမှစ၍ ဦးဖြိုးဟိန်းကျော်သည် ဒုတိယမြောက် အဖမ်းခံရသည့် လက်လီအရောင်းဆိုင်ရာ တာဝန်ရှိသူဖြစ်သည်။ အရက်နှင့် အဖျော်ယမကာဖြန့်ဖြူးရောင်းချနေသော လုပ်ငန်းကြီးတခုဖြစ်သည့် Quarto Products မှ Managing Director သည်လည်း အောက်တိုဘာလအတွင်းက ရန်ကုန်ရှိ Quarto ကုမ္ပဏီ၏ ကုန်လှောင်ရုံတခုကို ဝင်ရောက်စစ်ဆေး သိမ်းဆည်းခံရပြီးနောက် ဖမ်းဆီးတရားစွဲဆိုခြင်း ခံခဲ့ရသည်။ ယင်းအမှုမျိုးကို ထောင်ဒဏ် ၃ နှစ်အထိချမှတ်နိုင်ကြောင်း သိရသည်။

ရန်ကုန်တိုင်း သာကေတမြို့နယ် အတွင်းရှိ Premium Food Service Products ၏ ကုန်လှောင်ရုံကို ဝင်ရောက်စစ်ဆေးစဉ်က စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၆၀၀၀၀ ခန့်တန်ဖိုးရှိမည့် ဝိုင် ၈၇၀၀၀ ပုလင်းနှင့် အရက် ၁၂၀၀ ပုလင်း တွေ့ရှိခဲ့သည်ဟု မိုဘိုင်းစစ်ဆေးရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူးဦးစိုးအောင်ကပြောသည်။ “ကျနော်တို့က Premium Food Service Products ကို ဒီပုလင်းတွေ တင်သွင်းခွင့်လိုင်စင်မူရင်းကို ပြခိုင်းပါတယ်။ ဒါပေမယ့် သူတို့ကမပြနိုင်ဘူး။ ဒါကြောင့် သူတို့ကိုတရားစွဲရတာပါ” ဟု ဧရာဝတီသို့ ပြောဆိုသည်။

Premium Food Service Products ၏ ဈေးကွက်ဌာနမှ တာဝန်ရှိသူတဦးဖြစ်သော ဒေါ်ငယ်ငယ်ကမူ ကုမ္ပဏီမှာ လက်လီရောင်းချသောကြောင့် ပြည်ပမှ တိုက်ရိုက်တင်သွင်းခဲ့ခြင်း မဟုတ်ဘဲ တင်သွင်းခွင့်ရှိသော ကုမ္ပဏီများမှ နည်းအမျိုးမျိုး မြန်မာပြည်ဈေးကွက်အတွင်း တင်သွင်းလာခဲ့သော ပစ္စည်းများကို ပြန်လည်ဝယ်ယူခဲ့ကြောင်း၊ အရက်အများစုအတွက် သွင်းကုန်လိုင်စင် မူရင်း စာရွက်စာတမ်းများ ပြသရန်ဖြစ်လာရသည့် အခြေအနေတွင် တင်သွင်းထောက်ပံ့သူများကလည်း တာဝန်ယူသင့်ကြောင်း ပြောပြသည်။ “ကျမတို့ကို ပစ္စည်းသွင်းတဲ့သူတွေကို ခေါ်ပြီးတော့ ကျမတို့ပစ္စည်းတွေအတွက် သွင်းကုန်လိုင်စင် မူရင်းစာရွက် စာတမ်းတွေ စစ်ဆေးရေးအဖွဲ့ကိုပြဖို့ တောင်းဆိုခဲ့တာပါ” ဟု သူကပြောသည်။

မိမိတို့နှင့် အရောင်းအဝယ် ပြုလုပ်ခဲ့သည့် ပြည်ပမှ ယမကာတင်သွင်းဖြန့်ချိသည့် ကုမ္ပဏီများမှာ ACE Trading Co.Ltd နှင့် Myanmar Shopping Mall ဖြစ်ကြောင်း Premium Food Service Products ကပြောသည်။ ACE Trading Co.Ltd နှင့် Myanmar Shopping Mall တို့က Premium Food Service Products သို့ နိုင်ငံခြားမှ တင်သွင်းလာသည့် အရက်များ ပေးသွင်းခဲ့ကြပြီး သွင်းကုန်လိုင်စစ် မိတ္တူများကိုသာ အမြဲတမ်းပေးခဲ့သည်ဟု ဒေါ်ငယ်ငယ်က ဆိုသည်။

ACE Trading သည် ဟိုတယ်လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ မီဒီယာလုပ်ငန်းနှင့် ခရီးသွား လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေသည့် ACE ကုမ္ပဏီ အုပ်စု၏ အစိတ်အပိုင်းတခုဖြစ်ပြီး အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၏ သားဖြစ်သူ ဦးဖြိုးကိုကိုတင့်ဆန်းက ဦးဆောင်နေသည်။

Myanmar Shopping Mall သည် ရန်ကုန်မြို့လယ်ရှိ အကောက်ခွန်လွတ် အရောင်းဆိုင်တခု ဖြစ်ပြီး ဘဏ်လုပ်ငန်း၊ သတ္တုတူးဖော်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် ဟိုတယ်လုပ်ငန်းများ လုပ်ကိုင်နေသည့် မြန်မာနိုင်ငံတွင်အကြီးဆုံးကုမ္ပဏီ လုပ်ငန်းစုကြီးတခုဖြစ်သည့် ထူးအုပ်စုက ပိုင်ဆိုင်သည်။ ထူးအုပ်စု၏ ပိုင်ရှင်ဖြစ်သော ဦးတေဇသည် မြန်မာနိုင်ငံတွင် သြဇာအရှိန်အဝါကြီးသည့် စီးပွားရေးလုပ်ငန်းရှင် တယောက်ဖြစ်ပြီး မြန်မာစစ်တပ်၏ လက်နက်ရောင်းဝယ်ရေး ကိစ္စများတွင် ပါဝင်ပတ်သက်ခဲ့သည့်အတွက် အမေရိကန်အစိုးရက နာမည်ပျက်စာရင်းသွင်း၍ ဒဏ်ခတ်ပိတ်ဆို့ခြင်းခံထားရသူလည်း ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကာလကြာမြင့်စွာ ရှိနေခဲ့သည့် သွင်းကုန်ဆိုင်ရာ တင်းကျပ်ကန့်သတ်မှုများကြောင့် Premium Food Service Products သည်လည်း အခြားသော လက်လီရောင်းချသူများကဲ့သို့ပင် နိုင်ငံခြားမှတင်သွင်းရသည့် အရက်များ ရောင်းချနိုင်ရန်အတွက် ဟိုတယ်များနှင့် အကောက်ခွန်လွတ် အရောင်းဆိုင်များကိုသာ မဖြစ်မနေ မှီခိုခဲ့ရသည်။

၁၉၉၀ နှစ်များ အလယ်ပိုင်းလောက်ကစ၍ အစိုးရက အရက်၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးနှင့် အခြားသော ဇိမ်ခံပစ္စည်းများ တင်သွင်းခြင်းကို ပိတ်ပင်တားမြစ်ခဲ့ပြီး သတ်မှတ်ပေးထားသည့် ဟိုတယ်များနှင့် အကောက်ခွန်လွတ် ဆိုင်များကိုသာ ထိုပစ္စည်းများ တင်သွင်းခွင့်ပြုခဲ့သည်။ အဆိုပါ ပိတ်ပင်မှုကြောင့် စစ်တပ်နှင့် ခရိုနီများပိုင်ဆိုင်သည့် ကုမ္ပဏီများကသာ နိုင်ငံခြားဖြစ် အရက်နှင့် ဝိုင်များ တင်သွင်းမှုကို ကျယ်ကျယ်ပြန့်ပြန့် ထိန်းချုပ်ခွင့်ပြုထားသလို ဖြစ်နေစေခဲ့သည်။

ပုံမှန်အားဖြင့် ဟိုတယ်များနှင့် အကောက်ခွန်လွတ်ဆိုင်များသည် သူတို့တင်သွင်းခွင့် ရရှိထားသော အရက်များကို စီးပွားဖြစ် ရောင်းချခွင့်မရှိပါ။ သို့သော်လည်း မကြာသေးမီအချိန်အထိ ဈေးကွက်အတွင်း ဝယ်လိုအားကို ဖြည့်တင်းထောက်ပံ့ရန် တရားဝင်လမ်းကြောင်းများ မရှိသဖြင့် ဟိုတယ်များနှင့် အကောက်ခွန်လွတ်ဆိုင်များက လက်လီဆိုင်များသို့ ပြန်လည်ရောင်းချနေပြီး စားသုံးသူဈေးကွက်သို့ ရောင်းချနေခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီ ဖြစ်သည်။ အစိုးရကလည်း မျက်စိမှိတ်၍မသိယောင် နေခဲ့သည်။ ထိုသို့ ACE Trading Co., Ltd နှင့် Myanmar Shopping Mall တို့က နိုင်ငံခြားမှ တင်သွင်းပြီး လက်လီဆိုင်များသို့ ပေးသွင်းခဲ့ခြင်း

> “စီးပွား/ကူးသန်း ဝန်ကြီးဌာန အနေဖြင့် မှောင်ခိုစနစ် တိုက်ဖျက်ရေး အမှန်တကယ် ရည်မှန်းသည်ဆိုလျှင် ပြည်ပပို့ကုန် တင်သွင်းသူ လက်ကားသမား၊ တဆင့်ပြန်လည်ရောင်းချသူ လက်လီသမားများ၊ အစိုးရ သက်ဆိုင်ရာဌာန ကိုယ်စားလှယ်များ၊ စားသုံးသူဘက်မှ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပြီး အားလုံး သဘောတူလိုက်နာ လက်ခံမည့် အချိန်ဇယားနှင့် လုပ်ထုံးလုပ်နည်းများကို ဒီမိုကရေစီနည်းလမ်းတကျ ကျင့်သုံးမှ ဖြစ်မည်။”

▶ ရွေးကောက်ပွဲမတိုင်ခင် သီလဝါ . . . . . စာ–၂၂

▶ BMW မြန်မာပြည်လာပြီ . . . . . စာ–၂၃

▶ အထည်ချုပ်လုပ်ငန်းရှင်များ . . . . . စာ–၂၄





ဓာတ်ပုံ – နိုင်းဇော်/The Irrawaddy

**မိုဘိုင်းအဖွဲ့က လက်လီအရောင်းဆိုင်များထိပါ ရှာဖွေစစ်ဆေးနေ၍ နိုင်ငံခြားဖြစ်အရက်နှင့်ဝိုင်များ စားသုံးသူက ဈေးကွက်အတွင်း အလွယ်တကူရှာမရတော့။**

ဖြစ်သော်လည်း အစိုးရက လက်ရှိပြုလုပ်နေသည့် ဖမ်းဆီးနှိမ်နင်းမှုသည် ၎င်းတို့ကိုသာ ဦးတည်ချက်ထားနေခြင်း ဖြစ်သည့်အတွက် တရားမျှတမှုမရှိဟု ခံစားရကြောင်း Premium Food Service Products က ပြောသည်။

Premium Food Service Products က ပေးသွင်းသူ ကုမ္ပဏီများသို့ လိပ်မူ၍ အရက်များအတွက် တင်သွင်းခွင့်လိုင်စင် မူရင်းစာရွက်စာတမ်းများ တောင်းခံထားသည့် စာများကို ဧရာဝတီသို့ ထုတ်ပြသည်။ သို့သော်လည်း ကုမ္ပဏီနှစ်ခုလုံးက ပြန်လည်အကြောင်းကြား ပေးပို့ခဲ့ခြင်း မရှိပေ။ သို့သော် ဒီဇင်ဘာလ ၁၃ ရက်နေ့ ရက်စွဲဖြင့် ACE Trading Co.Ltd က Premium Food Service Products သို့ ပေးပို့သည့် ပြန်ကြားစာတစောင်တွင် Premium Food Service Products နှင့် ဆက်သွယ် ဆောင်ရွက်မှုမှန်သမျှကို ငြင်းဆန်ထားပြီး ထောင်နှင့်ချီသော အရက်ပုလင်းများ ပေးသွင်းခဲ့ခြင်းမှာ ACE Trading Co.Ltd ၏ ဒါရိုက်တာအဖွဲ့ဝင် တဦးဖြစ်သော ဦးသူရစိုး တဦးတည်း လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်ဟုသာ အကြောင်းကြားလာသည်။ ယင်းကိစ္စနှင့် ပတ်သက်ပြီးACE Trading Co.Ltd မှ မှတ်ချက်တစုံတရာ ရရှိနိုင်ရန်အတွက် ဧရာဝတီမှ ကြိုးစားခဲ့သော်လည်း ဆက်သွယ်၍ မရခဲ့ပါ။

ရန်ကုန်မိုဘိုင်းစစ်ဆေးရေးအဖွဲ့မှ ဦးစိုးအောင်ကို ဧရာဝတီက မေးမြန်းသည့်အခါ ဟိုတယ်များနှင့် အကောက်ခွန်လွတ် အရောင်းဆိုင်များလည်း ဖမ်းဆီးစစ်ဆေးမှုတွင် ပါဝင်သင့်သည် ဆိုသည့် အချက်ကို ငြင်းပယ်သွားသည်။ “တင်သွင်းသူတွေကို တိုက်ရိုက်စစ်ဆေးဖို့က ကျနော်တို့တာဝန် မဟုတ်ပါဘူး။ ဝယ်သူတွေဟာ နိုင်ငံခြားက တရားဝင်တင်သွင်းသူတွေနဲ့ပဲအလုပ်လုပ်ရမှာပါ”ဟု သူက ဖြေရှင်းခဲ့သည်။ ယင်းသည် မိုဘိုင်းစစ်ဆေးရေးအဖွဲ့က အရက်တင်ပို့ ရောင်းချခြင်းတွင် ပါဝင်ပတ်သက်နေကြသော ကုမ္ပဏီအုပ်စုကြီးများကို စစ်ဆေးရန်အတွက် ကြောက်ရွံ့နေသည် သို့မဟုတ် စစ်ဆေးရန် ဆန္ဒမရှိကြဟု အဓိပ္ပာယ်ထွက်နေသလို စားသုံးသူနှင့် လက်လီဝယ်ယူရောင်းချသူတို့အဖို့ အချိန်မရွေး လက်ဝယ်တွေ့ရှိမှုဖြင့် ဖမ်းဆီးစစ်ဆေးနိုင်သော မိုဘိုင်းစစ်ဆေးရေးအဖွဲ့ကို ကြောက်ရွံ့နေကြရမည့် အခြေအနေ ဖြစ်လာနေသည်။

သို့ဆိုလျှင် စီးပွားရေးစနစ် ပြုပြင်ပြောင်းလဲရေး မဟုတ်တော့။ ငွေများ တရားနိုင်သည့် စနစ်သာ ဆက်လက်ဖြစ်ထွန်းနေဦးမည်သာ ဖြစ်၏။ ခရိုနီဝါဒသာ ဆက်လက်လွှမ်းမိုးနေမည်သာ ဖြစ်၏။ ဆိုးကျိုးသက်ရောက်မှုတွေကသာ ဈေးကွက်တွင်ဖြစ်ပေါ်နေစေပြီး မှောင်ခိုဈေးကွက်သည်လည်း မပျောက်ကွယ်သွားဘဲ ပိုမိုကြီးထွားရန်သာ မြင်သည်။ စီးပွား/ကူးသန်း ဝန်ကြီးဌာနအနေဖြင့် မှောင်ခိုစနစ် တိုက်ဖျက်ရေး အမှန်တကယ် ရည်မှန်းသည်ဆိုလျှင် ပြည်ပပို့ကုန်တင်သွင်းသူ လက်ကားသမား၊ တဆင့်ပြန်လည်ရောင်းချသူ လက်လီသမားများ၊ အစိုးရသက်ဆိုင်ရာဌာန ကိုယ်စားလှယ်များ၊ စားသုံးသူဘက်မှ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပြီး အားလုံးသဘောတူ လိုက်နာလက်ခံမည့် အချိန်ဇယားနှင့် လုပ်ထုံးလုပ်နည်းများကို ဒီမိုကရေစီနည်းလမ်းတကျကျင့်သုံးမှ ဖြစ်မည်။

မိုဘိုင်းစစ်ဆေးရေး အဖွဲ့၏ ယခုဖမ်းဆီးမှုကြောင့် ဈေးကွက်အတွင်း နိုင်ငံခြားအရက်နှင့် ဝိုင်များ ပျောက်ကွယ်သွားသည်ကို အခွင့်ကောင်းယူပြီး မြန်မာဘီယာ၊ ဒဂုန်ဘီယာ၊ ဂရန်းရွိုင်ရယ် အရက်များ မြန်မာဈေးကွက်အတွင်း ရောင်းအားမြှင့်တင်မှုများ လုပ်ဆောင်သည်ကလည်း မျှတသည့်ပြိုင်ဆိုင်မှုဟု ပြောမရပါ။ ချုပ်လျှင် လတ်တလောဖမ်းဆီးမှုများသည် မြန်မာဈေးကွက်ကို မှောင်ခိုစနစ်မှ မကင်းလွတ်စေသည်သာမက လွတ်လပ်ပြီး မျှတသည့် ပြိုင်ဆိုင်မှုတို့ ဖြစ်ပေါ်စေရန်လည်း အားမပေးဘဲ ဈေးသည်နှင့် ဈေးဝယ်များကို စိတ်ချလုံခြုံမှုကို မဖန်တီးပေးဟုသာ ဆိုရပေတော့မည်။ ■

***ဧရာဝတီသတင်းထောက် ကျော်ဆုမွန် ပါဝင်ရေးသား သတင်းပေးပို့သည်။***

Trade Law

# ယမကာသွင်းကုန်မူဝါဒ ပြန်သုံးသပ်နေ

**ကျော်ဆုမွန်**

တရားမဝင် တင်သွင်းထားသည့် အရက်များရောင်းချနေသည်ကို စစ်ဆေးတွေ့ရှိခဲ့ရသော လက်လီအရောင်းဆိုင်များကို အငြင်းပွားဖွယ်ရာ ဖမ်းဆီးနှိမ်နင်းမှုများ ဖြစ်ပွားခဲ့ပြီးနောက် နိုင်ငံခြားမှ တင်သွင်းသည့် ယမကာများအပေါ် တင်းကျပ်စွာ ကန့်သတ်ထားခြင်းများကို ဆက်လက်ထားရှိရန် သင့်မသင့် သုံးသပ်သည့်အနေဖြင့် အရက်တင်သွင်းမှုဥပဒေကို ပြန်လည်လေ့လာသုံးသပ်ခြင်းများစတင်ပြုလုပ်နေပြီဖြစ်သည်၊

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဥပဒေပညာရှင်များနှင့် အဆိုပါလုပ်ငန်းနှင့် ပတ်သက်မှုကျွမ်းကျင်သူများဖြစ်သော ပြည်တွင်းအရက်ထုတ်လုပ်ရေး လုပ်ငန်းရှင်များ၊ အကောက်ခွန်လွတ် အရောင်းဆိုင်ရှင်များ၊ ဟိုတယ်မန်နေဂျာများ၊ အကောက်ခွန်ဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံမှုဥပဒေမှ ပြောင်းလဲရန် ဖြစ်နိုင်သည့်အချက်များနှင့်လတ်တလော ဖမ်းဆီးနှိမ်နင်းမှုများကြောင့်စီးပွားရေးကိုမည်သို့ထိခိုက်ခဲ့သည်ကို သိရှိနိုင်အတွက်တွေ့ဆုံဆွေးနွေးခဲ့သည်။

“ကျနော်တို့ ရေရှည်ကိုကြည့်ပြီးတော့ ဒီကိစ္စရဲ့အကျိုးဆက် အားလုံးကို စဉ်းစားသုံးသပ်ရပါမယ်” ဟု ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းအောင်ကျော်က ဧရာဝတီသို့ပြောသည်။ “အိမ်နီးချင်းနိုင်ငံတွေမှာ အရက်နဲ့ပတ်သက်လို့တင်သွင်းမှု ဥပဒေတွေ ဘယ်လိုအသုံးချတယ်၊ သူတို့ဘယ်လို အခွန်ကောက်တယ်၊ အကျိုးသက်ရောက်မှုက ဘယ်လိုရှိတယ်ဆိုတာတွေကို ကျနော်တို့လေ့လာသွားပါမယ်” ဟု သူကဆိုသည်၊

“တကယ်လို့ ကျနော်တို့က ဝိုင်တင်သွင်းခွင့်ပြုမယ်ဆိုရင် ဘယ်သူ၏ကို တင်သွင်းခွင့်ပြုမလဲ၊ ဘယ်လိုစစ်ဆေးမလဲ၊ ဘယ်လိုအခွန်မျိုးကောက်ခံမလဲ ဒီအချက်တွေက အတော်လေးဆက်စပ်နေပြီးတော့ ထည့်သွင်းစဉ်းစားသင့်တာတွေ ဖြစ်ပါတယ်” ဟု ဦးသန်းအောင်ကျော်ကပြောသည်၊

အပြောင်းအလဲများက မြန်မြန်ဆန်ဆန်ဖြစ်ပေါ်လာဖွယ်မရှိဟုလည်း သူကသတိပေးလိုက်သည်။

“ဝိုင်တင်သွင်းခွင့်ပြုတော့မယ်လို့ တချို့ကပြောကြတယ်။ အဲဒါမမှန်ပါဘူး။ ဒီအချက်တွေကိုကျနော်တို့စဉ်းစားသုံးသပ်နေတုန်းပဲရှိပါသေးတယ်။နောက်ပြီး ဒီကုန်ပစ္စည်းတွေကို ခွင့်ပြုသင့်မသင့်ဆို တာကိုဆုံးဖြတ်ဖို့အတွက် အချိန်ယူပြီးစောင့်ကြည့်ဖို့လိုပါတယ်” ဟုသူကပြောသည်။

ထို့ပြင် ဝန်ကြီးဌာနအနေဖြင့်လည်း ဥပဒေကပြည်တွင်းထုတ်လုပ်သူများနှင့် ဖြန့်ဖြူးရောင်းချသူများကို မည်သို့သက်ရောက်မှုရှိသည်ကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်ဟု ဦးသန်းအောင်ကျော်က ပြောသည်။ “ကျနော်တို့ပြောနိုင်သမျှကတော့သွင်းကုန်ဥပဒေနဲ့ပတ်သက်တာတွေ အားလုံးကို ကျနော်တို့ ပြန်လည်သုံးသပ်လေ့လာနေတယ် ဆိုတာပါပဲ” ဟု သူကဆိုသည်၊

သို့သော် မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်း ကသွင်းကုန်ဥပဒေကို ပြန်လည်စဉ်းစားသုံးသပ်ပေးပါရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ စာရေးသား တောင်းဆိုခဲ့သော်လည်း လတ်တလောပြုလုပ်သည့် ဖြစ်နိုင်ချေရှိသည့် ပြောင်းလဲမှုများနှင့် ပတ်သက်သော အစည်းအဝေးသို့ ၎င်းတို့အသင်းကို ဖိတ်ကြားခဲ့ခြင်း မရှိကြောင်းလည်း သိရသည်။

မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်းမှ ပြောရေးဆိုခွင့် ရှိသူတဦးက “လက်ရှိအချိန်မှာတော့ ကျနော်တို့အခက်အခဲတွေ အများကြီးကြုံတွေ့နေရတယ်၊ ဖောက်သည်တွေကလည်း နေ့တိုင်းပြောနေကြပြီ၊ ဝယ်လိုအားက အရမ်းတက်နေတယ်” ဟု ဧရာဝတီသို့ ပြောဆိုသည်။

ညွှန်ကြားရေးမှူး ဦးသန်းအောင်ကျော်က ဥပဒေတွင် အပြောင်းအလဲအများ လုပ်လိုက်ပြီးနောက်ပိုင်းတွင် တင်သွင်းသူများရော၊ လက်လီရောင်းချသူများပါ အကျိုးအမြတ်ရရှိလိမ့်မည်ဟုမျှော်လင့်ကြောင်းပြောသည်။ “ကျနော်တို့ပြည်သူတွေရဲ့အသံကိုလည်း နားထောင်ရပါမယ်”ဟုသူကဆိုသည်။

သို့သော် နိုင်ငံခြားဧည့်သည်များ ဝင်ရောက်မှုအမြင့်ဆုံးအချိန်တွင် အရက်ရှားပါးပြတ်တောက်မှုဖြစ်ပေါ်ခဲ့ခြင်းကိုမူ အလေးထားနေမည် မဟုတ်ကြောင်း သူကထပ်ပြောသည်။ ■

Investment

# ရွေးကောက်ပွဲမတိုင်ခင် သီလဝါစီမံကိန်းက အလုပ်ပေးနိုင်မည်

**ဆိုင်မွန် ရောက်ဂ်နင်း / The Irrawaddy**

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့အနီးရှိ သီလဝါတွင် မကြာမီ စတင်အကောင်အထည်ဖော်တော့မည့် "အထူးစီးပွားရေးဇုန်" သည် ၂၀၁၅ ရွေးကောက်ပွဲကာလရောက်လျှင် အလုပ်အကိုင်နေရာပေါင်းများစွာ ဖန်တီးပေးနိုင်လိမ့်မည်ဟု အစိုးရတာဝန်ရှိသူများက မျှော်လင့်ထားကြသည်။




ဓာတ်ပုံ - ဂျေပိုင်/ The Irrawaddy

**သီလဝါဆိပ်ကမ်းကို ၂၀၁၃ စက်တင်ဘာလ အတွင်းက တွေ့ရစဉ်။**

ဧက ၆၀၀၀ ကျယ်ဝန်းသည့် သီလဝါ အထူးစီးပွားရေးဇုန် တည်ဆောက်ရေး စီမံကိန်းများ မကြာမီစတင်တော့မည်ဟု မြန်မာနိုင်ငံဗဟိုဘဏ်၏ ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်က ပြောသည်။ "တည်ဆောက်ရေးလုပ်ငန်းတွေက ၂၀၁၅ မှာ အပြီးသတ်နိုင်လိမ့်မယ်လို့ ကျနော်တို့ မျှော်လင့်ထားပါတယ်။ သီလဝါက စီးပွားရေးလုပ်ငန်းတွေ အဲဒီအချိန်ကစပြီး လုပ်ဆောင်နိုင်ပါလိမ့်မယ်" ဟု သူက ဧရာဝတီသို့ ပြောသည်။

ဤသို့ဖြစ်လျှင် လက်ရှိအာဏာရပါတီဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် ယခုအချိန်တွင် အနှောင်အဖွဲ့မှ လွတ်မြောက်ခဲ့ပြီဖြစ်သော အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) တို့ ထိပ်တိုက်ရင်ဆိုင်ကြမည့် ၂၀၁၅ ရွေးကောက်ပွဲအမီ မဲဆန္ဒရှင်များအတွက် အလုပ်နေရာများ ပေါ်ပေါက်လာနိုင်သည်။

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI) မှ ဦးဝင်းအောင်က အထည်ချုပ်လုပ်ငန်း၊ ပရိဘောဂလုပ်ငန်းနှင့် မော်တော်ကားစက်ရုံများ ပါဝင်မည့် သီလဝါ အထူးစီးပွားရေးဇုန် ပထမအဆင့်ပြီးစီးသွားလျှင် လူဦးရေ ၃၇ ရာခိုင်နှုန်းခန့် အလုပ်လက်မဲ့ဖြစ်နေသည်ဟု ခန့်မှန်းရသော မြန်မာနိုင်ငံအတွက် သောင်းနှင့်ချီသော အလုပ်အကိုင်နေရာများ ဖန်တီးပေးနိုင်မည်ဟု ခန့်မှန်းသည်။

"အဲဒါတွေက အဆင့် ၃ ဆင့်ရှိတဲ့ သီလဝါ ဖွံ့ဖြိုးရေးစီမံကိန်း ပထမအဆင့်ရဲ့ အစိတ်အပိုင်းဖြစ်လာပါမယ်" ဟု ဦးဝင်းအောင်က ဂျပန်စီးပွားရေး ကိုယ်စားလှယ်အဖွဲ့တဖွဲ့ကို ယခင်အပတ်က ရန်ကုန်မြို့တွင်ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် အလုပ်သမားအင်အား သုံးစွဲမှုနည်းပါးသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ခြင်းကဲ့သို့သော ရင်းနှီးမြှုပ်နှံမှုများနှင့်သာ လုပ်ကိုင်တတ်သည့် စစ်အစိုးရအုပ်ချုပ်မှုအောက်တွင် ရာစုနှစ်များစွာ ရှိနေခဲ့ရပြီးနောက် ယခုအချိန်တွင် အလုပ်အကိုင်နေရာ ဖန်တီးနိုင်ရေးသည် အစိုးရ၏ စီးပွားရေးမူဝါဒတွင် အရေးပါသည့်ကဏ္ဍတခုဖြစ်လာသည်ဟု တာဝန်ရှိသူတို့က ပြောကြသည်။ အလုပ်အကိုင်နေရာများစွာ ဖန်တီးပေးနိုင်သော အထည်ချုပ်လုပ်ငန်းကဲ့သို့ လုပ်ငန်းမျိုးကို အနောက်နိုင်ငံများက ယခင်စစ်အစိုးရလက်ထက် စီးပွားရေးပိတ်ဆို့တားမြစ်ထားခဲ့သည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာခင်စန်းရီက ယခုအချိန်တွင် "မြန်မာနိုင်ငံဟာ အလုပ်သမားအင်အားကို အဓိကထားတဲ့ ရင်းနှီးမြှုပ်နှံမှုတွေနဲ့ လုပ်ငန်းတွေကို အလေးပေးမြင့်တင်နေပါတယ်" ဟု ပြောသည်။

အလုပ်အကိုင်နေရာဖန်တီးရေးသည် စီးပွားရေးတွင် အစိုးရ၏ ပထမဦးစားပေး ဖြစ်နေချိန်တွင် စက်မှုလုပ်ငန်း ရေရှည်ဖွံ့ဖြိုးရေး အစီအစဉ်ကိုလည်း ချမှတ် အကောင်အထည်ဖော်နေပြီး ၂၀၁၃ ခုနှစ် အစောပိုင်းတွင် အစိုးရက ထုတ်ပြန်ကြေညာခဲ့သော စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲရေး မူဝါဒများအတိုင်း ဖြစ်လာဖွယ်ရှိသည်ဟု အစိုးရတာဝန်ရှိသူများက မျှော်လင့်နေကြသည်။

"နောက်ပိုင်းကျရင်တော့ ကျမတို့က ထပ်တိုးတန်ဖိုး စက်မှုလုပ်ငန်းတွေကို အလေးထားလုပ်ဆောင်သွားပါမယ်။ အကြီးစား စက်မှုလုပ်ငန်းတွေ၊ နည်းပညာမြင့်တဲ့လုပ်ငန်းတွေ ပိုများလာစေဖို့ ၂၀၃၀ ကို ဦးတည်ချက်ထားပြီးတော့ လုပ်ဆောင်သွားမှာဖြစ်ပါတယ်" ဟု လည်း ဒေါက်တာခင်စန်းရီကဆိုသည်။

သို့သော်လည်း သီလဝါသည် မြန်မာနိုင်ငံ၏ လူဦးရေ ၁၀ ရာနှုန်းခန့် နေထိုင်လျှက်ရှိသည့် ရန်ကုန်မြို့နှင့် နီးကပ်နေသောကြောင့် အကြီးစား စက်မှုလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုများ ဖြစ်ပေါ်လာဖွယ် မရှိပေ။ "စီမံကိန်းရဲ့ သဘာဝနဲ့အနေအထားအရ ရန်ကုန်နဲ့ နီးကပ်လွန်းတဲ့အတွက် ရေနံဓာတုလုပ်ငန်းတွေနဲ့ အကြီးစားစက်မှုလုပ်ငန်းတွေကို မမျှော်လင့်ပါဘူး" ဟု ဦးဆက်အောင်က ဧရာဝတီသို့ ပြောသည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ ၂၀၁၁-၁၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁.၉ ဘီလီယံရှိရာမှ ၂၀၁၂-၁၃ ခုနှစ်တွင် ၂.၇ ဘီလီယံ အထိ တိုးတက်လာခဲ့ကြောင်း ကမ္ဘာ့ဘဏ်၏ အဆိုအရသိရသည်။ စီးပွားရေး တိုးတက်မှုနှုန်းမှာလည်း လက်ရှိဘဏ္ဍာရေးနှစ် ကုန်ဆုံးမည့် ၂၀၁၄ ခုနှစ် မတ်လတွင် ၆.၈ ရာခိုင်နှုန်းရှိလိမ့်မည်ဟု ကမ္ဘာ့ဘဏ်က ခန့်မှန်းထားသည်။

သို့သော်လည်း မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံ ချို့တဲ့မှု၊ ကုန်ကျစားရိတ်ကြီးမြင့်မှုနှင့် ပညာရေးနိမ့်ကျမှုတို့ကြောင့် တည်ဆောက်ရေးကို အရှိန်အဟုန်ဖြင့် လုပ်ဆောင်နိုင်ရန် မလွယ်ကူနိုင်ကြောင်း အစိုးရတာဝန်ရှိသူများက လက်ခံထားကြသည်။

အထူးစီးပွားရေးဇုန်မှ စက်မှုလုပ်ငန်းများအနေဖြင့် မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသော လျှပ်စစ်ဓာတ်အား မလုံလောက်မှုပြဿနာမှ ရှောင်လွှဲနိုင်ရန်အတွက် ၅၀ မီဂါဝပ် ထုတ်လုပ်ပေးနိုင်မည့်ကိုယ်ပိုင်ဓာတ်အားပေးစက်ရုံ တည်ဆောက်မည်ဖြစ်သည်။ "ရန်ကုန်မှာရှိပြီးသား ဓာတ်အားပေးစနစ်ကို အဆင့်မြှင့်တဲ့နေရာမှာလည်း သီလဝါက အကျိုးအမြတ်ရှိစေပါလိမ့်မယ်" ဟု ဦးဆက်အောင်က ပြောသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ၏ ညွှန်းကိန်းအများစုတွင် အောက်ဆုံးနေရာအနီးတွင် စာရင်းဝင်နေသော်လည်း အစိုးရတာဝန်ရှိသူများက မြန်မာနိုင်ငံ၏ စီးပွားရေးက အကောင်းဖက်သို့ရောက်သွားလျှင် အခြေအနေများကို ပြောင်းလဲနိုင်လိမ့်မည်ဟု တာဝန်ရှိသူများကဆိုသည်။ "ကျနော်တို့မှာ ရှိနေတဲ့ ပြဿနာတွေကိုကြောက်ရွံ့ပြီး ရှောင်လွှဲနေလို့ မရပါဘူး" ဟု သမ္မတဦးသိန်းစိန်၏ အကြံပေးတဦးလည်းဖြစ်သော ဦးဆက်အောင်ကပြောသည်။ "အကျင့်ပျက်ခြစားမှုကလည်း ကျနော်တို့အတွက် အဓိကအခက်အခဲတခုပါ" ဟုလည်း သူကဝန်ခံခဲ့သည်။

Yoma Strategic Holding ၏ ဥက္ကဋ္ဌ Mr. Serge Pun က နောက်ထပ်အတားအဆီး တခုမှာ ကောလာဟလများကြောင့် မြေဈေးများ မြင့်တက်နေခြင်းဖြစ်သည်ဟု ပြောသည်။ တည်ဆောက်ရန် အလားအလာရှိနေသည့် စက်ရုံများကို အဟန့်အတားဖြစ်စေပြီး အကျိုးဆက်အနေဖြင့် အလုပ်အကိုင်အခွင့်အလမ်း ရသင့်သည်ထက် နည်းပါးသွားနိုင်သည်ဟုလည်း သူကဆိုသည်။

"အမှန်တကယ် ရင်းနှီးမြှုပ်နှံသူတွေကို သူတို့တတ်နိုင်တဲ့ မြေရရှိနိုင်အောင် စီစဉ်ပေးတဲ့နည်းနဲ့ ဒီပြဿနာကိုဖြေရှင်းဖို့ ရည်ရွယ်ထားပါတယ်။ အဲဒါက အလုပ်အကိုင်အခွင့်အလမ်းတွေကို ဖန်တီးပေးပါလိမ့်မယ်" ဟု Mr. Serge Pun က သူ မျှော်လင့်ထားသည်ကို ပြောသည်။

မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်မည့် အထူးစီးပွားရေးဇုန် ၃ ခု အနက်မှ တခုဖြစ်သော သီလဝါအထူးဇုန်သည် မြေယာသိမ်းယူခြင်းများလည်းရှိနေပြီး ထိုနေရာတွင် နေထိုင်သော လယ်သမားများအား လုံလောက်သည့်နစ်နာကြေး ပေးလျော်ခြင်းမရှိဆိုသည့် စွပ်စွဲချက်များနှင့် ရင်ဆိုင်နေရသည်။ ဦးဆက်အောင်က "ကျနော်တို့ အိမ်ထောင်စု ၈၀ ကျော်လောက်ကို စီမံကိန်းဧရိယာအနားက နေရာတခုမှာ ပြန်လည်နေရာချထားပေးခဲ့ပါတယ်" ဟု ဧရာဝတီကို ပြောသည်။

■

Automobile




ဓာတ်ပုံ – BMW ကုမ္ပဏီ

BMW ဇိမ်ခံကားတစ်စီး။

# BMW မြန်မာပြည်လာပြီ

မေခ

နာမည်ကျော် ဂျာမန်ကား BMW ကုမ္ပဏီ၏ မြန်မာနိုင်ငံဆိုင်ရာ တဦးတည်း ကိုယ်စား လှယ်ဖြစ်သည့် Prestige Automobiles ကုမ္ပဏီက BMW တံဆိပ် မော်တော်ယာဉ်သစ် ၉၅ စီးကို မြန်မာနိုင်ငံသို့ တင်သွင်းမည်ဖြစ်ပြီး မြန်မာနိုင်ငံ ကဥက္ကဋ္ဌအဖြစ်ဆောင်ရွက်မည့် ၂၀၁၄ ခုနှစ် အာဆီယံ ထိပ်သီးအစည်းအဝေးတွင် အသုံးပြုရန် အဆိုပါမော်တော်ယာဉ်သစ်များကို ခေတ္တပေးအပ်ထားမည်ဖြစ်ကြောင်း သိရသည်။

Prestige Automobiles ကုမ္ပဏီမှ ပြန်ကြားရေး အရာရှိ ဒေါ်စန်းစန်းမြင့်က "တင်သွင်းမယ့် ကားအမျိုးအစားတွေက 5 Series, 7 Series and X5 ကားအမျိုးအစားတွေ တင်သွင်းပါမယ်။ ကနဦး စစချင်းတော့ ၉၅ စီး တင်သွင်းပါမယ်။ နောက်ပိုင်းတော့ ဈေးကွက်လိုအပ်ချက်အရ တင်သွင်းသွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

ဝယ်ယူသည့် ကားများနှင့်ပတ်သက်၍ နိုင်ငံတကာတွင် ပေးထားသည့် ဝန်ဆောင်မှုအတိုင်းဝယ်ယူသူများကို ပေးအပ်သွားမည်ဟုလည်း ဆိုသည်။

"ရောင်းချမှုပိုင်းနဲ့ပတ်သက်ပြီးတော့ ခုချိန်မှာ ပြည်တွင်းက ဘဏ်တွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ အရစ်ကျ ပေးချေနိုင်မှုအပိုင်းကို နောက်ပိုင်းမှာ လုပ်ဆောင်နိုင်အောင် လုပ်ဆောင်သွားမှာပါ" ဟုလည်း ဒေါ်စန်းစန်းမြင့်က ပြောသည်။

နောက်ဆုံးပေါ် BMW ကားများကို ဒီဇင်ဘာလ ၆ ရက်နေ့မှ စတင်ကာ မြန်မာနိုင်ငံသို့ တင်သွင်း ရောင်းချရန် သဘောတူညီမှု ရရှိထားကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ကားအရောင်းပြခန်း ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း သိရသည်။

BMW ကုမ္ပဏီကအနေဖြင့် ၂၀၁၁၊ ၂၀၁၂ နှင့် ၂၀၁၃ ခုနှစ် အာဆီယံ ထိပ်သီး အစည်းအဝေးများတွင် နိုင်ငံ့ခေါင်းဆောင်များနှင့် အဆင့်မြင့် အရာရှိများ၏ သွားလာရေးအတွက် ပံ့ပိုးကူညီမှု ပြုခဲ့ပြီး လာမည့် ၂၀၁၄ ခုနှစ် မေလအတွင်း ၃ရက်ကြာ ကျင်းပမည့် အာဆီယံထိပ်သီး အစည်းအဝေးကို တက်ရောက်သော အာဆီယံနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် ဝန်ကြီးများ၏ သွားလာရေး အတွက် ကူညီသွားရန် စီစဉ်ထားကြောင်း သိရသည်။အစည်းအဝေးအပြီး အဆိုပါ မော်တော်ယာဉ်များကို ပြန်လည် ရောင်းချမည် ဖြစ်ကြောင်းလည်း ဆိုသည်။

"အခုပေးမယ့် ဝန်ဆောင်မှုက ကားနဲ့ပတ်သတ်ပြီး ပြင်ဆင်တာ၊ ရောင်းဝယ်တာ ဒီအပိုင်းတွေကို တနေရာထဲမှာလိုချင်တဲ့ Customer များ အတွက် ရည်ရွယ်ထားပါတယ်။ဝန်ဆောင်မှုပိုင်းကတော့ ဝယ်ယူတဲ့အခါမှာကော ဝယ်ပြီးတဲ့အခါမှာကော နိုင်ငံတကာမှာပေးတဲ့ ဝန်ဆောင်မှုတွေအတိုင်း အပြည့်အဝပေးမှာပါ။ အတိအကျ ဆောင်ရွက်သွားမှာပါ" ဟု ဒေါ်စန်းစန်းမြင့်က ပြောသည်။

လက်ရှိတွင် နာမည်ကျော်တံဆိပ်မျိုးစုံမှမြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်ရန် စီစဉ်နေသော်လည်း အစိုးရပိုင်းမှ နိုင်ငံတကာနည်းတူ တနေရာတည်းတွင် အလုံးစုံဝန်ဆောင်မှု ပေးနိုင်သည့် ကားအရောင်းစင်တာများကို ဖွင့်လှစ်ခွင့် မပြုသေးပေ။

အစိုးရဝန်ကြီးဌာနများ၊ လမ်းတံတားနှင့် မြို့ပြကျွမ်းကျင်ပညာရှင်များ၊ မော်တော်ယာဉ် ထုတ်လုပ် တင်သွင်း ရောင်းချသူများ အပါအဝင် နယ်ပယ်ပေါင်းစုံမှ ပညာရှင်များဖြင့် မော်တော်ကား မူဝါဒသစ်တခုကို ရေးဆွဲပြီးမှသာ ကားအရောင်း စင်တာများ ကိုဖွင့်ခွင့်ပေးသွားမည်ဟု သိရသည်။

"လတ်တလောက ဂျပန်တပတ်ရစ်တွေဝင်တာ ဝယ်တာများတယ်။ နာမည်ကြီးတံဆိပ်တွေ ဝင်လာပေမယ့် ဒီကလူတွေဝယ်နိုင်တဲ့ ဈေးရှိမှ ဒီကလူတွေက ဂျပန်ကားကြိုက်တာများတယ်။ အလုံးစုံ ဝန်ဆောင်မှုတွေနဲ့ သိပ်လည်းမရင်းနှီးဘူး "ဟု Farmer Auto မှ ဒေါက်တာ စိုးထွန်းကပြောသည်။

လတ်တလော ကားအရောင်းစင်တာ အများစုတွင် အရောင်းအဝယ် ကျဆင်းလျက်ရှိပြီး ရောင်းလိုအားက ဝယ်လိုအားထက် လွန်စွာ များပြားလျက်ရှိကြောင်း ကားအရောင်းစင်တာများထံမှ သိရသည်။

BMW ကားများကို မည်သည့်ဈေးနှုန်းဖြင့် ရောင်းမည်ကို မသိရသေးသော်လည်း ပုံပါ BMW 7 Series တစီး နိုင်ငံတကာဈေးကွက်တွင် အနည်းဆုံး ဒေါ်လာ ၇၄,၀၀၀ (မြန်မာငွေ ကျပ် သိန်း ၇၄၀ ခန့်) ပေါက်သည်။

BMW 7 Series အမျိုးအစားကားများကို နိုင်ငံတကာတွင် အစိုးရခေါင်းဆောင်များ၊ ကုမ္ပဏီ CEO များစီးနင်းကြပြီး BMW 3 Series အမျိုးအစားကားများကိုမူအလယ်အလတ်တန်းစားလူငယ်လုပ်ငန်းရှင်များစီးနင်းကြသည်။ အရှေ့တောင်အာရှနိုင်ငံတွင်လည်း BMW ကို ချမ်းသာကြွယ်ဝမှုနှင့် ဂုဏ်သိက္ခာအဆင့်အတန်း ဖော်ပြသည့် အနေဖြင့် စီးနင်းကြသည်။ ■

"BMW 7 Series အမျိုးအစားကားများကို နိုင်ငံတကာတွင် အစိုးရခေါင်းဆောင်များ၊ ကုမ္ပဏီ CEO များစီးနင်းကြပြီး BMW 3 Series အမျိုးအစားကားများကိုမူ အလယ်အလတ်တန်းစား လူငယ်လုပ်ငန်းရှင်များ စီးနင်းကြသည်"

Investment

# အထည်ချုပ်လုပ်ငန်းရှင်များ ပဲခူးကို မျက်စိကျ

စိုးစန္ဒာဦး

မြန်မာနိုင်ငံ၏ အထည်ချုပ်လုပ်ငန်းမှ ရင်းနှီးမြှုပ်နှံသူများက စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့၏ အပြင်ဘက်တွင်မြေနေရာများရှာဖွေနေကြကြောင်း သိရသည်။ ရန်ကုန်၏ မြေဈေးနှုန်း မြင့်မားမှုနှင့် အလုပ်သမားအင်အား ရှားပါးလာမှုကြောင့် အဆိုပါ စီးပွားရေးလုပ်ငန်းများကို အခြားနေရာများသို့ရောက်ရှိစေရန် ဖြစ်လာကြောင်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်း ရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးအောင်ဝင်းက ပြောသည်။



ဓာတ်ပုံ – Reuters

ရန်ကုန်မြို့၊ လှိုင်သာယာမှ အထည်ချုပ်စက်ရုံတရုံ။

ရန်ကုန်တွင် မြေဈေးများ အလွန်မြင့်မားနေသည့်အတွက် အထည်ချုပ်လုပ်ငန်းသို့ အသစ်ဝင်ရောက်လာသည့် ရင်းနှီးမြှုပ်နှံမှုများသည် ပဲခူး၊ ဧရာဝတီနှင့် မန္တလေးတိုင်းများဆီသို့ ရောက်ရှိသွားကြသည်ဟုလည်း သူကဆိုသည်။

“သူတို့က ပဲခူးကို အများဆုံး စိတ်ဝင်စားကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပဲခူးက ရန်ကုန်နဲ့ နီးတယ်။ အလုပ်သမားလည်း ရနိုင်တယ်။ နောက်ပြီး လျှပ်စစ်ဓာတ်အားရရှိမှုကလည်း ရန်ကုန်နဲ့ အများကြီး မကွာခြားဘူး” ဟု ဦးအောင်ဝင်း က ပြောသည်။

ဟောင်ကောင်၊ တောင်ကိုရီးယား နှင့် ဂျပန်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံသူများက စုံစမ်းမေးမြန်းခြင်းများ ရှိနေသည်ဟုလည်း သိရသည်။ လက်ရှိအချိန်တွင် ပဲခူး၌ အထည်ချုပ်စက်ရုံ ၂၀ ခန့်ရှိနေပြီး တောင်ကိုရီးယားနှင့် ဟောင်ကောင်ကုမ္ပဏီများမှ လာရောက်တည်ထောင်ထားကြခြင်း ဖြစ်သည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ စာရင်းဇယားများအရ ယခုနှစ်အတွင်းတွင် ဟောင်ကောင် ကုမ္ပဏီ ၂၀ကို မြန်မာနိုင်ငံတွင် ကုန်ထုတ်လုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ခွင့်ပြုချက်ပါမစ်ချထားပေးခဲ့သည်ဟု သိရသည်။ ၎င်းတို့ထဲမှ အများစုမှာ အထည်ချုပ် ကဏ္ဍမှဖြစ်သည်။

ရန်ကုန်၏ မြောက်ဘက်တွင်ရှိသော ပဲခူးတိုင်းသည် အလားအလာကောင်းသည့် ကုန်ထုတ်လုပ်ရေးဇုန်တခုအဖြစ် ဖွံ့ဖြိုးလာနေသည်ဟု အထည်ချုပ်လုပ်ငန်းဆိုင်ရာ အကြံပေးကုမ္ပဏီတခုဖြစ်သည့် Prince Edward Road Management ၏ ဥက္ကဋ္ဌ Lewis Leung ကပြောသည်။

“ပဲခူးရဲ့ အစိတ်အပိုင်းတချို့ဟာ စက်မှုဒေသတခုဖြစ်လာမယ်လို့ ကျနော်ထင်ပါတယ်။ ရန်ကုန်ကိုသွားတဲ့ အဝေးပြေးလမ်း တလျှောက်ဖြစ်ပြီးတော့ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်ရဲ့ အင်းတကော် စက်မှုနယ်မြေလည်း ပါဝင်ပါတယ်”ဟု သူက ဆိုသည်။

ပဲခူးတွင် ရင်းနှီးမြှုပ်နှံရန် စဉ်းစားနေခြင်းမှာ အဆိုပါဒေသတွင် လုပ်သားအင်အားပေါများပြီး လုပ်အားခလည်း ရန်ကုန်ထက် သက်သာသောကြောင့်ဟု Lewis Leung ကပြောသည်။ တောင်ကိုရီးယားနှင့် ဟောင်ကောင်မှ အခြားရင်းနှီးမြှုပ်နှံသူများလည်း လုပ်ငန်းများ အောင်မြင်စွာတည်ထောင်နိုင်ခဲ့ကြပြီဖြစ်သည်ဟုလည်း သူကထပ်ပြောသည်။

“အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနအနေနဲ့ ပဲခူးမှာ ရင်းနှီးမြှုပ်နှံမှုနဲ့ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန ရုံးခွဲတခု ဖွင့်လှစ်ပေးနိုင်မယ်ဆိုရင် အရမ်းကောင်းသွားမယ်လို့ ကျနော်ယုံကြည်ပါတယ်” ဟု Lewis Leung က ဆိုသည်။ သူက ပဲခူးတိုင်းတွင် စီးပွားရေးအလားအလာများ စူးစမ်းနိုင်ရန်အတွက် ဟောင်ကောင် ကုမ္ပဏီ ၅၀ ကျော်ကို ခေါ်ဆောင်လာခဲ့ပြီးဖြစ်သည်။

ရင်းနှီးမြှုပ်နှံသူများက မြန်မာနိုင်ငံ၏ အထည်ချုပ်လုပ်ငန်းကို အာရုံကျလာခြင်း၏ အကြောင်းများထဲတွင် ကမ္ဘာပေါ်၌ အကြီးမားဆုံးဈေးကွက် အစုအဖွဲ့များထဲက တခုက မြန်မာနိုင်ငံတွင် ထုတ်လုပ်သောအထည်များကို အကောက်ခွန်ကင်းလွတ်ခွင့်ပေးရန် အစီအစဉ်ရှိနေခြင်းကလည်း တစိတ်တပိုင်းပါဝင်နေသည်။

မြန်မာနိုင်ငံအပေါ် ဒဏ်ခတ်အရေးယူမှုများကို ဧပြီလ ၂၂ ရက်နေ့တွင် ရုပ်သိမ်းလိုက်သော ဥရောပ သမဂ္ဂက မြန်မာနိုင်ငံကို ကုန်သွယ်ရေး အထူးအခွင့်အရေးရနိုင်ငံ GSP အဆင့်အတန်း သတ်မှတ်ပေးရန် ဇူလိုင်လက ကတိပြုခဲ့သည်။ မြန်မာနိုင်ငံမှ တင်သွင်းလာသော ကုန်စည်များကို စည်းကြပ်သည့် အခွန်များလျော့ကျသွားမည် ဖြစ်သည့်အတွက် အထည်ချုပ်လုပ်ငန်း၏ အလားအလာအပေါ် စိတ်ဝင်စားစေခဲ့သည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ရရှိသည့် စာရင်းအချက်အလက်များအရ ၂၀၁၂-၁၃ အတွင်းတွင် ရင်းနှီးမြှုပ်နှံခွင့် လာရောက် လျှောက်ထားကြသည့် နိုင်ငံခြားကုမ္ပဏီ ၉၄ ခု၏ ၆၀ ရာခိုင်နှုန်းခန့်သည် အထည်ချုပ်လုပ်ငန်းပုံစံမျိုးဖြစ်သော ဖြတ်တောက်၊ ပြုလုပ်၊ ထုပ်ပိုး (CMP) လုပ်ငန်းများဖြစ်သည်။ ရန်ကုန်တွင် အထည်ချုပ်စက်ရုံ ၃၀၀ ခန့်ရှိပြီး အလုပ်သမား ၂၀၀၀၀ ခန့်ရှိသည် ဟုလည်း သိရသည်။ ■

Marketing

# ယဉ်ကျေးမှုလှိုင်းနှင့်အတူ ကိုရီးယားကား အရောင်းမြှင့်မည်



ရောဝတီ

မြန်မာပြည်တွင် ကိုရီးယားယဉ်ကျေးမှုအားကောင်းလာသည်နှင့်အမျှ Hyundai မော်တော်ကား ကုမ္ပဏီအနေဖြင့် လာမည့်သုံးနှစ်လေးနှစ်အတွင်းမြန်မာပြည်တွင်းဈေးကွက်၏ ၁၅ ရာခိုင်နှုန်းရရှိလာမည်ဟု ခန့်မှန်းကြောင်း ယင်းကုမ္ပဏီ၏ တဦးတည်းကိုယ်စားလှယ် Kolao Holdings ကပြောကြားလိုက်သည်ဟု ရိုက်တာ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

Hyundai မော်တော်ကား ကုမ္ပဏီသည် ရန်ကုန်တွင် ပထမဆုံးမော်တော်ယာဉ် အရောင်းပြခန်းကို ပြီးခဲ့သည့်သြဂုတ်လကဖွင့်လှစ်နိုင်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် အခြားမြို့ကြီးများတွင်လည်း အရောင်းပြခန်း ၁၄ ခုဖွင့်လှစ်သွားမည်ဟု Kolao Holdingsu ဆိုသည်။ ယင်းသည် ဂျပန်ကားများကလွှမ်းမိုးထားသော မြန်မာကားဈေးကွက်မှ ဝေစုရရှိရန်ထိုးဖောက်ရာ ဖွေကြိုးစားခြင်းဖြစ်သည်။

‘ကိုးရီးယားဇာတ်လမ်းတွဲ တွေကြည့်ရှုကြတဲ့ မြန်မာလူငယ်တွေ ကျနော်တို့ရဲ့အရောင်းပြခန်းကို လာရောက်ကြပါတယ်။ ဇာတ်လမ်းတွဲတွေမှာ တွေ့ရတဲ့ မော်တော်ယာဉ်တွေကို လာကြည့်ကြတာပါ။ မြန်မာနိုင်ငံရဲ့ မော်တော်ယာဉ်ဈေးကွက်ကို စိတ်ဝင်စားပါတယ်’ ဟု ကုမ္ပဏီအကြီးအကဲ Oh Sei-young က မီဒီယာတွေ့ဆုံပွဲတွင်ပြောသည်။

ကိုရီးယား ပေါ့ပ်ဂီတ၊ ဇာတ်လမ်းတွဲများကြောင့် ကိုရီးယား ယဉ်ကျေးမှုလှိုင်းသည် အာရှတစ်ခွင်ကို မကြာသေးခင်ကာလများမှစ၍ လွှမ်းမိုးလာခဲ့ပြီး ကိုရီးယားအတွက် ဝင်ငွေဒေါ်လာဘီလီယံချီရခဲ့သည်။

မြန်မာ့မော်တော်ကား ဈေးကွက်သည်လည်း သမ္မတဦးသိန်းစိန်အစိုးရ စတင်တာဝန်ယူခဲ့သည့် ၂၀၁၁ ခုနှစ်ဝန်းကျင်မှစ၍ ပွင့်လင်းလာခဲ့ပြီး ယာဉ်အို၊ ယာဉ်ဟောင်းများကို ပိုသစ်သောယာဉ်များဖြင့် အစားထိုးလဲလှယ် တင်သွင်းခွင့်ပြုခဲ့သည်။

Kolao Holdings အဆိုမြန်မာနိုင်ငံတွင်ခရီးသည်တင်ယာဉ်ယခုနှစ်အတွင်း ၃၃၀၄၆၈ အထိမှတ်ပုံတင်သောကြောင့် ယခင်နှစ်ထက် ၂၄ ရာခိုင်နှုန်း အထိမြင့်တက်လာကြောင်းနှင့် လူဦးရေ ၁၀၀၀ တွင် ၆ ကားပိုင်ဆိုင်ကြောင်း သိရသည်။

ယင်းမော်တော်ယာဉ် အများစုမှာ ဂျပန်ပြည်ထုတ်ယာဉ်များဖြစ်ပြီး ဂျပန်သည်အရှေ့တောင်အာရှ ကားဈေးကွက်တွင်ဝေစု အများဆုံးရထားသည်။

Nissan နှင့် Ford မော်တော်ယာဉ်ကုမ္ပဏီများသည်လည်း မြန်မာ့ဈေးကွက်တွင် ခြေကုပ်ယူနိုင်ရေး အပြိုင်ကြိုးပမ်းလာပြီး အစိုးရကလည်း ၂၀၁၁ ခုနှစ်တွင် ပြည်တွင်းမော်တော်ယာဉ်တင်သွင်းခွင့်ကို အားပေးမြှင့်တင်ခဲ့သည်။

Hyundai မော်တော်ယာဉ် ကုမ္ပဏီအနေဖြင့် Starex အမျိုးအစား ဗင်ကားများနှင့် Elantra စီဒင် ကားသေးများရောင်းချပြီး လာမည့်နှစ်အတွင်း ယာဉ်စီးရေ ၁၅၀၀ အထိ ရောင်းချနိုင်ရန် ရည်မှန်းထားကြောင်း Oh Sei-young က ပြောသည်။

မြန်မာ့အိမ်နီးချင်း လာအိုတွင် Kolao Holdingsu Hyundai Kia မော်တော်ယာဉ်နှင့် တရုတ်နိုင်ငံထုတ် Chery မော်တော်ယာဉ်များ၊ တပတ်ရစ်ကားများအတွက်လိုအပ်သောကားပစ္စည်းများကို တင်သွင်းနေပြီး မော်တော်ကားတင်သွင်းမှုဈေးကွက်၏ ၃၇ ရာခိုင်နှုန်းကို ထိန်းချုပ်ထားသည်။

Kolao Holdings အနေဖြင့် လာအို၊ မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံများအတွင်း ဈေးကွက်ထိုးဖောက်နိုင်ရေးရည်ရွယ်ကာ ဒီဇင်ဘာလတွင် ဒေါ်လာ သန်း ၁၅၀ တန်ဖိုးရှိ ရှယ်ယာများကို စင်ကာပူတွင် ရောင်းချခဲ့သည်။ ■

Since 1972

# YADANABON GLASS Co.,Ltd

" 3 Best " Company....Best Quality, Best Price and Best Service

**New Production**

## IGU-Glass ကိုဘာကြောင့်သုံးသင့်သလဲ

*We are proud of Made in Myanmar*

Low E နှစ်ထပ်မှန်တွေကစွမ်းအင်ထိန်းသိမ်းပေးနိုင်တဲ့ပြတင်းပေါက်မှန်တွေဖြစ်တယ်။နှစ်ထပ်မှန်ရဲ့မျက်နှာပြင်တစ်ဖက်ကိုအထူးစီမံပြုလုပ်ထားတဲ့Metallic film သုတ်လိုက်တဲ့အခါ-နှစ်ထပ်မှန်ရဲ့အပူကာကွယ်မှု့နှင့်နေရောင်ခြည်ထိန်းချုပ်မှု့ဆောင်ရွက်ချက်တွေကပိုမိုတိုးတက်လာပါတယ်။




ပတ်ဝန်းကျင်ဆိုင်ရာအထွေထွေသတိပေးချက်တွေသိပ်မကြာသေးခင်နှစ်တွေမှာပေါ်ထွက်လာခဲ့တဲ့အတွက်အဆောက်အဦးနဲ့အိမ်တွေရဲ့ပြတင်းပေါက်တွေကိုအပူချိန်ကာကွယ်ဖို့တိကျတဲ့စံနှုန်း (Standard) တွေကိုအသုံးပြုလာကြပါတယ်။အထူးသဖြင့်ဥရောပနဲ့မြောက်အမေရိကမှာစတင်အသုံးပြုလာကြပါတယ်။Low Eနှစ်ထပ်မှန်တွေကစွမ်းအင်သုံးစွဲမှု့လျှော့ချရာမှာကူညီပေးပါတယ်။ဒါကြောင့်ကမ္ဘာတစ်ဝှမ်းလုံးမှာအသုံးပြုမှု့များလာပါတယ်။ဒီလိုအပ်ချက်တွေကိုဖြေရှင်းဖို့အတွက်Yadanabon Glass Co.,Ltd က အဆောက်အဦးအမျိုးမျိုးရဲ့ဝင်ပေါက်တွေမှာအသုံးပြုဖို့စွမ်းအင်ထိန်းသိမ်းပေးနိုင်တဲ့မှန်တွေကိုထုတ်လုပ်နေပါတယ်။ဉပမာ-Stopray Ultravision 50 ဟာ Silver Coating အလွှာသုံးလွှာပါတဲ့စွမ်းအင်ထိန်းသိမ်းပေးနိုင်တဲ့ပြတင်းပေါက်မှန်အသစ်ဖြစ်ပါတယ်။ဒီမှန်အမျိုးအစားဟာမြင်နိုင်တဲ့အလင်းရောင်ကို 50% ဝင်ရောက်ခွင့်ပေးပြီးနေရောင်ခြည်ရဲ့ 20%လောက်ပိတ်ဆို့ပေးထားတဲ့နေရောင်ခြည်စွမ်းအင်အသွင်ကူပြောင်းပေးနိုင်ဖို့အကောင်းဆုံးရွေးချယ်မှု့တစ်ခုဖြစ်ပါတယ်။Stopray Ultravision 50 ဟာစွမ်းအင်ထိန်းသိမ်းမှု့မှာစိတ်ကျေနပ်မှု့ဖြစ်စေနိုင်ပြီး၊နောက်ဆုံးပေါ် Archi Design နဲ့လှပတဲ့မှန်အမျိုးအစားဖြစ်ပါတယ်။

Yadanabon Glass Co.,Ltd က State of the-art-Coating Techonology ကိုဆက်လက်မိတ်ဆက်ပေးမှာဖြစ်ပြီး၊(Laminated Glass with PVB) နှင့် (Double-Glazing Glass (ခေါ်) Insulated Glass with Argon Gas) ထုတ်လုပ်မှု့၊ဒေသအသီးသီးအတွက်နှစ်ထပ်မှန်ထုတ်လုပ်ပေးနိုင်မှု့၊ ပိုမိုအဆင့်မြင့်မားတဲ့ပစ္စည်းတွေထုတ်လုပ်နိုင်ဖို့အတွက် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်နေပါတယ်။

**We are not the Biggest, But we insist on the best!!**

YADANABON Glass က ထုတ်လုပ်လိုက်ပြီ။



ရုံးချုပ် - အမှတ် ၂၆၅pk ၊အခန်းအမှတ် (A001)၊ မြေညီထပ်-(8)ရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း(အထက်)၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။
TeL: ၉၅-၁ ၂၄၅၀၀၃၊ ၀၉- ၅၀ ၅၂၂၀၅၊
Email: glass.yadanabon@gmail.com

ရန်ကုန် - Show Room
(၁) အမှတ် ၁၃။၁၄၊ အောင်ဆန်းကွင်း အရှေ့ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း - ၀၁ ၃၉၄၀၈၁၊ ၀၉-၇၃၂၀၀၈၆၀။
(၂) အမှတ်(၁-A) ၊ ဘောက်ထော်သံလမ်းအနီး၊ရတနာလမ်း၊ သက်န်းကျွန်းမြို့နယ်။
ဖုန်း - ၀၁ ၅၇၀၄၇၀၊ ၀၉-၇၃၁၄၀၀၁၂။

မန္တလေး - Show Room
အမှတ် ၂၀၅၊ လမ်း ၈၀၊ ၃၀ × ၃၁ လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်။
ဖုန်း - ၀၂ ၃၄၈၄၀၊ ၀၉-၇၃၁၄၀၀၁၃။

နေပြည်တော် - Show Room
အမှတ် ၁၀၂၆။၁၀၂၇၊ရာဇဌာနီလမ်းနှင့်စံပယ်လမ်းထောင့်၊ တိုးချဲ့ရပ်ကွက်၊ ပေါင်းလောင်း (၃)။
ဖုန်း - ၀၆၇ ၂၃၈၂၃၊ ၀၉-၄၉၂၀၀၇၈၃။

**Hot Line**
09 5010994
09 8614 912

The Irrawaddy
Vol:1,No:1



‘ဉ’ ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆု ရရှိခဲ့သည့် ချောရတနာ ဆုလက်ခံယူနေစဉ်။



၂၀၁၂ ခုနှစ် မြန်မာ့ရုပ်ရှင် အကယ်ဒမီဆုရရှိသူများ။



‘ကယန်းအလှ’ ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင်ဇာတ်ပုံဆုရရှိခဲ့သည့် အောင်ကိုလတ်ကို တွေ့ရစဉ်။



‘ဉ’ ဇာတ်ကားဖြင့် အကောင်းဆုံးဒါရိုက်တာဆုရရှိခဲ့သည့် ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး) ကိုတွေ့ရစဉ်။




၂၀၁၂ ခုနှစ် ရုပ်ရှင်အကယ်ဒမီဆု ရရှိခဲ့သူများ။

# ၂၀၁၂ ခုနှစ် မြန်မာ့ရုပ်ရှင် အကယ

၂၀၁၂ ခုနှစ်အတွက် ရုပ်ရှင်အကယ်ဒမီဆုပေးပွဲကို ဒီဇင်ဘာလ ၂၉ ရက် အကယ်ဒမီ ဆု ၉ ဆုကို အနုပညာရှင်တွေက အသီးသီးဆွတ်ခူးရရှိသွားကြပါတ ကားထဲက အကောင်းဆုံး အနုပညာစွမ်းဆောင်ချက်များ အပေါ် စိစစ်ပြီး ထူးချွန်




‘လက်ပံ’ ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသား/အမျိုးသမီး ဇာတ်ဆောင်ဆု ရရှိခဲ့သည့် ပြေတီဦးနှင့် ဖွေးဖွေး။





'တိမ်မင်းသမီး၏ ဒဏ္ဍာရီ' ဇာတ်ကားဖြင့် အကောင်းဆုံး ကလေးသရုပ်ဆောင် အထူးဆုရရှိခဲ့သည့် ယွန်းယွန်းကို ဂုဏ်ပြုနေစဉ်။

# ယ်ဒမီပေးပွဲ အခမ်းအနား မြင်ကွင်း

နေ့ ညနေပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းကြီးမှာ ပြုလုပ်သွားရာမှာ
ယ်။ ဒီနှစ်ဆုပေးပွဲမှာ ၂၀၁၂ ခုနှစ်အတွင်း ရုံတင်ပြသခဲ့တဲ့ ရုပ်ရှင်ဇာတ်ကား ၁၇
ဆုများချီးမြှင့်ခဲ့တယ်လို့ သိရပါတယ်။

**ဓာတ်ပုံများ – ဂျေပိုင်/** The Irrawaddy






၂၀၁၂ ခုနှစ် အကယ်ဒမီဆုပေးပွဲအခမ်းအနားသို့ တက်ရောက်လာသည့် သရုပ်ဆောင်ညီနန္ဒမိသားစု။



၂၀၁၂ ခုနှစ် အကယ်ဒမီဆုပေးပွဲသို့တက်ရောက်လာသည့် 'ကယန်းအလှ'ဇာတ်ကားမှ ဇာတ်ဆောင်တဦး။



ဂျေပိုင်သည် ဧရာဝတီသတင်းဌာန၏ ဓာတ်ပုံသတင်းထောက်တဦးဖြစ်သည်။

# Travel



Mount Popa



ဓာတ်ပုံများ–စောလှိုင်/The Irrawaddy

ပုပ္ပါးတောင်ကလပ်ကို အနောက်ဖက်မှ မြင်တွေ့ရပုံ။

# အညာမြေရဲ့ အိုအေစစ်

**ကျော်ခ/ ကျောက်ပန်းတောင်း**

**မြန်**မာပြည်အလယ်ပိုင်း မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ်ထဲက ရာသီမရွေး စိမ်းလန်းနေတဲ့ ပုပ္ပားတောင်မကြီးကို လူအများက "မြန်မာပြည်အလယ်ပိုင်းရဲ့ ပန်းချီကားတချပ်" လို့ တင်စားကြသလို ဒေသခံအညာသူ၊ အညာသားတွေကလည်း "အညာမြေရဲ့အိုအေစစ်"လို့ တင်စားခေါ်ဆိုကြပါတယ်။

ပုပ္ပားဟာ အညာဒေသအပူပိုင်းဇုန်မှာသဲကန္တာရပြင်ကြီးထဲက အိုအေစစ်လို မိုးပါးရေရှား ရပ်ဝန်းရဲ့ စိမ်းလန်းစိုပြည်နေတဲ့ နေရာဖြစ်ပြီး စိမ့်စမ်းရေတွေရရှိတဲ့အတွက် ရာသီဥတုကအေးမြပြီး သစ်တောတွေလည်း ဖြစ်ထွန်းပါတယ်။

ဒီတောင်ကြီးကို တောင်ဘက်အရပ်ကနေကြည့်လိုက်ရင် စပါးပုံကြီးတပုံ ပုံထားသလို အလှဆုံးပုံသဏ္ဍာန်ကို တွေ့မြင်ရမှာဖြစ်ပြီး ကျန်တဲ့အရပ်မျက်နှာတွေကနေ ကြည့်ရင်လည်း ပုံသဏ္ဍာန်အမျိုးမျိုးမြင်ရတာကြောင့် ဒေသခံတချို့က "မျက်နှာများတဲ့တောင်" လို့လည်း ခေါ်ဆိုကြပြန်ပါတယ်။

အမြဲစိမ်းတောကြီးဖြစ်နေတဲ့ ပုပ္ပားတောင်ဟာ ပဲခူးရိုးမရဲ့ မြောက်ဘက်အစွန်းမှာ သီးခြားထိုးထွက်နေတဲ့ မီးတောင်ဟောင်းကြီးတခုဖြစ်ပြီး လွန်ခဲ့တဲ့နှစ်ပေါင်း ၂ သိန်းခွဲခန့်က ပေါက်ကွဲခဲ့တာဖြစ်နိုင်တယ်လို့ ပညာရှင်တွေက ခန့်မှန်းကြပါတယ်။

မီးတောင်ပေါက်ကွဲ စီးဆင်းခဲ့တဲ့ တကြောလုံးမှာတော့ တောင်ကြော၊ လျှိုမြောင်၊ ချိုင့်ဝှမ်းတွေ ထူထပ်ပြီး သားရိုင်းတိရစ္ဆာန်တွေ ကျက်စားနေထိုင်ပါတယ်။

ပန်းချီကားတချပ်လို လှပနေတဲ့ ပုပ္ပားတောင်ကြီးဖြစ်ဖို့ မှန်ပြတောင်၊ စပါးပုံတောင်၊ ဆေးမွှန်တောင်နဲ့ လပို့တောင် အပါအဝင် တောင်ထွတ်တွေက စုပေါင်းပြီးအလှဆင်ပေးထားကြတာပါ။

တောင်ပေါ်နဲ့ မီးတောင်ချိုင့်ဝှမ်းအတွင်းမှာတော့ အမြဲစိမ်းတော၊ တောင်ပေါ်တော၊ အထက်ရွက်ပြတ်ရောနှောတော၊ အောက်ရွက်ပြတ်ရောနှောတော၊ အင်တိုင်းတော၊ သန်းဒဟတ်တော၊ တောခြောက်၊ ဆူးခြုံပုတ်တောနဲ့ မြက်ခင်းတွေ အပါအဝင်တောအမျိုးမျိုး ရှိပါတယ်။ မီးတောင် စတင်ပေါက်ကွဲခဲ့တဲ့ တွင်းဝရှိရာ ချုံမတွင်းတောကြီးကတော့ တောအထူဆုံးလို့ ဆိုရမှာဖြစ်ပါတယ်။

သစ်တောတွေ ပေါများလှတဲ့ ပုပ္ပားတောင်ပေါ်တက်တဲ့ လမ်းတွေထဲကို ဝင်လိုက်တယ်ဆိုရင်ပဲ အေးစိမ့်တဲ့ အအေးဓာတ်ကို ကြုံတွေ့ရမှာပါ။ နိုင်ငံခြားသား ခရီးသွားတွေကတော့ အပူပိုင်းဇုန်မှာ ထူးထူးကဲကဲကြုံတွေ့ရတဲ့ ဒီအအေးဓာတ်ကို သဘောကျကြပါတယ်။ ဒီတောင်ရဲ့ အမြင့်ဆုံးအပူချိန်က ၁၀၈ ဒီဂရီ ဖာရင်ဟိုက်ရှိပြီး အနိမ့်ဆုံးအပူချိန်ကတော့ ၅၅ ဒီဂရီ ဖာရင်ဟိုက် ရှိပါတယ်။

အခုဆိုရင် ပုပ္ပားတောင်ကြီးပေါ်ကို နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားတွေ တော်တော်များများ စိတ်ဝင်တစား ဝင်ထွက်လေ့လာနေကြတာ တွေ့ရပါတယ်၊ တချို့ကတော့ သဘာဝပေါက်ပင်တွေ၊ ငှက်လိပ်ပြာနဲ့ အင်းဆက်တွေ၊ သစ်ခွနဲ့ ပရဆေးပင်တွေကို လေ့လာကြပါတယ်။

တချို့ကတော့ ကမ္ဘာပေါ်မှာရှားပါးပြီး မျိုးသုဉ်းမယ့် အန္တရာယ်နဲ့ ရင်ဆိုင်နေရတဲ့ မျောက်မျက်ကွင်းဖြူတွေကို လေ့လာကြတာပါ။ မျောက်မျက်ကွင်းဖြူတွေကတော့ မီးတောင်ဝကြီးထဲမှာရှိတဲ့ လျှိုမြောင်၊ ချိုင့်ဝှမ်းတွေထဲက တောအုပ်တွေထဲမှာ ကျက်စားပါတယ်။

လေ့လာသူတွေက မီးတောင်ဝကြီး အတွင်းအထိဆင်းပြီးလေ့လာကြတာဖြစ်သလို တောကြောင်ရိုင်းတွေနဲ့ အခြား တောရိုင်းတိရစ္ဆာန်တွေကို သွားရောက်လေ့လာကြပါတယ်။ ဒီတောင်ပေါ်မှာရှိတဲ့ တောရိုင်းတိရစ္ဆာန်တွေထဲမှာ လူကိုရန်ပြုတိုက်ခိုက်တတ်တာဆိုလို့ တောဝက်တမျိုးပဲရှိပါတယ်။ ဒါကလည်း ရံဖန်ရံခါ လမ်းကြုံတဲ့အခါမျိုးမှ ဖြစ်ပါတယ်။

ပုပ္ပားတောင်ပေါ်မှာ သစ်မျိုး ၃၀၀၊ ဝါးမျိုး ၈ မျိုး၊ ပရဆေး ၁၄၅ မျိုး၊ သစ်ခွ ၅၂ မျိုး၊ နို့တိုက်သတ္တဝါ ၁၀ မျိုး၊ ငှက်မျိုးစိတ် ၁၃၀ ခန့်၊ လိပ်ပြာ



wc;Ukawhurn@yrSSyDrkd;kr , ntEÄA , eY
&ifqkde&wa;rsmufufm;Gl;zLawOd
avbkmuwmy/

မျိုးစိတ် ၁၀၀ ခန့်နဲ့ သစ်ခွမျိုးစိတ် ၁၂ မျိုးတို့ကို တွေ့ရှိထားကြောင်း သစ်တောဦးစီးဌာနနဲ့ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS) မြန်မာနိုင်ငံ အစီအစဉ်တို့က ပူးပေါင်းထုတ်ပြန်ထားပါတယ်။

ဒီလိုမျိုးစိတ်တွေကို စိတ်ဝင်စားကြတဲ့ နိုင်ငံခြားသားတွေက ပုပ္ပားတောင် ဉယျာဉ်ပညာပေးပြခန်းမှာ နမူနာအဖြစ် သွားရောက်ကြည့်ရှုပြီးတော့မှ လမ်းပြတွေ အကူအညီနဲ့ တောတွင်းကိုဝင်ပြီး လေ့လာကြတာ ဖြစ်ပါတယ်။

တချို့ခရီးသည်တွေကတော့ တောင်မကြီးပေါ်ကို အပျော်တမ်း လမ်းလျှောက်တက်ကြပါတယ်။ တောင်ခြေမှာတော့ ခရီးသည်တွေ တည်းခိုနိုင်တဲ့ မြန်မာသူဌေးကြီး ဦးတေဇရဲ့ Popa Mountain Resort တခုလည်း ရှိပါတယ်။

ပုပ္ပားတောင် ဉယျာဉ်ကြီးထဲမှာ မြင်းစီးစခန်းတွေ ရှိနေတာကိုလည်း နိုင်ငံခြားသားတွေက နှစ်ခြိုက်ကြပါတယ်။ ရှားပါးလှတဲ့ စန္ဒကူးတောကြီးကိုတော့ ၁၆ ဧက ကျယ်ဝန်းတဲ့ ခြံစည်းရိုးတွေကာရံထားပြီး အထဲမှာ ဆတ်တွေနဲ့ သမင်တွေလည်း ရှိပါတယ်။

ပုပ္ပားဒေသကို ဒီဇင်ဘာ၊ ဇန်နဝါရီလတွေဆိုရင် ဆောင်းခိုငှက်တွေ လာကြတော့မှာဖြစ်တဲ့အတွက် ဆောင်းခိုငှက်တွေကို စောင့်ပြီးဓာတ်ပုံရိုက်တဲ့လူတွေလည်း ရောက်လာကြတော့မှာပါ။

ပုပ္ပားတောင်ကြီးဟာ သူ့အပေါ်မှာ မှီခိုနေကြတဲ့ တောရိုင်းတိရစ္ဆာန်တွေအတွက် လုံခြုံမှုပေးရုံတင် မကပါဘူး၊ ပုပ္ပား၊ ကျောက်ပန်းတောင်းမြို့ အပါအဝင် ဒီတောင်ကြီးကို မှီခိုနေကြတဲ့ ဒေသခံရွာသူရွာသားတွေကလည်း ဒီတောင်ကြီးကနေ စိမ့်ထွက်နေတဲ့ စိမ့်စမ်းရေတွေကို အဓိကထားပြီး သောက်သုံးနေကြရတာပါ။

ဒီတောင်ကထွက်တဲ့ ရေထွက်ပေါင်း ၁၁၁ ခု ရှိတဲ့အထဲမှာ နှစ်ပေါက်ထွက်တဲ့ ရေထွက်က ၃၆ ခု ရှိပါတယ်။ အဲဒီအထဲမှာ အကြီးဆုံးရေထွက်တွေဖြစ်တဲ့ ငဝစမ်း ရေထွက်၊ နှမတော် ရေထွက်နဲ့ ရေဆူ ရေထွက်တို့ကတော့ ထင်ရှားပါတယ်။

တောင်ခြေမှာရှိတဲ့ ဒေသခံရွာတွေကတော့ မြေပဲ၊ ပဲစင်းငုံ၊ ပဲနောက်၊ ကြက်သွန်၊ နဂါးမောက် စတဲ့ ရာသီပေါ်သီးနှံတွေကို အဓိကထား စိုက်ပျိုးပြီး အသက်မွေးဝမ်းကျောင်းကြပါတယ်။

ပင်လယ်ရေမျက်နှာပြင်အထက် ၄၉၈၁ ပေ မြင့်တဲ့ ပုပ္ပားတောင်ကြီးရဲ့ နိမ့်ဆင်းသွားတဲ့ ဆင်ခြေလျှောပေါ်မှာတော့ ပေ ၂၄၁၇ ပေမြင့်တဲ့ မတ်ဆောက်တဲ့ ပုပ္ပားတောင်ကလပ်တခု ရှိပါတယ်။ ဒီတောင်ကလပ်ကိုတော့ သုတေသနပညာရှင်တွေက မီးတောင် ပေါက်ကွဲစဉ်တုန်းက လွင့်စင်လာတဲ့ အစိတ်အပိုင်းတခုလို့ ပြောဆိုတာတွေ ရှိသလို၊ မီးတောင်လည်တိုင်လို့ ပြောဆိုတာလည်း ရှိပါတယ်။

အဲဒီ တောင်ကလပ်ပေါ်မှာတော့ ဘုရားပုထိုးစေတီတွေ၊ နတ်ကွန်းတွေရှိပြီး နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်တွေ၊ ပြည်တွင်း အနယ်နယ်အရပ်ရပ်ကလာတဲ့ နတ်ကိုးကွယ် ယုံကြည်ကြတဲ့သူတွေ၊ ဘုရားဖူးတွေ၊ အပန်းဖြေလေ့လာရေး ခရီးထွက်သူတွေနဲ့ နေ့စဉ်လူစည်ကားနေတဲ့ နေရာတခု ဖြစ်ပါတယ်။ ပုပ္ပားဒေသဟာ နတ်ကိုးကွယ်မှုအခြေခံဒေသတခုဖြစ်ပြီး ပုဂံခေတ်ကတည်းက ထင်ရှားတယ်လို့လည်း မှတ်တမ်းတွေက ဆိုပါတယ်။

သဘာဝအလှတရားတွေ၊ တောရိုင်းတိရစ္ဆာန်တွေနဲ့ အခြားစိတ်ဝင်စားစရာတွေ ရှိနေတဲ့ ပုပ္ပားတောင်ကြီးကို နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်တွေနဲ့ လေ့လာလိုသူတွေ ပိုပြီးလေ့လာလည်ပတ်နိုင်အောင် ပြုလုပ်ပေးရမယ့် အစီအစဉ်တွေ အားနည်းနေတာကိုတော့ ခရီးသွား လုပ်ငန်းရှင်တွေက အားမလို အားမရ ဖြစ်ကြပါတယ်။

“နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်တွေနဲ့ လေ့လာလိုသူတွေ ပိုပြီးလေ့လာလည်ပတ်နိုင်အောင် ပြုလုပ်ပေးရမယ့် အစီအစဉ်တွေ အားနည်းနေတာကိုတော့ ခရီးသွားလုပ်ငန်းရှင်တွေက အားမလိုအားမရ ဖြစ်ကြပါတယ်။”

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးနောင်နောင်ဟန်က “နိုင်ငံခြားသား ခရီးသွားဧည့်သည်တွေအတွက် ရွေးချယ်စရာတွေ အများကြီးရှိသင့်တာပေါ့၊ တချို့သူများနိုင်ငံတွေမှာ ဒီလိုသဘာဝ အခြေခံကောင်းတွေ မရှိဘဲနဲ့တောင်မှ ပြုပြင်ပြီးတော့ ဒါတွေကို ဖန်တီးနေကြတာလေ၊ ကျနော်တို့မှာ မီးတောင်ကြီးရှိနေတာ၊ သဘာဝတောနဲ့ သားရိုင်းတိရစ္ဆာန်တွေရှိနေတာ၊ ဘေးပတ်ဝန်းကျင်မှာလေ့လာစရာကျေးရွာတွေကလည်းရှိတော့ သူတို့အတွက် ရွေးချယ်စရာလေးတွေ များများရှိအောင် လုပ်ပေးထားရမှာ” လို့ ဆိုပါတယ်။

မီးတောင်ဟောင်းကြီးဖြစ်တဲ့ ပုပ္ပားတောင်ကြီးကို ၁၉၀၂ ခုနှစ်မှာ အစိုးရက သစ်တောကြိုးဝိုင်း စတင်ထူထောင်ခဲ့ပြီး ၁၉၇၃ ခုနှစ်မှာ ထပ်ပြီးတိုးချဲ့ခဲ့ပါတယ်။ ၁၉၈၂ ခုနှစ်မှာတော့ သဘာဝထိန်းသိမ်းရေး နယ်မြေအဖြစ် စတင်ခဲ့ပြီး ၁၉၉၃ ခုနှစ်ထဲမှာ အများပြည်သူ လေ့လာနိုင်ဖို့အတွက် အစိုးရက ဖွင့်လှစ်ပေးခဲ့ပါတယ်။ ပုပ္ပားတောင်ရဲ့ လက်ရှိ စုစုပေါင်း ဧရိယာက ၄၇၉၉၃ ဧက ဖြစ်ပါတယ်။

ပုပ္ပားဒေသဟာ မြန်မာနိုင်ငံရဲ့ ခရီးသွားဇုန်တွေထဲမှာတော့ ပုဂံဇုန်ထဲမှာ ရှိနေပါတယ်။ ဒီနေရာကိုရောက်ဖို့အတွက် ရန်ကုန်ကနေ ကုန်းလမ်းခရီးအတိုင်း ဘက်စ်ကားနဲ့ မိုင် ၄၁၀ ဖြတ်သန်းခဲ့ရပါတယ်။ ကမ္ဘာလှည့်ခရီးသည်တွေ အများဆုံး လာရောက်ကြတဲ့ ပုဂံ-ညောင်ဦးနဲ့ကတော့ မိုင် ၃၀ သာကွာဝေးပြီး မန္တလေးက ဆိုရင်တော့ မိုင် ၁၆၀ ရှိပါတယ်။

ပုပ္ပားတောင်ကို ရောက်ရင်တော့ ထူးထူးခြားခြား သင်းပျံ့တဲ့မွှေးရနံ့တခုကိုလည်း ရရှိနိုင်ပါတယ်။ အဲဒါကတော့ စကားဝါပန်းတွေရဲ့ ရနံ့တွေပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံသားတွေကတော့ ပုပ္ပားတောင်ကိုရောက်ရင် စကားဝါရနံ့လေး ရလိုက်မှ ပိုပြီး ပြည့်စုံတယ်လို့ ဆိုကြပါတယ်။ ဒေသခံ အညာသူ၊ အညာသားတွေကတော့ သူတို့ဒေသရဲ့ စကားဝါပန်းတွေ ပေါများတာကို ဂုဏ်ယူပြီး “စကားဝါမြေ” လို့တောင် တင်စားပြောဆိုကြပါတယ်။ ■







ပုပ္ပါးဒေသသို့ လာရောက်လည်ပတ်ကြသော ကမ္ဘာလှည့်ခရီးသည်များ။

# Interview

Women

# ယောက်ျားတွေကျတော့ ဘာကြောင့် လူပျိုစစ်ဖို့ မလိုတာလဲ

**ဆမန်သာ မိုက်ကယ်စ်/ The Irrawaddy**

Z မသဘာဝနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုသည်မှာ မြန်မာတို့၏လူမှုနယ်ပယ်တွင် ဆွေးနွေးရန် တားမြစ်ထားသည့် အကြောင်းအရာတမျိုးဟု ဆိုနိုင်သော်လည်း လတ်တလောတွင်ပြုပြင်ပြောင်းလဲမှုများ ဆက်တိုက်ဖြစ်ပေါ်လျက်ရှိသည်ဟု အမျိုးသမီးအခွင့်အရေး တက်ကြွလှုပ်ရှားသူ မထားထားကစတင်၍ ထုတ်ဖော်ပြောဆိုသည်။

မထားထားကို ရန်ကုန်မြို့ ဘတ်စ်ကားများပေါ်တွင်အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာနှောင့်ယှက်စော်ကားမှုကို သတိပြုမှုစေရန် ခရာမှုတ်ပြီး အကူအညီတောင်းသော လှုပ်ရှားမှုလုပ်ဆောင်ခဲ့သူအဖြစ် လူသိများကြသည်။ မထားထားနှင့် စေတနာ့ဝန်ထမ်းအချို့က ဘတ်စ်ကားစီးမည့် ခရီးသည်အမျိုးသမီးများကို မလိုလားအပ်သော အဖြစ်အပျက်များ ဖြစ်ပေါ်လာပါက မည်သို့အသံပေးရမည်စသော ညွှန်ကြားချက်များနှင့်အတူ မနက်ခင်းများတွင်ခရာများ လိုက်လံဝေငှခြင်းဖြင့် နိုင်ငံတကာမီဒီယာများ၏အာရုံကို ဆွဲဆောင်နိုင်ခဲ့သည်။

သို့သော် အသက် ၄၁ နှစ်အရွယ်ရှိပြီဖြစ်သည့် မထားထားက အမျိုးသမီးအခွင့်အရေးကိစ္စများနှင့်ပတ်သက်၍ သဘောပေါက်နားလည်မှုများ ပိုမိုမြင့်တက်လာစေရန် ကြိုးပမ်းအားထုတ်ခဲ့သည်မှာ ခရာမှုတ်သောလှုပ်ရှားမှု မတိုင်မီကတည်းကဖြစ်သည်။

၂၀၀၈ ခုနှစ်တွင် သူနှင့်မိတ်ဆွေများ ပါဝင်သော အဖွဲ့တခုသည် ၁ လတကြိမ် စတင်စုဝေးခဲ့ပြီး မျိုးဆက်ပွား ကျန်းမာရေးနှင့်ပတ်သက်၍ လေ့လာဆွေးနွေးခဲ့ကြသည်။ အသိအမြင်များ ပိုမိုကျယ်ပြန့်လာနိုင်စေရန် ရည်ရွယ်၍ လိင်ကွဲပြားမှု၏အခန်းကဏ္ဍ၊ ဖိုမသဘာဝနှင့် မျိုးဆက်ပွားကျန်းမာရေး၊ ကလေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် နောက်လာမည့်မျိုးဆက်သစ်တွင် လိင်အရတန်းတူညီမျှမှုရရှိရေးစသည့် အကြောင်းအရာများ ဆွေးနွေးပြောဆိုနိုင်ရန် အတွက် အမျိုးသမီးအဖွဲ့များနှင့် ကလေးမိခင်များ ပါဝင်သော ကွန်ရက်တစ်ခုကို ကူညီစုစည်းပေးခဲ့သည်။

'အခရာ' ဟု အမည်ရသည့် ကွန်ရက်သည် ထိုအချိန်မှစ၍ ဖွံ့ဖြိုးလာခဲ့ပြီး ယနေ့အချိန်တွင် အမျိုးသမီးအဖွဲ့ခုနှစ်ဖွဲ့ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်နေသည်။ ဧရာဝတီသတင်းဌာနကတွေ့ဆုံမေးမြန်းခဲ့ရာတွင် မြန်မာအမျိုးသမီးများကြားပြောဆိုဆွေးနွေးမှု ပုံစံအသစ်များ ဖြစ်ပေါ်လာစေရန် အဘယ်ကြောင့် ဆောင်ရွက်ချင်သည် ဆိုသည့် အကြောင်းနှင့် အမျိုးသမီးလိင်သဘာဝနှင့်ပတ်သက်သည့် ခေတ်ဟောင်းအယူအစွဲများကို မည်ကဲ့သို့ တိုက်ဖျက်နေသည်ဆိုသည်များကိုမထားထားက ပြောပြခဲ့ပါသည်။

*မေး။ ။ 'အခရာ' ကိုဘာကြောင့်စတင်ခဲ့တာလဲ။*

ဖြေ။ ။ လွန်ခဲ့တဲ့ ငါးနှစ်လောက်အထိတော့ အဖွဲ့အစည်း တခုကို စတင်တည်ထောင်ဖို့အစီအစဉ်မရှိပါဘူး။ ၂၀၀၈ ခုနှစ်ရောက်တဲ့အချိန်မှာ အစ္စရေးနိုင်ငံကရောက်လာတဲ့ လိင်မှုဆိုင်ရာ ကုထုံးပညာရှင်တစ်ယောက်ဆီမှာ အမျိုးသမီးလိင်သဘာဝနဲ့လူတွေရဲ့ ကိုယ်ခန္ဓာမှာရှိတဲ့ ဖိုမလက္ခဏာတွေ အကြောင်းကို သင်ယူဖို့ အမျိုးသမီး ၁၀ ယောက် အဖွဲ့တခုဖြစ်လာတယ်။ ငါးယောက်က အိမ်ထောင်ရှိတယ်၊ ကျန်တဲ့ငါးယောက်က လူလွတ်တွေပေါ့။ ကျမတို့ ပထမဆုံးကြားဖူးတဲ့ အခြေခံအသိတွေပါပဲ။ ကျမတို့ရဲ့ အတွေးအခေါ်တွေ၊ နေထိုင်မှုပုံစံတွေ၊ တကယ်ကို ပြောင်းလဲသွားစေခဲ့ပါတယ်။

ကျမတို့ရဲ့ ကိုယ်ပိုင်ခန္ဓာကို ကိုယ်ပိုင်ထိန်းချုပ်နိုင်ခွင့်ရှိတယ် လို့ခံစားရတယ်။ ဒါတွေက ကျမတို့ မြန်မာအမျိုးသမီးတွေ ဘယ်တုန်းကမှမရနိုင်ခဲ့တဲ့ အကြောင်းအရာတွေပါ။ ဒီမှာလိင်ခွဲခြားမှု ကြောင့် မညီမျှမှုတွေအများကြီးရှိတယ်လို့လဲ အဖြေထွက်လာတယ်။ အမျိုးသမီးတွေကို ဒုတိယတန်းစားနိုင်ငံသားတွေလို သဘောထားတာခံရတယ်။ ဥပမာပြောရရင် ကျမတို့ရဲ့ ရာသီသွေးကို ညစ်ညမ်းတယ်လို့ ကျမတို့ကထင်ကြတယ်။ ဒါကြောင့် ယောက်ျားတွေနဲ့ထိတွေ့ဖို့၊ မြင့်မြတ်တဲ့နေရာတွေသွားဖို့ မထိုက်တန်ဘူးလို့ စိတ်ထဲမှာ ခံစားကြရတယ်။

ကျမတို့ဟာ ဒုတိယတန်းစား နိုင်ငံသားတွေဖြစ်တယ်ဆိုတဲ့ စိတ်ခံစားမှုကမျိုးဆက်နဲ့ချီပြီး သမိုင်းနဲ့ချီပြီးရှိခဲ့တယ်။ ဒါကြောင့်အမျိုးသမီးတွေရဲ့အခြေခံ လိင်သဘာဝလက္ခဏာအကြောင်းကို စတင်သင်




ဓာတ်ပုံများ –ဇေယျာပိုင်/ The Irrawaddy

အမျိုးသမီးအခွင့်အရေး တက်ကြွလှုပ်ရှားသူ မထားထား။



# rdefrawG[ vuf t mucfwVd;pfeayr , frd;pkS
# rdefrawGr&Sd;pfe&mrSS , fvSurwbf
# , kdnfxm;yw , f

ကြားလေ့လာခဲ့ပါတယ်။ ကျမပိုင်ဆိုင်တဲ့ ခန္ဓာကိုယ် အကြောင်းကို သိနိုင်ဖို့ အခွင့်အရေးရှိတယ်လို့လည်း ခံစားခဲ့ရတယ်။

နောက်ပိုင်းမှာ ကျမတို့အဖွဲ့ တလတကြိမ် ဆက်လက် တွေ့ဆုံပြီးတော့ဖိုမလက္ခဏာနဲ့ပတ်သက် လို့ဆက်လက်လေ့လာခဲ့ပါတယ်။ The Bill & Melinda Gates ဖောင်ဒေးရှင်းက ထောက်ပံ့ထားတဲ့ အဖွဲ့တစ်ခုက အခမဲ့ဝက်ဆိုက်တခုလုပ်ပြီး လိင်ကျန်းမာရေးနဲ့ပတ်သက်တဲ့ အွန်လိုင်းသင်တန်းငယ် တခုလုပ်ပေးတယ်။ ကျမတွေးတယ်လေ။ တခြားမိန်းမတွေမှာသင်ယူ ချင်စိတ်ရှိမယ်ဆိုရင် ကျမတို့ကလည်းဘာဖြစ်လို့ သတင်းတွေကို မဖြန့်ဝေပေးနိုင်ရမှာလဲလို့။

*မေး။ ။ လိင်ပိုင်းဆိုင်ရာ ကျန်းမာရေးနဲ့ပတ်သက်ပြီးလေ့လာဖို့ ဘယ်အချိန်မှာစပြီး စိတ်ဝင်စားလာခဲ့ပါသလဲ။*

ဖြေ။ ။ မြန်မာနိုင်ငံမှာ HIV ကာကွယ်ရေးနဲ့ ကုသရေးလုပ်ငန်းတွေလုပ်နေတဲ့နိုင်ငံတကာ NGO တခုဖြစ်တဲ့ Burnet Institite မှာ ကျမအလုပ်လုပ်ခဲ့ပါတယ်။ ကျမက ကာကွယ်ရေးပိုင်းမှာတာဝန်ခံဖြစ်ပြီးတော့ ဖိုမသဘာဝနဲ့ပတ်သက်ပြီး လေ့ကျင့်သင်တန်းပေးသူလည်း လုပ်ခဲ့ပါတယ်။ ဒါပေမယ့် HIV ကာကွယ်ရေးအတွက် လုံခြုံစိတ်ချရတဲ့ လိင်ဆက်ဆံမှုနဲ့ ပတ်သက်ပြီး လူတွေကိုမေးရမယ့် အခါတိုင်း ပြောဆိုဆွေးနွေးမှုက ရပ်သွားတယ်။ ကျမတို့လိုရင်းအချက်ကိုရောက်အောင်မသွားနိုင်ခဲ့ဘူး။ ဖိုမသဘာဝလက္ခဏာတွေနဲ့ပတ်သက်လို့ကျမတို့ရဲ့အသိအမြင်ကတကယ်ကိုကန့်သတ်ခံထားရတယ်။လေ့ကျင့်ရေးတာဝန်ရှိသူ တယောက်အနေနဲ့ဆိုရင် ကျမရဲ့အာရုံထားစရာနေရာကကျဉ်းမြောင်းပါတယ်။ လိင်စိတ်နှစ်မျိုးရှိတဲ့ ယောကျ်ားတွေ၊ ဒါမှမဟုတ် ယောကျ်ားချင်း လိင်တူဆက်ဆံမှု ဒါတွေပဲရှိပါတယ်။ ယောကျ်ားတွေရော မိန်းမတွေနဲ့ပါ သက်ဆိုင်တဲ့ ဖိုမသဘာဝလက္ခဏာ အခြေခံအချက်အလက်တွေ ဒီမှာမရှိဘူး။ ဒါကြောင့် ကျမအဖြေတစ်ခုရှာခဲ့ရပါတယ်။

*မေး။ ။ ခရာမှုတ်ပြီး အကူအညီတောင်းတဲ့ လှုပ်ရှားမှု အကြောင်း ထပ်ပြောပြပေးပါလား။*

ဖြေ။ ။ ဒီလှုပ်ရှားမှုကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ မနက်ပိုင်းတွေမှာ ၄ ကြိမ်လုပ်ခဲ့ပါတယ်။ ကျမတို့က ဘတ်စ်ကားပေါ်မှာ နေ့စဉ်ကြုံတွေ့နေရတဲ့ လိင်ပိုင်းဆိုင်ရာ စော်ကားနှောင့်ယှက်မှုတွေ အကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် သိသွားစေချင်ပါတယ်။ ဒီကိစ္စကအမျိုးသမီးတွေရဲ့နေ့စဉ်ဘဝမှာပုံမှန်ကြုံနေရတဲ့ကိစ္စတစ်ခုဖြစ်လာပါတယ်။ ဒါပေမဲ့ ဒါကို ထုတ်ဖော်ဆွေးနွေးခြင်း မရှိသေးပါဘူး။ ဒီလှုပ်ရှားမှုကိုလုပ်လိုက်ခြင်းအားဖြင့် သတင်းစကားတွေက နိုင်ငံခြားမီဒီယာတွေအပါအဝင် မီဒီယာတွေက နေတဆင့် ပျံ့နှံ့သွားမယ်လေ။

ကျမတို့ကို ကူညီခဲ့တဲ့သူတွေ အများကြီးရှိပါတယ်။ ဒါပေမဲ့ တကယ်လက်တွေ့အခြေအနေနဲ့ ကြုံလာတဲ့အခါ မိန်းမတွေက ခရာကိုမှုတ်ရဲပါမလားလို့သူတို့တွေးကြတယ်။ အကြောင်းကတော့ ကျမတို့မြန်မာအသိုင်းအဝိုင်းက အမျိုးသမီးတွေက ရှက်ကြောက်တတ်ကြတယ်။ ဘတ်စ်ကားဒရိုင်ဘာတွေကတောင် ကျမတို့ကိုကူညီမယ်လို့ ပြောကြပါတယ်။ ကျမတို့ညနေဘက် ပြန်လာမယ်ဆိုရင် သူတို့လည်း ခရာတွေကူညီပြီးဝေပေးမယ်တဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ယောကျ်ားတွေအရက် သောက်ပြီးဘတ်စ်ကားစီးကြတဲ့ ညနေပိုင်းတွေမှာ ဒီလိုစော်ကားနှောင့်ယှက်မှုတွေကပိုဖြစ်တတ်လို့ပါ။ ဒီလှုပ်ရှားမှုဟာ လိင်ပိုင်းဆိုင်ရာ စော်ကားနှောင့်ယှက်မှုကို လုံးဝရပ်တန့်သွားအောင်လုပ်နိုင်မှာ မဟုတ်ဘူးဆိုတာကိုတော့ ကျမတို့ သတိပြုမိပါတယ်။

ဒါပေမဲ့ ဒါကို ကျမတို့ကရေရှည်မှာ ဆက်ပြီးလက်ခံတော့မှာ မဟုတ်ဘူးဆိုတာကို ပြချင်တဲ့အတွက် လုပ်ခဲ့တာပါ။

အခုဆိုရင် ဒုတိယ ခရာမှုတ်လှုပ်ရှားမှုကို အကောင်အထည်ဖော်ဖို့ ဝန်ထမ်းတွေစုဆောင်းပြီးပါပြီ။ ဒီတကြိမ်မှာတော့ ကျမတို့ကလှုပ်ရှားမှုတခုလုံးကို ဦးဆောင်တော့မှာ မဟုတ်ပါဘူး။ တခြားအမျိုးသမီးအဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်မှာဖြစ်ပါတယ်။ သူတို့ကိုလှုပ်ရှားမှုအတွက်ဘယ်လိုလှုံ့ဆော်စုစည်းရမယ်ဆိုတာ သင်တန်းပေးပြီးတော့ ရန်ကုန်မြို့နေရာအသီးသီးမှာဝေငှဖို့အတွက် ခရာတွေပေးလိုက်ပါမယ်။ ရန်ကုန်အပြင်ဘက် တခြားနေရာတွေမှာတော့ ဘတ်စ်ကားတွေမရှိနိုင်ပါဘူး။ ဒါပေမဲ့ လမ်းတွေပေါ်မှာနဲ့ ဆိုင်ကယ်တက္ကဆီတွေပေါ်မှာ အမျိုးသမီးတွေကို စော်ကားနှောင့်ယှက်မှုတွေကတော့ ရှိနေပါတယ်။

*မေး။ ။ မြန်မာနိုင်ငံက လိင်သဘာဝ၊ လိင်ပိုင်းဆိုင်ရာ ကျန်းမာရေးနဲ့ပတ်သက်တဲ့ အစွဲအလမ်းတွေ၊ ဒါမှမဟုတ် မှားယွင်းနေတဲ့အတွေးအမြင်တွေထဲက တချို့ကိုပြောပြပါလား။*

ဖြေ။ ။ မြန်မာနိုင်ငံမှာ ကျမတို့ရဲ့ ရာသီသွေးဟာ မညစ်ညမ်းဘူးဆိုတာကို မိန်းမတွေကနားမလည်ကြဘူး။ အိမ်မှာကျမတို့ရဲ့ အဝတ်တွေကို အခြောက်ခံဖို့တန်းမှာလှန်းတဲ့အခါ မိန်းမတွေရဲ့ ဘောင်းဘီတွေ၊ လုံချည်တွေကို မြင့်တဲ့ကြိုးတန်းမှာဘယ်တော့မှ မလှမ်းရဘူး။ ဒါမှမဟုတ် ယောကျ်ားအဝတ်အစားတွေနဲ့တူတူမလှမ်းရဘူး။ ပုံမှန်အားဖြင့်တော့ကျမတို့ရဲ့ဘောင်းဘီတွေ၊ လုံချည်တွေကို ကြိုးတန်းအနိမ့်မှာ လှန်းရတယ်။ ဒါမှမဟုတ်ရင် သန့်ရှင်းမှုမရှိတဲ့၊ လေဝင်လေထွက်မကောင်းတဲ့ အိမ်နောက်ဘက်နေရာမျိုးမှာလှန်းရတယ်။ တန်းပေါ်မှာ ဘာအဝတ်မှမရှိတော့ရင်တောင် ကလေးပဲဖြစ်ဖြစ်၊ လူကြီးပဲဖြစ်ဖြစ်၊ ယောကျ်ားတွေ အဲဒီတန်းအောက်က ဖြတ်သွားလို့မရဘူး။ ဖြတ်သွားမိရင်ဘုန်းနိမ့်တယ်လို့ ယူဆကြတယ်။ဒီလိုယုံကြည်မှုတွေကို အကြောင်းပြုပြီးအလုပ်ဖြစ်နေတဲ့ စီးပွားရေးလုပ်ငန်းတွေလည်းရှိနေပါတယ်။ မိန်းမတွေရဲ့ရာသီသွေးကို ကုန်စင်အောင်ဖယ်ထုတ်ပေးနိုင်တယ်ဆိုတဲ့ဆေးတွေရှိတယ်။ အဲဒါကို ကေသီပန်လို့ ခေါ်ပါတယ်။ ရုပ်မြင်သံကြားကနေလည်း ကြော်ငြာနေတော့ မြန်မာနိုင်ငံမှာအရမ်းကိုလူသိများတယ်။ ထုတ်လုပ်တဲ့ကုမ္ပဏီလည်း စီးပွားရေးကောင်းပြီး ပိုက်ဆံတွေလည်း အများကြီးရပါတယ်။ ဒါက ရိုးရာတိုင်းရင်းဆေး တမျိုးဖြစ်ပြီးတော့ မိန်းမတွေကိုယ်ဝန်ဖျက်ချချင်တဲ့အခါ သောက်တတ်ကြပါတယ်။ ဆေးပြားတွေပိုသောက်လိုက်ရုံပါပဲ။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ကျမတို့ သေသေချာချာ သုတေသနမလုပ်ရသေးပါဘူး။ ဘေးထွက်ဆိုးကျိုးတွေကိုလည်း မစမ်းသပ်ရသေးဘူး။

မိန်းမတွေရဲ့ မျိုးပွားအင်္ဂါက အညစ်အကြေးတွေနဲ့ အနံ့အသက်တွေကို ဖယ်ရှားပေးတယ်ဆိုတဲ့ ကုန်ပစ္စည်းတွေလည်း ရှိပါသေးတယ်။ ဒါပေမယ့် အဲဒါကကျမတို့ သတိမမူမိကြတဲ့ ကျမတို့အိမ်သာဝင် တဲ့အခါတိုင်း သန့်ရှင်းအောင်ဆေးကြောသလိုမျိုး သဘာဝဆေးနည်းတခုပါပဲ။ ဒါကြောင့် ကျမတို့ဘက်တီးရီးယားတွေကို မကာကွယ်နိုင်ဘူး၊ မိန်းမမျိုးပွားအင်္ဂါဆိုတာ ညစ်ညမ်းတယ်ဆိုတဲ့ အယူအဆတွေကြောင့် ကုမ္ပဏီတွေ စီးပွားဖြစ်ကြပါတယ်။

ညစ်ညမ်းတယ်ဆိုတာက ရုပ်ပိုင်းဆိုင်ရာအရညစ်ပတ်တာကို ဆိုလိုတာမဟုတ်ပါဘူး။ ယုတ်ညံ့တယ်ဆိုတဲ့သဘောပါ။ ဒါကိုဥပဒေအရ ရေးဆွဲပြဌာန်းထားတာမျိုးတော့ မရှိပါဘူး။ တကယ်လို့ မြန်မာနိုင်ငံမှာ ယောကျ်ားနဲ့မိန်းမတန်းတူညီမျှမှုရှိသလားလို့ ကျမတို့ မြန်မာအမျိုးသမီးတွေကိုမေးရင်ရှိပါတယ်လို့ဖြေကြလိမ့်မယ်။ ဒါပေမဲ့ ရင်ထဲက မမြင်နိုင်တဲ့ အတွင်းဖက်နေရာမှာတော့ ကျမတို့ဟာ ဒုတိယတန်းစား နိုင်ငံသားတွေ ဖြစ်ပါတယ်ဆိုတဲ့ ခံစားမှုက ရှိနေပါတယ်။

*မေး။ ။ တခြားအစဉ်အလာ အယူအဆဟောင်းတွေရှိသေးပါသလား။*

ဖြေ။ ။နောက်ထပ်ဥပမာတခု ပြရမယ်ဆိုရင် ကလေးမွေးတဲ့အခါ။ မီးဖွားထားတဲ့မိန်းမဟာ ယုတ်ညံ့တယ်လို့ ယူဆကြတဲ့အတွက် အနည်းဆုံး ၇ ရက်လောက် ထိတွေ့ဆက်ဆံဖို့ မသင့်ဘူးလို့ထင်ကြတယ်။ ကလေးမွေးတဲ့အချိန်မှာ အဲဒီမိန်းမကို သီးသန့်ခန်း (မီးနေခန်း) တစ်ခုထဲမှာ ထည့်ထားတယ်။ ယောကျ်ားတွေမဝင်ရဘူး။ ကလေးရဲ့အဖေတောင် အဲဒီအခန်းထဲကို ဝင်ခွင့်မရှိဘူး။ ကလေးမွေးပြီး တပတ်လောက်အထိ အခန်းထဲမှာနေရတယ်။

အပျိုစင်မဟုတ်တဲ့မိန်းမကို ဘယ်ယောကျ်ားကမှလက်ထပ်ယူမှာမဟုတ်ဘူးဆိုတဲ့ အယူအဆလဲရှိသေးတယ်။ တကယ်လို့ အပျိုမစစ်ဘဲလက်ထပ်မယ်ဆိုရင် သူ့ကိုအသိုင်းအဝိုင်းကကြဉ်ထားပါလိမ့်မယ်။ ယောကျ်ားတွေကျတော့ ဘာကြောင့်လူပျိုစစ်ဖို့မလိုတာလဲ။ ဒီလိုအကြောင်းမျိုးတွေကို ကျမတို့ ဆွေးနွေးရပါလိမ့်မယ်။

ဒီလိုပါပဲ။ မိန်းမတွေ ဘုရားစေတီတွေကိုသွားခွင့်ရှိတယ်၊ ဒါပေမယ့်ဘုရားပရဝုဏ်ထဲက တချို့နေရာတွေကို သွားခွင့်မရှိဘူး။ ကျမမြင်ခဲ့တဲ့ ဓာတ်ပုံတပုံမှာဘုရား ပရဝုဏ်ထဲမှာလူတွေထိုင်နိုင်ဖို့လုပ်ပေးထားတဲ့ ကွန်ကရစ်တံတိုင်းတခုနဲ့အမျိုးသမီးမထိုင်ရလို့ ရေးထားတဲ့ ဆိုင်းဘုတ်အနီကြီးတခုကို တွေ့ရတယ်။

ဒါပေမယ့် အုတ်တံတိုင်းပေါ်မှာခွေးတကောင်ကအိပ်လို့။ ဒီတော့ အမျိုးသမီးတွေဟာ ခွေးလောက်တောင်မှ တန်ဖိုးမရှိသလိုဖြစ်နေတယ်။

*မေး။ ။ ဒီအကြောင်းတွေကို ဆွေးနွေးဖို့ မိန်းမတွေကို တိုက်တွန်းရတာခက်ခဲပါသလား။*

ဖြေ။ ။ တစ်ခါတလေကျရင် အမျိုးသမီးတွေက ကျမတို့အဖွဲ့ဆီကို မလာချင်ကြဘူး။ ဘာကြောင့်လဲဆိုတော့ ကျမတို့က ဖိုမသဘာဝကိစ္စတွေ ဆွေးနွေးကြတာကိုး။

သူတို့ ဆွေးနွေးပွဲလာတက်တာကို တခြားလူတွေသိသွားရင် တမျိုးမြင်သွားမှာစိုးရိမ်ကြတယ်။ ပါဝင်ဆွေးနွေးဖို့လည်း အစပိုင်းမှာ တွန့်ဆုတ်နေပြီးတော့နားထောင်ဖို့ပဲ စိတ်သန်ကြတယ်။ အပြင်အသိုင်းအဝိုင်းမှာက လိင်ကိစ္စနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေပြောဆိုဝေမျှတာမျိုး မရှိဘူးလေ။ ဒါပေမဲ့ ထင်ရှားပြီး မှတ်မိလွယ်တဲ့ ဥပမာလေးတွေပြပြီး ဆွေးနွေးတဲ့အခါမှာတော့ သူတို့ရဲ့ ကိုယ်ပိုင်အတွေ့အကြုံတွေကို ဖွင့်ပြောလာကြပါတယ်။ ဒါကြောင့်လည်း ကျမတို့ဒီအမျိုးသမီးအဖွဲ့ကို စတင်ခဲ့တာပါ။ အပြန်အလှန်မျှဝေရင်းနဲ့ ကျမတို့ဟာအထီးကျန်မဟုတ်ဘူးဆိုတာ သိစေချင်တယ်။ နောက်ပိုင်းကျရင်တော့ သူတို့မေးခွန်းတွေ စတင်မေးလာကြပါတယ်။

ဆွေးနွေးပွဲ အချိန်အများစုမှာ တက်ရောက်သူတွေအတွက် လေ့ကျင့်ခန်းတွေရှိပါတယ်။ ဖိုမသဘာဝနဲ့ပတ်သက်တဲ့ ပထမပိုင်းဆွေးနွေးမှုတွေမှာဆိုရင် သဘောထားကောက်ယူတဲ့ကစားနည်း တခုကိုကစားပါတယ်။ အားလုံးကို မတ်တတ်ရပ်ခိုင်းပြီးတော့ ကျမကသဘောထားမှတ်ချက်တခုကိုဖတ်ပြတယ်။ သဘောတူတဲ့သူက တခြားဖက်ခြမ်းကိုသွားရတယ်။ အဲဒါကစကားရည်လုပွဲတခုကိုဖန်တီးပေးတာပါပဲ။

*မေး။ ။ ဘယ်လိုသဘောထား မှတ်ချက်မျိုးတွေကို ဖတ်ပြပါသလဲ။*

ဖြေ။ ။ နမူနာတခုပြောရမယ်ဆိုရင်‘သင့်ရဲ့ အသက်လေးနှစ် ငါးနှစ်လောက်ရှိမယ့် ကလေးတစ်ယောက်ကိုမိဘတွေနဲ့ မိဘရဲ့သူငယ်ချင်းတွေရဲ့ရှေ့မှာ ကိုယ်လုံးတီးနဲ့ မတ်တတ်ရပ်ခိုင်းမှာလား‘ နောက်ပြီးတော့ ’သင့်ရဲ့သားငယ်လေးကို ကိုယ်လုံးတီးနေခွင့်ပေးမှာလား‘ ‘တကယ်လို့ သင့်ရဲ့ကလေးဟာ မိန်းကလေးဆိုရင်ရောဒီလိုခွင့်ပြုမှာလား’ဆိုတာမျိုးတွေ ဖြစ်ပါတယ်။

ဒါမှမဟုတ်ရင်လည်း ကျမတို့မိသားစု စီမံကိန်းတွေနဲ့ ပတ်သက်ပြီး မေးပါတယ်။ ‘သန္ဓေတားဆေး သောက်သုံးရေးသည် အမျိုးသမီးများ၏အဓိကတာဝန်ဖြစ်သည်’ ဒီလိုမဟုတ်ရင်လည်း ‘ယောကျ်ားများက မိန်းမများထက် လိင်မှုဆိုင်ရာလိုအင် ပိုများသည်’။အဲဒီတခုကိုတော့ အများစုက ဟုတ်တယ်လို့ ဖြေကြတယ်။ ယောကျ်ားတွေဟာ သူတို့လိုချင်တာကို ရအောင်ယူရမယ်လို့ သူတို့တွေးကြတော့ လိင်ကိစ္စကို ပိုစိတ်ဝင်စားကြပေမယ့် ထိန်းချုပ်နိုင်စွမ်းတော့ မရှိကြဘူးလို့ ကျမတို့က ယုံကြည်ကြတယ်လေ။ နောက်တမျိုးကတော့ ‘အမျိုးသမီးတွေရဲ့ ဝတ်စားဆင်ယင်မှုက မတော်မတရားကျင့်ခံရအောင်ဖိတ်ခေါ်သလိုဖြစ်နေသည်’ ဒီတစ်ခါမှာလည်း အများစုကဟုတ်တယ်လို့ ပြောကြတယ်။

*မေး။ ။ ဒီလိုဆွေးနွေးမှုတွေပြီးတဲ့အခါ သဘောထားအမြင်ပြောင်းလဲသွားတာမျိုး သတိပြုမိပါသလား။*

ဖြေ။ ။ အဲဒါက စောင့်ကြည့်လေ့လာဖို့ခက်ပါတယ်။ ဒါပေမယ့် ဆွေးနွေးပွဲတွေပြီးတိုင်း သူတို့ရဲ့ မှတ်ချက်တွေ ဒါမှမဟုတ် မေးခွန်းတွေကို တောင်းပါတယ်။ အမျိုးသမီးတွေကတော့ ခွန်အားတွေ ပြည့်လာသလိုခံစားရတယ်လို့ပြောပါတယ်။ သူတို့က ‘အခုဆိုရင်မိန်းမတွေမှာလည်း လိင်မှုကိစ္စနဲ့ပတ်သက်တဲ့လိုအပ်မှုတွေရှိတယ်ဆိုတာသိသွားပြီ’လို့ ပြောကြတယ်။ တချို့ကတော့ သူတို့ဒီအကြောင်းတွေ အရင်တုန်းက လုံးဝမသိခဲ့ပါဘူး၊ ပိုပြီးလည်း သိချင်ပါ တယ်တဲ့။

အများစုကတော့သူတို့ရဲ့ရာသီသွေးဟာ မညစ်ညမ်းဘူးဆိုတာ သိလိုက်ရတဲ့အတွက် စိတ်ထဲမှာ လွတ်လပ်သွားတယ်လို့ပြောကြပါတယ်။

*မေး။ ။ ‘အခရာ’ဟာ ဘာအတွက်ရပ်တည်ပါသလဲ။*

ဖြေ။ ။ ‘အခရာ’ ဆိုတာမရှိမဖြစ်၊ သော့ချက်၊ အဓိကလို့ အဓိပ္ပာယ်ရပါတယ်။ မိန်းမတွေဟာ လက်အောက်ခံတွေလိုဖြစ်နေပေမယ့် မိသားစုမှာ မိန်းမတွေက မရှိမဖြစ်နေရာမှာရှိတယ်လို့ ကျမတို့ ယုံကြည်ထားပါတယ်။ တခါတရံမှာ မိသားစုရဲ့ဝန်ထုပ်ဝန်ပိုးအားလုံးကို မဖြစ်မနေထမ်းရွက်ရတာတွေလည်း ရှိပါတယ်။ ဒါကြောင့်ကျမတို့ဟာ အဓိကသော့ချက်နေရာမှာ ရှိနေပြီးတော့ ကျမတို့ကလည်း ဒီနေရာကို ယူနိုင်ဖို့အစွမ်းရှိသူတွေဖြစ်ပါတယ်။

■

***- Samantha Michaels ၏ ‘‘Why Don’t Men Need to Be Virgins’’ ကို နိုင်မင်းသွင် ဘာသာပြန်ဆိုသည်။***



# Opinion

## EDITORIAL

# အာဆီယံဥက္ကဋ္ဌလုပ်ဖို့ မြန်မာတို့ အစွမ်းပြရတော့မည်

2014 ခုနှစ်တွင် အာဆီယံအသင်း အလှည့်ကျ ဥက္ကဋ္ဌရာထူးကို မြန်မာတို့ စတင်တာဝန်ယူ ထမ်းဆောင် ကြရပြီဖြစ်သည်။ ယင်းသည် ၂၀၁၃ ခုနှစ် ဆီးဂိမ်းကို လက်ခံကျင်းပသကဲ့သို့ ပြန်လည်အားယူ ခေါင်းထောင်ထလာနေသော မြန်မာနိုင်ငံအဖို့ ဂုဏ်ယူဖွယ်ဖြစ်ပြီး ဒေသတွင်းခေါင်းဆောင်မှု တာဝန်ကို မြန်မာတို့ မည်မျှထမ်းဆောင်နိုင်မည်ဆိုသည့် စိန်ခေါ်ချက်နှင့်လည်း ရင်ဆိုင်ရပြီ ဖြစ်သည်။

၂၀၁၁ ခုနှစ်မှ ပြုပြင်ပြောင်းလဲရေးများ စတင်ခဲ့သော မြန်မာနိုင်ငံသည် ဒီဇင်ဘာတွင် ကျင်းပခဲ့သည့် ဆီးဂိမ်း အားကစားပြိုင်ပွဲ၊ ၂၀၁၄ အာဆီယံဥက္ကဋ္ဌ၊ ၂၀၁၅ ရွေးကောက်ပွဲတို့ကြောင့် ကမ္ဘာက မျက်လုံးဒေါက်ထောက်ကြည့် ခံနေရသည့်အပြင် အာဆီယံပဋိညာဉ်အရ ၂၀၁၅ ခု အကုန်တွင် ဖြစ်ပေါ်လာမည့် အာဆီယံ စီးပွားရေးဇုန်ကိုလည်း ဝင်ရောက်ရတော့မည်။

အမှန်အားဖြင့် အသင်းဝင်များက တနှစ်တကြိမ် ထမ်းဆောင်ရသည့် အာဆီယံ၏အလှည့်ကျဥက္ကဋ္ဌရာထူးကို၂၀၀၆ ခုနှစ်တုန်းက မြန်မာကရယူရမည်ဖြစ်သော်လည်း ပြည်တွင်းနိုင်ငံရေးမတည်ငြိမ်မှုများကြောင့် ဒေသတွင်းနှင့်နိုင်ငံတကာ၏ ဖိအားများကို မလွန်ဆန်သာပဲ လက်လွှတ်ခဲ့ရရာ ယခု ပြုပြင်ပြောင်းလဲရေးများနှင့်အရှိန်ရလာနေသော မြန်မာအဖို့ ရှေ့နှစ်တွင်ထမ်းဆောင်ရမည့် ဥက္ကဋ္ဌတာဝန်မှာ အာဆီယံအသင်းထဲ ၁၉၉၇ ခုနှစ်မှ စတင်ဝင်ရောက်ပြီးကတည်းက ပထမဆုံးအကြိမ် ထမ်းဆောင်ရမည်ဖြစ်သည်။

ယခင်စစ်အစိုးရလက်ထက်နှင့် နှိုင်းယှဉ်လျှင် ပြည်တွင်းနိုင်ငံရေး တိုးတက်ကောင်းမွန်သည်ဟု ဆိုနိုင်သော်လည်း နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးနေရုံဖြင့် မလုံလောက်၊ တိုင်းရင်းသားလက်နက်ကိုင်များနှင့် နိုင်ငံရေး စစ်ရေးအရ သဘောတူညီချက်များရရန် လိုအပ်နေသေးပြီး မြန်မာနိုင်ငံကို အရုပ်ဆိုး၊ အကျည်းတန်စေသည့် လူမျိုးရေး ဘာသာရေး ခွဲခြားတိုက်ခိုက်မှုများကိုလည်း ထိန်းချုပ်တိုက်ဖျက်သွားရန် လိုအပ်နေသေးသည်။

သို့မှသာ ရွေးချယ်ထားသောကြွေးကြော်သံ "Moving forward in unity towards a peaceful and prosperous Community" နှင့် လိုက်လျောညီထွေဖြစ်ပြီး လူမျိုး ဘာသာပေါင်းစုံစုစည်းထားသော အာဆီယံအသင်း၏ အခြားအဖွဲ့ဝင်များနှင့် နိုင်ငံတကာအမြင်တွင် မြန်မာတို့ တင့်တယ်ပေလိမ့်မည်။ ငြိမ်းချမ်းရေး၊ ညီညွတ်ရေးနှင့် ရှေ့သို့ ချီတက်ရေးအတွက် အပြောမဟုတ် အလုပ်ဖြင့်သက်သေပြ ရလိမ့်မည်။

ထိုကြွေးကြော်ရည်မှန်းချက်တို့သည် ပြည်တွင်းနိုင်ငံရေးမျှနှင့် ရပ်မသွား၊ အာဆီယံအသင်းအပေါ် မြန်မာတို့ မည်မျှခေါင်းဆောင်မှုပေးနိုင်မည် ဆိုသည်နှင့်လည်း တိုက်ရိုက်သက်ဆိုင်ပါသည်။ ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင် စသည့် အခြားအဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းပဋိပက္ခများနှင့် လူ့အခွင့်အရေးကိစ္စများ၊ အရပ်ဖက်လူ့အဖွဲ့အစည်းရေးရာများ သာမက တောင်တရုတ်ပင်လယ်တွင်း တင်းမာမှုများ၊ ကုန်သွယ် စီးပွားဆက်ဆံရေးနှင့် သံတမာန်ဆက်ဆံရေးတို့တွင် ညီညွတ်ငြိမ်းချမ်းစွာ ဖြစ်ပေါ်တိုးတက်ရေး ခေါင်းဆောင်မှု ပေးရပေလိမ့်မည်။

ဤသည်တို့အတွက် ဦးသိန်းစိန် ခေါင်းဆောင်သော မြန်မာအစိုးရသာမက ဒေါ်အောင်ဆန်းစုကြည်နှင့် အတိုက်အခံ နိုင်ငံရေးသမားများ၊ သူရဦးရွှေမန်း ဦးစီးသည့် လွှတ်တော်များ၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်တို့ တစည်းတလုံးတည်း တာဝန်ရှိပါသည်။ အခြေခံဥပဒေ ပြင်ဆင်ရေးကြောင့် လေးပွင့်ဆိုင်လုပ်ကြရမည့် တိုင်းပြည်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားများ မနှောင့်နှေး မပျက်စီးသင့်ပေ။ တယောက်တလမ်း သွားကြမည်ဆိုလျှင်ဖြင့် မြန်မာ့ခေါင်းဆောင်မှုကို သံသယဝင်ကြပေလိမ့်မည်။ အဆုံးစွန်ပြောရလျှင် မြန်မာ့နိုင်ငံရေးနှင့် စစ်ရေးခေါင်းဆောင်များ ကိုယ့်အရှက်ကိုယ်မခွဲဖို့ ကိုယ့်သိက္ခာကိုယ် ထိန်းဖို့လိုပေမည်။

တချိန်တည်းတွင် ရှေ့နှစ်အောက်တိုဘာတွင် ဒေသတွင်းနှင့် နိုင်ငံတကာထိပ်သီးများကို လုံလုံခြုံခြုံနှင့်ပြည့်ပြည့်စုံစုံ ကြိုဆိုဧည့်ခံနိုင်ရေး အစီအမံများကို ကြိုတင်ပြင်ဆင်ရန်နှင့် ရန်ပုံငွေအတွက် အစည်းအဝေးပေါင်းများစွာကို မြန်မာတို့ ထိုင်ရပေတော့မည်။ အတွေ့အကြုံရင့်ပြီး ကျွမ်းကျင်သူပေါသည့် အခြားအာဆီယံအဖွဲ့များအကူအညီနှင့် မိမိရှေ့တွင် ပထမဆုံးအကြိမ် ဥက္ကဋ္ဌရာထူးယူသည့် နိုင်ငံများ၏ သင်ခန်းစာကို မြန်မာတို့ယူကြရမည်။

အရေးအကြီးဆုံးမှာ မျက်နှာပျက်စရာများကို မည်သို့ ကိုင်တွယ်ဖြေရှင်းမည်နည်းဟူသည့်မေးခွန်းဖြစ်မည်။ မြန်မာပြည်တွင် နှစ်ပေါင်းများစွာ ပဋိပက္ခဖြစ်လာခဲ့သော တိုင်းရင်းသား လူမျိုးစုပြဿနာနှင့် နက်နက်ရှိုင်းရှိုင်း ခါးသည်းစွာ ဖြစ်နေသည့် ဘာသာရေး၊ လူမျိုးရေး ခွဲခြားမှုများသည် ရှောင်လွှဲသိုဝှက်ရမည် မဟုတ်သည်မှာ သေချာသလောက် ဖြစ်သည်။

အာဆီယံအစိုးရချင်းကြား ထုံးစံအတိုင်း "ကြားဝင်မစွက်ရေးဝါဒ" ကို ဒိုင်းသဖွယ် အသုံးချနိုင်သော်လည်း လူ့အခွင့်အရေး တန်ဖိုးထားသည့် နိုင်ငံတကာအစိုးရများနှင့် နိုင်ငံသားချင်းဆက်ဆံရေးတွင် အရေးကြီးသည့် ဒေသတွင်းနှင့် နိုင်ငံတကာ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ သတင်းမီဒီယာများသည်ကား ၎င်းတို့ယုံကြည်တန်ဖိုးထားသည့် လူ့အခွင့်အရေးပေါ်တွင် ရပ်တည်ပြောဆိုကြမည်မှာ အသေအချာပင်။


**The Irrawaddy**
Weekly Journal

| | |
|---|---|
| အယ်ဒီတာချုပ် | - အောင်ဇော် |
| တာဝန်ခံအယ်ဒီတာ | - ရဲနည်၊ ခက်ထန် |
| အယ်ဒီတာ (နိုင်ငံရေး) | - သာလွန်ဇောင်းထက် |
| အယ်ဒီတာ (Lifestyle) | - အေးချမ်းမြေ့ |
| မန်နေဂျာ (ချင်းမိုင်ရုံးချုပ်) | - ဝင်းသူ |
| မန်နေဂျာ (ရန်ကုန်ရုံး) | - ဖြိုးသူထက် |
| ရုံးအတွင်းရေးမှူး | - အိဝင့်သူ |
| စာရင်းကိုင် | - မေသွယ်ဦး |
| ကြော်ငြာရှာဖွေရေး မန်နေဂျာ | - ဇာနည်ဝင်း |
| ကြော်ငြာအဖွဲ့ | - ချိုဇင်ဝင်း၊ အေးသန္တာ |
| ထုတ်လုပ်ရေးနှင့် ဖြန့်ချိရေးအဖွဲ့ | - ဇော်ထွန်း၊ သိန်းကျော်၊ အောင်ကျော်ဇော၊ ရန်နိုင်ထွန်း |
| ဆက်သွယ်ရန်(ချင်းမိုင်ရုံးချုပ်) | - P.O BOX 242, CMU Post Office, Chiang Mai, Thailand (66 53) 223157-59, 223160 |
| ဆက်သွယ်ရန်(ရန်ကုန်ရုံး) | - အမှတ် ၁၉၇၊ ဒုတိယထပ်၊ ၃၂ လမ်း (အပေါ်)၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ ၀၁ ၃၇၇၄၂၃၊ ၀၁ ၃၇၇၅၂၁၊ ၀၁ ၃၇၉၇၆၂ |
| အယ်ဒီတာအဖွဲ့ အီးမေးလ် | - editor.journal@irrawaddy.org |
| မန်နေဂျာ အီးမေးလ် | - phyo_thu_htet@irrawaddy.org |
| ကြော်ငြာကိစ္စ ဆက်သွယ်ရန် | - marketing@irrawaddy.org ၀၉၄၂၁၁၄၂၁၃၂ |
| ထုတ်ဝေခွင့် ယာယီမှတ်ပုံတင်အမှတ် | - ၁၉၃၆ |
| ထုတ်ဝေသူ | - ဦးသောင်းဝင်း အမှတ် ၁၉၇၊ ဒုတိယထပ်၊ ၃၂ လမ်း (အပေါ်)၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ |
| ပုံနှိပ် | - ရွှေနိုင်ငံ |



ဧရာဝတီ
http://burma.irrawaddy.org

THE IRRAWADDY
COVERING BURMA & SOUTHEAST ASIA
http://irrawaddy.org

ဧရာဝတီ IRRAWADDY VIDEO
http://video.irrawaddy.org

ဧရာဝတီ BLOG
http://blog.irrawaddy.org

▶ ပြည်သူတွေကို တောင်းပန်ရမယ် . . . . .  စာ-၃၄
▶ အမျိုးသမီးတွေ အမှီအခို . . . . .  စာ-၃၇

SEA Games

# ၂၇ ကြိမ်မြောက် ဆီးဂိမ်းမှသည်

**ရွှေကူမေနှင်း**

rsu ရည်များသည် သင်ခန်းစာကိုပေးတတ်ကြ၏။ မျက်ရည်တို့မည်သည် ဝမ်းနည်းကြေကွဲခြင်းမှ လည်းကောင်း၊ ဒေါသအမျက်ထွက်ခြင်းမှ လည်းကောင်း၊ အပျော်လွန်ခြင်းမှလည်းကောင်း ထွက်ကျတတ်သည်။ ၄၄ နှစ်ကြာမှ ခက်ခက်ခဲခဲရရှိကြုံကြိုက်ခဲ့ရသော ဆီးဂိမ်းကို ယခင်ကဆီးယက်ဂိမ်း (SEAP Games) ဟုခေါ်သည်။ South East Asia Peninsula အရှေ့တောင်အာရှ ကျွန်းဆွယ်တွင်ပါဝင်သော နိုင်ငံများ၏ အားကစားပွဲတော်ဖြစ်၏။ ထိုပွဲကို အတိုကောက် အနေဖြင့် "ကျွန်းဆွယ်ပွဲ"ဟု ခေါ်ခဲ့သည်။ နောက်ပိုင်းတွင် ကျွန်းဆွယ်တင်မက အရှေ့တောင်အာရှရှိ တခြားနိုင်ငံများကိုပါ ထည့်သွင်းခဲ့သဖြင့် " SEA Games" ဟု အမည်ရခဲ့ခြင်းဖြစ်သည်။




ဓာတ်ပုံ -ဂျေပိုင်/ The Irrawaddy

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက် တိုင်းပြည် ထူထောင်ရေး လုပ်ငန်းများ၌ အားကစားကို တခန်းတကဏ္ဍအဖြစ် ထည့်သွင်းခဲ့၏။ Township ခေါ် မြို့ငယ်လေး အဆင့်အထိ Organizer ခေါ် အားကစားရေးမှူးများကို ခန့်ထားခဲ့သည်။ ထိုအားကစားရေးမှူးများသည် တမြို့လုံး၊ အထူးသဖြင့် အထက်တန်း ကျောင်းများ၌ အားကစားနည်းပြများဖြစ်ရုံမက အားကစား ပစ္စည်းများကိုလည်း ဖြည့်ဆည်းပေးကြ၏။ ဘောလုံး၊ ဘော်လီဘော၊ ဘက်စ်ကက်ဘော၊ ကြက်တောင်၊ သားရေကွင်းစသည့် အသုံးအဆောင်များကို အလုံအလောက် ထုတ်ပေးတတ်ကြ၏။ ကိုယ်တိုင်လည်း သင်ကြားပေး၏။ သံလုံးပစ်၊ သံပြားပစ်၊ လှံတံပစ်စသော "ပြေး၊ခုန်၊ပစ်" နည်းများကိုလည်း သင်ကြားပေးကြသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံ တဝန်းလုံးရှိ လူငယ်များသည် အားကစားနှင့် မစိမ်းခဲ့ကြချေ။

နှစ်စဉ်နှစ်တိုင်း ကျောင်းအလိုက်၊ မြို့နယ်ခရိုင်အလိုက်၊ အားကစားနည်း အမျိုးမျိုးကိုပြိုင်ပွဲ ပြုလုပ်ပေးသည်။ ထို့ကြောင့် တိုင်းနှင့် ပြည်နယ်ပြိုင်ပွဲများ ပြုလုပ်သောအခါ မြို့နယ်ခရိုင်များမှ၊ ထူးချွန်သော အားကစား သမားများ ပေါ်ထွန်းခဲ့ရာ၊ နိုင်ငံပြင်ပ၌ ကျွန်းဆွယ်ကဲ့သို့ ပွဲများတွင် သွားရောက် ယှဉ်ပြိုင်ရန် အတွက်လည်း အဆင်သင့် အနေအထား လေ့ကျင့်ပြီးသား ဖြစ်ခဲ့သည်။ မျိုးဆက် တဆက်ပြီး တဆက် မပြတ်ခဲ့ပေ။ ကျွန်းဆွယ်၌ ဘောလုံးဗိုလ် အဖြစ်လည်းကောင်း၊ အပြေး၊ အခုန်၊ ရေကူး၊ အလေးမစသည့် အားကစားနည်း အများအပြား တွင်လည်း "ကျွန်းဆွယ်စံချိန်"ကို မြန်မာက တင်ထားနိုင်ခဲ့သည်။

နောက်ပိုင်းတွင် အထက်ပါ မြို့နယ် အားကစား ရေးမှူးများ ဘယ်အချိန်က ပျောက်သွားသည် မသိ၊ ကျောင်းအလိုက်၊ မြို့နယ်အလိုက် ပွဲများလည်း မထွန်းကားတော့။ နှစ်စဉ်ကျင်းပမြဲ တိုင်းနှင့်ပြည်နယ် ဘောလုံးအပါအဝင် အားကစား ပြိုင်ပွဲများလည်း ပျောက်ပျက်ရုံမက၊ မြို့နယ်အများအပြားရှိ ဘောလုံးကွင်းများကိုပါ အာဏာရှိသူတချို့က သိမ်းယူသွားသဖြင့် လူငယ်များ မိမိဝါသနာပါရာ ပြေးခုန်ပစ် ကစားစရာ နေရာများပါ ပပျောက်သွားခဲ့ရသည်။ ဤတွင် SEA Games ကြီးသို့လည်း အကြိမ်ပေါင်းများစွာ သွားရောက်သည့်တိုင်၊ အခြေမခိုင် သဖြင့် အားကစား မျက်နှာစာ၌ မျက်နှာငယ်ခဲ့ရ ပေသည်။

ယနေ့ ၂၀၁၃ ၌ကား အိမ်ရှင်အဖြစ် ကျင်းပခွင့် ရခဲ့သည်။ အားလုံးတက်ကြွခဲ့ကြသည်။ တို့တိုင်းပြည်ဟူသော တိုင်းချစ်ပြည်ချစ်စိတ်ဓာတ် တိုးပွားလာကြသည်။ တချို့အမြင် ကျဉ်းမြောင်းသူ တစုက ဤပွဲကို တာဝန်ခံကျင်းပခြင်း၌ ငွေတွေ ဘီလီယံနှင့် ချီပြီး ကုန်သဖြင့် မလုပ်သင့်ဟုပြောဆို ရေးသားသည်ကို တွေ့ရသည်။ ဒါကို ပကာသနဟု ထင်ကြသည်။ အလွန်မှားယွင်းသော အယူအဆဖြစ်၏။ အရှေ့တောင်အာရှရှိ ၁၀ နိုင်ငံမျှ ပါဝင်သော အားကစားပွဲများကို လက်ခံကျင်းပနိုင်ခြင်း ဟူသော ဂုဏ်သည် ငွေနှင့်နှိုင်း၍မရပါ။ ဂုဏ်ဟူရာ၌အပေါ်ယံ ပကာသနကိုပြောခြင်း မဟုတ်၊ တိုင်းပြည်၏ သိက္ခာ၊ တိုင်းပြည်၏ ပုံရိပ်ဖြစ်သည်။ ဤမျှ ကြီးကျယ်သော အလုပ်ကြီးကို လုပ်ပြခြင်းဖြင့် တောက်လျှောက် အထင်သေး ခံခဲ့ရခြင်းမှ လွတ်မြောက်နိုင်သည်။ ပြည်ပ အနီးအနား နိုင်ငံလေးများတွင် မြန်မာ အလုပ်သမားများ အနှိမ်ခံနေရသည်။ အထင်သေး ခံနေရသည်။ မြန်မာဆိုလျှင် အောက်ကျ နောက်ကျ တိုင်းပြည်ဟု သတ်မှတ်နေကြသည်။ ဤအထင် အမြင်ဆိုးကို ချေဖျက်ရမည်။ မြန်မာဟူသည် ဤသို့ ဟူ၍ပြနိုင်ရမည်။ အားကစားပြရုံနှင့် မလုံလောက်ဟု ဆိုလျှင်မှန်ပါသည်။ သို့သော် ဤပွဲသည် အားကစား ပြရုံ မဟုတ်ချေ။ မြန်မာများ မည်မျှသိက္ခာရှိကြောင်း၊ စည်းကမ်းရှိကြောင်း၊ အဆင့်အတန်း ရှိကြောင်းကိုပါ ပြနိုင်သော ပွဲဖြစ်၏။ အတိုဆုံးပြောရလျှင် ဤပွဲသည် မြန်မာ့သိက္ခာကို ပြန်လည် ပင့်တင်ပေးသော ပွဲဖြစ်ရမည်။

"ဖွင့်ပွဲ" ကို မြင်ရသော မြန်မာလူငယ်များ မမြင်စဖူး အထူးအားရ သွားကြသည်။ တို့မြန်မာက ဒါမျိုးလုပ်တတ်ပါလားဟု အံ့သြကြရ၏။ ဤ စိတ်ဓာတ်သည် ပေါ့ပေါ့တန်တန်မဟုတ်၊ ကိုယ့်နိုင်ငံကိုယ့်လူမျိုးကို ချစ်ခင်ရကောင်းမှန်း သိသော စိတ်ဓာတ်ပင် ဖြစ်သည်။ ဤစိတ် အခြေခံလျက် ပွဲပေါင်းစုံကို အားပေးကြသည်။ ဘောလုံးပွဲကို အထူး အားပေးကြသည်။ မြန်မာပရိသတ်သည် မဆီမဆိုင် အင်္ဂလန်ပြည်၊ မန်ချက်စတာ အသင်းကိုပင် သွေးဆွေမျိုးကဲ့သို့ ချစ်သူဖြစ်ရာ၊ ကိုယ့်နိုင်ငံ အသင်းကိုဆိုလျှင်အဘယ် ဆိုဖွယ်ရာ ရှိပါမည်နည်း။

ထိုသို့ သူတို့ချစ်ခင်သော မြန်မာဘောလုံး အသင်းကစားရာ ပွဲတိုင်းကိုအကြိတ်အနယ် ငွေကုန် အချိန်ကုန်ခံပြီး အားပေးခဲ့ကြရင်း ဒီဇင်ဘာ ၁၆ ရက်နေ့ ပွဲမှာကား၊ မမှန်ကန်သော နည်းများဟုယူဆစရာရှိသောအဖြစ်ကြောင့် မြန်မာဘောလုံး အသင်း အုပ်စုမှ ထွက်ခဲ့ရ၏။ လူငယ်များကို မဆိုပါနှင့် ရပ်ကွက်ထဲက ကလေးအမေများပင် မကြေမချမ်း ဝမ်းနည်းကြရ၏။ ကစားသမားများရော၊ ပရိသတ်ရော၊ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌပါ မကျန်၊ မျက်ရည်ကျကြရ၏၊ ဘာမျက်ရည်နည်း။

ဒေါသမျက်ရည်များ ဖြစ်၏။

မကြေမချမ်း မျက်ရည်များ ဖြစ်၏။

ယူကြုံးမရ မျက်ရည်များဖြစ်၏။

"ဘာမျှ မတတ်နိုင်တော့ပါလား"ဟူသော အသိတွင်၊ အင်္ကျီကိုချွတ်၍ မီးရှို့သည်အထိ ပေါက်ကွဲကြတော့သည်။ မီးရှို့သည့်ကိစ္စကား ဥပဒေနှင့် မညီပေ။ ရဲအမှုဖြစ်သွားသည်။ သက်ဆိုင်ရာ တာဝန်ရှိသူများက ဖြေရှင်းကြရသည်။

သို့သော် ဤကိစ္စက ပြီးမသွားသင့်ပေ။

ဘာ့ကြောင့် ဤသို့ဖြစ်ရကြောင်း အဖြေရှာရမည်။

မတရားသော နည်းပြ၊ မမှန်ကန်သော ဒိုင်လူကြီးဆိုပြီး ထိုသူများကို သတ်ပစ်သည့်တိုင်၊ အဖြေက "အရှုံး" ရပြီးသား ဖြစ်နေပြီ။

အဖြေမှာ သင်ခန်းစာယူဖို့ဖြစ်၏။

အလေ့အကျင့်၊ အခြေခံ နည်းခဲ့ရသော မြန်မာတို့သည် မိမိလူမျိုးကို အထင်မကြီး၊ အားမကိုး၊ တိုင်းတပါးသားကို အထင်ကြီးသည်၊ အားကိုးသည်၊ အခုတော့ မိမိအားကိုးသူက မိမိကို နင်းချေသွားခဲ့ပြီ။ ပက်လက်လန် လဲကျန်ခဲ့ပြီ။ သူများ အသင်းတွေကို ကြည့်လျှင်၊ နည်းပြအားလုံး သူတို့ လူမျိုး အချင်းချင်း ဖြစ်နေသည်ကို မြင်နိုင်သည်။ သူတို့က အဆက်မပြတ် အလေ့အကျင့် ရှိခဲ့ကြသည်ကိုး။ ဘောလုံးသမားကောင်း တယောက်ဖြစ်ဖို့ ဆိုသည်မှာ ၂ နှစ် ၃ နှစ် စခန်းသွင်း လေ့ကျင့်ရုံနှင့် မရနိုင်။ မွေးကတည်းက စိတ်ဓာတ်နှင့် ကာယ ပူးတွဲလေ့ကျင့်ခဲ့ရန် ဖြစ်လေသည်။ ကိုယ့်လူ တွေမှာက ရပ်ကွက်ထဲ၊ ကျောင်းဝင်းထဲမှာပင်၊ ဘောလုံးကွင်း မရှိ၊ သည်တော့ ပက်လက်လန် ရတာမဆန်း။

ပရိသတ်ကို ကြံဖန် ကျေးဇူးတင်ရ ပါဦးမည်။

ပွဲ တဝက်လောက် ကတည်းက "မမှန်ကန်" မှန်းသိလာရသော်လည်း၊ ပွဲပြီးသည်အထိ မသောင်းကျန်းခဲ့ကြပေ။ ပွဲပြီးမှ ဖြစ်ခြင်းက၊ ကိုယ့်ဇာတ်နှင့် ကိုယ့်အရပ်မို့ ရှင်း၍ရသည်။ ပွဲပျက်အောင် မလုပ်ခဲ့ကြခြင်းသည် နိုင်ငံဂုဏ်ပင် ဖြစ်ပါ၏။

နှစ်ပေါင်းများစွာ စည်းပျက် ကမ်းပျက်နေခဲ့မိသောအဖြစ်က ပွဲပျက်အောင် လုပ်မိသည်အထိ၊ အဆင်ခြင်ကင်းမဲ့အောင် မပို့ခဲ့သဖြင့် ကျေးဇူးတင်ရပါသည်။ ကျောင်းမှာလည်း ပြည်သူ့နီတိ မသင်၊ ရပ်ထဲရွာထဲမှာလည်း အမြီးကျက် အမြီးစားတွေအကြား ကြီးပြင်းကြရသော လူငယ်များသည်၊ မိမိတို့ဘာသာ လေ့လာမှုဖြင့် စည်းကမ်း နားလည်သူများ ဖြစ်လာခဲ့ကြရသည်။

> ကျောင်းမှာလည်း ပြည်သူ့နီတိမသင်၊ ရပ်ထဲရွာထဲမှာလည်း အမြီးကျက် အမြီးစားတွေအကြား ကြီးပြင်းကြရသော လူငယ်များသည်၊ မိမိတို့ဘာသာ လေ့လာမှုဖြင့် စည်းကမ်းနားလည်သူများ ဖြစ်လာခဲ့ကြရသည် . . .

လမ်းလျှောက်ရင်း ကွမ်းတံတွေး ပစ်ခနဲထွေးတတ်သော လူများ၊ မြင်းကျားမှ လမ်းဖြတ်ကူးရန် မလိုက်နာသော လူများ၊ ကားမရပ်ရ နေရာ၌ ကားရပ်သော လူများ၊ တွေ့ရာ နေရာ၌ အမှိုက်ပစ်သော လူများ၊ မိမိအိမ်အတွင်း စိတ်တိုင်းကျ အသံကျယ်အောင် စက်ဖွင့်သော လူများ၊ ရပ်ကွက်တွင်း အသံချဲ့စက်ဖြင့် ဈေးရောင်းသော လူများ၊ အော်လံ၊ ဆောင်းဘောက်စ်ဖြင့် အသံကျယ်ကျယ် ဖွင့်ပြီး အလှူခံသော လူများ၊ ရပ်ကွက်အကြား မိုက်ကရိုဖုန်းသုံးပြီး စာသင်သော လူများ၊ တရား ဟောပြောသူများ စသဖြင့် ပြောမဆုံးပေါင် တောသုံးထောင် ဖြစ်နေသည့် စည်းပျက်ကမ်းပျက်လူတွေ တပြုံတမ ရှိနေသေးသည်။ ဒီမိုကရေစီကို တလွဲအဓိပ္ပာယ် ကောက်ပြီး ရမ်းကား ချင်သူများ ရှိနေသေးသည်။ ထိုလူများ တဦးချင်း စည်းကမ်းရှိလာမှသာ နိုင်ငံသည်တကယ့် ဂုဏ်သိက္ခာကို ဆက်တင်နိုင်မည် ဖြစ်လေသည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၂၇ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှစ၍ ကိုယ့်ကိုယ်ကိုယ် လေးစားတတ်သော၊ ကိုယ့်လူမျိုးကို လေးစားချစ်ခင်သော၊ စည်းကမ်းဥပဒေကို တိတိကျကျလိုက်နာတတ်သော၊ ယဉ်ကျေးပြီး ဂုဏ်သိက္ခာ မြင့်မားသည့် မြန်မာနိုင်ငံ မြန်မာလူမျိုးအဖြစ် မြန်မာနိုင်ငံသားတိုင်း စောင့်ထိန်းကြဖို့ တိုက်တွန်းလိုက်ရပါသည်။ ■

Dateline Irrawaddy

# ပြည်သူတွေကို တောင်းပန်ရမယ်



**Av** ချုပ်ကြီး ခင်ညွန့်လက်ထက် စစ်ထောက်လှန်းရေးများ တန်ခိုးထွားစဉ်က နိုင်ငံရေးလှုပ်ရှားသူများကို ဖမ်းဆီး၊ နှိပ်စက်ထောင်ဒဏ်တွေ ချမှတ်ခဲ့တာနဲ့ပတ်သက်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ရဲ့ သဘာပတိဖြစ်တဲ့ ဆရာကြီး ဟံသာဝတီ ဦးဝင်းတင်၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရဲ့ ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ဒေါ်နှင်းနှင်းမွှေးတို့နဲ့ ဧရာဝတီမဂ္ဂဇင်း အင်္ဂလိပ်ပိုင်းအယ်ဒီတာ ကျော်စွာမိုးတို့က ဆွေးနွေးထားပါတယ်။ ဒီမိုကရက်တစ်မြန်မာ (DVB) ကနေ ဒီဇင်ဘာက ၅ ရက်နေ့မှာ ထုတ်လွှင့်ခဲ့တာကို ပြန်လည်တင်ဆက်ခြင်းဖြစ်ပါတယ်။

*ကျော်စွာမိုး ။ ။ဒီတပတ်ကျနော်တို့ ဆွေးနွေးမယ့်အကြောင်းအရာကတော့ ၁၉၈၈ ခုနှစ် စစ်တပ်က အာဏာသိမ်းပြီးတဲ့နောက် နိုင်ငံရေးပါတီတွေ၊ နိုင်ငံရေးသမားတွေ၊ နိုင်ငံရေးလှုပ်ရှားတက်ကြွသူတွေ၊ ကျောင်းသားအဖွဲ့အစည်းတွေကို ဘယ်လိုမျိုး အဲဒီအချိန်တုန်းက နာမည်ဆိုးနဲ့ နာမည်ကြီးခဲ့တဲ့ ဗိုလ်ချုပ်ကြီးဟောင်းခင်ညွန့်ရဲ့ စစ်ထောက်လှမ်းရေးအဖွဲ့ကနေပြီးတော့ ဘယ်လိုဖမ်းဆီးခဲ့သလဲ၊ နိုင်ငံရေးလှုပ်ရှားမှုတွေကို ရပ်တန့်ဖို့ ကြိုးစားခဲ့သလဲဆိုတာကို ကျနော်တို့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီနေ့ ကျနော်ဖိတ်ကြားထားတဲ့ ဧည့်သည်တွေကတော့ ၁၉၈၈ ခုနှစ်မှာ ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ NLD ပါတီကို တည်ထောင်ခဲ့ပြီးတော့ လက်ရှိအချိန်မှာလည်း NLD ပါတီရဲ့သဘာပတိအဖွဲ့ဝင်တဦးဖြစ်တဲ့ ဆရာကြီးဦးဝင်းတင် သူကလည်းပဲ စာနယ်ဇင်းလောကမှာပဲ တောက်လျှောက်ရေးသားခဲ့တဲ့သတင်းထောက်၊ သတင်းစာဆရာတဦးလို့လည်း ပြောလို့ရပါတယ်။ နောက်တဦး ကျနော်တို့ ဖိတ်ကြားထားတာကတော့ ထောင်ထဲမှာနှစ်ကြိမ် စစ်ထောက်လှမ်းရေးရဲ့ ဖမ်းဆီးခြင်းကို ခံရပြီးတော့ လက်ရှိ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရဲ့ ခေါင်းဆောင်တဦးဖြစ်တဲ့ မနှင်းနှင်းမွှေးတို့က ဒီဆွေးနွေးပွဲမှာ ဝင်ရောက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်ခင်ဗျာ။ ကျနော်ကတော့ ဧရာဝတီမဂ္ဂဇင်းရဲ့ အင်္ဂလိပ်ပိုင်းအယ်ဒီတာ ကျော်စွာမိုးဖြစ်ပါတယ်။*

*ကျော်စွာမိုး ။ ။ ပထမဆုံး မကြာသေးခင်ကပေ့ါ၊ အရင်တုန်းက စစ်ထောက်လှမ်းရေးခေါင်းဆောင် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပြောခဲ့တာ တခုရှိတယ်၊ အဲဒါဘာလဲဆိုတော့ သူ့အနေနဲ့ ထောင်ထဲမှာ ထောင်ချခဲ့တဲ့ ကျောင်းသားခေါင်းဆောင်တွေ၊ နိုင်ငံရေးလှုပ်ရှားခဲ့တဲ့ နိုင်ငံရေးလှုပ်ရှားသူတွေ Activist တွေပေ့ါ၊ အဲဒီလိုထောင်ချခဲ့တာနဲ့ ပတ်သက်ပြီး သူ့မှာ တာဝန်မရှိပါဘူး၊ ဒါဟာ အထက်က အမိန့်နဲ့ လုပ်ရတာပါလို့ ပြောပါတယ်။ အဲဒီတော့ ဘယ်သူ့ကို သူကတောင်းပန်ရမှာလဲဆိုပြီး အဲ့လိုစကားမျိုး ပြောပါတယ်။ အဘ ဦးဝင်းတင်အနေနဲ့ အဘက ၁၉၈၉ ခုနှစ်မှာ ထောက်လှမ်းရေးကနေ ဖမ်းဆီးခံခဲ့ရတယ်၊ အဲဒီ ထောက်လှမ်းရေးရဲ့နှိပ်စက်ညှဉ်းပန်းခြင်းကိုခံခဲ့ရတယ်၊ သွားတွေတောင် ကျိုးတယ်။ ထောင်ထဲမှာလည်း ၁၉ နှစ်ကျော် ချုပ်နှောင်ခံထားရတယ်၊ အဘအရွယ်ကို အဘအနေနဲ့ သူပြောတဲ့ဟာကို ဘယ်လိုတုံ့ပြန်ချင်လဲ။*

ဦးဝင်းတင် ။ ။ ကျနော်တို့ကတော့ ဒီလိုပြောချင်တယ်ဗျ၊ ဒီအမှန်တရားကတော့ ဘယ်သူ့ကို တောင်းပန်ရမလဲဆိုလို့ရှိရင် ဒီစကားက ကျနော်နဲ့ သူနဲ့ အကြောင်းအားလျော်စွာ ဂါးဒီးယန်းဦးစိန်ဝင်းရဲ့ အသုဘမှာ ကျနော်သွားတွေ့တယ်။ တွေ့တဲ့အခါမှာ သူက ပြောတာက အဘရယ် ပြီးခဲ့တာတွေထားလိုက်ပါတော့လို့ ဒီလိုပြောတယ်၊ အဲဒီအချိန်မှာ လူတွေရှေ့မှာ ကျနော်နဲ့သူနဲ့ ငြင်းခုန်တာတွေ ပြောစရာတွေ အကြောင်းမရှိတဲ့အတွက် ဘာအကြောင်းမှ မပြောခဲ့ဘူး၊ သူက ကျနော့်အသက်တွေဘာတွေမေး၊ ပြီးတဲ့အခါကျတော့ ကျနော့်ကိုချက်ချင်းမီဒီယာကတင်ကြပြီ၊ အင်တာနက်ပေါ်တွေလည်း ဒီပုံတွေကတက်ကုန်ပြီ၊ အဲဒီအခါကျတော့ ကျနော့်ကို မီဒီယာကမေးတဲ့အခါ၊ ဘာလုပ်ရမလဲမေးတဲ့အခါ ကျနော်ပြောတဲ့ စကားသုံးခွန်းရှိပါတယ်၊ တစ်က ဘာပဲပြောပြော ဒီထောက်လှမ်းရေးတွေက တချို့ထောက်လှမ်းရေးတွေကတော့ တာဝန်အရှိဆုံးပေ့ါ။ ဒါတင်မကသေးပါဘူး သူ့ရဲ့အထက်က ဆရာတွေရှိတယ်၊ အမိန့်ပေးလို့ဆိုတဲ့ ဆရာတွေရှိတယ်၊ အမိန့်ပေးတဲ့လူတွေ အပါအဝင် ဗိုလ်မှူးကြီးသန်းဌေးတို့ ဘာတွေညာတွေပေ့ါဗျာ။ ဒီလူတွေ အားလုံးဟာလည်း တာဝန်ရှိတယ်၊ တာဝန်ရှိတဲ့ လူတွေဟာလည်း နံပါတ်တစ် ကျနော်တို့ကို တောင်းပန်ရမယ်၊ နိုင်ငံရေး အကျဉ်းသားတွေကို တောင်းပန်ရမယ်။ နောက်တော့ ပြည်သူကို တောင်းပန်ရမယ်၊ ကျနော်ကကြည့်ပြီးတော့ တကယ်ပြောရမယ်ဆိုရင် သူတို့က သူ့ကိုယ်သူလည်းတောင်းပန်ရမယ်၊ သူက အမှားတွေကို ကျူးလွန်ခဲ့တာကိုး။ နံပါတ်နှစ်က ခင်ဗျားတို့တွေက ပြင်ဆင်ရမယ်၊ ပြင်ရမယ်။ အမှားတွေကို နောင်ကို ထပ်ပြီးတော့မမှားအောင် နောင်လာနောင်သားတွေပေ့ါ။ နောင်လာနောက်သားဆိုတာ နောင်လာမယ့် ထောက်လှမ်းရေးတွေပေ့ါ၊ ဒါတွေအတွက်ကို ဗမာပြည်စရိုက်ထဲမှာကို၊

> **ထောင်နေတန်းကျ၊ တောထဲကိုထွက်ပြေးကြ၊ တိုင်းပြည်က ထွက်ပြေးရ၊ အသက်ဆုံးရှုံးခံရ၊ ဘဝအပျက်အစီးခံရတဲ့ပြည်သူတွေကို တောင်းပန်ရမယ် . . .**

အုပ်ချုပ်ရေး ယန္တရားထဲမှာကို ထောက်လှမ်းရေးက ရှိရင်ရှိမှာပဲ။ ရှိနေရင်လည်း ကိစ္စမရှိဘူး။ ဒီတော့ အဲဒီလူတွေက နောက်ကို ဒီလိုအမှားတွေမကျူးလွန်အောင် တောင်းပန်ရမယ်၊ ပြုပြင်ရမယ်။ သုံးက ဘာလဲဆိုတော့ နိုင်ငံရေးအကျဉ်းသားတွေကို ဒီနေ့ ကျနော်တို့ကူညီနေကြတယ်။ သူတို့ဗိုလ်ချုပ်ဟောင်းတွေလည်း သူတို့ရဲ့ဘဏ္ဍာသိုက်လို့ ခေါ်ပါတော့ဗျာ။ အကြောင်းအမျိုးမျိုးကြောင့် သူတို့ရထားတဲ့ တိုင်းပြည်နဲ့ပတ်သက်ပြီး ရထားတဲ့ (သို့) သူတို့ရဲ့အာဏာ၊ ရာထူး၊ ရာခံတွေကြောင့် ရထားတဲ့ ဘဏ္ဍာသိုက်က အကြီးကြီးဗျ။ သုံးလို့ ကုန်မှာမဟုတ်ဘူး၊ ဒါတွေနဲ့ သူတို့ဘဏ္ဍာတိုက်ထဲက ထိုးလို့၊ နုတ်လို့ပဲဖြစ်ဖြစ်၊ သူတို့ အပေါင်းအသင်းတွေနဲ့ ညှိနှိုင်းလို့ပဲဖြစ်ဖြစ်၊ နိုင်ငံရေးအကျဉ်းသားတွေရဲ့ ဘဝတွေကို ပြန်လည်ထူထောင်တဲ့ သူတွေကို သူတို့ ကူညီသင့်တယ်၊ ရန်ပုံငွေတွေ ထူထောင်သင့်တယ်။ ဒါမျိုးတွေ ပြင်ဆင်ရေးတွေ လုပ်သင့်တယ်လို့ ကျနော်ပြောတယ်။ အဲဒါကို ကျနော်ပြောတာ၊ တောင်းပန်ရမယ်ဆိုတဲ့ စကားက ဒီဟာကိုပြောတာ၊ တောင်းပန်ရမယ်ဆိုတဲ့စကားကို တနေရာရောက်တော့ သူတို့ ဘယ်သူ့ကိုတောင်းပန်ရမလဲဆိုတဲ့စကားကို ပြန်ပြောတယ်။ အဲဒီတော့ ကျနော်ပြောချင်တာက ထပ်ပြီးတော့ပြောပါ့မယ်၊ တောင်းပန်ရမှာက နံပါတ်(၁)နိုင်ငံရေးအကျဉ်းသား၊ ထောက်လှမ်းရေးအကျဉ်းသား၊ ထောင်နေတန်းကျ၊ တောထဲကိုထွက်ပြေးကြ၊ တိုင်းပြည်က ထွက်ပြေးရ၊ အသက်ဆုံးရှုံးခံရ၊ ဘဝအပျက်အစီးခံရတဲ့ ပြည်သူတွေကို တောင်းပန်ရမယ်၊ (၂) က ပြည်သူတွေကို တောင်းပန်ရမယ်၊ (၃)ကတော့ သူတို့ကိုယ်သူတို့ တောင်းပန်ရမယ် အဲဒါပြောချင်ပါတယ်။

*ကျော်စွာမိုး ။ ။ အဘ ထောင်ထဲမှာတုန်းကလည်း ထောင်လှမ်းရေးတွေက လာပြီးတော့ စစ်ကြောရေးတွေ လုပ်တာပေ့ါ၊ အဲ့မှာ အဘအနေနဲ့ တကယ်ကြုံတွေ့ခဲ့ရတဲ့ သူတို့ ဘယ်လိုနှိပ်စက်တာလဲဆိုတာ နည်းနည်းလေးတော့ ပြောပြပေးပါ။*

ဦးဝင်းတင်။ ။ နှိပ်စက်တာတော့ အများကြီးဗျ၊ ပြောမယ်ဆိုရင်တော့ မကုန်နိုင်ဘူး၊ ပြောမယ်ဆိုရင်တော့ ဒီစကားကကျနော့်လိုပဲ နှိပ်စက်ခံရတဲ့လူတွေ အများကြီးပဲဆိုတော့ ဘယ်သူ့ကိုပြောချင်လဲဆိုတာ တခုတော့ရှိတယ် ထူးထူးခြားခြားကို နှိပ်စက်ခံရတဲ့ တခုတော့ ပြောချင်ပါတယ်။ ဘာလို့လဲဆိုရင်ကျနော့် ထောင်ထဲကိုရောက်သွားတဲ့ ညကပဲ ကျနော့်ကိုစစ်ကြောရေးတွေလုပ်တယ်။ စစ်ကြောရေးတွေလုပ်တော့ ကျနော်လည်း ထအော်တာတွေ ရှိတာပေ့ါ။ ခြောက်ညတိတိ ကျနော့်ကို စစ်ကြောရေးလုပ်တယ်၊ အဲဒီမှာ ထောင်းတာကြိတ်တာတွေလုပ်တယ်၊ မျက်နှာဖုံးစွပ်ထားတယ်၊ မျက်နှာဖုံးစွပ်ထားတော့ ဘယ်သူမှန်းမသိဘူးပေ့ါ။ အရာရှိပဲ ပြောပြော၊ နောက်လူကိုပဲပြောပြော ကျနော့် ဒီလူတွေကိုပဲကန့်ကွက်တယ်။ အဲဒီလိုမဟုတ်ဘူး၊ မနှိပ်စက်ဖို့လည်းပြောတယ်၊ ကျနော်ဟာ နိုင်ငံရေးသမား၊ နိုင်ငံရေးပါတီ တစ်ခုရဲ့ ခေါင်းဆောင်ဖြစ်တယ်။ အဲ့တော့ အဲဒီနှိပ်စက်တဲ့ ဒဏ်တွေကြောင့် သွားတွေဟာ တစ်နှစ်လောက်အတွင်းမှာ အကုန်ကျွတ်ကုန်တယ်။ အကုန်ကျွတ်ပြီးတော့ ၁၉၉၁ ကိုရောက်တဲ့အခါမှာတော့သူတို့ထောင်ကလူတွေကို စလွှတ်တယ်ဗျ၊ လွှတ်တဲ့အခါမှာ သွားတွေ စိုက်ပေးတယ်၊ ပြင်ပေးတယ်၊ အကုန်လုံးလုပ်ပေးတယ်။ ကျနော်က ကျနော့်မှာလည်း သွားတွေ မရှိဘူး၊ ထောင်ထဲမှာက ဆန်လုံးကြီးနဲ့ ထမင်းစားတဲ့အခါ သွားမရှိဘဲသွားဖုံးနဲ့စားရတော့။

*ကျော်စွာမိုး ။ ။ ထမင်းက မာတာပေ့ါ။*

ဦးဝင်းတင် ။ ။ မာတော့ ထိကိုမထိနိုင်ဘူး၊ ဝါးကို မဝါးနိုင်ဘူးဗျာ။ ဆိုတဲ့အခါကျတော့ အဲဒါ ဘယ်လောက်ကြာလဲဆိုရင် အားလုံးပေါင်း ၇ နှစ်ကြာတယ်၊ ၁၉၉၈ ကျမှ ကျနော့်ကို သွားစိုက်ပေးတယ်။ အဲဒါ ကျနော်ကတော့ တခြားသူနဲ့မတူတဲ့ ခံစားချက်တစ်မျိုး ကျနော့်မှာရှိတယ်၊ နှိပ်စက်ပုံချင်းကတော့ အတူတူပါပဲ။ ကျနော့်ထက်ဆိုးတဲ့ လူတွေလည်း ရှိရင်ရှိမှာပေ့ါ။ ကျနော့်လိုပဲ တန်းတူခံရတဲ့ လူတွေလည်းရှိတယ်။ ဒါကတော့ ကိုယ့်ခန္ဓာအပေါ် ညှဉ်းပန်းနှိပ်စက်ခြင်းကို ဘယ်သူ့မှ ခံနိုင်မှာမဟုတ်ဘူး၊ ခံလည်းမခံချင်ဘူး။

*ကျော်စွာမိုး ။ ။ အဘ အဲဒီဟာတွေဟာ အဘရဲ့ လူငရဲဆိုတဲ့ စာအုပ်ထဲမှာ အကုန်ရေးထားတာပါပဲ၊ မနှင်းနှင်းမွှေးကလည်း ၁၉၈၉ မှာ အဖမ်းခံရတယ်၊ ပထမ သုံးနှစ်၊ နောက်ထပ်လည်း ဖမ်းဆီးခံရတယ်၊ ဘယ်လိုမျိုး အဖမ်းခံရတာလဲ၊ ဘာတွေ စစ်ထောက်လှမ်းရေးတွေ လုပ်ခဲ့တာလဲဆိုတာကို ပြောပြပေးပါ။*

ဒေါ်နှင်းနှင်းမွှေး ။ ။ ၁၉၈၂ ခုနှစ် အဖမ်းခံရတဲ့ အချိန်မှာ ကျမဟာ သာကေတမြို့နယ် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရဲ့ ဒုဥက္ကဋ္ဌပေ့ါ။ ကျမဆီမှာက နိုင်ငံရေးပါတီကနေ ထုတ်ဝေတဲ့ စာရွက်စာတမ်းတွေ အများကြီးရှိတာပေ့ါ။ ရှိတဲ့အခါကျတော့ စစ်ထောက်လှမ်းရေးက ကျမအိမ်ကိုဝင်ပြီးတော့ ရှာဖွေတဲ့အချိန်မှာ အဲဒီစာရွက်စာတမ်းတွေကို သိမ်းဆည်းပြီးတော့ တရားလိုပြပစ္စည်းပေ့ါ၊ အဲ့ဒီလိုနဲ့ တရားရုံးမှာ တင်ပါတယ်။ အဲဒီအချိန်မှာ ကျမတို့ကို ထောင်ချတာက စစ်ခုံးရုံးမှုနဲ့ ထောင်ချတာပါ။ အဲဒီအချိန်မှာ စစ်ခုံရုံးမှုနဲ့ထောင်ချခံတာ သိတဲ့လူတွေကတော့ ဘာလဲဆိုတော့ စစ်ခုံရုံးမှုနဲ့ထောင်ချရင်တော့ လွတ်လမ်း မရှိတော့ဘူးပေ့ါ။ ဒါဟာ သူတို့က ချရမယ်ဆိုတဲ့အမိန့်နဲ့ လာတာဖြစ်တယ်။ ကျမကို အမိန့်ချတဲ့လူကလည်း ဒီမင်္ဂလာဒုံ ဆက်သွယ်ရေးဘက်က ဗိုလ်မှူးပေ့ါနော်။ သူကိုယ်တိုင်က ကျမကို သမီးရယ်၊ အပြစ်မရှိဘူးလို့ သမီးဘက်ကနေ ပြောပြော၊ အဘတို့ကတော့ ဒီကိစ္စကို ချရမယ့်အမိန့်နဲ့လာတာဖြစ်တဲ့အတွက်ကြောင့် ချမယ်လို့ပြောပါတယ်။ ဆိုတဲ့အခါကျတော့ အဲဒီအချိန်မှာ ကျမတို့နိုင်ငံရေးပါတီတွေက စာရွက်စာတမ်းတွေ ထုတ်ဝေတဲ့အခါမှာ အဘဦးဝင်းတင်တို့ဆို သိပါတယ်။ အဲဒါနဲ့ နိုင်ငံရေး ကင်း



လွတ်ခွင့်ပေါ့ တင်ပြီးတော့မှ ထုတ်ကြတာပါ။ အဲဒီစာတမ်းတွေ ကျမလက်ဝယ်မှာ ထားရှိပြီးတော့ အပြစ်ရှိတယ် ပြောတဲ့အခါမှာ ဗိုလ်ချုပ်ခင်ညွန့်က သူတို့ပြောတဲ့အခါမှာ ဥပဒေကို ချိုးဖောက်တယ်ဆိုတာ ကျမတို့ ဘယ်ဥပဒေကို ချိုးဖောက်မိတာလဲ။ အဲဒီစာရွက်စာတမ်းတွေကို ကျမတို့ သိမ်းဆည်းခွင့်မရှိဘူးလား။ အဲဒါ ဥပဒေတရပ်လို့ သူတို့က ဥပဒေကဲ့သို့ အာဏာတည်သောအမိန့် ဘာညာဆိုပြီးတော့ သူတို့ အမြဲတမ်းပြောတာရှိတယ်လေ။ အဲဒါ အမိန့်တရပ်လို ထုတ်ထားတာလည်းမရှိဘူး၊ ဥပဒေထဲမှာလည်း သူတို့က ဒါကိုတင်ရမယ်ဆိုတော့ ကျမတို့ တင်ပြီးမှ ထုတ်တာပါ၊ အဲဒီစာရွက်တွေကို သိမ်းဆည်းထားလို့ အပြစ်ရှိတယ်ဆိုရင် သူတို့ ဥပဒေဆိုတာ ကျမကိုယ်တိုင် နားမလည်ဘူး၊ အဲလိုဖြစ်တာပေါ့။

*ကျော်စွာမိုး။ ။ ဒါဆို တရားစွဲတာ အဲဒီအမှုနဲ့ ချတာပေါ့။ ဒီနေရာမှာ အဘကရောပေါ့။ ဒီစစ်ခုံရုံးမှုနဲ့ ချတာလည်းရှိတယ်၊ တချို့ဆို အရပ်ရုံးအနေနဲ့လည်း ချတာလည်း ရှိတယ်ပေါ့နော်။ ဒါပေမယ့် ကျနော်သိသလောက်ဆိုရင် နိုင်ငံရေး အကျဉ်းသားတွေကို ထောင်ချပြီဆိုရင် တကယ့် ထောင်ပြစ်ဒဏ်တကယ်ချတဲ့သူက ခုံရုံးမှာ တရားသူကြီးတွေဘာတွေ မဟုတ်ဘူး၊ နောက်ကနေပြီးတော့ ထောက်လှမ်းရေးတွေက ဒီလူကိုတော့ ၁၀ နှစ် ချလိုက်၊ ဟုတ်တယ်မလား။ မနှင်းနှင်းမွှေးတို့ ပြစ်ဒဏ်ကအစ ထောက်လှမ်းရေးကနေပြီးတော့ အမိန့်ပေးတဲ့သဘော တရားရုံးကနေပြီးတော့ အမိန့်ပေးတာမှ မဟုတ်တာ။*

ဒေါ်နှင်းနှင်းမွှေး ။ ။ ဟုတ်တယ်၊ ဘာကြောင့်လဲဆိုတော့ သူတို့က သူတို့နောက်ကွယ်ကနေ အမိန့်ချရမယ်ဆိုပြီးတော့ အမိန့်တရပ်ကို အမိန့်ချမယ့်သူကိုယ်တိုင်က ယူဆောင်လာပြီးအမိန့်ချတာပါ။ ကျမတို့နဲ့ သူတို့နဲ့က တကြိမ်တခါမှ တွေ့ဖူးတာလည်းမရှိဘူး။ ဒီစစ်ခုံရုံးကို တစ်ခါတည်းတင်လိုက်တယ်။ ဒီစာရွက်စာတမ်းတွေကို မိတယ်၊ ဒါကြောင့် အပြစ်ရှိတယ်၊ အမိန့်ချရမယ်ဆိုပြီး သူတို့ အမိန့်ချလိုက်တာဖြစ်တယ်။

*ကျော်စွာမိုး ။ ။ အထဲမှာ နှိပ်စက်တာတွေရော ဒီထောက်လှမ်းရေးကာလမှာ နှိပ်စက်တာတွေပေါ့။*

ဒေါ်နှင်းနှင်းမွှေး။ ။သူတို့က ကျမတို့ကိုဘယ်လိုမျိုးလုပ်လဲဆိုတော့ မရပ်မနားပေါ့နော် မအိပ်ဘဲနဲ့ သူတို့ဘက်က လူလဲပြီး စစ်တာမျိုးပေါ့ရှိတယ်၊ သူတို့ကသူတို့လိုချင်တဲ့ အဖြေမျိုးကို ကျမတို့မှာ အပြစ်မရှိတာ၊ ဒါကြောင့် သူတို့လိုချင်တဲ့အဖြေမျိုးကို ကျမတို့မှ မပေးနိုင်တာ။ ဒါကိုပဲ သူတို့က ထပ်ကာတလဲလဲနဲ့ Torture ပေးသလိုမျိုးပေါ့ နင်မပေးချင်လည်းရတယ် ငါတို့ဘက်မှာလူတွေ အများကြီးရှိဆိုပြီးတော့ သူတို့ဘက်က လူလဲပြီးတော့ ကျမတယောက်တည်း ဒိုင်ခံပြီးတော့ မအိပ်မနေဘဲ အဲဒါတွေကို ဖြေနေရတာ။ အဲဒါမျိုးပေါ့နော်။ အစားအသောက်တွေကရောပေါ့။ အချိန်တန်ရင် မကျွေးတာမျိုးလည်းရှိတယ်။

*ကျော်စွာမိုး ။ ။ အဘလည်း ခုနက ပထမဆုံးပြောခဲ့ဖူးတယ်၊ တာဝန်ရှိတဲ့သူတွေဆိုရင် ဗိုလ်ချုပ်ကြီး ခင်ညွန့်တို့၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေတို့ပေါ့။ ဒါပေမယ့် ၁၉၈၈ အာဏာသိမ်းမယ့် အချိန်မှာကတည်းက အာဏာသိမ်းဖို့ကို စပြီးတော့စီစဉ်တာက ဗိုလ်ချုပ်မှူးကြီး စောမောင်လား၊ ဗိုလ်ချုပ်ကြီး ခင်ညွန့်လား။ ဘာဖြစ်လို့လဲဆိုတော့ ဗိုလ်ချုပ်ကြီး ခင်ညွန့်က ဗိုလ်ချုပ်နေဝင်းရဲ့ အဓိကလက်ရုံးဆိုတော့ အဘအနေနဲ့ သမိုင်းနဲ့ပတ်သက်ပြီး ဘာများသိပါသလဲ။*

ဦးဝင်းတင် ။ ။ အမှန်အတိုင်း ပြောရရင်တော့ ထုံးစံအတိုင်း စစ်တပ်မှာ လုပ်ကိုင်နေတာတွေကို မသိရပါဘူး၊ သို့သော် ကျနော်သုံးတဲ့စကားတစ်ခွန်းရှိပါတယ်၊ ဘာလဲဆိုတော့ ဘယ်လုပ်ငန်းဖြစ်ဖြစ်တနေ့သောအခါမှာ အရိုးတွန်တဲ့စကား ကျနော်ထပ်တလဲလဲပြောပါတယ်။ ဘာကြောင့်လဲဆိုတော့ အမှန်တရားဆိုတာ ဖုံးကွယ်ထားလို့မရဘူး၊ တနေ့ပေါ်မှာပဲ။ စစ်ထောက်လှမ်းရေးတွေက ဘယ်လိုလုပ်ကိုင်လဲဆိုတာ ကျနော်သိတော့ မသိဘူး။ သို့သော် အခုပိုင်းမှာ ရုပ်လုံးပြန်ပေါ်တယ်ဗျ၊ အခုနောက်ပိုင်းပြောတဲ့စကားတွေမှာပေါ့ ဗိုလ်ချုပ်ခင်ညွန့်ရဲ့ စကားတွေမှာလည်းပေါ်တယ်၊ နောက်တစ်ခါ မကြာခင်ကမှ လွတ်လာတဲ့ ဦးနေဝင်းမြေးတွေရဲ့ စကားတွေမှာလည်း ပေါ်လာတယ်။ နောက် မီဒီယာတွေမှာ လူကြီးတွေရဲ့ စကားတွေမှာ ပေါ်တယ်။ ပေါ်တဲ့အချိန်မှာ ဘာတင်ပြလဲဆိုတော့ ဒီအာဏာသိမ်းတဲ့အချိန်မှာ ၁၇ ရက်နေ့ပေါ့ ဗိုလ်ချုပ်ခင်ညွန့်ကနေတာဝန်ခံပြီးတော့ ဦးကျော်မောင်ပါတယ်၊ ဗိုလ်မှူးကြီးတင်လှိုင်လားမသိဘူး အဲ့လူတယောက်ပါတယ်၊ နောက်တယောက်နဲ့ လေးယောက်ပေါ့။ သူတို့သွားပြီးတော့ ဗိုလ်ချုပ်ကြီးနေဝင်းဆီသွား အကြောင်းကြားတယ်။ ဒီလိုဒီလိုတော့ဖြစ်နေပြီ၊ တိုင်းပြည်မှာ အာဏာသိမ်းမှဖြစ်မယ် ဆိုပြီးတော့ ဦးခင်ညွန့်က ပြောတယ်၊ ဦးနေဝင်းကဘာပြောလဲဆိုတော့ မင်းတို့ဒီလိုလုပ်လို့မရဘူး တပ်မှာထုံးစံရှိတယ်၊ အကြီးအကဲတွေကို အသိပေး၊ မင်းတို့ အကြီးအကဲတွေ ပြောပြီးပြီလားဆိုတော့၊ မပြောရသေးဘူး၊ အဲဒီအချိန်မှာ အကြီးအကဲတွေက ဘယ်သူတွေရှိလဲဆိုတော့ ဗိုလ်မှူးကြီး အေးကိုရှိတယ်ဗျာ၊ သမ္မတဖြစ်ဖူးတယ်။။ နောက်တခါ ဦးသန်းဦးလို ပုဂ္ဂိုလ်မျိုးတွေ ရှိတယ်၊ နောက်ဗိုလ်မှူးကြီး ကျော်စိုးတို့ရှိတယ်ပေါ့ဗျာ၊ သွား အဲဒီလူတွေကို အသိပေးခဲ့ဆိုတယ်၊ နောက်တနေ့ ပြန်လာတယ်။ အသိပေးပြီးသွားပြီး ပြန်လာတယ်ပေါ့။ မင်းတို့ လုပ်စရာရှိတာလုပ်၊ ဖမ်းစရာရှိတာဖမ်း၊ ငါ့ကို ဖမ်းစရာရှိရင်လည်းဖမ်း၊ အကုန်ဖမ်းပေါ့၊ ငါ့တောင်ဖမ်းပါ ဆိုကတည်းက ကမ်းကုန်နေပြီပေါ့၊ အကုန်ဖမ်းပေါ့၊ လူတိုင်းကို ဖမ်းလို့ရတယ်ဆိုတဲ့ သဘော ပြောလိုက်တာပေါ့၊ အဲ့လိုသဘောမျိုး ပြောခြင်းအားဖြင့် ဦးနေဝင်းကနေပြီးတော့ နှစ်ခု အမိန့်ပေးတယ်။ တစ်ခုက အာဏာသိမ်း၊ နောက်တခုက လူတွေကိုဖမ်း။ သူတို့က ဘာလုပ်လဲ အာဏာလည်းသိမ်းတယ်၊ လူတွေလည်း ဖမ်းတယ်။ အဲဒီနေရာမှာ စေ့ဆော်သူဟာ ဗိုလ်ချုပ်ခင်ညွန့်ပဲလို့ ကျနော်တို့ နားလည်ပါတယ်၊ အမိန့်ပေးတာကတော့ ဗိုလ်ချုပ်နေဝင်းပေါ့၊ အဲဒီလိုမျိုး နားလည်ပါတယ်။

*ကျော်စွာမိုး ။ ။ ကျနော်တို့ နားလည်တာကတော့ပေါ့နော် စစ်အာဏာသိမ်းပြီးတဲ့နောက်ပိုင်းမှာလည်း ဖမ်းဆီးတာတို့ ဘာတို့ ၊ ထောင်ထဲပို့တာတို့၊ ဒီလူကို ထောင်ဘယ်လောက်ချမယ်ဆိုတာက အစပေါ့၊ ဒီထောက်လှမ်းရေးအဖွဲ့ကပဲ အားလုံးကို လုပ်တာပေါ့နော်၊ ဒီတော့အဘရယ် ဒီတလျှောက်လုံးမှာရော အဘက သမိုင်းတွေလည်း မီခဲ့တယ်ဆိုတော့ ကင်ပေတိုင်ခေတ်တို့လည်းရှိခဲ့တယ်၊ ဂျပန်ခေတ်မှာပေါ့နော်၊ ဒီခေတ်က ၁၉၈၈ နောက်ပိုင်း ဗိုလ်ချုပ်ခင်ညွန့်တို့ MI (Military Intelligence) ခေတ်က အကြောက်ရဆုံးခေတ်လို့ ခေါ်လို့ရမလား၊ အဘအနေနဲ့ ဘယ်လိုထင်လဲ။*

ဦးဝင်းတင် ။ ။အကြောက်ရဆုံးခေတ်လို့လည်းခေါ်လို့ရတယ်၊ အဆိုးရွားဆုံး ခေတ်လို့လည်းခေါ်လို့ရတယ်။ အရက်စက်ဆုံးလို့လည်း ပြောလို့ရတယ်၊ ဘာလို့လဲဆိုတော့ ကျနော်ကိုယ်တိုင်က ကင်ပေတိုင်တို့ ခေတ်တုန်းက ငယ်သေးတဲ့အတွက်ကြောင့် မသိဘူးပေါ့၊ သိပ်များများမသိဘူး၊ ကင်ပေတန်တို့ လက်ထက်မှာပေါ့ ကင်ပေတိုင်ရက်စက်တယ်ဆိုတာ အားလုံးက သိပါပြီ၊ များများတော့မပြောတတ်ဘူး၊ ကျနော်လည်းအသက်ငယ်သေးတဲ့အတွက်ကြောင့်ပေါ့၊ ဒါပေမယ့် ကျနော်ပြောနိုင်တာကတော့ ကျနော်ကိုယ်တိုင်လည်းဒီခေတ်ကို ကြုံခဲ့ပြီ၊ ဖဆပလခေတ်ကိုလည်းကြုံခဲ့ပြီ၊ ကျနော်ပြောချင်တာကတော့ ဒီခေတ်သုံးခေတ်၊ လေးခေတ်မှာပေါ့ အရက်စက်ဆုံး အဆိုးရွားဆုံး၊ အကြမ်းတမ်းဆုံးနဲ့ နောက် ဥပဒေမဲ့လုပ်ဆုံးကတော့ ဒီ ထောက်လှမ်းရေးခေတ်ပဲလို့ ကျနော်ထင်တယ်၊ ဒုတိယတချက် ပြောချင်တာကတော့ အမိန့်ပေးတယ် ဆိုတာလေးပေါ့။ တိုတိုလေးပြောချင်တယ်၊ ကျနော့်လို စစ်ခုံရုံးတင်တယ်ပေါ့၊ စစ်ခုံရုံးတင်တဲ့အခါမှာ ကျနော် ထကန့်ကွက်တာမျိုး ရှိတယ်၊ သက်သေတွေခေါ်လာတယ်၊ သက်သေတွေက ဘယ်သူတွေမှန်းလည်း သူတို့က ကျနော့်ကို မသိဘူး၊ ကျနော်ကလည်းသူတို့ကိုမသိဘူး၊ ဒီလိုမျိုးတွေ လုပ်တာတွေရှိတယ်၊ နောက် ကျနော့်ကို လက်ထိပ်ခတ်ထားပြီး လက်ထိတ်က တစ်ခါတည်း ယှက်ပြီးတော့ ခတ်ထားတော့ ကျနော်က အော်တာပေါ့ဗျာ၊ အော်တော့ ကျနော့်ကို ထောင်ချတာ ၁၀ နှစ်ဆိုပြီး ချတာ၊ အော်ပြီးတဲ့အခါကျတော့ ကျနော့်ဆူပူလည်း လုပ်ပြီးရော ထောက်လှမ်းရေးကနေပြီးတော့ ကျနော်ထင်တယ် တရားသူကြီးကို ခေါ်လိုက်တယ် ရုံးတော်အပြင်ကို ထွက်သွားတယ် ပြန်လည်းထွက်လာရော ကျနော့်ကို တနှစ်တိုးပြီးတော့ ၁၁နှစ်ဆို ပြီးတော့ ထောင်ချတယ်။ အမှန်တကယ် ကျနော့် ကျတာက ၂၁ နှစ်ဗျ၊ နှစ် ၂၀ မဟုတ်ဘူး၊ ၇ နှစ်ရယ်၊ ၃ နှစ်ရယ်၊ ၁၁ နှစ်ရယ် ၊ ၁ နှစ်က ထောင်ထဲမှာ လျှော့လိုက်တာ ၁၀ နှစ်ဆို တနှစ်တက်ဆိုပြီး လျှော့လိုက်တာ၊ ဒါ သူနောက်ကွယ်ကရှိတာ၊ ဆိုတာက နောက်ကွယ်က စစ်ခုံရုံးကို မှီပြီးလျှင် ထောက်လှမ်းရေးက အမိန့်ပေးနေတာ၊ တနှစ်တိုးလိုက်ပေါ့၊ ကျနော်ဆူလို့ ဆိုပြီးတော့ အမိန့်ပေးတာ တနှစ်တိုးလိုက်တာပါ။

*ကျော်စွာမိုး ။ ။ အဘဦးဝင်းတင်၊ မနှင်းနှင်းမွှေး အခုလို ဝင်ရောက်ဆွေးနွေးပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ အခု ကျနော်တို့ အဘဦးဝင်းတင်နဲ့ မနှင်းနှင်းမွှေးတို့ ဆွေးနွေးခဲ့တာကတော့ ၁၉၈၈ နောက်ပိုင်းမှာ စစ်ထောက်လှမ်းရေးကနေပြီးတော့ နိုင်ငံရေး လှုပ်ရှားသူတွေ၊ ကျောင်းသား လှုပ်ရှားသူတွေ၊ ဒီမိုကရေစီရေး လှုပ်ရှားသူတွေကို ဘယ်လိုမျိုး ဖမ်းဆီးခဲ့သလဲ၊ ဘယ်လိုမျိုး ထောင်တွေချခဲ့သလဲဆိုတာမျိုးကို ဆွေးနွေးခဲ့တာဖြစ်ပါတယ်၊ ရှေ့တပတ်လည်း ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျနော်တို့ ဆက်လက်ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်ဗျာ၊ အားလုံးပဲ ကျေးဇူးတင်ပါတယ်။* ■




ကာတွန်း—ဆော်ငို

***Dateline Irrawaddy* ဆွေးနွေးဝိုင်းတွင် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ တိုင်းရင်းသားရေး စသည့်မြန်မာ့နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုများကို သုံးသပ်ဆွေးနွေးနေပြီး DVB ရုပ်သံတွင် အပတ်စဉ် တင်ဆက်ထုတ်လွှင့်လျက်ရှိသည်။**

The Irrawaddy
Vol:1,No:1

Editorial Cartoon




**အကျိုးလိုလို့ ညောင်ရေလောင်း**

**ကာတွန်း – ATH**

Reform

# နိုင်ငံသားတွေလိုအပ်နေတာ ဖြည့်ဆည်းပါ

**ဇော်မင်း**

Ei ငံရေးမှာလူပြောများတာ တခုရှိပါတယ်။ အဲဒါက ဘာလဲဆိုတော့ ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်လာရင်ကော စစ်တပ်က သူ့စကားကို နားထောင်မှာလား၊ သူအမိန့်ပေးတာကို နာခံမှာလားဆိုတဲ့ ထင်မြင်သုံးသပ်ချက်ဖြစ်ပါတယ်။ ဒီထင်မြင်သုံးသပ်ချက်ရဲ့ နောက်ကွယ်မှာ အဓိပ္ပာယ်ကျယ်ပြောတဲ့ အနက်တွေကို တွေ့မြင်ရပါတယ်။ အဲတာကဘာတွေလဲဆိုတော့ . . .

၁။ ဒေါ်စုဟာ စစ်ဗိုလ်ချုပ် မဟုတ်ခဲ့တာကြောင့် သမ္မတဖြစ်လာစေဦး၊ စစ်တပ်ကိုတော့ မီးသေလိမ့်မယ် မဟုတ်ဘူးဆိုတဲ့ တွေးလုံးကို ဖြစ်ပေါ်စေပါတယ်။

၂။ နောင်မှာ သမ္မတဖြစ်မယ့်သူဟာ စစ်တပ်က ထောက်ခံတဲ့ စစ်ဗိုလ်ချုပ် လူထွက်ဖြစ်မှသာ သင့်တော်မယ်ဆိုတဲ့ အဆိုကိုပြုရာလည်း ရောက်နေပါတယ်။

၃။ ဒါကြောင့် စစ်သားဟောင်း စစ်ဗိုလ်ဟောင်းသာလျှင် သမ္မတ ဖြစ်ထိုက်တယ်၊ အရပ်သားတဦးအနေနဲ့ လူထုကမဲနဲ့ရွေးကောက်လို့ သမ္မတဖြစ်လာရင်လည်း ဩဇာရှိမှာမဟုတ်ဘူးလို့ ဆိုလိုတဲ့သဘောမျိုး ဖြစ်နေပါတယ်။

၄။ ဒီလို ချဉ်းကပ်မှုမျိုးကို ဆုပ်ကိုင်ထားမယ်ဆိုရင် နောက်ပြန်လှည့်မယ့် ကိစ္စမျိုးကို တဖက်လှည့်နဲ့ တွန်းအားပေးသလိုမျိုး ဖြစ်စေနိုင်တယ်။ နောက်ပြန်မလှည့်ဘူး ဆိုရင်တောင်မှ စက်ဝိုင်းပတ်လမ်းမှာ သံသရာလည်သလို အဖြစ်မျိုးကို ဆက်ပြီး ဖြစ်စေနိုင်တယ်။

၅။ စစ်တပ်က ရွေးကောက်ပွဲဝင်စရာမလိုဘဲ ပါလီမန်မှာ ၂၅ ရာခိုင်နှုန်း အလိုအလျောက်နေရာယူထား တာကို ထောက်ခံသလိုလည်း ဖြစ်နေတယ်။ ဒါကို သက်ဆိုးရှည်စေသလိုလည်း ဖြစ်စေပါတယ်။

၆။ နောင်အနှစ် နှစ်ဆယ် သုံးဆယ်အတွင်း မည်သည့် အရပ်သားတဦးတလေမှ စစ်တပ်ကို မပိုင်ရင် သမ္မတမဖြစ်ထိုက်သေး မဖြစ်နိုင်သေး ဆိုတဲ့လမ်းကြောင်းကို ဖော်သလိုလည်းဖြစ်နေတယ်။

၇။ လက်နက်ကိုင်တပ်တွေကို ပိုင်ဆိုင်သူ အမိန့်ပေးနိုင်သူသာ သမ္မတဖြစ်သင့်တယ်ဆိုတဲ့ ချဉ်းကပ်မှုကြောင့် စစ်တပ်ဟာ ပြည်သူကြားထဲက မွေးဖွားလာတဲ့ တပ်မျိုးမဟုတ်ဘဲ သီးခြားလူတန်းစားတခုလို ရပ်တည်လာမှာမျိုးကို အားပေးရာရောက်နေတယ်။ ဒီလိုဖြစ်လာရင် အရပ်သားဟာ ဒုတိယတန်းစားအဆင့်လောက်မှာပဲ တစ်ဆို့ပြီးနေရလိမ့်မယ်။

ထပ်ပြီးရှာဖွေမယ်ဆိုရင် နောက်ထပ်လည်း အချက်အလက်တွေ အများကြီး ပေါ်လာနိုင်ပါသေးတယ်။ ဒါကြောင့် လိုရင်းတိုရှင်း ပြောရမယ်ဆိုရင် ဒီလိုတွေးလုံးမျိုးကို ဖက်တွယ်ထားမယ်ဆိုရင်တော့ ဒီမိုကရေစီတည်ဆောက်ရေးကို နှောင့်နှေးစေလိမ့်မယ်။ အပြောင်းအလဲဟာ ထင်တာထက် ပိုကြာသွားနိုင်တယ်။

စစ်တပ်ဟာ အာဏာရအစိုးရနဲ့ သမ္မတရဲ့ အမိန့်ကိုနာခံပါ့မလားလို့ တွေးပြီးပူစရာမဘူးလို့ ပြောလိုပါတယ်။ လုပ်စရာရှိတာ ဆောင်ရွက်စရာရှိတာတွေကို ရှင်းရှင်းလင်းလင်း ပွင့်ပွင့်လင်းလင်းနဲ့ ဆက်လုပ်ဖို့ပဲ လိုပါတယ်။ ဒေါ်အောင်ဆန်းစုကြည်သို့မဟုတ် အရပ်သားသမ္မတရဲ့ အမိန့်ကို စစ်တပ်က နာခံပါ့မလားဆိုတဲ့ ချဉ်းကပ်မှုထက် ဒီမိုကရေစီတိုင်းပြည်တခုမှာ စစ်တပ်ဟာ အချိန်တန်ရင် ပရော်ဖက်ရှင်နယ် စစ်တပ်ပီသစွာ ကိုယ့်နေရာကိုယ်ပြန်သွားပြီး တိုင်းပြည်ရဲ့ ကာကွယ်ရေးတာဝန်ကိုသာ ထမ်းဆောင်ရမယ်ဆိုတဲ့ ချဉ်းကပ်မှုမျိုးကိုသာ အားကောင်းသထက် ကောင်းလာအောင် လုပ်ဖို့ပြောဖို့သာ လိုပါတယ်။

အမျိုးသား ပြန်လည်သင့်မြတ်ရေး၊ ရင်ကြားစေ့ရေး ဆိုတဲ့နေရာမှာ လူမျိုးတမျိုးနဲ့ တမျိုးကြား ပြန်လည်သင့်မြတ်အောင် ဆောင်ရွက်ဖို့လိုသလို နိုင်ငံသားများနဲ့ စစ်တပ်အကြားမှာလည်း လုပ်ဆောင်ဖို့လိုပါတယ်။ လူတဦး တယောက်ကြောင့် ဖြစ်စေ၊ အကျိုးစီးပွားကြောင့် ဖြစ်စေ၊ အာဃာတ အမုန်းတရားတွေကြောင့် ဖြစ်စေ၊ မတော်တဆမှုကြောင့် ဖြစ်စေ ပေါက်နေတဲ့ သေနတ်သံတွေစဲသွားအောင် တိတ်သွားအောင် အရင်ဆုံးဆောင်ရွက်ဖို့လိုပါတယ်။ သေနတ်သံတွေ တိတ်သွားအောင် အလုပ်တွေကို ကျားကုတ်ကျားခဲ လုပ်ဖို့လိုပါတယ်။ အဲသလို လိုအပ်တဲ့အလုပ်တွေကို အရင်မလုပ်ဘဲ နောင်တက်မယ့် အရပ်သားသမ္မတအမိန့်ကို စစ်တပ်က နာခံပါ့မလားဆိုတာ တွေးပူနေစရာ မလိုဘူးလို့ ထောက်ပြလိုပါတယ်။ အမိန့်ကိုမနာခံရင် မနာခံတဲ့သူသာ သမိုင်းမှာနာမည်ဆိုးနဲ့ ကျန်ရစ်ခဲ့မှာ ဖြစ်ပါတယ်။

လူထုက ရွေးကောက်တင်မြှောက်လို့ သမ္မတဖြစ်လာတဲ့ အရပ်သားတဦးရဲ့အမိန့်ကို စစ်တပ်က ဖီလာဆန့်ကျင် လုပ်နိုင်တယ်ဆိုတာကလည်း ဖြစ်နိုင်တဲ့ တွေးလုံးပါ။ ဒါပေမယ့် အရပ်သား သမ္မတ ဘယ်နှစ်ဆက်အထိ စစ်တပ်အနေနဲ့ ဆန့်ကျင်နိုင်မှာလဲ။ ကိုယ့်ဘက်က ကိုယ်လုပ်ရမယ့် အလုပ်ကိုသာ စေတနာသန့်သန့်နဲ့ လုပ်ပြဖို့ပဲလိုပါတယ်။ နိုင်ငံရေးမှာ နိုင်ငံရေးကစားတယ်ဆိုတာ အမြဲတမ်းရှိပါတယ်။ နိုင်ငံရေးကစားတာက နိုင်ချင်လို့ဖြစ်ပါတယ်။ အနိုင်လိုချင်တာကလည်း သဘာဝကျပါတယ်။ ဒါပေမယ့် လိုအပ်တာထက် နိုင်ငံရေးကို ပိုကစားကြမယ်ဆိုရင် ရေရှည်မှာ တိုင်းပြည်နဲ့ နိုင်ငံသားတွေသာ နစ်နာမှာဖြစ်ပါတယ်။ ဖဆပလခေတ်က နိုင်ငံရေး အကစားလွန်လို့ တိုင်းပြည်နစ်နာခဲ့တဲ့ ပြည်တွင်းစစ်ဒဏ်ကို အခုအထိ မြန်မာနိုင်ငံသားတွေ ခံစားနေရဆဲဖြစ်တယ်ဆိုတာကို မမေ့ဖို့လည်း လိုပါတယ်။

ဒီအချိန်မှာ အရင်ဆုံးပြောရမယ့် အရေးကြီးတဲ့ စကားတွေရှိပါတယ်။ ဘာတွေလဲဆိုတော့ လွတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံရွေးကောက်ပွဲတွေ ရှိရမယ်။ နိုင်ငံသားတွေ သူ့တို့ဆန္ဒနဲ့အညီ လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ရှိရမယ်။ သူတို့နစ်နာနေတဲ့အပေါ်မှာ နိုင်ငံသားတွေအနေနဲ့ အကြောက်အရွံ့ကင်းစွာ တောင်းဆိုပိုင်ခွင့် ရှိရမယ် စတဲ့ အခြေခံအချက်တွေ ဖြစ်ပါတယ်။ နိုင်ငံရေးမှာ ပါဝင်ပတ်သက်နေတဲ့ သူတွေကနေ ဒီအချက်ကတော့ တရုတ်တွေဘက်က ကြိုက်မှာမဟုတ်လို့ မတောင်းဆိုပါနဲ့ဦး၊ ဒီအချက်ကတော့ အမေရိကန်ပေါ်လစီနဲ့ မကိုက်လို့ အသာထားလိုက်ပါဦး၊ ဒီအချက်တွေကိုတော့ဖြင့် စစ်တပ်က သဘောမကျလို့ ခဏဆိုင်းထားပါဦးဆိုတဲ့ နိုင်ငံရေးမျိုးကို နိုင်ငံသားတွေပါလိုက်လုပ်ဖို့ တွန်းအားပေးမျိုးက မဖြစ်သင့်ဘူးလို့ ပြောလိုပါတယ်။

နိုင်ငံရေးခေါင်းဆောင်တွေအနေနဲ့ အရေးကြီးတာက နိုင်ငံသားတွေက တောင်းဆိုနေတာတွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးဖို့ တာဝန်ရှိတာကို မမေ့သင့်ပါကြောင်း။ ■

ဇော်မင်းသည် ၁၉၈၈ ဒီမိုကရေစီ အရေးတော်ပုံအပြီး မန္တလေးမြို့မှ ထိုင်း-မြန်မာ နယ်စပ်သို့ထွက်လာပြီး ကျောင်းသားတပ်မတော်၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီတို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ယခုအခါ ဘန်ကောက်မြို့တွင်နေထိုင်လျက်ရှိပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ သုံးသပ်ဝေဖန်ချက်များကို ကိုယ်ပိုင်ဘလော့ဂ် ‘ရွက်မွန်’တွင် ပုံမှန်ရေးသားလျက်ရှိသည်။

Women

# အမျိုးသမီးတွေ အမှီအခို ကင်းပစေဖို့



**သွေး(စစ်ကိုင်း)**

re; မ တယောက်အဖြစ် မွေးဖွားလာရတာတဲ့အတွက် ကျမ အမြဲဂုဏ်ယူမိပါတယ်။ ဒါပေမဲ့ အားနွဲ့သူလိုပဲ ခေါ်ခေါ်၊ ဒုတိယလိင် (Second Sex) လို့ပဲခေါ်ခေါ် ဒီအသုံးအနှုန်းဟာ အမျိုးသမီးတွေကို ခွဲခြားသတ်မှတ်တဲ့ အသုံးအနှုန်းလို့ ခံစားမိပါတယ်။ သေချာတာက ဒီကနေ့ကမ္ဘာကြီးမှာ အမျိုးသမီးတွေရဲ့အခန်းကဏ္ဍဟာ ပိုပြီးအရေးပါလာနေသလို တန်းတူအခွင့်အရေး (Equal Right) ရရှိဖို့အတွက် တိုက်ပွဲဝင်နေရတဲ့ အမျိုးသမီးတွေလည်း အများကြီးရှိနေတုန်းပဲဆိုတာပါ။

အမျိုးသားပဲဖြစ်ဖြစ်၊ အမျိုးသမီးပဲဖြစ်ဖြစ် လူ့အဖွဲ့အစည်းအတွက် တန်ဖိုးရှိတဲ့သူတယောက်ဖြစ်ဖို့ပဲ လိုပါတယ်။ မိန်းမတွေရဲ့တန်ဖိုးကို နားမလည်သူ၊ အလေးမထားသူတွေဟာ မိန်းမတွေကို သားဖောက်စက်လို သဘောထားနေတာ၊ လိင်ကျွန်လို သဘောထားနေတာကို စိတ်မကောင်းစရာ တွေ့မြင်နေရပါတယ်။ လူကုန်ကူးခံနေရမှုတွေမှာလည်း ဆင်းရဲနွမ်းပါးတဲ့၊ ပညာမတတ်တဲ့ မိန်းမတွေဟာ ဝိသမလောဘသားတွေရဲ့သားကောင် ဖြစ်နေပုံရပါတယ်။

အသိအမှတ်ပြုတာပဲဖြစ်ဖြစ်၊ အသိအမှတ်မပြုတာပဲဖြစ်ဖြစ် အမျိုးသမီးတွေထဲမှာ ထက်မြက်တဲ့၊ ဦးဆောင်နိုင်စွမ်းရှိတဲ့ ဂုဏ်သိက္ခာမြင့်မားတဲ့ အမျိုးသမီးတွေရှိနေတာကို ငြင်းလို့ရမယ် မထင်ပါဘူး။ ကမ္ဘာ့ခေါင်းဆောင်တွေထဲကဆိုရင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟီလာရီကလင်တန်၊ ဗြိတိသျှ ဝန်ကြီးချုပ်ဟောင်း မာဂရက်သက်ချာ၊ ဂျာမနီနိုင်ငံရဲ့ ဝန်ကြီးချုပ် (အဓိပတိ) အင်ဂျလာမာကယ်တို့ဟာ အထူးထင်ရှားသူတွေ ဖြစ်ကြပါတယ်။ ဒိန်းမတ်၊ တောင်အာဖရိက၊ ထိုင်ဝမ်၊ တရုတ်၊ အမေရိကန်၊ နီပေါ၊ ဖိလစ်ပိုင်၊ ကနေဒါ၊ အိန္ဒိယ၊ ဗင်နီဇွဲလား၊ အီရန်၊ အိုင်ယာလန်၊ ပါကစ္စတန်၊ ပိုလန်၊ တောင်ကိုရီးယား၊ ဥရုဂွေး၊ အီဂျစ်၊ ဘယ်လ်ဂျီယမ်၊ ဘော့စ်ဝါနာ၊ နိုင်ဂျီးရီးယား၊ ယူဂန်ဒါ၊ ဂရိ၊ ဂျာမနီ၊ ပြင်သစ်၊ ဩစတြေးလျ စတဲ့နိုင်ငံတွေမှာ လူ့အဖွဲ့အစည်းအတွင်း အမျိုးသမီးတွေရဲ့အရေးပါမှု ပိုမြင့်မားလာတာကို သက်သေပြနေပါတယ်။

၂၀၁၃ ခုနှစ်အတွက် ဆာခါရော့ဗ် လူ့အခွင့်အရေးဆု ချီးမြှင့်ခံရတဲ့ ပါကစ္စတန်နိုင်ငံသူလေး မာလာလာယူဆွဖ်ဇိုင်ဟာ အသက် ၁၆ နှစ်ပဲ ရှိပါသေးတယ်။ ပါကစ္စတန်အနောက်မြောက်ပိုင်း တာလီဘန်တွေ ထိန်းချုပ်ထားတဲ့ ဆွတ်တောင်ကြားက မင်ဂိုရာမြို့မှာမွေးဖွားခဲ့တဲ့ မိန်းမပျိုလေးဟာ ပညာရေးရဲ့ အရေးကြီးပုံကို ကောင်းကောင်းကြီးနားလည်သဘောပေါက်ခဲ့ပါတယ်။ အဲဒီဒေသမှာ မိန်းကလေးတွေ ပညာသင်ကြားခွင့်ရဖို့အတွက် တိုက်ပွဲဝင်ခဲ့လို့ မာလာလာကို တာလီဘန် သေနတ်သမားတွေက ပစ်ခတ် လုပ်ကြံခဲ့ပေမယ့် အသက်မသေခဲ့ပါဘူး။ ဥရောပတိုက်ရဲ့အကြီးဆုံးစာကြည့်တိုက်လို့ ပြောနိုင်တဲ့ 'ဘာမန်ဂန်' စာကြည့်တိုက်ဖွင့်ပွဲမှာ 'ကျွန်မအနေနဲ့ စာအုပ်တွေအများကြီးဖတ်သွားမှာပါ။ ဖောင်တိန်တွေ၊ စာအုပ်တွေက အကြမ်းဖက်မှုကို နှိမ်နင်းနိုင်တဲ့ လက်နက်တွေပါ'လို့ မှတ်သားစရာကောင်းလောက်အောင် ပြောကြားသွားခဲ့ပါတယ်။

တကယ်တော့ အမျိုးသမီးတွေ ပညာတတ်မှ၊ အမျိုးသမီးတွေ စာဖတ်အားကောင်းမှသာ သူတို့ကနေ မွေးဖွားလာတဲ့ သားသမီးတွေကို ကောင်းမွန်တည့်မတ်တဲ့ လမ်းညွှန်မှုပေးနိုင်မှာပါ။ အမျိုးသမီးတွေ ပညာတတ်ဖို့ ဆိုတဲ့နေရာမှာလည်း အဟန့်အတားတွေ၊ အကန့်အသတ်တွေရှိနေတာကို တွေ့ရပါတယ်။ အထူးသဖြင့် အစ္စလာမ်မစ် အစွန်းရောက်တွေ၊ တာလီဘန်တွေ ကြီးစိုးတဲ့နေရာတွေမှာ အမျိုးသမီးတွေဟာ ပညာသင်ယူနိုင်ခွင့်အတွက် ခက်ခက်ခဲခဲ ကြိုးစားနေရပါတယ်။

ကျမတို့ရဲ့ မြန်မာနိုင်ငံအနေအထားကို ပြန်ကြည့်မယ်ဆိုရင် အာဖဂန်နစ္စတန်၊ ပါကစ္စတန်က အမျိုးသမီးတွေထက်စာရင် အခွင့်အရေး ပိုရတယ်လို့ ပြောနိုင်ပါတယ်။ ဒါပေမယ့် မြန်မာ့ လူ့အဖွဲ့အစည်းက အမျိုးသမီးတွေအပေါ်ထားရှိတဲ့ ရှေးရိုးစွဲအယူအဆတွေကို ဖယ်ရှားပစ်ဖို့ လိုအပ်နေပါသေးတယ်။ မိသားစုတစ်စုမှာ ယောကျ်ားလေးရော၊ မိန်းကလေးပါ ကျောင်းနေအရွယ်ရှိနေတယ်။ စား၊ ဝတ်၊ နေရေးအဆင်မပြေလို့ ကျောင်းထွက်ရပြီဆိုရင် မိန်းကလေးတွေကပဲ ကျောင်းထွက်ရတဲ့ အရေအတွက် ပိုများနေတာဟာ မဖြစ်သင့်ပါဘူး။

> **မိန်းမတွေရဲ့တန်ဖိုးကို နားမလည်သူ၊ အလေးမထားသူတွေဟာ မိန်းမတွေကို သားဖောက်စက်လို သဘောထားနေတာ၊ လိင်ကျွန်လို သဘောထားနေတာကို စိတ်မကောင်းစရာ တွေ့မြင်နေရပါတယ်။**

ငွေကြေးချမ်းသာတဲ့ အသိုင်းအဝိုင်းကနေ မွေးဖွားလာတဲ့ မိန်းကလေးတွေဟာ ကားကောင်းကောင်းစီးရ၊ ကောင်းပေ့ဆိုတဲ့ ပုဂ္ဂလိကကျောင်းတွေမှာ ပညာသင်ယူခွင့် ရနေတဲ့အချိန်မှာ ဆင်းရဲနွမ်းပါးရှာတဲ့ ကျေးလက်က မိန်းကလေးတွေဟာ ပညာတပိုင်းတစနဲ့ ကျောင်းထွက်ရပြီး မိသားစုအတွက် တစ်ဖက်တစ်လမ်းက ရတဲ့နည်းနဲ့ဝင်ငွေရှာပေးနေရတဲ့အခြေအနေ ဖြစ်နေပါတယ်။ အခမဲ့ပညာရေးလို့ဆိုတဲ့ မူလတန်း ပညာရေးကိုတောင် ဆုံးခန်းတိုင်အောင် မသင်ယူနိုင်တဲ့ မိန်းကလေးတွေရှိနေတာ နိုင်ငံအတွက် ကောင်းတဲ့လက္ခဏာမဟုတ်ပါဘူး။

မြန်မာနိုင်ငံမှာ အမျိုးသမီးတွေရဲ့ဘဝ မြင့်မားလာဖို့အတွက်ဆိုရင် ပညာရေးနဲ့ ကျန်းမာရေးကို မြှင့်တင်ပေးရမှာပါ။

မြန်မာအမျိုးသမီးတွေဟာ တရုတ်နိုင်ငံကို ဘာကြောင့် ရောင်းစားခံရသလဲ၊ Sex Worker တွေ ဘာကြောင့်ဖြစ်သွားရတာလဲဆိုတဲ့ အကြောင်းရင်းကို စဉ်းစားဖို့လိုလာပါပြီ။ တဖက်က စဉ်းစားကြည့်ရင် မီးဖိုချောင်ထဲမှာပဲ အချိန်ကုန်ရမယ့်ခေတ်လည်း မဟုတ်တော့ပါဘူး။ Career Woman လို့ ခေါ်တဲ့ အလုပ်လုပ်တဲ့ အမျိုးသမီးတွေဖြစ်ဖို့ လိုလာပါတယ်။

အနည်းဆုံးတော့ အိမ်ထောင်ရှင် အမျိုးသမီးတွေအနေနဲ့ အလုပ်အကိုင်နေရာမှာ 'မှီခို'လို့ ရေးတာထက် သတ်သတ်မှတ်မှတ် အလုပ်တခု ရေးပြနိုင်တာက ပိုအဆင်ပြေပါလိမ့်မယ်။ ကိုယ်က အိမ်ထောင်ကျပြီဆိုတာနဲ့ အမျိုးသားဖြစ်တဲ့သူက အလုပ်ထွက်ခိုင်းလို့ အလုပ်ထွက်လိုက်ရတယ် ဆိုတာက အခုခေတ်မှာ မဖြစ်သင့်တော့ပါဘူး။ အားကိုးရာရှာတတ်တာက မိန်းမသဘာဝပဲမို့ အပြစ်တင်စရာ မဟုတ်ပါဘူး။ ဒါပေမယ့် အမျိုးသမီးတွေအနေနဲ့ ကိုယ့်ကိုဦးဆောင်မယ့်သူကို ရှာနေတာထက် ကိုယ်ကိုယ်တိုင်က ဦးဆောင်သူဖြစ်ရင်ပိုကောင်းပါတယ်။

တချို့ အမျိုးသမီးတွေက အပြင်မှာလည်း ပိုက်ဆံထွက်ရှာရ၊ အိမ်ပြန်ရောက်ရင်လည်း အိမ်အလုပ်တွေလုပ်ရ ဆိုတော့ ညည်းတတ်ကြပါတယ်။ တကယ်တော့ အဲဒီလိုလုပ်နိုင်တဲ့အတွက် ကိုယ့်ရဲ့ အရည်အချင်းတွေ တက်လာတာကို သိမြင်ဖို့ပဲလိုပါတယ်။ ကျမကိုယ်တိုင် တဖက်က ဝင်ငွေရှာသလို တဖက်က အိမ်အလုပ်တွေ လုပ်ရပေမယ့် အလုပ်အကိုင်မှာ 'မှီခို'လို့ ရေးစရာမလိုတာကို ပီတိဖြစ်မိပါတယ်။ အိမ်ရှင်မတိုင်း တွေ့ကြုံရမယ့်အခက်အခဲတွေ၊ စိန်ခေါ်မှုတွေဟာ စိတ်ပျက်စရာမဟုတ်ဘဲ ရင်ဆိုင်ကျော်လွှားရမယ့်အရာတွေသာ ဖြစ်ပါတယ်။

လက်ရှိအချိန်မှာ အမျိုးသမီးတွေ ပါဝင်တဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေ အားကောင်းဖို့လိုပါတယ်။ အမျိုးသမီးတွေအနေနဲ့ ငြိမ်းချမ်းရေး တည်ဆောက်သူတွေအဖြစ် အရေးပါတဲ့ကဏ္ဍကနေပါဝင်နေတယ်လို့ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ကောင်စီဆုံးဖြတ်ချက် အမှတ် ၁၃၂၅ (၂၀၀၀) နဲ့ အမျိုးသမီးငြိမ်းချမ်းရေးနဲ့ လုံခြုံရေးဆိုင်ရာ နောက်ဆက်တွဲဆုံးဖြတ်ချက်တွေမှာ အတိအလင်း ဖော်ပြထားပါတယ်။

ပြည်တွင်းစစ် ဖြစ်ပွားတဲ့အခါမှာပဲဖြစ်ဖြစ်၊ ပဋိပက္ခတွေဖြစ်ပွားတဲ့အခါမှာပဲဖြစ်ဖြစ် မြေစာပင်ဖြစ်ရတဲ့ လူတွေထဲမှာ အမျိုးသမီးတွေ ပိုများပါတယ်။ ဒါကြောင့် နိုင်ငံတနိုင်ငံရဲ့ နိုင်ငံရေးတည်ငြိမ်မှု၊ ငြိမ်းချမ်းရေး စတင်တည်ဆောက်နိုင်မှုနဲ့ အမျိုးသမီးတွေရဲ့ဘဝမြင့်မားရေးဟာ အများကြီး ဆက်စပ်နေတယ်ဆိုတာ တွေ့ရပါတယ်။

နိုင်ငံတော် ပြုပြင်တည်ဆောက်ရေး လုပ်ငန်းတွေမှာ အမျိုးသမီးတွေအနေနဲ့ ကဏ္ဍသုံးရပ်မှာ ပါဝင်နိုင်ဖို့ လိုအပ်တယ်လို့ ပညာရှင်တွေကဆိုကြပါတယ်။ ပထမကဏ္ဍက အမျိုးသမီးနဲ့ အမျိုးသားတွေကြားက တန်းတူညီမျှမရှိတဲ့အခွင့်အရေးတွေ၊ ပညာရေးနဲ့ အရင်းအမြစ်တွေမှာ အမျိုးသမီးတွေ ပါဝင်လာနိုင်ဖို့ လမ်းကြောင်းပြကူညီရေးပါ။ ဒုတိယကဏ္ဍက စီးပွားရေးပြုပြင်ပြောင်းလဲမှုနဲ့ပတ်သက်တဲ့ မူဝါဒချမှတ်ရေးမှာ အမျိုးသမီးတွေ ပါဝင်ခွင့်ရရေးပါ။ တတိယကဏ္ဍက မိသားစုတွင်းမှာ အမျိုးသားတွေရဲ့ ဩဇာကြီးစိုးမှု၊ အကြမ်းဖက်မှုတွေကို ဖယ်ရှားနိုင်ပြီး ငြိမ်းငြိမ်းချမ်းချမ်းဖြေရှင်းမှု၊ အပြန်အလှန်လေးစားမှုတွေအပေါ် အခြေခံတဲ့ လူ့အဖွဲ့အစည်းအဖြစ် ပြောင်းလဲရေးမှာ အမျိုးသမီးတွေပါဝင်နိုင်ဖို့ ဖြစ်ပါတယ်။

ပညာရေးဟာ အရေးကြီးသလိုပဲ အမျိုးသမီးတွေအတွက် လုံလောက်တဲ့ ကျန်းမာရေး စောင့်ရှောက်မှုရဖို့ကလည်းအရေးကြီးပါတယ်။ယူနီဆက်ဖ်ကနေထုတ်ပြန်တဲ့ စာရင်းဇယားတွေအရ မြန်မာနိုင်ငံမှာ HIV ပိုး ကူးက်ခံရတဲ့ အမျိုးသမီးအရေအတွက် တသိန်းကျော်အထိ ရှိပါတယ်။ လိုချင်လို့ရတဲ့ ကိုယ်ဝန်ကိုသာ အမျိုးသမီးတွေအနေနဲ့ လွယ်သင့်ပြီး မလိုချင်ဘဲရတဲ့ကိုယ်ဝန်မဖြစ်စေဖို့ ကျန်းမာရေး အသိပညာပေးမှုတွေ ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ရပါမယ်။ အမျိုးသမီးထုကို ခြိမ်းခြောက်နေတဲ့ ရင်သားကင်ဆာနဲ့ သားအိမ်ခေါင်းကင်ဆာတွေကို ကာကွယ်နိုင်ဖို့လိုပါတယ်။ သားအိမ်ခေါင်းကင်ဆာကို ကာကွယ်တဲ့အနေနဲ့ ကာကွယ်ဆေး ထိုးနိုင်ပေမယ့် ကာကွယ်ဆေးဟာ ဈေးကြီးနေဆဲမို့ အခမဲ့ ကာကွယ်ဆေးထိုးပေးနိုင်တဲ့ အနေအထားအထိဖြစ်အောင် နိုင်ငံတော်ကလုပ်ဆောင်ပေးသင့်ပါတယ်။

လူ့အဖွဲ့အစည်းအတွင်းမှာ အမျိုးသမီးတွေရဲ့ စွမ်းဆောင်ရည်မြင့်မားနေမှ အဲဒီလူ့အဖွဲ့အစည်းဟာ ကောင်းမွန်တဲ့၊ တိုးတက်မှုရှိတဲ့၊ အပေါင်းလက္ခဏာဆောင်တဲ့ လူ့အဖွဲ့အစည်းဖြစ်မှာပါ။ အမျိုးသမီးတွေအနေနဲ့ ပညာရေး၊ ကျန်းမာရေး၊ ငြိမ်းချမ်းရေး၊ လူမှုရေး၊ နိုင်ငံတော် ပြုပြင်တည်ဆောက်ရေးတွေမှာ တက်တက်ကြွကြွပါဝင်ဖို့ လိုအပ်နေသလို တဖက်ကလည်း အဲဒီလိုပါဝင်နိုင်ဖို့ အမျိုးသမီးတွေအတွက် ဘဝလုံခြုံမှုပေးစွမ်းနိုင်ဖို့၊ ပညာရေးနဲ့ ကျန်းမာရေးကို မြှင့်တင်ပေးဖို့ မဖြစ်မနေလိုအပ်နေပြီလို့ တွေးတောမိပါတယ်။ ။ ■



သွေး(စစ်ကိုင်း)သည် ကဗျာ၊ ဝတ္ထုတိုနှင့် ဆောင်းပါးများကို စာနယ်ဇင်းများတွင် ရေးသားလျက်ရှိသည့် ရန်ကုန်အခြေစိုက် စာရေးဆရာမတဦးဖြစ်သည်။





# “အပေါ်ကနေ မိတ်ကပ်လိမ်းပြီး အုပ်ထားရုံနဲ့ ပုပ်ပွနေတာတွေက ရှင်းလင်းသွားမှာ မဟုတ်ဘူး”

**အေးချမ်းမြေ့**

**ထွန်း** အိန္ဒြာဗိုဟု ဆိုလိုက်လျှင် ဇာတ်ကောင် စရိုက်တိုင်း၌ တမူထူးခြားစွာ ပီပီပြင်ပြင် သရုပ်ဆောင်သူ၊ အကယ်ဒမီ မင်းသမီး၊ တကိုယ်တော် ရှိုးများတွင် အသံနှင့်တင်ဆက်မှုအားကောင်းသော အမျိုးသမီးအဆိုကျော်တဦးအဖြစ် အားလုံးသိပြီး ဖြစ်သည်။





သူ့ကို လွန်ခဲ့သည့် အနှစ် ၂၀ နီးပါးကမင်းသား ကြီးကျော်ဟိန်းနှင့် ရိုက်ကူးထားသည့် “အဆိပ်ပြင်းသည်” ဗီဒီယို ဇာတ်လမ်း၌ ထူးခြားသော သရုပ်မှုများဖြင့် ပရိသတ်များက စတင်သတိပြုခဲ့မိကြသည်။ မင်းသားလွင်မိုးထုတ်လုပ်ပြီး ကိုယ်တိုင်ပါဝင်သရုပ် ဆောင်ထားသည့် စာရေးဆရာမဂျူး၏ “ပင်လယ်နှင့်တူသောမိန်းမများ” ဝတ္ထုကို ပြန်လည်ရိုက်ကူးထားသော “တခါကဧရာဝတီညများ”ဆိုသည့် ရုပ်ရှင်ကားကြီးတွင်တော့ ဝါဒတခုအတွက် အချစ်နှင့်အသက်ကို စွန့်လွှတ်ရန်ဝန်မလေးသူ၊ ခေါင်းမာသော အမျိုးသမီးတဦးအဖြစ် ဇာတ်ကောင်စရိုက်ပီပြင်စွာ သရုပ်ဆောင်ခဲ့သည်။

သီချင်းနှင့် ပတ်သက်၍လည်း သူ၏ “၁၉၉၉” ဆိုသော စီးရီးက အမျိုးသမီးအဆိုတော် လောကအတွက် တကိုယ်တော် “ပေါက်” ခွေအဖြစ် ထင်ရှားခဲ့သည်။ “ကိုယ်တို့ဝေးနေမိုင်ပေါင်းကမ္ဘေ” ဆိုသည့် သူ၏ ဆွေးဆွေးမြေ့မြေ့ သီဆိုသံကိုလည်းသူ့ ပရိသတ်များက ဘယ်အချိန် ကြားလိုက်ကြားလိုက် နားစွင့် မိနေဦးမည် ဖြစ်၏။

ယခုလက်ရှိ အချိန်တွင် ဗိုလ်ချုပ်အောင်ဆန်း ရုပ်ရှင်ရိုက်ကူးရေး အဖွဲ့ဝင် တဦးအဖြစ် ပါဝင်လှုပ်ရှားနေပြီး နိုင်ငံရေးကိုစိတ်ဝင်စားသူ လူသိထင်ရှား အမျိုးသမီးတဦးလည်း ဖြစ်နေရာ ၂၀၁၅ ခုနှစ်တွင် ကျင်းပမည့် သူ၏ဇာတိ မိုးကုတ်မြို့မှ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီကိုယ်စားလှယ်အဖြစ် ပါဝင်အရွေးချယ်ခံရန် ကမ်းလှမ်းခြင်းခံရသူလည်းဖြစ်ကြောင်း သိရသည်။

သူက ပါတီနိုင်ငံရေးကို စိတ်ဝင်စားသော်လည်း၊ လတ်တလော အခြေအနေအရ ပါတီတခုကို ပြင်ပမှ ကူညီအားဖြည့်ရန်သာ အားသန်သည်ဟု ဆိုလာသည်။

“ကျမတို့ မိုးကုတ်မြို့နယ်က ကမ်းလှမ်းတာ ရှိပါတယ်။ ကျမ စဉ်းစားတာက ပါတီထဲမှာ ဝင်ပြီးလုပ်တာထက် အပြင်မှာ နိုင်သလောက် ကူတာက ပိုပြီး ကူညီနိုင်မယ်ထင်တယ်။ ကျမ ပါတီထဲ ရောက်သွားရင် ပါတီအတွက် လိုအပ်တဲ့အရည်အချင်းတွေ ပြန်ဖြည့်ဆည်းရမယ့် အချိန်တွေရှိမယ်။ အချိန်တွေ အများကြီး ပေးရမှာရှိမယ်။ ကျမမိသားစုကိုလည်း ပစ်မထားနိုင်သေးဘူး။ ဒါကြောင့် အပြင်ကနေကူနိုင်သလောက်ကူနေတာက ကျမအတွက် ပိုပြီးလွတ်လပ်တယ်” ဟု ထွန်းအိန္ဒြာဗိုက ပြောသည်။

သူက ဒေါ်အောင်ဆန်းစုကြည်ကို လေးစားအားကျသော်လည်း ဒေါ်အောင်ဆန်းစုကြည်ကဲ့သို့ မိသားစုအရေးကို လျစ်လျူရှုကာ အနစ်နာခံ၍ ပါတီနိုင်ငံရေးလုပ်ရန် မစဉ်းစားနိုင်သေးသူ ဖြစ်သည်။ လောလောဆယ် အနေအထားအရ သူ့ကိုယ်သူ ပါတီ နိုင်ငံရေးလုပ်ရန် အရည်အချင်းပြည့်ဝသူတဦးဟုလည်း ယုံကြည်မှုမရှိသေးကြောင်း သိရသည်။

“ကျမက သွားလည်း သွားသေးတယ်၊ မပြတ်လည်းမပြတ်ဘူးဆိုတဲ့ကိစ္စတွေ လုပ်မိမယ့်အတူတူ ကျမ တကယ် တစိုက်မတ်မတ်လုပ်နိုင်တာကိုတော့ အရင်လုပ်နေတယ်။ နောက်ပိုင်းတော့ ဘယ်လိုဖြစ်လာမလဲ မသိဘူး။ ဒါကတော့ လောလောဆယ် အနေအထားပေါ့။ အခြေအနေဆိုတာ အများကြီး ပြောင်းလဲနေတာတွေ ရှိပါတယ်” ဟု သူကဆိုသည်။

ဒေါ်အောင်ဆန်းစုကြည်ကိုတော့သူကအကြွင်းမဲ့ ယုံကြည်လေးစားသူ ဖြစ်သည်။ သူက ဒေါ်အောင်ဆန်းစုကြည်ကို “အမေစု” ဟု ခေါ်ဝေါ်သူလည်း ဖြစ်သည်။ ထို့ကြောင့် သူ ပါတီနိုင်ငံရေး လုပ်ပါက ဒေါ်အောင်ဆန်းစုကြည်၏ ပါတီအတွက်သာ လုပ်မည်ဟုပြောသည်။

“အမေစုက တိုင်းပြည်အတွက် တကယ်လုပ်နေတာဖြစ်တဲ့အတွက် ကျမတို့ အမေ့ကိုကူခြင်းအားဖြင့် တိုင်းပြည်ကို အလုပ်အကျွေးပြုခြင်းနဲ့ အတူတူပဲလို့ယုံကြည်ပါတယ်” ဟု ထွန်းအိန္ဒြာဗိုကဆိုသည်။

ယခင် ပွင့်လင်းလွတ်လပ်ခွင့် မရသေးသည့် စစ်အုပ်ချုပ်ရေးခေတ်၊ ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ မလွတ်မြောက်သေးချိန်ကာလတွင် နအဖ အစိုးရ၏ ဖိအားကြောင့် ဖြစ်စေ၊ တစုံတရာသော အကျိုးရလဒ်ကြောင့် ဖြစ်စေ အစိုးရ ပေါ်လစီ ဇာတ်ကားများတွင် ပါဝင်သရုပ်ဆောင်ကြရသူများ၊ ပေါ်လစီသီချင်းများ သီဆိုသူများ ရှိကြသော်လည်း ထိုသူများထဲမှပင် ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာချိန်၌

▶ ဆိုဒါပါတဲ့ အချိုရည် . . . . . စာ-၄၀

▶ လန်းလန်းဆန်းဆန်း မနက်စာ . . . . . စာ-၄၃

▶ ထာဝရစီးဆင်းနေဦးမယ့် ဂီတမြစ်များ . . . . . စာ-၄၄




ငင်း၏ နေအိမ်သို့ သွားရောက်တွေ့ဆုံသည့် အနုပညာရှင်များစွာ ရှိသည်။ ထိုသို့သော အနုပညာရှင်များကို "သာကူးများ" ဟုဆိုကာ ဝေဖန်သူများလည်း ရှိကြသည်။

ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်ပြီးနောက် အနုပညာရှင်များနှင့် တွေ့ဆုံရန် ငင်း၏ နေအိမ်သို့ ဖိတ်ခေါ်ချိန်တွင် သွားရောက်တွေ့ဆုံသူများထဲ၌ ထွန်းအိန္ဒြာဗိုလည်း တဦး အပါအဝင် ဖြစ်သည်။

ထိုသို့ ပရိသတ် ဝေဖန်မှုများနှင့် ပတ်သက်၍ ဧရာဝတီကမေးမြန်းရာ ထွန်းအိန္ဒြာဗိုက အမေစုကို တွေ့ခွင့်ရပြီဆိုတဲ့ အချိန်မှာတောင် မလိုက်ရဲတဲ့ သူတွေ ရှိသေးတုန်းပဲ။ ဒီနေ့အထိလည်း အမေစုနဲ့ မတွေ့ဖူးတဲ့ သူတွေ ရှိသေးတုန်းပဲ။ ဒါက အရင်ခေတ်ရဲ့လွှမ်းမိုးခဲ့တဲ့ အကြောက်တရားတွေ၊ ကိုယ်ကိုယ်တိုင်ရဲ့ အားနည်းချက်ကြောင့် သွားမတွေ့ရဲတဲ့ ကိစ္စတွေ အမျိုးမျိုးရှိတာပေါ့။ နောက်တခုက အမေစုသာ အခုပြန်အဖမ်းခံရရင် တချို့က ထွက်ပြေးချင်လည်း ပြေးမှာပဲလေ။ ဒါက သဘာဝတရားအနေနဲ့ ကျမတို့ လက်ခံရမှာပဲ။ ကျမပြောတာက နိုင်ငံရေးကို တကယ်စိတ်ဝင်တစားနဲ့ လုပ်တာပဲဖြစ်ဖြစ်၊ ပေါ်ပြူလာဖြစ်ချင်လို့ လုပ်တာပဲဖြစ်ဖြစ် ဘယ်လိုနည်းနဲ့မဆို လုပ်လာတဲ့ သူတွေကို ကျမကြိုဆိုတယ်။ ဘာဖြစ်လို့လဲဆိုတော့ လုပ်ရင်းလုပ်ရင်းနဲ့မှ စိတ်ပါသွားတာလည်း ဖြစ်နိုင်တယ်။ အရင်တုန်းကတော့ ကိုယ်ပေါ်ပြူလာဖြစ်ချင်လို့ လုပ်ပေမယ့် နားလည်းမလည်ဘူး၊ ဘာမှလည်း မသိဘူး။ တကယ်လုပ်နေရင်းနဲ့မှ တကယ်နားလည်လာတော့ သူ့စိတ်ဓာတ်တွေအများကြီး ပြောင်းလဲ သွားနိုင်တယ်။ လုံးဝမလုပ်တာထက်စာရင် သာတယ်လို့ပဲ ကျမပြောချင်တယ်" ဟု ပြန်ဖြေသည်။

အသက် ၄၉ နှစ်ရှိပြီဖြစ်သည့် ထွန်းအိန္ဒြာဗိုသည် ရုပ်ရှင်ရိုက်ကူးရေး အပိုင်းကို ခေတ္တရပ်နားထားကာ ဘာသာစကားသင်တန်းတက်ခြင်း၊ တခြားပညာရပ်အမျိုးမျိုးကို လေ့လာခြင်း၊ စာဖတ်ခြင်း၊ မိသားစုကိစ္စများ ဆောင်ရွက်ခြင်းဖြင့်သာ သူ့အချိန်များကို ကုန်ဆုံးစေသည်။ ပညာရပ်များကို လေ့လာသင်ယူခြင်းက မိသားစုအတွက်ကော၊ တိုင်းပြည်အတွက်ပါ အကျိုးရှိသည်ဟု သူကယူဆသည်။

ယခုလက်ရှိ မြန်မာနိုင်ငံရေးအပေါ် သူ့အမြင်ကတော့ ယခင်ထက် အနည်းငယ်လွတ်လပ်ပွင့်လင်းလာသည်မှလွဲ၍ ကြီးကြီးမားမား ပြောင်းလဲလာသည်ကို မတွေ့သေးဟု ဆိုသည်။

သူ့အနေဖြင့် ကဏ္ဍပေါင်းစုံကို ခြုံငုံ မသုံးသပ်နိုင်သေးသော်လည်း လက်ရှိ အစိုးရသစ်အနေဖြင့် နိုင်ငံသူနိုင်ငံသား အားလုံး၏ စားဝတ်နေရေးကို မည်သို့ဖြေရှင်းပေးမလဲ ဆိုသည်ကို စိတ်ဝင်စားနေသူ ဖြစ်သည်။

သူက ကျင်းပခဲ့သည့် လွှတ်တော်များကိုလည်း အကျိုးသက်ရောက်မှု နည်းကြောင်း၊ အချိန်မကြာကြာအောင် ဆွဲနေသကဲ့သို့ ဖြစ်ကြောင်း ဝေဖန်သည်။

လွှတ်တော်ထဲတွင် တပ်မတော်သား ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်း ပါဝင်နေသည့် အချက်ကိုလည်း သူက လက်မခံနိုင်ဟု ဆက်ပြောသည်။

ရုပ်ရှင်၊ ဗီဒီယိုကားများထဲ၌ သရုပ်ဆောင်ရာတွင် အများသောအားဖြင့် ထက်မြက်သော မိန်းမတဦးအဖြစ် တွေ့ရတတ်သော ထွန်းအိန္ဒြာဗိုကို ယခုအချိန်၌ သူနေထိုင်ရာ FMI အိမ်ရာဝင်းအတွင်းရှိ နေအိမ်တွင် တည်ငြိမ်ရင့်ကျက်ပြီး ပညာရည်ပြည့်ဝသော လူလတ်ပိုင်း အမျိုးသမီးတဦးအဖြစ် တွေ့ရသည်။ သူက အိမ်ထောင်တခုတွင် အမျိုးသမီးနှင့် အမျိုးသားတန်းတူ တာဝန်ယူမှုရှိခြင်းကို လက်တွေ့ကျင့်သုံးသူဟု သိရသည်။

"ကျမကတော့ လူဆိုရင် လူသားတယောက်အနေနဲ့ပဲလက်ခံချင်တယ်။ အဲဒီလူရဲ့အရည်အချင်းပေါ်မှာပဲ ဆုံးဖြတ်ချင်ပါတယ်။ ယောကျ်ားမို့လို့ ဘာဖြစ်ရမယ်၊ မိန်းမမို့လို့ ဘာဖြစ်ရမယ်ဆိုတာမျိုးတော့ ကျမ သိပ်မကြိုက်ဘူး။ ကျမတို့ အိမ်ထောင်ရေးမှာလည်း ယောကျ်ားနဲ့မိန်းမဆိုပြီးခွဲခြားလက်မခံဘူး။ ဒီအိမ်ထောင်တခုမှာ အရေးကြီးတဲ့ ကိစ္စကိုဘယ်သူဘယ်လိုတာဝန်ယူပြီး ခွဲခြမ်းလုပ်ကိုင်နေလဲ ဆိုတဲ့အပေါ်မှာပဲ အိမ်ထောင်ရေးကို ပြေလည်အောင် တည်ဆောက်တယ်။ ကျမတို့ အိမ်ထောင်မှာ ယောကျ်ား မိန်းမခွဲခြားမှု မရှိသလိုဘဲ၊ တိုင်းပြည်မှာလည်း မရှိစေချင်ဘူး။ အရည်အချင်းနဲ့ပဲ သွားစေချင်တယ်"ဟု သူကပြောသည်။

ဇာတ်ကောင်စရိုက် ပီပီပြင်ပြင်၊ ဇာတ်ရုပ်ခိုင်ခိုင်မာမာရှိသောဇာတ်လမ်းများတွင် မင်းသမီးတလက်အဖြစ်သရုပ်ဆောင်ခဲ့သောသူ့အတွက် ယခုအချိန်တွင်မင်းသားငယ်များဖြင့်အပျိုကြီး၊ အစ်မကြီး၊အမေ၊ အဒေါ်စသောနေရာများတွင်သာ သရုပ်ဆောင်နေရခြင်းနှင့်ဇာတ်ရုပ်များထပ်လာခြင်းအပေါ် သူကစိတ်ပျက်လာသောကြောင့် သရုပ်ဆောင်သည့်အလုပ်များကို လျှော့ချလိုက်ခြင်းဖြစ်သည်။

ယခင်စစ်အစိုးရ လက်ထက် ရုပ်ရှင်ဆင်ဆာခေတ်က ဆင်းရဲစုတ်ပြတ်နေသည့် အခန်းများပါဝင်သော ရုပ်ရှင်ကားများ မရိုက်ရန်တားမြစ်မှုအပေါ်လည်း ထွန်းအိန္ဒြာဗိုကဝေဖန်သည်။ သူက မင်းသားကျော်ဟိန်း၊ ကျော်ရဲအောင်၊ မင်းသမီး စိုးမြတ်သူဇာတို့နှင့် တွဲဖက်၍ စာရေးဆရာမ ခင်ခင်ထူး၏ ဝတ္ထုကို ရိုက်ကူးထားသော "ကြိုးတန်း" အမည်ရှိ ဇာတ်ကားတွင်ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်သည်။ဧရာဝတီမြစ်ထဲမှ နှစ်စဉ်ပေါ်ထွန်းတတ်သည့် ရေပေါ်ကျွန်းကလေး တကျွန်းပေါ်တွင် ဆင်းရဲစုတ်ပြတ်နေသည့် လင်မယား နှစ်စုံတွဲ၏ ခေတ္တပိုင်ဆိုင်ခွင့်ရရာနေရာကို ကြိုးတန်းကာ သတ်မှတ်၍ ထိုနေရာကလေးအတွက် တဦးနှင့်တဦး ရန်ဖြစ်၊ စကားများ၊ မခေါ်မပြောနိုင် ဖြစ်ကြပုံကို သရုပ်ဖော်ထားသည့် ဇာတ်ကားဖြစ်သည်။ ကြိုးတန်းဇာတ်ကားတွင် ထွန်းအိန္ဒြာဗိုက ဆင်းရဲပြီး စရိုက်ကြမ်းသူ မိန်းမတဦးအဖြစ် ပီပြင်စွာသရုပ်ဆောင်ခဲ့သည်။ ထိုဇာတ်ကားဖြန့်ချိပြီးနောက်တွင် စစ်အစိုးရလက်အောက်ရှိ ရုပ်ရှင်ဆင်ဆာက ဆင်းရဲလွန်းသည်ကို ဖော်ပြသော ဇာတ်ကားများ မရိုက်ရန် တားမြစ်ခဲ့သည်။

"ကျမတို့ခေတ်တုန်းက ဆင်းရဲခန်းတွေ မရိုက်ရဘူးလို့ ပြောခဲ့တယ်။ တကယ်တမ်းကျတော့တကယ်ရှိတာကို ခွင့်မပြုခြင်းအားဖြင့် အရှိကိုအရှိအတိုင်း ရင်မဆိုင်ရဲဘူးလို့ ပေါ်နေတာပေါ့။ အဲဒါကြီးက ရှက်စရာလည်း ကောင်းတယ်၊ သဘာဝလည်း မကျဘူးလေ။ ပြီးတော့ နည်းလမ်းဖြေရှင်းစရာလည်း မရှိဘူး။ အပေါ်ကနေ မိတ်ကပ်လိမ်းပြီး အုပ်ထားရုံနဲ့ ပုပ်ပွနေတာတွေက ရှင်းသွားမှာမဟုတ်ဘူးဟု ထွန်းအိန္ဒြာဗိုက ပြောသည်။

တိုင်းပြည် ဆင်းရဲနေသည့် အရှိအရှိအတိုင်း မြင်ကွင်းများကြောင့် ပြည်သူလူထု စိတ်မချမ်းမသာဖြစ်ရသည်ထက်၊ အစိုးရအနေဖြင့် အရှုံးခံလုပ်ဆောင်ပေးနေရကြောင်း မကြာခဏ ပြောနေခြင်းက ပိုမိုစိတ်ဆင်းရဲရသည်ဟု သူက ဆက်ပြောသည်။

"ကျမတို့တိုင်းပြည်မှာ ဘယ်ကဏ္ဍတွေကို အစိုးရက အရှုံးခံပြီး လုပ်နေရပါတယ်လို့သာ ပြောတာ၊ အဲဒီလို အရှုံးခံပြီး လုပ်နေတာကို ကျမတို့က မယုံကြည်တာ မဟုတ်ဘူး၊ ယုံကြည်ပါတယ်။ သိပ်မြတ်တဲ့ ဟာတွေကျတော့ ဘာသံမှ မကြားရဘူး။ တိုင်းသူပြည်သားတွေ စိတ်ဆင်းရဲမှာစိုးလို့ ကြိုမပြောဘူးဆိုရင် စိတ်ချမ်းသာစရာ ကောင်းတဲ့၊ သိပ်မြတ်တဲ့ကဏ္ဍတွေ ချပြလေ။ ဘယ်လောက်ပျော်စရာကောင်းမလဲ။ ကျမဖြစ်စေချင်တာက ကျမတို့ တိုင်းပြည်မှာ ကဏ္ဍတွေ အများကြီးရှိတယ်။ သစ်တောကဏ္ဍ၊ သယံဇာတတွေ၊ အများကြီးမြတ်တဲ့ ကဏ္ဍတွေက တကယ်ရှုံးတဲ့ နေရာကို နည်းနည်း မျှဝေပေးရမယ်လေ။

ဆိုလိုချင်တာက ဌာနဆိုင်ရာတွေက အရှုံးခံချင်ခံရမယ်၊ အစိုးရက အရှုံးမခံရဘူး။ အစိုးရ မရှုံးခြင်းအားဖြင့် ပြည်သူ မရှုံးတာနဲ့ အတူတူပဲ။ အစိုးရနဲ့ ပြည်သူက တသားတည်း ကျနေတယ်"ဟု သူက ဆိုသည်။

နိုင်ငံရေးတွင် စိတ်ပါဝင်စားလာပြီဖြစ်သော ထွန်းအိန္ဒြာဗိုအနေဖြင့် ၂၀၀၈ နာဂစ်ဆိုင်ကလုန်းတိုက်ခတ် ပြီးချိန် ပြည်သူလူထု၏ဆန္ဒမပါဘဲ အတင်းအကျပ် အတည်ပြုခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေကို "ပြင်ရမည်" ဆိုသည်ဘက်တွင် ရှိကြောင်း ပြောသည်။

"ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ပြင်ကိုပြင်ရမယ့် အချက်တွေ အများကြီးရှိတယ်။ ဒီဖွဲ့စည်းပုံအခြေခံဥပဒေက နာဂစ်ဖြစ်တဲ့အချိန် ပြည်သူတွေ ဒုက္ခရောက်နေတုန်း ဗွတ်အတင်းကို အတည်ပြုထားတာဖြစ်တဲ့အတွက် သူတို့ရဲ့ စေတနာဆိုတာ မှားတယ်လို့ ကျမခံစားရတယ်"ဟု ထွန်းအိန္ဒြာဗိုက ဆိုသည်။

သူက ဒေါ်အောင်ဆန်းစုကြည်ကို သမ္မတဖြစ်စေချင်သူတဦး ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်လျှင် အလုံးစုံပြီးပြည့်စုံသွားမည်ဟုမပြောနိုင်သော်လည်း ယခုထက်ပိုကောင်းလာမည်ဟု ယုံကြည်သူလည်းဖြစ်သည်။

"အမေစုဟာ ပညာတွေလည်း အများကြီးတတ်တဲ့အပြင် နိုင်ငံတကာအတွေ့အကြုံ၊ နိုင်ငံတကာပညာ အသိအမြင်၊ အကြားအမြင် ဗဟုသုတရော၊ တကယ့်ရဲစွမ်းသတ္တိရော၊ တကယ် စွန့်လွှတ်အနစ်နာခံမှုတွေရော အရည်အချင်းတွေက ပြောလို့မကုန်အောင် ပြောစရာစကား၊ တင်စားစရာ စကားလုံးမရှိလောက်အောင်ကို အများကြီးပြည့်စုံတဲ့အတွက် အမေစုလိုလူမျိုး သမ္မတမဖြစ်ရင် ဘယ်လိုလူမျိုးကို တင်ချင်ကြသေးတာလဲလို့ပဲကျမမေးရမယ်။ အမေစုလောက် သမ္မတဖြစ်သင့်တာမရှိဘူးလို့ ကျမခံစားရတယ်" ဟု သူကပြောသည်။ ■

Family

# “ဆိုဒါ”ပါတဲ့ အချိုရည်နဲ့ ကလေးတို့ရဲ့ ကျန်းမာရေး

**ခေတ်ဘုန်းသစ်**

**ကျမ**တို့ဆီမှာ ကလေးတော်တော်များများဟာ “ဆိုဒါ” ပါတဲ့ အချိုရည်တွေကို သောက်နေကြတာ တွေ့ရပါတယ်။ ကျမက ကျမရဲ့သားလေးကို အသီးဖျော်ရည်ကလွဲရင် ဘူးတွေ၊ ပုလင်းတွေမှာထည့်ထားတဲ့၊ အသင့်သောက်လို့ရတဲ့ အချိုရည်တွေကို မတိုက်ပါဘူး။ အထူးသဖြင့် ရှတတအရသာပေးတဲ့ “ဆိုဒါ”ပါတဲ့ အချိုရည်တွေကို လုံးဝ မတိုက်ပါဘူး ။ ဒါကို ကျမရဲ့ မိဘဆွေမျိုးအသိုင်းအဝိုင်း အပါအဝင် တချို့သောသူတွေက ကျမကို သည်းလွန်း၊ ကဲလွန်း၊ ပိုလွန်းတယ်လို့ အထင်ရှိကြပါတယ်။

ကလေး တခါတလေသောက်တာပဲ ဘာဖြစ်သေးလဲလို့ပြောဆိုသူတချို့က ပြောဆိုပါတယ်။‘ဆိုဒါ’ ပါတဲ့ ရှတတ အချိုရည် (ဆန်းကစ်၊ ပက်စီ၊ ကိုလာ) တို့မှာ “ဆိုဒါ” ဘယ်လောက်ပါဝင်တယ် ဆိုတာကို ကျမကိုယ်တိုင် စမ်းသပ်ဖူးပါတယ်။ ဖန်ခွက်တခွက်ထဲမှာ လိမ္မော်သီးတလုံးကို ညှစ်ထည့်ပြီးတော့ “ဆိုဒါ”ကို ထည့်တဲ့အခါမှာ ရှတတအရသာ (ဆန်းကစ် အရသာရဖို့အတွက်)“ဆိုဒါ”ကို လက်ဖက်ရည်ဇွန်းကြီးနဲ့ နှစ်ဇွန်းထည့်ရပါတယ်။ ဒါဆိုရင် အချိုရည်ဘူးတဘူးထဲမှာ “ဆိုဒါ” ဘယ်လောက်ပါသလဲ ဆိုတာကို တွက်ဆကြည့်လို့ရပါပြီ။

“ဆိုဒါ” ဟာ ကျန်းမာရေးကို အင်မတန်မှ ထိခိုက်စေတဲ့အရာပါ။ “ဆိုဒါ”ကြောင့် ခါးမှာအဆီစု၊ အဝလွန်စေသလို သွားကျန်းမာရေးကိုလည်းထိခိုက်ပျက်စီးစေပါတယ်။ အဆိုးဆုံးကတော့ ကျောက်ကပ်ပျက်စီးစေနိုင်တာပါပဲ။ ကလေးတယောက်ဟာ နေ့စဉ် အချိုရည်ဘူးတဘူးသောက်တယ်ဆိုပါတော့။ “ဆိုဒါ”ဘယ်လောက်များများ သူသောက်သုံးဖြစ်နေသလဲဆိုတာကို တွက်ဆကြည့်လို့ရပါတယ်။

အချိုရည်တွေသောက်တဲ့ကလေးတွေဟာ အဝလွန်တတ်ပါတယ်။ ပညာရှင်တွေက ဒါကို ငြင်းခုံနေဆဲပါ။ အတည်ပြုလို့မရသေးတဲ့ သုတေသနတွေရဲ့ အဆိုအရ ဆိုဒါသောက်သုံးခြင်းဟာ နှလုံးကိုထိခိုက်စေနိုင်တယ်လို့လည်း ဆိုပါတယ်။

“ဆိုဒါ” သောက်သုံးခြင်းနဲ့ ကလေးတို့ရဲ့ အပြုအမူကို လေ့လာထားတဲ့ သုတေသနတရပ်ရဲ့ အဆိုအရ “ဆိုဒါ” ပါတဲ့ အချိုရည်ကို သောက်သုံးတဲ့ ကလေးတွေဟာ မသောက်သုံးတဲ့ ကလေးတွေထက် ပိုပြီးတော့ ဒေါသကြီးကြ၊ ရန်လိုတတ်ကြတယ်လို့ဆိုပါတယ်။ “ဆိုဒါ” ပါတဲ့အချိုရည်ကို သောက်သုံးကြတဲ့ ကလေးတွေဟာ အရုပ်တွေကို ပိုဖျက်ဆီးတတ်ကြသလို၊ ကလေးအချင်းချင်း ဆော့ကစားကြတဲ့အခါမျိုးမှာလည်း တွန်းထိုး ကန်ကျောက်တာမျိုး ပိုလုပ်တတ်ကြတယ်လို့ ဆိုပါတယ်။

အမေရိကားလို နေရာမျိုးမှာ ကိုလာ၊ ပက်စီဆိုတာမျိုးဟာ အင်မတန်မှ ဈေးပေါတဲ့၊ လူတန်းစားမရွေးသောက်နိုင်တဲ့ အပေါစား သောက်စရာတွေပါ။ အသီးအနှံဖျော်ရည်တွေ၊ အသီးတွေဆိုတာက အင်မတန်မှ ဈေးကြီးလှပါတယ်။ ငွေကြေး အဆင်ပြေသူများပဲ စားနိုင်သောက်နိုင်တဲ့အရာများပါပဲ။ ကျမတို့ဆီမှာကတော့ အသင့်သောက်ဖျော်ရည်ဘူးတွေထက် လတ်လတ်ဆတ်ဆတ် အသီးအနှံတွေက ပိုပြီးတော့ ဈေးသက်သာပါတယ်။ ကွဲကောသီး၊ ငှက်ပျောသီး၊ လိမ္မော်သီး၊ မာလကာသီး၊ ဆီးသီး စသည်ဖြင့် စားစရာအသီးအနှံတို့ စုံပါတယ်။

လိမ္မော်သီးစားရင် ချောင်းဆိုးမယ်၊ မာလကာသီး စားရင် ရင်ကြပ်မယ်ဆိုတာဟာ တကယ်တော့ များယွင်းတဲ့ အယူအဆများပါပဲ။ လိမ္မော်သီးဟာ ဗိုက်တာမင်စီပါတာကြောင့် နေမကောင်းတဲ့၊ ချောင်းဆိုးတဲ့ ကလေးတွေအတွက် အင်မတန်မှသင့်လျော်တဲ့ အသီးအနှံပါ။

အသီးအနှံတွေလည်း စားစရာ ရှိနေပါရက်နဲ့ ကလေးတို့ကို အချိုရည်ဘူးတွေ ဝယ်တိုက်နေကြတာကို တွေ့ရတိုင်းစိတ်မကောင်းဖြစ်ရပါတယ်။ ကလေးတို့ သောက်နေတဲ့ အချိုရည်ဘူးတွေထဲမှာ ဆိုဒါအပြင်၊ ကဖင်းလိုမျိုး၊ ဆိုးဆေးလိုမျိုး အရာတွေလည်း ပါနေပါသေးတယ်။ ကလေးတွေ သောက်ပြီးရင် အချိုရည်ရဲ့ အရောင်အတိုင်း လျှာမှာစွဲပြီးတော့ ကျန်ရစ်ခဲ့တာပါ။ ဘယ်လိုမှ မသောက်သင့်တဲ့အရာများပါပဲ။

> “ဆိုဒါ”ကြောင့် ခါးမှာ အဆီစု၊ အဝလွန်စေသလို သွားကျန်းမာရေးကိုလည်း ထိခိုက်ပျက်စီးစေပါတယ်။ အဆိုးဆုံးကတော့ ကျောက်ကပ် ပျက်စီးစေနိုင်တာပါပဲ။

တချို့မိဘတွေကတော့ ဒီလို အချိုရည်ဘူးတွေ မကောင်းမှန်းသိပေမယ့်လည်း ကလေးက ငိုယိုဂျီကျတဲ့ အခါမျိုးမှာ ဂျီကျတဲ့ဒဏ်ကို မခံနိုင်တာကြောင့် ဝယ်တိုက်လိုက်ရတယ်လို့ဆိုပါတယ်။ ကလေးဆိုတာမျိုးကတော့ အရောင်လေးတွေ ဆန်းဆန်းပြားပြားနဲ့ အချိုရည်ဘူးတွေကို သောက်ချင်ကြတာ သဘာဝပါ။ သောက်ချင်စိတ်ရှိအောင်လည်း ဘာအချိုရည်၊ ညာအချိုရည် ဆိုပြီးတော့ ရုပ်မြင်သံကြားမှာ တွေ့ရတဲ့ ကြော်ငြာတွေမှာ ကလေးတွေ သောက်ချင်စရာဖြစ်အောင်လို့ ကြော်ငြာကြတာပါပဲ။ ကျမရဲ့သားလေးကိုယ်တိုင်လည်း ဒီလိုအအေး (အချိုရည်)မျိုးတွေကို သောက်ချင်တယ်ဆိုပြီး မကြာခဏ ပူဆာတတ်ပါတယ်။

ကျမကတော့ သားကို အချိုရည်ထဲမှာ “ဆိုဒါ” ဘယ်လောက်ပါတယ်ဆိုတဲ့ အကြောင်းကို လိမ္မော်သီးကို အရည်ညှစ်၊ “ဆိုဒါ” ထည့်ပြီးတော့ စမ်းသပ်ပြပါတယ်။ “ဆိုဒါ” ရဲ့ ဆိုးကျိုးအကြောင်းကိုလည်း သူနားလည်အောင်လို့ ကျမရှင်းပြပါတယ်။ ခပ်ငယ်ငယ် ရှင်းပြလို့မရသေးတဲ့ အရွယ်တုန်းကတော့ သူသောက်ချင်လို့ ငိုယိုတဲ့အခါမျိုးမှာ ဘယ်လောက်ပဲ ငိုနေပါစေ ကျမ ဘယ်တော့မှမတိုက်ပါဘူး။

သူ့ရဲ့ ငိုသံကို သီချင်းဆိုသံလိုမျိုး သဘောထားပြီးတော့ ကျမနားထောင်ပါတယ်။ နောက်ဆုံးမှာတော့ သားဟာ သူဘယ်လောက်ပဲ ငိုငို၊ အချိုရည်ဘူး ဝယ်တိုက်မှာ မဟုတ်ဘူးဆိုတာကို သိသွားပါတော့တယ်။ အမှန်တော့ မိဘများအနေနဲ့ ကလေးတွေကို စည်းကမ်းထုတ်တဲ့အချိန်မှာ ကလေးငိုတဲ့ဒဏ်ကို ခံနိုင်ဖို့ သိပ်ကိုမှ အရေးကြီးလှပါတယ်။ နောက်တခုက ရှေ့နောက်ညီဖို့ပါ။ ဒီနေ့တော့ မတိုက်ပေမယ့် နောက်နေ့မှာ အချိုရည်တိုက်လိုက်တာမျိုး၊ ဒီနေ့ မတိုက်ဘူးပြောပြီး နောက်နေ့တိုက်မယ် ပြောတာမျိုး လုပ်နေရင်တော့ ကလေးကို တိကျတဲ့စည်းကမ်းပေးဖို့ အင်မတန်ခက်သွားနိုင်ပါတယ်။

ကျမကတော့ အာဟာရတန်ဖိုးအားဖြင့်လည်း မပါဝင်၊ ကလေးတို့ရဲ့ ကျန်းမာရေးကိုလည်း ရေတို၊ ရေရှည် နှစ်မျိုးလုံးမှာ ထိခိုက်စေနိုင်တဲ့ အသင့်သောက် အချိုရည်ဘူးတွေကို ကလေးတွေကိုမတိုက်စေချင်ပါဘူး။ အဲဒီလို အချိုရည်ဘူးတွေ တိုက်မယ့် အစား သံပရာသီးလေးကို အရည်ညှစ်ပြီး ရေအေးအေးလေးနဲ့ သံပရာရည်တခွက် ဖျော်တိုက်လိုက်မယ်ဆိုရင် ကလေးအတွက် ဗီတာမင်စီလည်း ရစေနိုင်သလို အန္တရာယ်လည်း ကင်းစေပါတယ်။ ငွေကြေးလည်း အကုန်အကျသက်သာစေပါတယ်။ ဆိုဒါအချိုရည်တွေသောက်သလိုမျိုး အဝလည်းမလွန်စေတော့ပါဘူး။

ဒါကြောင့်မို့လို့ ကလေးတွေရဲ့ ရေရှည်ကျန်းမာရေးအတွက် မိဘတွေအနေနဲ့ အသင့်သောက်သုံးနိုင်တဲ့ အချိုရည်တွေ၊ “ဆိုဒါ” ပါတဲ့ အချိုရည်ဘူးတွေ၊ ပုလင်းတွေကို မတိုက်ကြဘဲ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သဘာဝ အသီးအနှံ၊ အသီးဖျော်ရည်တွေကိုသာ တိုက်ကျွေးကြဖို့ တိုက်တွန်းလိုပါတယ်။ ။ ■



ဓာတ်ပုံ – နိုင်းဇော်/ The Irrawaddy

Sports

# vl,ftm;upm;ESt em*wEbtawmf

**ခင်မောင်ထွေး (ပျဥ်းမနား)**



**ရန်ကုန်မြို့လယ် လမ်းသွယ်တခုတွင် ကလေးငယ်များ ဘောလုံးကစားနေစဉ်။**

ဓာတ်ပုံ – နိုင်းဇော်/ဧရာဝတီ

သမ္မတ ဦးသိန်းစိန်က ၂၇ ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပွဲအတွက် ကြိုတင်ပြင်ဆင်ထားမှုများကို ကြည့်ရှုပြီးသည့်နောက် နိုင်ငံတော်အတွက် အထူး အရေးကြီးသည့် အချက်တစ်ချက်ကို မိန့်ခွန်းပြောရာ၌ ထည့်သွင်းပြောဆိုလမ်းညွှန်သွားခဲ့သည်။

"၂၇ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးက မိမိတို့လူငယ်များအတွက် ကောင်းမွန်သည့်အနာဂတ်တစ်ခုကို ဖန်တီးနိုင်မည်"ဟုယုံကြည်ကြောင်း ပြောကြားခဲ့သည်။ သမ္မတလမ်းညွှန်မိန့်ကြားချက်ကို မိမိနားလည်သဘောပေါက်သလိုအဓိပ္ပာယ်ဖွင့်ဆိုရလျှင် မြန်မာနိုင်ငံအတွင်းရှိလူငယ်များ အားလုံး ၂၇ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှတစ်ဆင့်ရရှိကြမည့် အားကစားစိတ်ဓာတ်များဖြင့် မြန်မာနိုင်ငံ၏ အနာဂတ်ကို ကောင်းမွန်စွာ တည်ဆောက်နိုင်ကြလိမ့်မည်ဟု သဘောရသည်။

ယနေ့ လူငယ်များတွင် သူ့လူတန်းစားနှင့်သူ၊ သူ့အဆင့် အတန်းနှင့်သူ အားကစားစိတ်ဓာတ်များ တနေ့တခြားနည်းပါးလာကြသည်ကတော့ အမှန်ပင်ဖြစ်သည် ငွေကြေးချမ်းသာကြွယ်ဝသည့်လူတန်းစားမှ ပေါက်ဖွားလာသည့် သားသမီးတချို့က နိုက်ကလပ်၊ ဒေးကလပ်၊ ကေတီဗီအစရှိသည်တို့တွင်မှန်မှန်ပျော်မွေ့နေကြသည်။ ရန်ကုန်မြို့တွင်း၌သိန်းထောင်ကျော်တန် ကားများဖြင့်ပင် ပြိုင်ပွဲလုပ်မောင်းနှင်နေကြသည်။ အုပ်စုဖွဲ့၍ ရမ်းကားနေကြသည်။ ကြေးရတတ် မိဘများ၏ သားသမီးများ အားလုံးတော့မဟုတ်ပါ။ လိမ္မာယဉ်ကျေးသော၊ ပညာကိုလိုလိုလားလားသင်ကြားနေကြသော ကြေးရတတ်မိသားစုမှပေါက်ဖွားသည့် သားသမီးများလည်း ရှိပါသည်။ သို့သော် လူနည်းစုတစု၏ လုပ်ရပ်က နတ်သုဒ္ဓါထဲ မစင်တပဲသားကျသလိုမျိုး ဖြစ်နေပါသည်။ ငါးခုံးမပုပ် တစ်ကောင်နှစ်ကောင်ကြောင့် တလှေလုံးပုပ်နေရခြင်း ဖြစ်ပါသည်။

နောက်ထပ်လူတန်းစားတရပ်ကတော့ ဝန်ထမ်းများ၊ လက်လုပ်လက်စား မိဘများမှပေါက်ဖွားလာသည့် သားသမီးများပင်ဖြစ်သည်။ သူတို့ကျတော့ လက်လှုပ်မှ ပါးစပ်လှုပ်နိုင်သည့် အခြေအနေဖြစ်နေကြ၍ အားကစားကွင်း၊ အားကစားရုံများသည် သူတို့နှင့် လားလားမှမအပ်စပ်သောနေရာများဖြစ်နေကြသည်။ အချိန်လေးရ၍ ဘောလုံးကစားကြရာမှာ ပင်ပလတ်စတစ် ဘောလုံးကို အကောင်းစားပြု၍ ကစားနေကြရသည့် လူတန်းစားများဖြစ်ကြသည်။

မြန်မာနိုင်ငံမှ လူငယ်ထုကိုအားကစားလိုက်စားမှုနှင့် လေ့လာကြည့်ရာ အောက်ပါအတိုင်းတွေ့ရသည် -

ပညာရေးကိုသာ ရှေ့တန်းတင်ပြီး ကျောင်းမှဆင်းလျှင်ကျူရှင်၊ ကျူရှင်ပြီးလျှင် တဦးချင်း အနီးကပ်ဆရာများဖြင့် ပညာရေးတွင်သာ တဝဲလည်လည်ဖြစ်နေကြသည့် ကျောင်းသားလူငယ်များ။

အပျော်အပါးများ နောက်သို့ကောက်ကောက်ပါ အောင်လိုက်ကာ အားကစားကို မေ့လျော့ထားနေကြသည့် နတ်နေကိုင်းမှ သားငယ်၊ သမီးများ။

အားကစားကို စိတ်ပါဝင်စားသော်လည်း သမုဒ္ဒရာဝမ်းတထွာကြောင့် အားကစားကိုမြတ်နိုးပါလျက် မလိုက်စားနိုင်ကြသည့် လူငယ်ကျောင်းသားများဟူ၍ဖြစ်သည်။

ယင်းလူတန်းစားသုံးရပ်မှ ဖောက်ထွက်ပြီး အားကစား နယ်ပယ်ထဲ ဝင်ရောက်လာသည့် အရေအတွက်မှာလွန်စွာ နည်းပါးသည်။

လူငယ် လူရွယ်၊ ကျောင်းသူ ကျောင်းသားတိုင်း အားကစား လေ့လာလိုက်စားရေး အတွက် 'အားကစား' ဟူသည်ကို ရှေး ဦးစွာသိနားလည်ကြဖို့လိုသည်။ အားကစားကို ပညာရှင်များက ဤသို့အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြသည်။ ပထမဖွင့်ဆိုချက်က 'အားကစားဟူသည် ပျော်ရွှင်မှုနှင့်ဖြေဖျော်မှုကိုပေးနိုင်သောလှုပ်ရှားမှု'ဟူ၍ဖြစ်သည်။

ဒုတိယဖွင့်ဆိုချက်ကမူ 'အားကစားဟူသည် နည်းစနစ်ကျနသော လေ့ကျင့်လှုပ်ရှားမှုဖြစ်ပြီး ကိုယ်ခန္ဓာဖွံ့ဖြိုးစေရုံမက စိတ်ပိုင်းဆိုင်ရာ ဇွဲသတ္တိအတိုင်း ဆောင်ရွက်တတ်စိတ်၊ မြင့်မြတ်မှု၊ သဘောထားပြည့်ဝမှုတို့ကို ဖြစ်စေခြင်း'ဟူ၍ ဖြစ်သည်။ ဒုတိယဖွင့်ဆိုချက်မှာ ပိုမိုလေးနက်ခိုင်မာသည်။ယင်း ဒုတိယဖွင့်ဆိုချက်မှာအားကစားကိုအခြေခံ၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများပါ အကျိုးဝင်နေသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံ အားကစားဆိုင်ရာလှုပ်ရှားမှုများသည် ပထမဖွင့်ဆိုချက်ဖြစ်သည့် 'ပျော်ရွှင်မှုနှင့်ဖျော်ဖြေမှု အဆင့်သာသာ ပင်ရှိသေးသည်။ ဒုတိယဖွင့်ဆိုချက် သဘောတရားနှင့်ကင်းကွာနေဆဲပင်ဖြစ်သည်။

လူငယ် လူရွယ်၊ ကျောင်းသူ၊ ကျောင်းသားများ အားကစားတွင် စိတ်ပါဝင်စားလာအောင်ကောင်းမွန်သော ပတ်ဝန်းကျင်နေရာကိုလည်းဖန်တီးပေးဖို့လိုသည်။ ဦးစွာပထမ လူငယ်လူရွယ် ကျောင်းသူကျောင်းသားများအတွက် မြို့နယ်၊ ခရိုင်၊ တိုင်းများတွင် လည်းကောင်း၊ မူလတန်းကျောင်းများမှစကာ တက္ကသိုလ်နှင့် ကျောင်းများအထိ သင့်တင့်မျှတသော ကစားကွင်း၊ အားကစားရုံသို့မဟုတ် အားကစားလုပ်နိုင်သည့် ခန်းမကျယ်ကြီးများ ရှိဖို့လိုသည်။ ထိုနည်းတူစွာပင် အများလေ့လာလိုက်စားနိုင်သည့် အားကစားနည်းများအတွက် ထိုက်သင့်သလောက် အားကစားအထောက်အကူ ပစ္စည်းများကို သင်ကြားပြသပေးနိုင်သည့် ဆရာကောင်း၊ ဆရာမကောင်းများလည်း လိုသည်။

ဤသို့ဖြင့် လူငယ် လူရွယ်၊ ကျောင်းသူကျောင်းသားများအတွက် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးပြီးနောက် ကျောင်းသူ၊ ကျောင်းသား၊ လူငယ်လူရွယ်များ ယနေ့ကြုံတွေ့နေရသည့် ဆိုးရွားသောပတ်ဝန်းကျင်များကို ဖယ်ရှားပစ်ကြဖို့ အထူးလိုသည်။ ဆေးလိပ်၊ အရက်၊ မူးယစ်ဆေးဝါး မှအစ နိုက်ကလပ်၊ ဒေးကလပ်၊ KTV စသည့် အရာများကို ကျောင်းသူ၊ ကျောင်းသား၊ လူငယ်၊ လူရွယ်တို့၏ ဝန်းကျင်မှ ဖယ်ရှားကြဉ်သင့်သည်။

ယနေ့ မြန်မာနိုင်ငံတွင် ကွမ်း၊ ဆေးလိပ်နှင့် အရက်မျိုးစုံတို့မှာ စည်းမဲ့ကမ်းမဲ့ ရောင်းချနေကြသည်။ ရောင်းချနေကြခြင်းကို အဆိုးမြင်ဖြင့် အပြစ်မဆိုပါ။ စည်းမဲ့ကမ်းမဲ့ ရောင်းကြခြင်းကိုသာ ဆိုလိုရင်းဖြစ်ပါသည်။ နိုင်ငံတကာ၊ အထူးသဖြင့် နိုင်ငံကြီးများတွင် အသက် ၁၈ နှစ် မပြည့်လျှင် ဆေးလိပ်မရောင်းရ၊ အရက်မရောင်းရ၊ မကြည့်သင့်သည့် ရုပ်ရှင်မကြည့်ရ၊ မဝင်သင့်သည့် နေရာများကို မဝင်ရဟု စည်းကမ်းသတ်မှတ်ထားသည်။ အများစုအားလုံးလိုလိုက လိုက်နာကြသည်ဟု ကြားဖူးဖတ်ဖူးသည်။ သမ္မတကြီးလိုလားသည့် လူငယ်များအတွက် ကောင်းမွန်သောအနာဂတ် ဖန်တီးလိုလျှင် လူငယ် လူရွယ်၊ ကျောင်းသူ၊ ကျောင်းသားအားလုံးအတွက် ကောင်းမွန်သော ပတ်ဝန်းကျင်တရပ်ကို အားကစားမှတဆင့် ဖန်တီးပေးကြရပါလိမ့်မည်။

ဤသို့ ဖန်တီးပေးရာ၌ အစိုးရတဖွဲ့တည်းသာ တာဝန် မပေးဘဲ ကျောင်းသူ၊ ကျောင်းသား၊ လူငယ်လူရွယ်များ၏ လက်ဦးဆရာဖြစ်သော မိဘအများကလည်း တာဝန်ယူကြရပါမည်။ လူငယ်များ၊ ကျောင်းသူ၊ ကျောင်းသားများနှင့် အနီးကပ်ဆုံး ထိတွေ့ကြရသည့် အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများကလည်း တာဝန်ယူကြရပါမည်။

သစ်လွင် လှပသော မြန်မာနိုင်ငံ၏ အနာဂတ်ဖန်တီးရေးမှာ ယနေ့လူငယ်၊ လူရွယ်၊ ကျောင်းသူ၊ ကျောင်းသားများ လက်ထဲ၌သာရှိသည်။

ယနေ့ လူငယ်များကောင်းပါမှ အနာဂတ်မြန်မာနိုင်ငံကြီး ကောင်းပါလိမ့်မည်။ လူငယ်၊လူရွယ်၊ ကျောင်းသူ၊ ကျောင်းသားများ ကျန်းမာကြံ့ခိုင်ပြီး ပညာရည် မြင့်မားရေးမှာ အားလုံးတွင်တာဝန်ရှိပါသည်။

တာဝန်ကျေပွန်အောင် ကြိုးစားကြပါစို့။ ■

Health



# ဆောင်းတွင်း မနက်စောစော ပြေးကြမယ်

လင်းမြရီ

ဆောင်းရာသီ မနက်စောစော ချမ်းချမ်းစီးစီး အချိန်မှာ အိပ်ရာစောင်ခြုံထဲ ဇိမ်နဲ့နှပ်ပြီး ကွေးနေမလား၊ ကျန်းမာရေးအတွက် ထပြေးကြမလား။ သင့်ကျန်းမာရေးအတွက်လို့ အဓိကထား စဉ်းစားမယ်ဆိုရင်တော့ ဒီလိုရာသီဟာ ကျန်းမာရေးအတွက် အပြေးလေ့ကျင့်ဖို့ အကောင်းဆုံးဆိုတာ မမေ့ဖို့လိုပါတယ်။ စောစောအိပ်လို့ . . . စောစောထလို့ . . . စောစောလမ်းလျှောက်ကြပါစို့ဆိုတဲ့ ဆောင်ပုဒ်လေး အတိုင်းပေါ့။

### ပြေးမလား၊ လမ်းလျှောက်မလား

ဒါကတော့ ကိုယ့်ရဲ့ ကျန်းမာရေးအခြေအနေ၊ အမောခံနိုင်မှုနဲ့ ချင့်ချိန်ပြီး နှစ်သက်သလို ရွေးချယ်နိုင်ပါတယ်။ ကယ်လိုရီများများ လောင်ကျွမ်းစေဖို့ဆိုရင်တော့ ပြေးခြင်းက ပိုသင့်တော်ပါလိမ့်မယ်။

### ဘယ်လို စပြေးမလဲ

ပထမဆုံးအနေနဲ့ သွေးပူဖို့အတွက် လမ်းလျှောက်ခြင်းနဲ့ စတင်ရပါမယ်။ အဲဒီလို လျှောက်နေစဉ်အတွင်း တတ်နိုင်သလောက်၊ အမောခံနိုင်သလောက် ၁ မိနစ်ကနေ ၂ မိနစ်လောက် ပြေးကြည့်ပါ။ ရွရွလေးပြေးခြင်း(Jogging) လုပ်ရင်လည်း ကောင်းတာပါပဲ။ လမ်းလျှောက်လိုက်၊ ပြေးလိုက်၊ မောလာရင် ပြန်လမ်းလျှောက်လိုက်ပေါ့။ အဲဒီလိုကနေ တဖြည်းဖြည်းချင်း ပြေးချိန်ကိုပိုတိုးယူရင်းနဲ့ ကျင့်သားရပြီး အမောခံနိုင်ရည် မြင့်လာပြီဆိုရင် ပြေးချိန်ကို တဆက်တည်း မိနစ် ၃၀ လောက်အထိ မြှင့်တင်လာနိုင်ပါလိမ့်မယ်။

### ဘယ်နေရာမှာ ပြေးမလဲ

ဒါလည်း မိမိရဲ့ရွေးချယ်မှုအပေါ် မူတည်တာပါပဲ။ အပြင်တနေရာရာမှာ ပြေးမယ်ဆိုရင်တော့ အဲဒီနေရာဟာ ယာဉ်အသွားအလာ ရှင်းလင်းဘေးကင်းတဲ့ နေရာတခုဖြစ်ဖို့ လိုပါလိမ့်မယ်။ ဝေလီဝေလင်း မနက်ခင်းမှာ မြန်မာပြည်ရဲ့ ကျိုးပဲ့နေတဲ့ မြောင်းဖုံးတွေ၊ ကွာထွက်ပြီး မညီမညာဖြစ်နေတဲ့ ပလက်ဖောင်းကျောက်ပြားတွေကို ထည့်စဉ်းစားဖို့လည်း မမေ့ပါနဲ့။

### အမောဆို့ပြီး အသက်ရှူမဝ ဖြစ်လာရင်

ဟုတ်ပါတယ်။ ဒီလိုဖြစ်တတ်တာ ထုံးစံပါပဲ။ စပြီးပြေးကာစ အပြေးသမားတွေထုံးစံ ကိုယ့်ရဲ့ခံနိုင်ရည်ကိုမတွက်မိဘဲ အစပိုင်းမှာ အပြင်းအထန် ပြေးမိတတ်ပါတယ်။ အဲဒီအခါ အသက်ကို ပြင်းပြင်းနဲ့ မှန်မှန်ရှူလိုက်ပါ။ ပြီးတော့ ပြေးမယ့်အစား အရှိန်ကို လျှော့ချပြီး လမ်းလျှောက်နေလိုက်ပါ။ အဆင်ပြေသွားပါလိမ့်မယ်။

### ပြေးခါစ ကြွက်သားနာကျင်မှု

စပြီးလေ့ကျင့်ခါစမှာတော့ သာမန်ကြွက်သားနာကျင်မှုတွေဖြစ်တတ်တာ ထုံးစံပါပဲ။ သာမန်နာကျင်မှုလား၊ သာမန်ထက်ပိုတဲ့ စိုးရိမ်ရမယ့် နာကျင်မှုလားဆိုတာကို ကွဲပြားချင်ရင်တော့ ပထမဆုံး ကိုယ်ပြေးနေတဲ့ အရှိန်ကိုလျှော့ချလိုက်ပါ။ ပြီးရင် ၁ မိနစ် ၂ မိနစ်လောက် လမ်းဖြည်းဖြည်း ဆက်လျှောက်ရင်း အဲဒီနာကျင်မှုတွေ ပျောက်သွားလားဆိုတာကို သတိထားကြည့်လိုက်ပါ။ ကိုယ်ခန္ဓာအစိတ်အပိုင်းတနေရာရာမှာ မခံမရပ်နိုင်တဲ့ အပြင်းအထန် နာကျင်မှုတခုခု ဆက်တိုက်ဖြစ်နေဆဲ ဆိုရင်တော့ အပြေးလေ့ကျင့်ခန်းကို ရပ်လိုက်ပါ။ ရက်အနည်းငယ်လောက် နားနေလိုက်ပါ။

### ဝမ်းဗိုက်ကြွက်သားများ နာကျင်ကြွက်တက်ခြင်း (Side Cramp)

အပြေးလေ့ကျင့်ခါစမှာ အဖြစ်များတတ်တာကတော့အသက်ပြင်းပြင်း ရှူထုတ် ရှူသွင်းခြင်းတွေကြောင့် ဝမ်းဗိုက်ကြွက်သားများ နာကျင်စူးအောင့်ခြင်းပါ။ ပြေးနေစဉ်အတွင်း ဒီဝေဒနာကို ခံစားလာရရင်တော့ အသက်ပြင်းပြင်းရှူပါ။ ပြီးတော့ ရင်ခေါင်းထဲက လေတွေကုန်စင်အောင် အာရုံစူးစိုက်ပြီး ဖြည်းဖြည်းချင်းရှူထုတ်ပါ။ ဒီပြဿနာတွေ မဖြစ်စေဖို့ တခုသတိပြုရမှာက အပြေးလေ့ကျင့်ခန်း မစတင်မီ ၁ နာရီလောက်ကတည်းက အစာမာတွေ စားခြင်းကို ကြိုတင်ရှောင်ရှားထားရမှာ ဖြစ်ပါတယ်။

### အရင်နဲ့မတူတဲ့ ပေါ့ပါးလန်းဆန်းခြင်း

အပြေးလေ့ကျင့်ခန်းကို စတင်ပြီး ၂ ပတ်ကနေ ၃ ပတ်အတွင်း သင်သတိမပြုဘဲ မနေနိုင်အောင် ဖြစ်မိမှာကတော့ အရင်နဲ့မတူတဲ့ ပေါ့ပါးလန်းဆန်းခြင်းပါပဲ။ အသက်ရှူရတာ ပိုပြီး အားရပါးရရှိလာမယ်။ အမောခံနိုင်ရည်တွေမြင့်လာမယ်။ နောက်ပြီး မက်စရာအကောင်းဆုံးကတော့ ပေါင်ချိန်စက်ပေါ် ရပ်ကြည့်လိုက်တဲ့အခါ ရမယ့်ပျော်ရွှင်မှုပါပဲ။ ■

---

# ရာသီနာ တဟွပ်ဟွပ်

ဒေါက်တာသက်ဦး

ရာသီဥတုအပြောင်းအလဲမှာ ရောက်လာတတ်တဲ့ ဝေဒနာတွေထဲက အများစု ရင်းနှီးကျွမ်းဝင်ပြီးသား အဖြစ်ဆုံးကို ပြောပါဆိုရင် "နှာစေး၊ ချောင်းဆိုး" လို့ ပြောကြမယ့်သူတွေချည်းလို့ ထင်ပါတယ်။ အေးရာကနေ ပူတဲ့အခါ၊ ပူရာကနေ စိုစွတ်တဲ့အခါ၊ စိုစွတ်ရာက ချမ်းအေးလာပြန်တဲ့အခါ အဲဒီလို နွေ၊ မိုး၊ ဆောင်း အကူးအပြောင်းတိုင်းမှာ မရိုးနိုင်တဲ့ ရာသီနာအဖြစ် ဖြစ်တတ်ပါတယ်။ အခုဆိုလည်း ဆောင်းအဝင်မှာ ချောင်းတဟင်ဟင် ဆိုးနေကြရတယ်မဟုတ်လား။ အဖျားမရှိပါဘဲ ချောင်းခြောက်တွေဆိုးပြီး အသံပျက်နေကြတာ၊ လည်ချောင်းနာတာတွေပါ ဖြစ်နေကြရတယ် မဟုတ်လား။ ဘယ်လိုကုစားကြမလဲ၊ ဘယ်လို ဆင်ခြင်နေထိုင်ကြမလဲ။ အနည်းအကျဉ်းတော့ သိထားသင့်ပါတယ်။

### ချောင်းဆိုးခြင်း

ချောင်းဆိုးတယ်ဆိုတာ တကယ်တော့ ခန္ဓာကိုယ်က အသက်ရှူလမ်းကြောင်းမှာရှိနေတဲ့ ချွဲသလိပ်တွေ၊ အဟန့်အတားဖြစ်နေတဲ့ အမှုန်နဲ့ အခိုးအငွေ့တွေကို ရှင်းလင်းပေးတဲ့ တုန့်ပြန်မှုတခုပါပဲ။ ချောင်းဆိုးတယ်ဆိုတာ လက္ခဏာတခုမျှသာ ဖြစ်ပါတယ်။ ရောဂါတခုခုရဲ့ သင်္ကေတမျှသာ ဖြစ်ပါတယ်။ ချောင်းဆိုးတဲ့အခါ ချောင်းခြောက်လို့ခေါ်တဲ့ ချွဲသလိပ်မထွက်ဘဲဆိုးတာနဲ့ ချွဲသလိပ်ထွက်ပြီး ဆိုးတာရယ်လို့ ၂ မျိုးရှိပါတယ်။ ပုံမှန်အားဖြင့်တော့ သာမန်ဆိုရင် ၂ ပတ်လောက်မှာ ပျောက်ကင်းသက်သာသွားတတ်ပါတယ်။

### ချောင်းခြောက်ဆိုးခြင်း

လည်ချောင်းထဲမှာ ယားကျိကျိဖြစ်ပြီး ဆိုးတာမျိုးပေါ့။ လည်ချောင်းနဲ့ အသက်ရှူလမ်းကြောင်း အထက်ပိုင်းမှာ ရောင်ရမ်းတာတွေကြောင့် ဖြစ်ရပြီး ချွဲသလိပ်မထွက်ဘဲ ဆိုးတာပါ။ တနည်းအားဖြင့် အဲဒီရောင်ရမ်းနေတဲ့ အစိတ်အပိုင်းတွေကို ဦးနှောက်က ပြင်ပပစ္စည်းတွေလို့ မျက်စိလည်ပြီး ရှင်းထုတ်တဲ့ ဖြစ်စဉ်ပါပဲ။ သာမန်အအေးမိတာနဲ့ တုပ်ကွေးမိတာတွေမှာ အတွေ့ရများပါတယ်။

### ချောင်းအစို ဆိုးခြင်း

ချောင်းဆိုးရင် ချွဲသလိပ်တွေထွက်တာကို ပြောတာပါ။ လည်ချောင်းတလျှောက်က ချွဲသလိပ်တွေကို ချောင်းဆိုးတိုင်း ရှင်းထုတ်လိုက်သလို ဖြစ်သွားတာမို့ ချောင်းဆိုးလိုက်ပြီး ချွဲသလိပ်ထွက်တာက သက်တောင့်သက်သာ ရှိစေပါတယ်။

### ချောင်းဆိုးစေတဲ့ အကြောင်းများ

ချောင်းဆိုးတာက အသက်ရှူလမ်းကြောင်းကို ရောဂါပိုးတွေဝင်ရောက်ခြင်းရဲ့ အဓိက လက္ခဏာပါပဲ။ နာတာရှည် တီဘီလိုမျိုးကနေ သာမန်ဗိုင်းရပ်စ်ပိုးလေးတွေကြောင့်လည်း ဖြစ်စေတတ်ပါတယ်။ တနည်းအားဖြင့် ချောင်းဆိုးရာကနေ ရောဂါကူးစက်နိုင်တာမျိုးပေါ့။

မကူးစက်တတ်တဲ့ ချောင်းဆိုးခြင်းကို တွေ့ရတာကတော့ ဓာတ်မတည့်လို့ဖြစ်တဲ့ နှာစေး ချောင်းဆိုးခြင်းတွေ၊ ရင်ကြပ်ပန်းနာ၊ နာတာရှည် အဆုတ်လမ်းကြောင်း ရောင်ရမ်းတာမျိုးတွေမှာပါ။

ချောင်းဆိုးတာကို အစာအိမ်ကနေ အစာရေမျိုပြွန်ထဲကို အစာတွေပြန်ဆန်တက်တဲ့ ရောဂါမှာလည်း လက္ခဏာတခုအဖြစ် တွေ့ရလေ့ရှိပါတယ်။

ဆေးလိပ်သောက်ခြင်းကလည်း ချောင်းဆိုးခြင်းရဲ့ အကြောင်းတခုပါပဲ။

### ဘယ်လိုကုသကြသလဲ

သာမန်လတ်တလောဖြစ်တဲ့ ချောင်းဆိုးခြင်းတွေမှာတော့ ဘာမှကုသစရာမှ မလိုဘဲ ပျောက်ကင်းသွားတတ်ပါတယ်။ တချို့သော သူတွေအတွက် သက်သာလို သက်သာငြား ဆေးမြီးတိုလေးတွေ သောက်ချင်သပဆိုရင်တော့ ပျားရည်နဲ့ သံပုရာရည် ပါဝင်တဲ့ သဘာဝအိမ်တွင်းဖြစ် ဆေးမြီးတိုလေးတွေ သောက်သုံးနိုင်ပါတယ်။

ချောင်းဆိုး သက်သာစေတယ်ဆိုတဲ့ ဆိုင်ပေါ်က ဆေးတွေထဲက ချွဲပျော်စေတဲ့ ဆေးတွေလောက်ကို သောက်သုံးနိုင်ကြပေမယ့် ဆေးတွေမှာ ဘေးထွက်ဆိုးကျိုးတွေရှိတဲ့အတွက် ကျွမ်းကျင်သူ ဆရာဝန်ရဲ့ အညွှန်းမပါဘဲ ဆေးတိုင်းကို သောက်ဖို့မသင့်လျော်ပါဘူး။

### ဘယ်အချိန်မှာ ဆေးခန်းပြမလဲ

- ချောင်းဆိုးတာက သိပ်ငယ်တဲ့ ၁ နှစ်အောက် ကလေးငယ်မှာဖြစ်နေတာဆိုရင်၊ တရက်ထက် တရက် မသက်သာဘဲ ပိုဆိုးလာရင်၊
- နှစ်ပတ်ထက် ကျော်လွန်ပြီး ဆက်ဆိုးနေရင်၊
- အသက်ရှူကြပ်လာတာ၊ ရင်ဘတ်အောင့်လာတာတွေ ဖြစ်လာရင်၊

အဲဒီလိုဆိုရင်တော့ ဆရာဝန်နဲ့ ပြသသင့်ပါတယ်။ ဆရာဝန်က လိုအပ်သလို စစ်ဆေးကုသပေးပါလိမ့်မယ်။ လိုအပ်ရင် ဓာတ်မှန်ရိုက်တာ၊ သလိပ်စစ်တာတွေ လုပ်ပါလိမ့်မယ်။

အခုလို ရာသီနာ ချောင်းဆိုးရောဂါကို မလွဲမရှောင်သာ တွေ့ကြရတတ်သလို၊ တတ်နိုင်သမျှ ရှောင်ရှားချင်ရင်တော့ ရုတ်တရက် အပူအအေးမမျှဖြစ်မယ့် အနေအထားမျိုးကို သတိပြုဆင်ခြင်ရပါလိမ့်မယ်၊ အသက်ရှူလမ်းကြောင်းမှာ ဖုန်တွေမဝင်အောင် သတိပြုရပါမယ်။ ကိုယ်နဲ့ ဓာတ်မတည့်တာ တခုခုရှိရင် မထိတွေ့၊ မစားသောက်မိအောင် သတိထား ရပါလိမ့်မယ်။

သာမန်အားဖြင့် ဖြစ်ရိုးဖြစ်စဉ် စိုးရိမ်စရာမလိုတဲ့ ချောင်းဆိုးရောဂါဟာ တခါတရံမှာတော့ ပြင်းထန်ပြီး ကုသရခက်တဲ့ ရောဂါကြီးတွေရဲ့ လက္ခဏာလည်း ဖြစ်နေတတ်တာကြောင့် အလွန်အမင်း ကြောက်စရာမလိုပေမယ့်လည်း သတိထားရမယ့် အနေအထား ဖြစ်လာရင်တော့ တတ်သိနားလည်သူတွေနဲ့ တိုင်ပင်လို့ အကုသခံလိုက်စေချင်ပါတယ်။ ■

Restaurant

# လန်းလန်းဆန်းဆန်း မနက်စာစားနိုင်မယ့် ၄၉ လမ်း Lucky Seven

မေစစ်ပိုင်

ရန်ကုန် မြို့လယ်ကောင်ရှိ ၄၉ လမ်းအပေါ် ဘလောက်တွင် Lucky Seven ဟု အမည်ပေးထားသော လက်ဖက်ရည်ဆိုင်တဆိုင်ရှိသည်။ ထိုဆိုင်ကို အနော်ရထာလမ်းမပေါ်မှ ကြည့်လိုက်မည်ဆိုပါက ရုတ်တရက်မမြင်နိုင်။ စိမ်းစိုနေသောအလှစိုက်သစ်ပင်များ၊ ပန်းအိုးများနှင့် ချိတ်ဆွဲထားသော သစ်ခွပန်းပင်များအကြား ပျောက်နေတတ်သည်။ ၄၉ လမ်းထဲကို ဝင်သွားမှသာ အဆိုပါလက်ဖက်ရည်ဆိုင်၏ အပြင်အဆင်ကို ပိုမိုသေချာစွာတွေ့နိုင်သည်။


ဓာတ်ပုံ –စောဝေလှိုင်/The Irrawaddy

Lucky Seven ဆိုင်အတွင်း မြင်ကွင်း။

ဆိုင်၏ ထိုင်ခုံစားပွဲတချို့ကို ထိုပန်းအိုးများအကြား နေရာချထားသည်။ ဆိုင်ထဲရှိ စားပွဲဝိုင်းအားလုံးနီးပါးတွင်လည်း အလှစိုက်သစ်ပင်ငယ်များစိုက်ထားသည့် ပန်းအိုးကလေးများ တင်ထားသည်ကို တွေ့ရသည်။ ဆိုင်အပြင်အဆင်ကို ဦးစားပေးထားသကဲ့သို့ အစားအသောက်များကလည်း သန့်ရှင်းသပ်ရပ်မှုရှိသည်။ သို့သော် ဈေးနှုန်းများကတော့ ရန်ကုန်မြို့ရှိ လက်ဖက်ရည်ဆိုင်တိုင်းတွင် ရောင်းချလေ့ရှိသော ဈေးနှုန်းများနှင့် ကွာခြားမှုမရှိပါ။

သန့်ရှင်းမှုကို အလေးထားသော လက်ဖက်ရည်ဆိုင်များနည်းတူ ထိုဆိုင်တွင်လည်း စားပွဲဝိုင်းတဝိုင်းစီတိုင်း၏ အောက်ခြေတွင် အမှိုက်ပုံးများ ချထားသည်ကို တွေ့ရသည်။

"ဆိုင်မှာလာရောက်စားသုံးကြတဲ့ တချို့စားသုံးသူတွေက ဈေးနှုန်းသင့်တင့်တဲ့ အစားအသောက်တွေရရှိတာကို သဘောကျကြသလို တချို့ကလည်းတိတ်ဆိတ်မှုရှိတာနဲ့ ဆိုင်ရဲ့အပြင်အဆင် သပ်ရပ်တာကိုကြိုက်ကြတယ်"ဟု ၄၉ လမ်းတွင်ရှိသည့် Lucky Seven လက်ဖက်ရည်ဆိုင်၏ စားပွဲထိုးတယောက်က ပြောပြသည်။

"မုန့်ဟင်းခါးကို ပန်းကန်ပြားနဲ့ ထည့်ပေးတာ နိုင်ငံခြားသားဧည့်သည်တွေ သိပ်ကြိုက်ကြတယ်။ သူတို့တတွေက တိုးရစ်တွေနဲ့ အဖွဲ့လိုက်လာကြတာ များတယ်။ တခြားသူတွေကတော့ အဆင်ပြေတာမှာစားကြတာပဲ" ဟု သူက ရှင်းပြသည်။

နိုင်ငံခြားသား ဧည့်သည်များကိုပေးသည့် ဝန်ဆောင်မှု၊ အစားအသောက် တန်ဖိုးကလည်း တခြားသူများနည်းတူသာဖြစ်သည်ဟု ၎င်းကဆိုသည်။

ထိုစားပွဲထိုးက ရှင်းပြနေရင်း မျက်လုံးအစုံကလည်း သူဝန်ဆောင်မှုပေးရမည့် တခြားစားပွဲဝိုင်းများဘက်ကို မျက်ခြည်မပြတ် ကြည့်နေသည်။ သူက တခြားစားပွဲဝိုင်း တဝိုင်းကိုလည်း တာဝန်ယူထားပုံရသည်။ ထိုဝိုင်းက အစားအသောက်ထပ်မှာဖို့ လှမ်းခေါ်သည်နှင့် တပြိုင်နက် 'ဟုတ်ကဲ့' ဟု ပါးစပ်ကလည်းအော်ရင်း လူကလည်း ခပ်သွက်သွက် လှမ်းလျှောက်ကာ ယင်းနေရာကို ရောက်သွားသည်။

ဆိုင်၏ ဝန်ထမ်းအားလုံးနီးပါးသည် အမျိုးသားများသာဖြစ်နေသည်ကို တွေ့ရပြီး စားပွဲထိုးဝန်ထမ်းများ၏ အပြာရောင် တူညီဝတ်စုံတိုင်းတွင် နံပါတ်စဉ် ၁၊ ၂၊ ၃၊ ၄ စသည်ဖြင့် ရေးထိုးထားသည်။ စားပွဲထိုးများက အစားအသောက်ချပေးခြင်းနှင့် စားပွဲဝိုင်းဝန်ဆောင်မှုပေးရာတွင် လှုပ်ရှားမှု ခပ်သွက်သွက်ဖြင့် သွားလာနေကြသည်ကိုလည်း တွေ့ရသည်။

ဆိုင်တွင်ရောင်းချသည့် ကော်ပြန့်စိမ်းအတွင်းမှ အစာမှာ ဂေါ်ဖီ၊ မုန်လာဥနီနှင့် အသားကို ရောကြော်ထားပြီး ကော်ရည်အနည်းငယ် ရောထားသည်။ ရှမ်းပြည်နယ်ဘက်တွင် အများဆုံးတွေ့ရသည့် ကော်ပြန့်ဖက်အမျိုးအစားဖြင့် ထုပ်ထားရာ ကော်ရည်ပါသောအစာနှင့် ကော်ပြန့်ဖက်က ပနံရသည်။ အရသာက အသီးအရွက်အရသာ အပြည့်ဝင်ပြီး ကော်ရည်နှင့် ကော်ပြန့်ဖက်၏ နူးညံ့မှုက ကော်ပြန့်စိမ်းတစ်ခု၏ အရသာကို ပြည့်စုံသွားစေသည်။

ယင်း ကော်ပြန့်စိမ်းနှင့် လက်ဖက်ခြောက်အကျရည်နှပ်၊ နို့အနည်းငယ်နှင့် သကြားအနည်းငယ် ရောဖျော်ထားသော မွှေးပျံ့သည့် Black Tea က လိုက်ဖက်လှသည်။

Lucky Seven ဆိုင်တွင် အာလူးပူရီ၊ ပဲဘဲဥမုန့်၊ မုန့်ဟင်းခါး၊ Black Tea နှင့် ကော်ပြန့်စိမ်း စသည့် အစားအစာတချို့မှာ အများဆုံးရောင်းရသည့် အစားအစာ အမျိုးအစားများ ဖြစ်ကြသည်ဟုလည်း သိရသည်။

ယင်းဆိုင်တွင် ဆေးလိပ်သောက်သုံးမည့်သူများအတွက် မည်သည့် ဆေးလိပ်အမျိုးအစားမဆို တလိပ်ချင်းမရောင်းဘဲ ဘူးလိုက်ဝယ်ယူမှသာ ရောင်းချပေးခြင်းကလည်း တခြားလက်ဖက်ရည်ဆိုင်များနှင့် မတူသည့် အချက်တချက် ဖြစ်နိုင်သည်။

ဆိုင်တွင်းတွင် ဆေးလိပ်သောက်ခွင့်မပေးဘဲ၊ ဆေးလိပ်သောက်ရန် နေရာသီးသန့် ဖန်တီးပေးထားနိုင်လျှင်တော့ ပိုမိုပြည့်စုံသွားမည်ဟု မြင်မိသည်။ သို့သော် ရန်ကုန်၏ နေရာရှားပါးမှုကြောင့် တခြားသော လက်ဖက်ရည်ဆိုင်များကဲ့သို့ပင် ဆေးလိပ်သောက်ရန် နေရာသီးသန့် မဖန်တီးပေးနိုင်သေးသည်ကို တွေ့ရသည်။

ထိုဆိုင်တွင် အစားအသောက် ချက်ပြုတ်ရာ၌ စားအုန်းဆီနှင့် အချိုမှုန့် အသုံးမပြုဘဲ နေကြာဆီ၊ ပဲဆီနှင့် တခြားအရသာ ပစ္စည်းများကိုသာ အသုံးပြုသည်ဟုလည်း ဆိုင်တွင်း၌ ဆိုင်းဘုတ်ဖြင့် ချိတ်ဆွဲကြေညာထားသည်ကို တွေ့ရသည်။

"ကျနော်တို့တတွေက စားသုံးသူတွေအတွက် အကောင်းဆုံးဝန်ဆောင်မှုပေးဖို့ အမြဲကြိုးစားတယ်။ သန့်ရှင်းသပ်ရပ်မှုကို အဓိကထားတယ်။ အားလုံးကတော့ ပုံမှန်လည်ပတ်မှုအတိုင်းပါပဲ" ဟု အဆိုပါဆိုင်မှ တာဝန်ခံတဦးဖြစ်သူ ကိုဗိုလ်ဗိုလ်နိုင်က ဧရာဝတီကို ပြောပြသည်။

သူတို့ဆိုင်၏ဝန်ထမ်းများ ပညာရေးပိုင်း အားနည်းမှုမဖြစ်စေရန်နှင့် ပျော်ရွှင်မှု ရစေရန်အတွက် ဝန်ထမ်းများ အားလပ်သည့်အချိန်များတွင် ဆရာ၊ ဆရာမများခေါ်၍ စာသင်ကြားမှုနှင့် ဗဟုသုတပိုင်း မျှဝေပေးမှုများ ပြုလုပ်ပေးလေ့ရှိသည်ဟုလည်း သူကဆိုသည်။

"သူတို့တတွေရဲ့ပညာရေးမှာလည်း အဆင်ပြေအောင်၊ ပျော်ရွှင်မှုကိုလည်းပေးနိုင်မယ့် ဆရာဆရာမတွေကိုခေါ်ပြီးတော့ စာသင်ပေးတာမျိုး လုပ်ပေးတယ်။ ကျနော်တို့ဆိုင်က ထွက်သွားသည့်တိုင်အောင် သူတို့တွေရဲ့ ဘဝရှေ့ရေး အဆင်ပြေစေချင်တယ်" ဟု ၎င်းက ဆက်ပြောသည်။

ဆိုင်ဖွင့်ချိန်သည် မနက် ၅ နာရီမှ ညနေ ၅ နာရီခွဲအထိဖြစ်ပြီး ညနေ ၅ နာရီခွဲ နောက်ပိုင်းနှင့် တနင်္ဂနွေနေ့ နေ့လယ် ၁၂ နာရီခွဲ နောက်ပိုင်းသည် ဆိုင်ဝန်ထမ်းများ၏ အားလပ်ချိန်ဖြစ်သည်ဟုလည်း သိရသည်။ ၄၉ လမ်း Lucky Seven လက်ဖက်ရည်ဆိုင် တဆိုင်တည်းကို နေ့စဉ်စားသုံးသူ ဧည့်သည် ၅၀၀ ဝန်းကျင် လာရောက်စားသောက်တတ်သည်ဟု သိရသည်။

ရန်ကုန်တွင် Lucky Seven လက်ဖက်ရည်ဆိုင်ခွဲ ၅ ခုရှိသည်။ ၄၉ လမ်း ဆိုင်ခွဲအပါအဝင် အလုံမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ မရမ်းကုန်းမြို့နယ်နှင့် ဦးချစ်မောင်အိမ်ရာ ဆိုင်ခွဲများ ဖွင့်လှစ်ထားသည်။ ■











The Irrawaddy
Vol:1,No:1

Music

# ထာဝရစီးဆင်းနေဦးမယ့် ဂီတမြစ်များ

## သံမဏိလိပ်ပြာရဲ့ အိပ်မက်ထဲက စစ်သားကြီး

**ကိုမျိုး**(IR)




ဂီတဟာ လူသားတို့အတွက် ဖျော်ဖြေမှုသက်သက်သာမက ဘဝရဲ့စိတ်ဓာတ်ခွန်အားကိုပါရစေနိုင်တဲ့ အနုပညာရပ်တခုဖြစ်တယ်လို့ သုံးသပ်ထားကြပါတယ်။ ဖျော်ဖြေမှုသက်သက်ပဲဖြစ်ဖြစ်၊ စိတ်ဓာတ်ခွန်အားကိုရစေလို့ပဲဖြစ်ဖြစ် အနုပညာရပ်တွေထဲမှာ ဂီတဟာလူနဲ့အနီးစပ်ဆုံး အနုပညာရပ်တခုဆို တာကိုတော့ငြင်းလို့ မရနိုင်ပါဘူး။ ဒါကြောင့်လည်း တေးသီချင်းပေါင်းမြောက်များစွာဟာ လူထုကြားထဲမှ ခေတ်အဆက်ဆက်စီးမျောသက်ဝင်ရှင်သန်နေခဲ့တာပဲ ဖြစ်ပါတယ်။

အဲဒီတေးသီချင်းပေါင်းမြောက်များစွာထဲမှ လူထုရဲ့ရင်မှာ သူ့အကြိုက်ကိုယ့်အကြိုက်အပေါ်မူတည်ပြီး စွဲထင်ကျန်ရစ်စေခဲ့တဲ့ တေးသီချင်းတွေနဲ့ တေးအယ်ဘမ်ပေါင်းမြောက်များစွာဟာလည်း ခေတ်အဆက်ဆက် ရှင်သန်နေဆဲဖြစ်သလို အဲဒီလို တေးသီချင်းကောင်းတွေကို ဖန်တီးနေတဲ့ ဂီတအနုပညာရှင်တွေဟာလည်း ခေတ်အဆက်ဆက်မှာ ပေါ်ထွက်လာနေတုန်းပဲဖြစ်ပါတယ်။

အဲဒီလို သူ့ခေတ်သူ့အခါအလိုက် ပေါ်ထွက်လာနေတဲ့ တေးအယ်လ်ဘမ်တွေထဲမှာ ၂၁ ရာစုခေတ်ကာလရဲ့ ဂီတကြယ်တပွင့်ဖြစ်တဲ့ လင်းလင်းရဲ့ တတိယမြောက်တကိုယ်တော် အယ်လ်ဘမ်"သံမဏိလိပ်ပြာ"ဟာ လင်းလင်းရဲ့ ဂီတမှတ်တိုင်အတွက်သာမက လူထုရဲ့ နှလုံးသားမှာပါ စွဲထင်ကျန်ရစ်နေစေခဲ့တဲ့ အယ်လ်ဘမ်တချပ်အဖြစ် ဒီကနေ့ဂီတလောကမှာ မှတ်တမ်းဝင်ခဲ့ပါတယ်။ အဲဒီလိုစွဲထင်ကျန်ရစ်စေခဲ့တဲ့ အကြောင်းကတော့ အဲဒီတေးအယ်လ်ဘမ်မှာပါဝင်တဲ့ သီချင်းပုံစံတွေနဲ့အကြောင်းအရာတွေဟာ ဒီကနေ့ခေတ်ကာလနဲ့ လိုက်လျောညီထွေရှိနေခဲ့လို့ပဲ ဖြစ်ပါတယ်။

အဲဒီ"သံမဏိလိပ်ပြာ" အယ်လ်ဘမ်မှာ လင်းလင်းကိုယ်တိုင်ရေးဖွဲ့ထားတဲ့ သီချင်း (၉) ပုဒ်နဲ့အတူ လင်းလင်းနဲ့ ဇဝါအတူတွဲရေးထားတဲ့ သီချင်း(၁)ပုဒ်အပါအဝင် သီချင်းအသစ် ၁၀ ပုဒ်ပါဝင်ပြီး "နွေအိပ်မက်" သီချင်းကို Bonus Track အဖြစ် Version ပြောင်းကာ ပြန်လည်ထည့်သွင်းပေးထားပါသေးတယ်၊ အဲဒီ Bonus Track သီချင်းအပါအဝင် အဲဒီအယ်လ်ဘမ်ထဲက သီချင်း (၁၁) ပုဒ်စလုံးဟာ Music Style အားဖြင့် ထူးခြားတဲ့ သီချင်းကောင်းလေးတွေဖြစ်တဲ့အပြင် အကြောင်းအရာအားဖြင့်လည်း အားကောင်းတဲ့ စကားလုံးတွေ ပါဝင်တာကို တွေ့ရပါတယ်။

အဲဒီသီချင်း (၁၁)ပုဒ်ထဲမှာမှ Music Style ကော၊ စာသားအကြောင်းအရာပါ ထူးထူးခြားခြားနဲ့ စွဲမက်ဖွယ်ဖြစ်စေခဲ့တဲ့ သီချင်းကတော့ "အိပ်မက်ထဲက စစ်သားကြီး"ဆိုတဲ့ သီချင်းပဲဖြစ်ပါတယ်။ အဲဒီသီချင်းကိုမှ ဘာကြောင့် စွဲမက်ခဲ့ရလဲဆိုတော့။

အယ်လ်ဘမ်တစ်ချပ်ရဲ့ အဖွင့်သီချင်းတွေဟာ အဲဒီအယ်လ်ဘမ်ကို စနားထောင်မိတဲ့သူရဲ့ ရင်ကို ဖမ်းစားနိုင်ဖို့အရေးကြီးပါတယ်။ ဒါမှလည်း နောက်က သီချင်းတွေကို ဆက်ပြီးနားထောင်ဖို့ ဆန္ဒရှိလာမှာ မဟုတ်လား။ ဒါကြောင့်လည်း လင်းလင်းက နားဆင်သူရဲ့ ရင်ကို သေချာပေါက် စွဲမက်နိုင်မယ့် "မော်ဒန်ကဗျာ"သီချင်းကို အယ်လ်ဘမ်ရဲ့အဖွင့်သီချင်းအဖြစ် နေရာပေးခဲ့ပုံရပါတယ်။ ဒါကြောင့် အဲဒီအယ်လ်ဘမ်ကို ဆက်နားထောင်ဖြစ်တဲ့အခါ (၄) ပုဒ်မြောက်ဖြစ်တဲ့ "အိပ်မက်ထဲက စစ်သားကြီး" သီချင်းကို ရောက်တဲ့နေရာမှာတော့ စစ်ပွဲတပွဲရဲ့ အနိဋ္ဌာရုံကို နိမိတ်ပုံပြုတဲ့ ပစ်သံခတ်သံတွေကို Sound Effect ပုံစံနဲ့ အစပြုထားပုံက အဲဒီသီချင်းအပေါ် နားဆင်ခံစားသူရဲ့ အာရုံကို ပထမဆုံး ဖမ်းစားလိုက်နိုင်တဲ့ အချက်တချက်ပဲ ဖြစ်ပါတယ်။

Sound Effect အပြီးမှာ Guitar, K.B,Drum, Instrument သုံးခုရဲ့ အချိတ်ဆက်မိလှတဲ့ Music Scale တွေနဲ့ Intro ကိုအသက်သွင်းထားပုံကလည်း ထူးကဲတဲ့ သီချင်းပုံစံအဖြစ် ပေါ်လွင်စေခဲ့တဲ့ အကြောင်းတရပ်ဖြစ်ခဲ့ပါတယ်။

Intro အပြီးမှာ ပထမ Verse အပိုဒ်ကို ဝင်ဖို့ကြားခံပေးသွားတဲ့ Piano Mood ပုံစံက Intro ရဲ့ Tempo ကို သေသပ်လှပစွာ လျှော့ချပေးနိုင်ခဲ့ပြီး Expression အားကောင်းတဲ့ လင်းလင်းရဲ့ Vocal High Tone နဲ့ စကားလုံးတွေကလည်း ဒီသီချင်းအပေါ်ပိုပြီး အာရုံရလာစေဖို့ စွဲဆောင်နိုင်ခဲ့ပါတယ်။ အထူးသဖြင့် အဲဒီသီချင်းတစ်ပုဒ်လုံးရဲ့ Chord Phrasing တည်ဆောက် ချိတ်ဆက်ပုံတွေ လှပနေတာကို သတိထားမိပြီး

"လူကို လူလူချင်းသတ်ဖို့ သူလေစစ်သားကြီးဖြစ်ချင်တယ်"

"လူကို လူလူချင်းသတ်ဖို့ ပညာတွေသင်ကြားသလား မေးစရာပါ" ဆိုတဲ့ စကားလုံးတွေကလည်း နားဆင်ခံစားသူရဲ့ ရင်ကိုပိုပြီး ထိရှစေခဲ့ပါတယ်။

Verse အပိုဒ်တွေမှာ Backing အနေနဲ့နောက်ကအားဖြည့်ပေးသွားတဲ့ Piano Mood ကလည်း သီချင်းကို ပိုမိုသက်ဝင်လှပစေခဲ့ပြီး Chorus အပိုဒ်နဲ့ ချိတ်ဆက်ဖို့ သီချင်း Tempo ကိုမြှင့်ပေးသွားတဲ့ စတိုင်လ်ကလည်း ဒီသီချင်းရဲ့ အားသာချက်တခုပဲဖြစ်ပါတယ်။

Tempo မြင့်လာတဲ့ Chorus အပိုဒ်မှာ လင်းလင်းရဲ့ Expression ပါတဲ့ Vocal High Tone ကသီချင်း Tempo နဲ့ ဟာမိုနီဖြစ်လှပြီး "တို့တွေပြေးလိုက်-----တို့တွေရပ်လိုက်----ဖုံးခိုကျင်းထဲတို့တွေဝပ်လိုက်----တောတောင်ကြားထဲ သေနတ်ကိုထမ်းပြီး လမ်းလျှောက်တုန်းမှာ ရုတ်တရက်လန့်နိုးခဲ့ပါတယ်----အိပ်မက်ထဲက စစ်သားကြီးပါကွယ်" ဆိုတဲ့ စကားလုံးတွေကလည်း တောတောင်တွေကြားထဲက စစ်သားတယောက်ရဲ့ ခက်ခဲကြမ်းတမ်းတဲ့ ဘဝကို မြင်ယောင်ခံစားလာမိစေပါတယ်။

ဒီသီချင်းအပေါ် အဓိကစွဲဆောင်နိုင်ခဲ့တဲ့အချက်ကတော့ Chorus အပိုဒ်အပြီးမှာ Solo အနေနဲ့ ဖန်တီးပေးထားတဲ့ အားကောင်းလှတဲ့ K.B Solo နဲ့ San Win Aung ရဲ့ မှော်ပါတဲ့ Guitar Soloတွေကြောင့်ပဲဖြစ်ပါတယ်။

သီချင်းအများစုမှာ တွေ့ရလေ့ရှိတဲ့ ပုံစံအတိုင်း ဒီသီချင်းမှာလည်း Solo အပြီးမှာ တတိယ Verse အပိုဒ်ကိုရှေ့က Verse တွေရဲ့ Flow အတိုင်း ဖန်တီးထားပါတယ်။ ဒီသီချင်းမှာ စကားလုံးတွေဖောင်းပွနေသယောင် ထင်ရပေမယ့် ထိမိတဲ့စကားလုံးတွေနဲ့ဖွဲ့စည်းထားတာကြောင့် အကြောင်းအရာအားဖြင့် အားကောင်းမှုရှိတာကို တွေ့ရပါတယ်။

အထူးသဖြင့် တတိယ Verse အပိုဒ်ရဲ့ အဆုံးသတ်မှာ "လူကို လူလူချင်းသတ်တာ ဘယ်ဘာသာမှ အားမပေးပါဘူးကွယ်" ဆိုတဲ့ စကားလုံးတွေဟာ ယနေ့ကမ္ဘာကြီးပေါ်မှာ ဖြစ်ပျက်နေတဲ့ လူအချင်းချင်း ကိုယ်ချင်းစာနာမှုကင်းမဲ့စွာနှိပ်စက်ကလူပြုနေမှုတွေနဲ့ လူအချင်းချင်း မတရားမညှာမတာ သတ်ဖြတ်နေမှုတွေအပေါ် သတိသံဝေဂရစေဖို့ မီးမောင်းထိုးပြထားသလို ဖြစ်ခဲ့တာကြောင့် နားဆင်သူရင်ကိုစူးစူးနင့်နင့်ဖြစ်စေခဲ့ပြီး ဒီသီချင်းအပေါ် ပိုမိုစွဲငြိစေခဲ့တာပဲ ဖြစ်ပါတယ်။

ဒါကြောင့် ဒီသီချင်းရဲ့ စ၊ လယ်၊ ဆုံးတစ်ပုဒ်လုံးကို ခြုံငုံသုံးသပ်ရရင် သီချင်းရေးဖွဲ့မှု အတတ်ပညာ၊ စကားလုံးအကြောင်းအရာ၊အဆိုပါးနပ်မှုနဲ့ ဖန်တီးတီးခတ်မှု Arrangement ပိုင်းစတဲ့ ကဏ္ဍလေးခုစလုံးက သူ့အနှစ်သာရနှင့်သူ အချိတ်အဆက်မိမိနဲ့ ပြီးပြည့်စုံနေတာမို့ ဒီအယ်လ်ဘမ်ရဲ့ သီချင်းတွေအားလုံးထဲမှာ "အိပ်မက်ထဲက စစ်သားကြီး" သီချင်းက နားဆင်သူ ပရိသတ်ရဲ့ရင်ကို ပိုပြီး စွဲစွဲထင်ထင်ဖြစ်စေခဲ့တာပဲ ဖြစ်ပါတယ်။ဒါကြောင့်လည်း "အိပ်မက်ထဲက စစ်သားကြီး"သီချင်းဟာ ခေတ်အဆက်ဆက် ဂီတရေစီးကြောင်းထဲမှာ ထာဝရ သက်ဝင်လှုပ်ရှား စီးဆင်းနေလိမ့်ဦးမယ်လို့ ခံစားယုံကြည်မိပါတယ်။

ဒါ့အပြင် ဒီအယ်လ်ဘမ်ရဲ့ Title သီချင်းဖြစ်တဲ့ "သံမဏိလိပ်ပြာ" သီချင်းဟာလည်း အမေစု (ဒေါ်အောင်ဆန်းစုကြည်)ကို ဂုဏ်ပြုရေးဖွဲ့ထားတဲ့ Melody ရော စာသားအကြောင်းအရာပိုင်းမှာ ဆန်းသစ်ထူးခြားတဲ့ သီချင်းကောင်းလေးတပုဒ်ဖြစ်သလို၊ "Dath of Mandalay " ကို Piano Only တီးခတ်ပြီး ထည့်သွင်းပေးထားတဲ့ စိတ်ကူးကလည်း ဒီအယ်လ်ဘမ်ကို တမူထူးခြား ဆန်းသစ်စေတဲ့ အချက်ပဲဖြစ်ပါတယ်။ နားဆင်ခံစားသူရဲ့ရင်ကို ရသတမျိုးပေးစွမ်းနိုင်ခဲ့ပြီး Piano လက်သံကလည်း စွဲမက်စရာဖြစ်ခဲ့ပါတယ်။

နောက်ထူးခြားချက်တခုက ဒီအယ်လ်ဘမ်ကို Dream Lover Band နဲ့ တီးခတ်ထားပြီး Arrangement ပိုင်းကိုလည်း နာမည်ရ Band ကြီးတခုလို သေသေသပ်သပ် တီးခတ်ပုံဖော်ထားနိုင်ခြင်းပဲဖြစ်ပါတယ်။ ဒါ့အပြင် အဲဒီအယ်လ်ဘမ်ထဲက အချို့သီချင်းတွေဖြစ်တဲ့ "ရောင်နီ၊ တန်ဖိုးများနဲ့လူ၊ မော်ဒန်ကဗျာ၊ အချစ်ရဲ့ ဆုလဒ်၊ လူငယ်တမ်းချင်း" စတဲ့ သီချင်းတွေဟာလည်း ဒီအယ်လ်ဘမ်ရဲ့ ထူးခြားတဲ့ သီချင်းကောင်းလေးတွေအဖြစ် ပါဝင်နေတာမို့ လင်းလင်းရဲ့ "သံမဏိလိပ်ပြာ" အယ်လ်ဘမ်ဟာ ဂီတချစ်သူများရဲ့ ဂီတစင်မြင့်တနေရာမှာ တခုတ်တရ သိမ်းဆည်းနားဆင်သင့်တဲ့ အယ်လ်ဘမ်တချပ်ဖြစ်ပါကြောင်း ညွှန်းဖွဲ့ဖော်ပြလိုက်ပါတယ်။

တစုံတရာ မှားယွင်းမှုရှိခဲ့ရင် ခွင့်လွှတ်နားလည်ပေးနိုင်ကြလိမ့်မယ်လို့ မျှော်လင့်မိပါတယ်။ ■

"လူအချင်းချင်း ကိုယ်ချင်းစာနာမှုကင်းမဲ့စွာနှိပ်စက်ကလူပြုနေမှုတွေနဲ့ လူအချင်းချင်း မတရားမညှာမတာ သတ်ဖြတ်နေမှုတွေအပေါ် သတိသံဝေဂရစေဖို့ မီးမောင်းထိုး ပြထားသလို ဖြစ်ခဲ့တာကြောင့် နားဆင်သူရင်ကိုစူးစူး နင့်နင့်ဖြစ်စေခဲ့ပြီး ဒီသီချင်းအပေါ် ပိုမိုစွဲငြိစေခဲ့တာပဲ . . ."

Chit-Chat

# စုန်းမအိပ်မက်မက်သူ နှင်းထွဋ်ဆွေနဲ့ စကားစမြည်

မြတ်သူအောင်



**လက်** တလော ထွက်ရှိထားတဲ့ စုန်းမအိပ်မက်ဆိုတဲ့ တေးစီးရီးကို သီဆိုထားသူ နှင်းထွဋ်ဆွေဟာ ဟစ်ပ်ဟော့ပ်အဆိုတော် ကျော်ထွဋ်ဆွေရဲ့အစ်မဖြစ်တယ်လို့ သိရပါတယ်။ သူ့ရဲ့ပထမဆုံးတေးစီးရီးမှာ တေးရေး ရွှေဂျော်ဂျော်၊ ဖြိုးလေး၊ ကြည်သာ၊ N Zai၊ MC လွှမ်းပိုင်၊ ဆလိုင်း၊ ရဲရင့်၊ သိန်းလင်းစိုး၊ ရသ၊ သားကြီး၊ AKS ၊ ကျော်ထွဋ်ဆွေတို့ ရေးစပ်ထားတဲ့ တေးသီချင်း ၁၃ ပုဒ်ပါဝင်ပြီး ရသ၊ ရဲရင့် (One Way)၊ ကျော်ထွဋ်ဆွေ၊ N Zai ၊ Lil Z ၊ Jenny၊ နန္ဒီထွဋ်ဆွေတို့က Featuring သီဆိုပေးထားပါတယ်။ Title သီချင်းဖြစ်တဲ့ စုန်းမအိပ်မက်ကတော့ တေးရေးရွှေဂျော်ဂျော်ဖြစ်ပါတယ်။ အဲဒီစီးရီးထဲက သီချင်းတချို့ကို ရှိုးပွဲတွေမှာဆိုနေတာ၊ ပရိသတ်လက်ခံနေတာတွေတွေ့ရတဲ့အတွက် စုန်းမအိပ်မက်ရဲ့ အဆိုရှင် နှင်းထွဋ်ဆွေနဲ့ စကားစမြည် ပြောဆိုဖြစ်ခဲ့ပါတယ်။

*မေး။ ။ နှင်းထွဋ်ဆွေရဲ့ အခုထွက်ထားတဲ့ စီးရီးအခွေအကြောင်း ပရိသတ်ကို ပြောပေးပါဦး။*

ဖြေ။ ။ နှင်းထွဋ်ရဲ့ ပထမဆုံးလုပ်တဲ့ တကိုယ်တော် စီးရီးလေးပါ။ စီးရီးနာမည်ကိုတော့ စုန်းမအိပ်မက်လို့ ပေးထားပါတယ်။ နှင်းထွဋ်ရဲ့အခွေ စုန်းမအိပ်မက်ထဲမှာ သီချင်းအားလုံး ၁၃ ပုဒ် ပါပါတယ်။ သီချင်းအားလုံး ကိုယ့်အကြိုက်တွေပဲလုပ်ထားတာပါ။ STRING ၊ PRO နဲ့ D.R.E.A.M စတူဒီယိုတွေမှာ သွင်းထားပါတယ်။

*မေး။ ။ ဒီ စီးရီးလုပ်ခဲ့တုန်းက အမှတ်တရတွေ ရှိခဲ့လား။*

ဖြေ။ ။ စီးရီး Title ဖြစ်တဲ့ စုန်းမအိပ်မက် ကတော့ အမှတ်တရ အဖြစ်ဆုံးပါပဲ။ ခဏခဏ ပြန်သွင်းခဲ့ရပါတယ်။ အဲဒါကြောင့် အမှတ်တရဖြစ်ခဲ့တာပါ။ Key တွေ ချိန်ရတာလည်း ပါတာပေါ့လေ။ ကျန်တဲ့ သီချင်းတွေကလည်း အမှတ်တရ ရှိပါတယ်။

*မေး။ ။ သီချင်းအမျိုးအစားတွေကရော ဘယ်လိုပုံစံမျိုးတွေပါလဲ။*

ဖြေ။ ။ သီချင်းအမျိုးအစားတွေကတော့ Hip Hop, R&B, Pop နဲ့ Party Rock ပုံစံလေးတွေ ပါပါတယ်။

*မေး။ ။ ဂီတကိုရော ဘယ်အရွယ်ကတည်းက ဝါသနာပါခဲ့တာလဲ။*

ဖြေ။ ။ နှင်းထွဋ်က ဂီတကို ငယ်ငယ်ကတည်းက ဝါသနာပါခဲ့တာပါ။ ငယ်ငယ်ကတည်းက သီချင်းနားထောင်ရတာကို ကြိုက်ခဲ့တာပေါ့။ နောက်အရွယ်ရောက်လာတဲ့အချိန်မှာ သီချင်းဆိုချင်စိတ်တွေ ဖြစ်လာတာပါ။

*မေး။ ။ မောင်ဖြစ်တဲ့ အဆိုတော်ကျော်ထွဋ်ဆွေကို အားကျပြီး လုပ်ဖြစ်ခဲ့တာလား။*

ဖြေ။ ။ နှင်းထွဋ်ရဲ့မောင်ဖြစ်တဲ့ကျော်ထွဋ်ဆွေကိုအားကျပြီး လုပ်ခဲ့တာလည်း မဟုတ်ပါဘူး။ သူအောင်မြင်တိုင်းလည်းကိုယ်အောင်မြင်ချင်မှ အောင်မြင်မှာပါ။ ဂီတကို တကယ်ဝါသနာပါလို့လုပ်ခဲ့တာပါ။

*မေး။ ။ ဘာလို့ စီးရီးနာမည်ကို စုန်းမအိပ်မက်လို့ ပေးခဲ့တာလဲ။*

ဖြေ။ ။ ကိုယ့်ကာရိုက်တာနဲ့လည်း ပိုလိုက်သလိုဖြစ်တယ်လို့ ခံစားရသလို၊ ခပ်ကြမ်းကြမ်းလေးလည်းဖြစ်လို့ စုန်းမအိပ်မက် နာမည်ကို စီးရီး Title အဖြစ်ပေးခဲ့တာပါ။ ကိုယ့်စိတ်ကူးနဲ့ကိုယ် ဓာတ်ပုံကာဗာတွေကအစ စီစဥ်ခဲ့တာပါ၊ ဒီဇိုင်နာတွေကိုလည်းပြောပြ တိုင်ပင်ခဲ့တာပါ။ အားလုံးကလည်း အစစအရာရာ ကူညီပေးခဲ့ကြပါတယ်။

*မေး။ ။ ပရိသတ်အားပေးမှုကို ဘယ်လောက်အထိ မျှော်မှန်းထားလဲ။*

ဖြေ။ ။ ကိုယ့်သီချင်းတွေကို ကိုယ်ကတော့ အားပေးမှုကို အဆုံးအထိလိုချင်တာပေါ့။ ဒါပေမယ့် အားပေးတာ မပေးတာကပရိသတ်တွေရဲ့ဆန္ဒပါ။

*မေး။ ။ အခုရော ပွဲတွေမှာ ဆိုနေတာတွေ့ရတယ်နော်။*

ဖြေ။ ။ အခု ရှိုးပွဲအကြီးတွေတော့ မဆိုရသေးပါဘူး။ ကိုယ့်သီချင်းတွေကို Promotion လုပ်တဲ့အနေနဲ့ ပွဲတွေတချို့တော့ ဆိုပေးဖြစ်ပါတယ်။ ပိုက်ဆံမရသေးတဲ့ ပွဲတွေပေါ့နော်။

*မေး။ ။ VCD ရော ထွက်ဖို့ စီစဥ်ထားသေးလား။*

ဖြေ။ ။ VCD ကို နောက်လထဲမှာ ရိုက်ဖို့တော့ မှန်းထားပါတယ်။ တနှစ်လောက်တော့ ကြာမယ်ထင်ပါတယ်။ ကိုယ်ကတော့ အမြန်ဆုံးလုပ်ချင်တာပေါ့နော်။

*မေး။ ။ ပရိသတ်ရဲ့ အားပေးမှု ရှိမရှိကို ဘယ်လောက် သိရပြီလဲ။*

ဖြေ။ ။ အခု အခွေထွက်ခဲ့တဲ့ တလလောက်အတွင်းမှာတော့ အကောင်းပဲကြားရပါတယ်၊မကြိုက်ဘူးပြောတဲ့ ပရိသတ်တော့မတွေ့သေးပါဘူး၊ပရိသတ်ဆီကို သေချာရောက်မှပဲ အခြေအနေကို ပြန်သိရမှာပါ။

*မေး။ ။ ဒီအခွေထွက်ဖို့ ဘယ်လိုတွေ ကြိုးပမ်းခဲ့ရလဲ။*

ဖြေ။ ။ အစစ အရာရာပါပဲ။ One Way အဖွဲ့က ရဲရင့်က နှင်းထွဋ်ကို အကုန်လုံး အစစအရာရာ ကူညီပေးပါတယ်။ ကူညီပေးတဲ့သူ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။

*မေး။ ။ ပရိသတ်တွေကိုရော ဘာပြောချင်လဲ။*

ဖြေ။ ။ နှင်းထွဋ်ရဲ့ အခွေ စုန်းမအိပ်မက်ကို ပရိသတ်တွေ သေချာလေး နားထောင်ပြီး ဝေဖန်ပေးကြပါလို့ ပြောချင်ပါတယ်။ နောက်ထပ် အခွေတွေ ထွက်နိုင်အောင်လည်း ကြိုးစားမှာပါလို့ ပြောပါရစေ။ ■

## နားဆင်စရာ သီချင်းအယ်လ်ဘမ်အသစ်များ




(၁) Title - နံနက်ခင်းလေး
တေးဆို - ဟန်ဂေရီ
တေးသီချင်း - (၁၀)ပုဒ်
တေးထုတ်လုပ်ရေး - Bo Bo Music Production
ဖြန့်ချိရက် - ၂၈၊ ဒီဇင်ဘာ
တေးရေး - နောင်ရိုး၊ ဟန်ဂေရီ
တေးအမျိုးအစား - Slow Rock , Pop
Featuring - Orchid , နောင်ရိုး
Studio & Music Band- Dozen Wave




(၂) Title - ငြိမ်း
တေးဆို - ဟိန်းထက်
တေးသီချင်း - (၁၁)ပုဒ်
တေးထုတ်လုပ်ရေး- The Sun Music
ဖြန့်ချိရက် - ၂၇၊ ဒီဇင်ဘာ
တေးအမျိုးအစား - Rock
တေးရေး - လင်းလင်း၊ အောင်ကိုမြင့်၊ Klone၊ မိုးဆန်းဦး၊ ကျော်ကြီး(Anti- hero)၊ ဟိန်းထက်
Music Band - Rose of sharon (R.O.S)




(၃) Title - စုန်းမအိပ်မက်
တေးဆို - နှင်းထွဋ်ဆွေ
Featuring - ရသ၊ ရဲရင့်(One Way)၊ ကျော်ထွဋ်ဆွေ၊ နန္ဒီထွဋ်ဆွေ၊ N Zai၊ Lil Z၊ Jenny၊
တေးထုတ်လုပ်ရေး - Bo Bo Music Production
ဖြန့်ချိရက် - ၅၊ နိုဝင်ဘာ
တေးသီချင်း - (၁၃)ပုဒ်
Studio- STRING, PRO, D.R.E.A.M

The Irrawaddy
Vol:1,No:1

# BBQ လုပ်စားမယ်ဆိုရင် သိထားသင့်တာလေးတွေ

**နိုင်မင်းသွင်**







ခရစ္စမတ်၊ နယူးရီးယား အစရှိသဖြင့် ပွဲတော်ရက်တွေ ဆက်တိုက်ကြုံပြီးပေမယ့် ရာသီဥတုလေးကလည်း နည်းနည်းအေးနေသေးပြီး ပွဲတော်အငွေ့ အသက်တွေလည်း မကုန်သေးချိန်မှာ မိမိရဲ့မိသားစုတွေ၊ မိတ်ဆွေသူငယ်ချင်းတွေနဲ့ စုပေါင်းဝိုင်းဖွဲ့ စားသောက်လို့ကောင်းမယ့် အစားအစာလေးတခု အကြောင်းကို The Irrawaddy ပရိသတ်တွေအတွက် တင်ဆက်ပေးလိုပါတယ်။ ဒါကတော့ BBQ အသားကင်ပါပဲ။ အကင်ဆိုင်တွေ၊ ဘီယာဆိုင်တွေမှာ အသင့်ရနိုင်သားပဲလို့ ဘယ်လိုပဲပြောပြော မိမိတို့ကိုယ်တိုင်ပြုလုပ်လို့ စုပေါင်းဝိုင်းဖွဲ့စားသောက်ကြရတဲ့အရသာနဲ့ စိတ်လှုပ်ရှား ပျော်စရာကောင်းမှုကိုတော့ မီနိုင်မယ်မဟုတ်ပါဘူး။

ဒါဆို ကိုယ်တိုင်ပြုလုပ်ပြီး ပျော်ပွဲစားကြဖို့ စိတ်ဝင်စားပါပြီတဲ့။ အဲဒီအတွက် ပေးနိုင်တဲ့အချိန်၊ အတူဝိုင်းဖွဲ့လုပ်ကိုင်ရင်း ပျော်ရွှင်စွာစားသောက်ကြမယ့် မိတ်ဆွေသူငယ်ချင်းနဲ့ မိသားစု၊ လုံလောက်တဲ့ ငွေကြေး၊ ပြုလုပ်နည်းဒါတွေပြည့်စုံရုံနဲ့လည်း BBQ Party တခု ပြုလုပ်နိုင်ပြီလို့ မဆိုနိုင်သေးဘူးလေ။ BBQ နဲ့ပတ်သတ်တဲ့ ဗဟုသုတအချက်အလက်တွေလည်း သင့်မှာရှိဖို့ လိုသေးတာပေါ့။ အဲဒီအတွက် BBQ ဝါသနာရှင်တွေ သဘောတွေ့နိုင်မယ့် ဆောင်ရန်၊ ရှောင်ရန် အချက်အလက်တချို့ကို ဖော်ပြပေးလိုက်ပါတယ်။

*(၁) အပျော်တမ်းသမားတွေသာ အသားကို မီးပြင်းပြင်းနဲ့ ကင်တယ်*

အသားကင် ကောင်းကောင်းရဖို့ အသားမကျက်မှာစိုးပြီး မီးပြင်းပြင်းကြီးနဲ့ ကင်စရာမလိုပါဘူး။ အဲဒီလိုကင်မယ်ဆိုရင် အပေါ်ယံမှာ တူးသွားပြီး အထဲမှာတော့ မကျက်ဘဲ ဖြစ်တတ်ပါတယ်။ မီးသွေးမီးကိုသုံးသည်ဖြစ်စေ၊ ဓာတ်ငွေ့မီးကိုသုံးသည်ဖြစ်စေ အပူချိန်နည်းနည်း၊ ဒါမှမဟုတ် အနေတော်လောက်နဲ့ ကင်မှ အရသာရှိပြီး ကျန်းမာရေးနဲ့ညီညွတ်တဲ့ အစားအစာကို ရနိုင်ပါမယ်။

မီးသွေးနဲ့ကင်တဲ့အခါမှာ မီးသွေးက အနီရောင်သန်းနေပြီး အပေါ်မှာ မီးခိုးရောင်ပြာမှုန်တွေ လွှမ်းနေတဲ့အနေအထားမျိုး ဖြစ်သင့်ပါတယ်။ သင့်ရဲ့ လက်ကို အသားကင်မယ့် အမြင့်လောက်မှာ ၄ စက္ကန့် ၅ စက္ကန့် လောက်အထိထားနိုင်တဲ့ အပူချိန်လောက်ဆိုရင် ကင်ဖို့အနေတော်ပဲပေါ့။

*(၂) မီးသွေးနဲ့ကင်ဖို့ ဘယ်လိုနည်းနဲ့ မီးမွေးတာအကောင်းဆုံးလဲ*

တကယ်လို့ အသားကင်ရဲ့ အနံ့အရသာအတွက် ဓာတုပစ္စည်းတွေ မသုံးချင်ဘူးဆိုရင် မီးစာအဖြစ် ဓာတ်ဆီ၊ ဒီဇယ်ဆီလို လောင်စာဆီမသုံးပါနဲ့။ လောင်စာရည်တွေမှာ အဆိပ်ဖြစ်စေတဲ့ အရာတွေ ပါဝင်ပြီး ကင်ထားတဲ့ အစားအစာထဲကို ဝင်သွားနိုင်ပါတယ်။ ဒါကြောင့် အသားကင်ဖို့အတွက် မီးလင်းဖို့ပဲဖြစ်ဖြစ်၊ စူပါမားကတ်တွေမှာ ဝယ်ယူရရှိနိုင်တဲ့၊ မီးမွေးရာမှာသုံးတဲ့ (Charcoal Chimney Starter) ကို သုံးပြီးပဲ မီးမွေးပါ။ ရှေးရိုးရာအတိုင်း ထင်းရှူးဆီလေးနဲ့မွေးတာကတော့ အဆင်အပြေဆုံးပေါ့။

*(၃) လတ်ဆတ်တဲ့အသားတွေကို ရေခဲသေတ္တာထဲမှာ ဘယ်လောက်ကြာကြာထားနိုင်သလဲ*

လတ်ဆတ်တဲ့ အနေအထားမပျက်ယွင်းအောင် ရေခဲသေတ္တာထဲကအသားတွေကို ဝယ်ယူပြီး ၃ ရက်ကနေ ၅ ရက်အတွင်းမှာ စားသုံးသင့်ပါတယ်။ ကြက်ငှက်အသားတွေနဲ့ ကြိတ်ထားတဲ့ အမဲသားကတော့ ပျက်စီးမြန်တဲ့အတွက် ၁ ရက် ၂ ရက်အတွင်း ချက်သင့်ပါတယ်။ ဒါမှမဟုတ် အေးခဲခန်း ( Deep- Freezer) ထဲမှာ ထားမယ်ဆိုရင်တော့ သင်စားသုံးလိုတဲ့အချိန်အထိ သိမ်းထားနိုင်ပါတယ်။

*(၄) ဘက်တီးရီးယားတွေကိုသတ်ဖို့ အပူချိန်အမြင့်ဆုံးပေးဖို့လိုအပ်တဲ့ အသားက ဘယ်အသားလဲ*

ရုတ်တရက်တွေးလိုက်ရင် ဝက်သားလို့ထင်သွားနိုင်ပေမယ့် တကယ်ကကြက်သားဖြစ်ပါတယ်။ ကြက်သားထဲမှာပါဝင်တဲ့ ဘက်တီးရီးယားတွေကို သတ်နိုင်ဖို့အတွင်းကို အပူချိန် ၁၆၅ ဒီဂရီ ဖာရင်ဟိုက်နဲ့အထက်ရောက်ဖို့လိုအပ်ပါတယ်။ ယေဘုယျအားဖြင့် ကြက်ပေါင်၊ ခြေထောက်၊ အရိုး ပါတဲ့ရင်ပုံသား ၆ အောင်စ အတွက် အထက်အောက် နှစ်ဘက်လုံးကို ၁၀ မိနစ်ကနေ ၁၅ မိနစ်အထိ ကင်ဖို့လိုပါတယ်။ အရိုးမပါတဲ့ ရင်ပုံသားနဲ့အတောင် ပံတွေကိုတော့ ၈ မိနစ်ကနေ ၁၂ မိနစ်အထိ မီးပြင်းမတိုက်ဘဲကင်ရပါမယ်။

*(၅) ဖွဲ့ကြည့်လိုက်လို့ အထဲမှာ အနီရောင်မဟုတ်တော့ဘူးဆိုရင် အသားကျက်ပြီလား*

အတွင်းဖက်အရောင်ကို ကြည့်ပြီးတော့ ဆုံးဖြတ်လို့မရပါဘူး။ အတွင်းကိုကြည့်ဖို့ လှီးဖွဲ့လိုက်မယ်ဆိုရင် အသားထဲက အရည်တွေထွက်ကုန်ပြီး မာခြောက်ခြောက်ကြီး ဖြစ်သွားပါလိမ့်မယ်။ လက်ဖျားလေးနဲ့တို့ထိစမ်းကြည့်ပြီး ခန့်မှန်းကြည့်ပါ။ စားဖို့အနေတော်အသားကင်ဟာ စပရင်လိုတုန့်ပြန်မှုရှိရပါမယ်။ စိုစွတ်ပြီး ပျော့မနေရပါဘူး။ တင်းမာမနေရပါဘူး။

*(၆) အေးခဲထားတဲ့ အသားတွေကို ဘယ်လို ဖျော်သင့်လဲ*

အေးခဲတာတွေ ပျော်ဖို့အတွက် အပြင်ကိုထုတ်ထားတဲ့အချိန်မှာ ဘက်တီးရီးယားတွေ ပေါက်ပွားတတ်ပါတယ်။ စိတ်ချရစေဖို့အတွက် ရေခဲသေတ္တာထဲမှာ တဖြည်းဖြည်းချင်း ရေခဲပျော်စေတာ အကောင်းဆုံးပါပဲ။ တကယ်လို့မေ့နေခဲ့ရင်၊ ဒါမှမဟုတ် အချိန်မရရင် ရေလုံအိတ်ထဲမှာထည့်ပြီး ရေအေးထဲမှာနှစ်ပြီးတော့ပဲဖြစ်ဖြစ်၊ မိုက်ခရိုဝေ့ဖ်ထဲထည့်လို့ ဖြစ်ဖြစ် ရေခဲပျော်အောင်လုပ်နိုင်ပါတယ်။

*(၇) အသားကင်စားတာက ကင်ဆာဖြစ်နိုင်ချေကို တိုးစေသလား*

ဖြစ်နိုင်ချေရှိပေမယ့် စနစ်တကျ ပြုလုပ်မယ်ဆိုရင် အန္တရာယ်နည်းပါတယ်။ ဒါပေမယ့် အပူချိန်ပြင်းပြင်းနဲ့ကင်တာ၊ မီးတောက်နဲ့ တိုက်ရိုက်ကင်တာတွေကတော့ လူကိုထိခိုက်စေတဲ့ ဓာတုပစ္စည်းတွေ ဖြစ်ပေါ်စေနိုင်ပါတယ်။ ကံကောင်းတာက အဲဒီအန္တရာယ်တွေကို လွယ်လွယ်ကူကူ လျှော့ချနိုင်တာပါပဲ။

- အကျက်လွန်နေတဲ့ တူးနေတဲ့ အစိတ်အပိုင်းတွေကိုမစားပါနဲ့။
- အဆီတွေကိုဖယ်ပါ။ အဆီတွေပါတဲ့ ကြက်အရေခွံကို ဖယ်ပစ်ပါ။
- မိုက်ခရိုဝေ့ဖ်မီးဖိုနဲ့ အနည်းငယ်ချက်ထားတဲ့အသား၊ ဒါမှမဟုတ် မီးဖိုမှာချက်ထားတဲ့၊ အရည်တခုခုမှာ ပြုတ်ထားတဲ့အသားတွေက အချိန်ကြာကြာကင်ဖို့မလိုပါဘူး။
- ကင်နေချိန်မှာ အသားကိုမကြာခဏ အထက်အောက်လှန်ပေးပါ။
- ကင်ထားတဲ့ သစ်သီး၊ ဟင်းသီးဟင်းရွက်နဲ့ အသီးအရွက်ဘာဂါစားပါ။ အဲဒါတွေမှာ ကင်ဆာဖြစ်စေတဲ့ ဒါတုပစ္စည်းတွေ ကင်းလွတ်ပါတယ်။

*(၈) မကင်ခင် ဟင်းခတ်အမွှေးအကြိုင်၊ ဝိုင်စတာတွေနဲ့ ကြိုတင်နယ်နှပ်ထားခြင်းအားဖြင့် ကင်ဆာဖြစ်စေနိုင်တဲ့ ဓာတုပစ္စည်းတွေကို တားဆီးနိုင်ပါသလား*

အဲဒီလို ဆယ်မိနစ်လောက် နှပ်ထားမယ်ဆိုရင်တောင် ကောင်းကျိုး (၃)ခု ရနိုင်ပါတယ်။ အနံ့ အရသာပိုရှိလာစေသလို၊ ခြောက်သွေ့ခြင်းမရှိဘဲနဲ့ ကင်ဆာဖြစ်စေတဲ့ ဓာတုပစ္စည်းတွေကိုလည်း လျှော့ချပေးပါတယ်။ အသားလွှာပါးပါးတွေအတွက် ဆီမပါတဲ့ အရသာအရည်၊ အထူးသဖြင့် ရှာလကာရည်နဲ့ ရှောက်ရည်၊ သံပုရာရည်တွေကအကောင်းဆုံးပါပဲ။ အသားတုံးတွေအတွက်တော့ ဆိုင်မှာဝယ်လို့ရတဲ့ ပျားရည်၊ သကြား၊ ဒါမှမဟုတ် ခရမ်းချဉ်သီးတို့ ပါဝင်တဲ့ အသင့်ပြုလုပ်ပြီးသား အသားကင်အရသာအရည် (Marinade Sauce) တွေကို အသုံးပြုနိုင်ပါတယ်။

*Ref: www.webmd.com/food-recipies*



Trends

# BBQ အလွယ်တကူလုပ်စားနိုင်တဲ့ မီးဖိုများ

အေးမြတဲ့ရာသီဉတုမှာ နွေးထွေးတဲ့ BBQ Party လေး လုပ်ပြီးဝိုင်းဖွဲ့စားသောက်ချင်သူ၊ BBQ ချစ်သူတွေအတွက် အသုံးပြုဖို့လွယ်ကူပြီးသယ်ဆောင်ရတာလည်း ပေါ့ပါးကာ အမြင်လည်းဆန်းသစ်တဲ့ BBQ မီးဖိုလေးတွေနဲ့ဈေးနှုန်းတို့ကို ဖော်ပြပေးလိုက်ပါတယ်။ အချက်အလက်တွေကိုတော့ City Mart Super Market မှ ရယူထားတာဖြစ်ပါတယ်။



Battery Mortor Stand ပါသောမီးဖို ၃၆၇၀၀ ကျပ်



၆၆၀၀ ကျပ်
BBQ မီးဖိုအဝိုင်း (အဖုံးမပါ)



BBQ မီးဖိုအဝိုင်း (အဖုံးပါ) ၁၅၀၀၀ ကျပ်


ငါးကင်သည့် သံညှပ် ၉၀၀ ကျပ်



BBQ မီးဖိုအနိမ့် ၁၃၈၀၀ ကျပ်



BBQ သံဆန်ကာညှပ် ၁၈၀၀ ကျပ်



The Irrawaddy
Vol:1,No:1

Society

## မိုးစက်ဝိုင်ကို Alpine ၏ Brand Ambassador အဖြစ် ခန့်အပ်






Miss Universe Myanmar မိုးစက်ဝိုင်ကို Alpine ၏ Brand Ambassador အဖြစ် ခန့်အပ်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက်နေ့က Chatrium Hotel မှာ ပြုလုပ်ခဲ့ပါတယ်။ Alpine ရဲ့ ထုတ်ကုန်များမှာ မိုးစက်ဝိုင်ရဲ့ပုံရိပ်များကို အသုံးပြုသွားမယ့်အပြင် Alpine ရဲ့ အရောင်းမြှင့်တင်မှုအစီအစဉ်တချို့မှာလည်း မိုးစက်ဝိုင်က ပူးပေါင်းပါဝင်သွားမှာဖြစ်ပြီး ဒီစာချုပ်ချုပ်ဆိုမှုဟာ ငွေကျပ်သိန်းသုံးရာတန်တယ်လို့ သိပါတယ်။





ဒီဇင်ဘာ ၂၃ရက်မှ ဇန်နဝါရီ ၁ရက်နေ့အတွင်း ကျင်းပခဲ့သော ဗိုလ်တထောင်ဘုရားပွဲတော် မြင်ကွင်းများ။





ရန်ကုန်မြို့ ခရစ္စမတ်ပွဲတော်မြင်ကွင်းများ။

## Wisdom House စာအုပ်တိုက် အုပ် ၁၀၀ ပြည့် အမှတ်တရပွဲ ပြုလုပ်



Wisdom House စာအုပ်တိုက်ရဲ့ ထုတ်ဝေခဲ့တဲ့ စာအုပ်များ အုပ် ၁၀၀ ပြည့်ခြင်း အမှတ်တရပွဲကို ဒီဇင်ဘာလ ၂၈ ရက်နေ့က ရန်ကုန်မြို့၊ ပန်းဆိုးတန်းလမ်းပေါ်ရှိ အင်းဝစာအုပ်တိုက်မှာ ပြုလုပ်ခဲ့ပါတယ်။ အဆိုပါပွဲမှာ ဆရာကြည်ရွှန်းရဲ့"အမျိုးသမီးများနှင့် ခေါင်းဆောင်မှု"၊ ဆရာတင်ညွှန့်ရဲ့ "ဒီမိုကရေစီပညာရေး" နဲ့ ဆရာမ ရွှေသဥ္စာရဲ့ "မျက်မှောက်ထင်ထင် မဂ္ဂဇင်းဝတ္ထုတိုများ စာအုပ် ၃ အုပ်ကိုလည်း မိတ်ဆက်ဖြန့်ချိခဲ့ပါတယ်။ အုပ် ၁၀၀ ပြည့် အထူးအစီအစဉ်အနေနဲ့ Wisdom House တိုက်ထုတ်စာအုပ်များကို ၂၈-၁၂-၂၀၁၃ နေ့ကနေ ၃-၁-၂၀၁၄ နေ့အထိ ၁၀ ရာခိုင်နှုန်းလျှော့ဈေးနဲ့ ရောင်းချပေးမယ်လို့လည်း သိရပါတယ်။

## ကိုမြအေးရဲ့ အပြာရောင်သက္ကရာဇ်များသီချင်း ဒီဗီဒီဖြန့်ချိပွဲပြုလုပ်




ဧဧမျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုမြအေးရေးသားပြီး မူပိုင်ထုတ်လုပ်ထားတဲ့ "အပြာရောင် သက္ကရာဇ်များ" အမည်ရှိ တေးစီးရီးဒီဗီဒီခွေ လက်မှတ်ရေးထိုးဖြန့်ချိတဲ့ အခမ်းအနားကို ရန်ကုန်မြို့၊ Junction Square မှာ ဒီဇင်ဘာ ၂၆ ရက်နေ့က ပြုလုပ်ခဲ့ပါတယ်။ စီးရီးမှာ ဒီမွန်၊ ဇော်င်း၊ နိုးဝေးတို့က သီဆိုထားကာ ရွှေသံစဉ် တေးဂီတအဖွဲ့က တီးခတ်ထားပါတယ်။




ရန်ကုန်မြို့ စိမ်းလန်းစိုပြည်ဥယျာဉ်မှာ ဒီဇင်ဘာ ၂၉ ရက်နေ့က ကျင်းပတဲ့ အိုတာလူးပွဲတော်မှာ ဂျပန်ကာတွန်း ကောမစ်ဝတ်စုံများကို ဝတ်ဆင်ဆင်နွှဲခဲ့ပါတယ်။





# Dedicated to the art of travel to Myanmar




## Connecting Myanmar with Asia- Our regional network






MAI
Myanmar Airways International
www.maiair.com

Tel :(+951) 255260
https://www.facebook.com/8Mofficial

Entertainment

# ၂၀၁၄ နှစ်ဆန်းမှာ ပြုလုပ်ကြမယ့် ကျော်ကြားသူတို့ရဲ့ မင်္ဂလာပွဲများ

**မြတ်သူအောင်**

၂၀၁၄ နှစ်ဦးပိုင်းမှာ မင်္ဂလာပွဲဆင်နွှဲမယ့် သရုပ်ဆောင်၊ အဆိုတော်အနုပညာရှင်တော်တော်များများ ရှိပါတယ်။ တချို့ကတော့ သူတို့သုံးတဲ့ Facebook စာမျက်နှာတွေကနေ သူတို့ရဲ့ဖူးစာရှင်လောင်းပုံတွေကိုဖော်ပြပြီး ပရိသတ်ကို အသိပေးကြပါတယ်။ တချို့ကလည်း စာနယ်ဇင်းမီဒီယာကနေတဆင့် သူတို့ရဲ့ပရိသတ်တွေကို အသိပေးကြပါတယ်။ ပရိသတ်ဆိုတာက သူတို့နှစ်ခြိုက်အားပေးကြတဲ့ ထင်ပေါ်ကျော်ကြားသူတွေနဲ့ပတ်သတ်ပြီး သူတို့ရဲ့ အနုပညာရေးရာကိစ္စတွေကိုသာမက ကိုယ်ရေးကိုယ်တာတွေကိုပါ စိတ်ဝင်တစား သိချင်တတ်ကြတာမို့ လတ်တလောမှာ ပျံ့နှံ့နေတဲ့ အနုပညာသည်တွေရဲ့ မင်္ဂလာပွဲသတင်းတွေကို စုစည်းဖော်ပြပေးလိုက်ပါတယ်။

၂၀၁၄ နှစ်ဆန်းမှာ မင်္ဂလာပွဲ ဆင်နွှဲမယ့် အနုပညာရှင်တွေကတော့ တေးရေး၊ တေးဆို လင်းလင်း၊ အကယ်ဒမီ မယ်လိုဒီ၊ အဆိုတော်သရုပ်ဆောင် ချစ်သုဝေ၊ အဆိုတော်သရုပ်ဆောင် ဝိုင်းစုခိုင်သိန်း၊ သရုပ်ဆောင်သက်မွန်မြင့်၊ အဆိုတော် သီရိဆွေနဲ့ အဆိုတော် Nကိုင်ရာတို့ ဖြစ်ပါတယ်။

အဆိုတော် သရုပ်ဆောင် ချစ်သုဝေကို သူ့ရဲ့ မင်္ဂလာပွဲ အစီအစဉ်တွေနဲ့ပတ်သက်ပြီး မေးတဲ့အခါမှာတော့ "ရက်အတိအကျကို ဇန်နဝါရီ ၁ ရက်နေ့မှာ မီဒီယာကနေတဆင့် ပရိသတ်တွေကို ထရီဇာအတိအကျအသိပေးပါ့မယ်။ မင်္ဂလာရက်က အခုမှရွေးနေတုန်း။ အတိအကျမသိရသေးဘူး ဖြစ်နေသေးတယ်။ အဲဒါကြောင့် ဇန်နဝါရီ ၁ ရက်နေ့မှာ အားလုံးအတိအကျပြောပြပါမယ်" လို့ ပြန်ဖြေပါတယ်။

သူ့ရဲ့မင်္ဂလာပွဲသတင်းကို အသေးစိတ် မပြောနိုင်သေးခြင်းအပေါ်လည်း အခုလိုထပ်ပြီးရှင်းပြပါသေး တယ်။

"ထရီဇာက ဘယ်လိုအမျိုးသမီး၊ ဘယ်လို Image ရှိတယ်ဆိုတာ ထရီဇာ့ ပရိသတ်တွေ အသိဆုံးပါ။ ထရီဇာ့အထင်က အမျိုးသမီး တယောက်ဟာ ကိုယ့် Respect ပေးနိုင်တဲ့သူကိုမှ လက်တွဲနိုင်မှာပေါ့။ ထရီဇာလက်ထပ်မယ့်သူကတော့ ပရိသတ်တွေအားလုံးသိတဲ့သူပါ။ နိုဝင်ဘာလမှာထရီဇာ့မိဘတွေကို ဖွင့်ပြောပြီးတော့ ခွင့်ပြုချက်ရမှ လုပ်ရတဲ့သူဖြစ်တော့ ထရီဇာ့ရဲ့ အစီအစဉ်တွေက နည်းနည်းနောက်ကျတာပေါ့။ အဲဒါကြောင့် နေ့ရက်အတိအကျ၊နေရာအတိအကျ၊ အစီအစဉ်အတိအကျသိသွားတဲ့အချိန်ကျရင်ထရီဇာ့ရဲ့ပရိသတ်တွေကို အသေးစိတ်အတိအကျ အကုန်ပြောပြပါမယ်" လို့ ဆိုပါတယ်။

ချစ်သုဝေက သူ့မင်္ဂလာပွဲသတင်းနဲ့ ပတ်သတ်ပြီးမရေမရာဖြစ်နေတဲ့အချိန်မှာ တယောက်တပေါက်ရေးချင်ရာတွေရေး၊ ထင်ချင်ရာတွေ ထင်တာမျိုး မဖြစ်စေချင်ပါဘူးတဲ့။ သူ့ရဲ့မိသားစုတွေ သိပြီးသွားပြီ ဖြစ်တဲ့အတွက် နောက်ထပ်ပြောပြရမယ့်သူတွေက သူ့ရဲ့ပရိသတ်တွေပါပဲလို့လည်း ဧရာဝတီကိုပြောပါတယ်။

ချစ်သုဝေက သူအိမ်ထောင်ပြုပြီးရင် အနုပညာအလုပ်တွေ ဆက်လုပ်မှာလားဆိုတဲ့ မေးခွန်းကိုလည်း "အိမ်ထောင်ပြုပြီးရင် အနုပညာအလုပ်တွေ ဆက်လုပ်မှာလားဆိုတဲ့ မေးခွန်းတွေနဲ့ပတ်သက်ပြီးအရမ်းအံ့သြမိပါတယ်။ ဘာလို့လဲဆိုတော့ အမျိုးသမီးတယောက်ဟာ သာမန်လူပဲဖြစ်ဖြစ်၊ အနုပညာရှင်ပဲဖြစ်ဖြစ် အမျိုးသမီးဟာ အမျိုးသမီးပဲ။ အမျိုးသမီးဖြစ်လာရင် အချိန်တန်အိမ်ထောင်ပြုတယ်၊လက်ထပ်တယ်ဆိုတာဖြစ်လာတယ်။ အဲဒီတော့ အိမ်ထောင်ပြုလိုက်ရင်ပဲ အမျိုးသမီး တော်တော်များများဟာ ဘဝကြီးပဲ ပြီးသွားသလို၊ တဆစ်ချိုးပဲ ပြောင်းလဲသွားသလို ထင်မှတ်တတ်ကြတယ်။ ကိုယ်တိုင်လည်းအိမ်ထောင်ပြုမယ့်သူပဲ၊ အိမ်ထောင်မပြုခင်ကလည်း အားပေးလေ့ရှိတယ်။ ဒါက အချိန်တန်ရင် သဘာဝတရားအရဖြစ်ရမယ့်အရာပဲ။ အိမ်ထောင်ပြုလိုက်တာ နဲ့ Business Life က ပြောင်းလဲသွားဘူး။ ကိုယ့်ရဲ့အနုပညာ၊ ကိုယ့်ရဲ့ Professional လည်း ပြောင်းလဲမသွားဘူး။ ရင့်ကျက်မှုတွေနဲ့၊ စည်းစနစ်ကျမှုတွေပဲ ပြောင်းလဲသွားတာလေ။ အဲဒါယေဘုယျပြောတာ။ ထရီဇာတယောက်တည်းအတွက်ဆိုရင် အနုပညာကိုချစ်လို့ဆရာဝန်အလုပ်ကိုတောင် စွန့်လွှတ်ခဲ့တာလေ။ ထရီဇာအနုပညာကို အရမ်းချစ်လို့လည်း အနုပညာသမားနဲ့ လက်ထပ်မှာပဲ။ အဲဒါကြောင့်ထရီဇာတို့ အနုပညာမောင်နှံက အနုပညာအလုပ်တွေပဲ ဆက်လုပ်နေမှာပါပဲ။ ထရီဇာ့ဘဝစာမျက်နှာအသစ်မှာထရီဇာ့ရဲ့ အနုပညာတွေကိုရှင်သန်အောင် ထပ်ပြီးကြိုးစားနေဦးမှာပဲ။ မတူညီတဲ့ အနုပညာတွေကိုဆက်ပြီးဖန်တီးနေမှာပါပဲ။ အရေးကြီးတာက ထရီဇာ့ပရိသတ်ကြီး ထရီဇာ့အပေါ်အချစ်စစ်ဖို့ပါပဲ။ ထရီဇာယုံကြည်တာက ထရီဇာ့ကိုအရောင်မပါဘဲ ပရိသတ်တွေကချစ်ခဲ့တဲ့အတွက် ထရီဇာအိမ်ထောင်ပြုခြင်း၊ မပြုခြင်းဟာဘာမှမပြောင်းလဲဘူးလို့ ယုံကြည်ပါတယ်။ ထရီဇာပျော်နေတဲ့အချိန်မှာ ထရီဇာ့ပရိသတ်တွေ လည်း လိုက်ပျော်ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်" ဆိုပြီးဖြေသွားပါတယ်။

ချစ်သုဝေ လက်ထပ်မယ့်သူ ဘယ်သူဆိုတာသူပြောသလိုပဲအားလုံးသိနေပြီဖြစ်တဲ့အတွက် ကာယကံရှင်ကမပြောခင်မှာဧရာဝတီက အတိအကျမဖော်ပြပေးတော့ပါဘူး။

သရုပ်ဆောင် အကယ်ဒမီ မယ်လိုဒီကတော့ သူ့ရဲ့Facebook စာမျက်နှာမှာ ၂၀၁၄ မှာမင်္ဂလာပွဲပြုလုပ်မယ်လို့ဆိုထားပြီး ရက်အတိအကျကိုတော့ မပြောဆိုသေးပါဘူး။ မင်္ဂလာပွဲကို သတို့သားရဲ့မိဘ တွေနဲ့ မကြီးစန်း (မိတ်ကပ်ပညာရှင်ခင်စန်းဝင်း) တို့ က စီစဉ်တာပါလို့ရေးသားထားပါတယ်။

မယ်လိုဒီရဲ့ မင်္ဂလာပွဲကိစ္စနဲ့ပတ်သက်ပြီးကာယကံရှင်ကိုမေးကြည့်တဲ့အခါ "ရက်အတိအကျသေချာရင်ပြန်ပြောပါမယ်။ ရက်ကို သေသေချာချာရွေးနေလို့ပါ။ မင်္ဂလာပွဲ ဘယ်လိုကျင်းပမယ်ဆိုတာကအစ အသေးစိတ် ပြန်ပြောပါမယ်"လို့ဧရာဝတီကိုပြောပါတယ်။

သရုပ်ဆောင် သက်မွန်မြင့်ကတော့ သူ့ရဲ့ Facebook မှာ "သက်မွန်ရဲ့ချစ်သူနဲ့ ၂၀၁၄ မှာ မင်္ဂလာပွဲပြုလုပ်တော့မှာပါ။

သက်မွန် အနုပညာအလုပ်တွေလည်း ဆက်လုပ်မှာပါ။ သက်မွန်ကို လည်းဆက်ပြီး အားပေးပါနော်ချစ်ပရိသတ်ကြီး"လို့ ပရိသတ်တွေကို အသိပေးရေးသားထားပါတယ်။

သက်မွန်မြင့်နဲ့လက်ထပ်မယ့်သတို့သားလောင်းကတော့ ဗိသုကာပညာရှင်တဦးဖြစ်ပြီး ကိုစစ်နိုင်လို့ အမည်ရကြောင်း သိရပါတယ်။

အဆိုတော် သီရိဆွေကို သူ့ရဲ့ မင်္ဂလာအစီအစဉ်တွေနဲ့ပတ်သက်ပြီး မေးတဲ့အခါ "သီရိမင်္ဂလာပွဲကျင်းပမယ့်ရက်တွေကို ဇန်နဝါရီ ပထမအပတ်ထဲမှာသေချာပြန်ပြောပါမယ်။ သီရိရဲ့ သတို့သားက သီရိနဲ့ ၆ နှစ်ကြာ ချစ်ခဲ့တဲ့ချစ်သူပါ။ မင်္ဂလာပွဲ အစီအစဉ်တွေရော၊သီရိရဲ့သတို့သားအကြောင်းကအစ အသေးစိတ်ကိုဇန်နဝါရီပထမပတ်မှာ အတိအကျပြောပြပါ့မယ်" လို့ ဧရာဝတီကို ဖြေကြားပါတယ်။ သူ့ရဲ့သတို့သားလောင်းနာမည်ကိုလည်း အဲဒီတော့မှပဲသိမှာပါ။

အဆိုတော် Nကိုင်ရာလည်း ၂၀၁၄ ထဲမှာ မင်္ဂလာပွဲကျင်းပမှာ ဖြစ်တဲ့အကြောင်း၊ ၂၀၁၃ နှစ်ကုန်ပိုင်းမှာ စီစဉ်ခဲ့ပြီး ဖိတ်စာတွေဝေခဲ့ပေမယ့် သူ့ဖခင်ကွယ်လွန်သွားတဲ့အတွက် ပွဲကိုရွှေ့ဆိုင်းလိုက်တဲ့အကြောင်း သိရပါတယ်။

"ကိုင့်မင်္ဂလာပွဲက ၂၀၁၃ နှစ်ကုန်ပိုင်း လောက်မှာလုပ်ဖို့ ဖိတ်စာတွေတောင်ဝေခဲ့တာ။ ကိုင်မင်္ဂလာပွဲ လုပ်ခါနီးမှာ ကိုင့်ပါပါးဆုံးသွားလို့မင်္ဂလာပွဲကို ၂၀၁၄ မှာ ပြန်လုပ်ဖို့ရွှေ့လိုက်တာပါ။ ကိုင်တို့စီစဉ်နေတဲ့အတွက်ရက်အတိအကျကိုတော့ပြန်ပြောပါ့မယ်" လို့ N ကိုင်ရာကပြောပါတယ်။

အဆိုတော်နဲ့ သရုပ်ဆောင်ဝိုင်းစုခိုင်သိန်းကတော့ သူ့ရဲ့ချစ်သူ ကိုဥက္ကာမြင့်ကြူနဲ့ (မင်္ဂလာပွဲ ၄ ပွဲ) လုပ်ဖို့ စီစဉ်ထားကြောင်း မင်္ဂလာဆွမ်းကျွေးကို မင်းကွန်းမှာလုပ်ပြီး၊ မင်္ဂလာလက်မှတ်ရေးထိုးပွဲကို Park Royal Hotel မှာပြုလုပ်ကာ၊ မင်္ဂလာဘိသိက်ပွဲကို Sedona Hotel မှာ ကျင်းပမှာဖြစ်ပြီး မင်္ဂလာညစာစားပွဲကိုတော့ ကန်တော်ကြီးပွဲ့လေ့စ်ဟိုတယ်မှာ လုပ်မယ်လို့ ဧရာဝတီကို ပြောထားပါတယ်။ ■





AYA Bank now accepts
MasterCard and UnionPay Cards
at over 70 ATMs nationwide.
5000
SPECIMEN
MasterCard
UnionPay
银联
AYA BANK
ATM
APPLY
NOW!!!
AYA Bank
Your Trusted Partner

ခေတ်တိုင်းခေတ်တိုင်းမှာ လူငယ်ဆိုတာ သူတို့ဖြတ်သန်းရတဲ့ ခေတ်အခြေအနေ၊ ကြုံတွေ့ရတဲ့ စီး ပွားရေးနိုင်ငံရေးအခြေအနေတွေ ဘယ်လိုပဲကွာခြားကွာခြား၊ မျှော်လင့်ချက်တွေ လန်းဆန်းတက်ကြွမှုတွေနဲ့ နောင်တချိန်မှာ လူကြီးဖြစ်ဖို့ အားယူနေကြတဲ့သူတွေချည်းပါပဲ။ ဒီလိုပဲ လူငယ်တွေလျှောက်တဲ့လမ်းမှာ ခေတ်ရေစီးအပြောင်းအလဲ အတက်အကျတွေက တပါတည်း ပါလာတတ်မြဲဖြစ်ပါတယ်။ ဒါကြောင့် လူငယ်တွေပြောတဲ့ စကားသံတွေကတဆင့် ဒီနေ့ခေတ်ရဲ့ ဘဝနေနည်းပုံစံ ကွဲလွဲမှု၊ ခေတ်ရေစီး အပြောင်းအလဲ . . စတာတွေကို လေ့လာပြီး သူတို့ရဲ့အသံတွေကို The Irrawaddy က အပတ်စဉ်ဖော်ပြသွားမှာဖြစ်ပါတယ်။ ဒီတပတ်မှာတော့ ကလေးသရုပ်ဆောင်အဖြစ်လူသိများခဲ့ပြီး လက်ရှိမှာလည်း သရုပ်ဆောင်အလုပ်ကိုလုပ်ကိုင်ရင်း ပရိသတ်လက်ခံအားပေးမှု ရရှိနေတဲ့၊ ကလေးသရုပ်ဆောင် အကယ်ဒမီဆုကို ပူပူနွေးနွေးရရှိထားတဲ့ယွန်းယွန်းရဲ့ လူငယ်ဘဝစကားသံတွေကို ဖော်ပြပေးလိုက်ပါတယ်။

# လူငယ်နဲ့ ခေတ်ရေစီး

**မြတ်သူအောင်**



ဓာတ်ပုံ -ဂျေပိုင်/The Irrawaddy

- ယွန်းသဒ္ဒါအောင် (ယွန်းယွန်း)
- ၁၄ နှစ်
- သရုပ်ဆောင်

ညီမလေးကို အကယ်ဒမီရဖို့ ခန့်မှန်းပေးကြတဲ့ စာနယ်ဇင်းဆရာ၊ ဆရာမတွေရော၊ ဆုတောင်းပေးကြတဲ့ ညီမလေးရဲ့ ပရိသတ်တွေရော၊ ညီမလေးရဲ့ ဇာတ်ကားတွေကိုကြည့်တဲ့ ချစ်ပရိတ်သတ်တွေရော အားလုံးကို ကျေးဇူးအထူးတင်ပါတယ်။ညီမလေးကတော့ ညီမလေး ရတာထက်စာရင် ညီမလေး သရုပ်ဆောင်ခဲ့တဲ့ ခေါင်းဆောင်မင်းသမီး အစ်မတွေကိုပဲ ပိုရစေချင်ပါတယ်။ မမ နဝရတ်နဲ့ မမ ဖွေးဖွေး အတွက် ညီမလေးက ပိုပြီးရင်ခုန်ခဲ့တာပါ။ အခုလို ညီမလေးကို အနုပညာလောကမှာ အသိအမှတ်ပြုပေးတဲ့ အကယ်ဒမီ ရွှေစင်ရုပ်ထုကို ပိုင်ဆိုင်ခွင့်ရခဲ့တဲ့အတွက်လည်း အားလုံးကို ကျေးဇူးတင်ပါတယ်။ ညီမလေးကို အနုပညာလောကမှာ ကလေးသရုပ်ဆောင် ယွန်းယွန်းအဖြစ် ချစ်ကြ၊ အသိအမှတ်ပြုပေးခဲ့ကြတဲ့ အနုပညာ အစ်ကိုတွေ၊ အစ်မတွေ အားလုံးနဲ့ ပရိသတ်တွေအားလုံးကို ညီမလေး အထူးကျေးဇူးတင်ပါတယ်။ ညီမလေး အနုပညာအလုပ်တွေကိုလည်း ဆက်ကြိုးစားပြီး လုပ်ဆောင်သွားမှာပါလို့ ပြောချင်ပါတယ်။

အခုလတ်တလောမှာတော့ မကြည်ဖြူသျှင်နဲ့ ဗီဒီယိုနှစ်ကား ရိုက်ထားပါတယ်။ ရုပ်သံဇာတ်လမ်း တခုရိုက်ဖို့ နောက်လထဲမှာ ရှိပါတယ်။ညီမလေး အနုပညာအလုပ်တွေ မလုပ်ဖြစ်တဲ့အချိန်မှာ တခြားမိန်းကလေး တွေလိုပါပဲ။ Facebook သုံးတယ်၊ TV ကြည့်တယ်၊ စာအုပ်ဖတ်တယ်၊ တခါတလေ မိဘတွေနဲ့ စကားတွေအကြာကြီး ထိုင်ပြောဖြစ်ပါတယ်။ သူငယ်ချင်းတွေနဲ့ လည်ပတ်တာတော့ သိပ်မရှိပါဘူး။ ညီမလေးရဲ့ မေမေကလည်း သူမပါဘဲ ဘယ်မှ သွားခွင့်မပြုပါဘူး။ မေမေနဲ့အတူတော့ တလနှစ်ခါလောက် ဈေးဝယ်ထွက်တာတွေတော့ ရှိပါတယ်။ ဈေးဝယ်ထွက်ရင် အဓိကဝယ်ဖြစ်တာက အင်္ကျီပေါ့။

အလှကုန်ဆိုရင် Edu House က ဝယ်ဖြစ်ပါတယ်။ နောက်ပြီးဖိနပ်လည်း ဝယ်ဖြစ်ပါတယ်၊ဖက်ရှင်ပစ္စည်းတွေထဲမှာဆိုရင် ညီမလေးက Accessories တွေဝယ်ရတာ ကြိုက်ပါတယ်။ လက်စွပ်၊ လက်ကောက်တွေ ဝယ်ရတာကြိုက်တယ်။ ဝယ်ပေမယ့် စုထားတာပါ၊ မဝတ်ဖြစ်ပါဘူး။ အဝတ်အစားဆိုရင် ပွပွ အရောင်မှိန်မှိန်တွေ ဝယ်ဖြစ်တယ်။ အနုပညာကို စိတ်အဝင်စားဆုံး ဆိုပေမယ့် အနုပညာမဟုတ်ရင် စိတ်နှစ်ထားတာက ကျောင်းစာပေါ့။ အနုပညာကို တစိုက်မတ်မတ် မလုပ်ဖြစ်ရင် စာကို ဒီထက်ပိုပြီး လုပ်ဖြစ်မယ်ထင်ပါတယ်။

အသက်မွေးဝမ်းကျောင်း ဝါသနာက အနုပညာ မဟုတ်ရင် အခု စိတ်ဝင်စားနေတာက စိတ်ကျန်းမာရေးဆရာဝန်ပေါ့။ အဲဒါက ဆယ်တန်းမှာရမယ့် အမှတ်နဲ့လည်း ဆိုင်မယ်ထင်ပါတယ်။ စိတ်ကျန်းမာရေး ဆရာဝန်ကို စိတ်ဝင်စားပြီး လုပ်ချင်တာက အဲဒါက မြန်မာနိုင်ငံမှာသိပ်ခေတ် မစားဘူးလေ။ နိုင်ငံခြားကားတွေမှာ ကြည့်ဖူးတာက အဲလိုလူတွေက အရမ်းအရေးပါတယ်လေ။ အဲလိုလူတွေနဲ့ လေ့လာဆွေးနွေးတာတွေ ညီမလေးလည်း လုပ်ချင်တာကြောင့်ပါ။ ကိုယ်တိုင်ဆွေးနွေးပေးတဲ့သူလည်း ဖြစ်ချင်တာ ကြောင့်စိတ်ဝင်စားတာပါ။

ညီမလေးက လူတွေရဲ့စိတ်တွေ ဘယ်လိုရှိတယ်ဆိုတာ စိတ်ဝင်စားသလို ကိုယ့်စိတ်ဘယ်လို ရှိတယ်ဆိုတာလည်း စိတ်ဝင်စားတယ်။ ကိုယ့်စိတ်ဘယ်လိုဆိုတာလည်း အခုထိ ကွဲကွဲပြားပြားမသိသေးဘူးလေ။ အဲဒီလိုမျိုးလည်း ကိုယ်တိုင်ပြန်သိချင်လို့ပါ။ အဲဒီအလုပ်ကို စိတ်ဝင်စားလို့ ဆယ်တန်းမှာ အဲဒီအမှတ်ရအောင် ကြိုးစားမှာပါ။ စိတ်ပညာဆရာဝန်မကြီးဖြစ်ခဲ့ရင် လူတွေကိုအခမဲ့ဆွေးနွေးခွင့်ရအောင် ဖန်တီးမယ်။ အဲဒီလို ဆရာဝန်တွေ တိုးလာအောင် လုပ်ပေးမယ်။

ညီမလေးက တခြားကလေးတွေလို လွတ်လွတ်လပ်လပ်မရှိဘူးလို့ ပြောလို့ရပါတယ်။ မေကြီးက အနုပညာအလုပ် မလုပ်လည်း သူများကလေးတွေလို ခွင့်မပြုနိုင်ဘူးလို့ ပြောပါတယ်။ ဒါကြောင့် အိမ်ထဲမှာပဲ စိတ်အပန်းဖြေရပါတယ်။ အခွင့်အရေးရမယ်ဆိုရင်တော့ သူငယ်ချင်းတွေနဲ့ မုန့်ထွက်စားတာမျိုးတော့ တပတ်တခါတော့ လုပ်ချင်တာပေါ့နော်။ အခု တလကို တခါလောက်ပဲ သွားရတယ်။ မေကြီးကလည်း အမြဲပါတယ်ဆိုတော့ လွတ်လပ်မှုကို လိုချင်ပေမယ့် အခုနေရတဲ့အပေါ်မှာလည်း စိတ်ကျဉ်းကြပ်မှု မရှိပါဘူး။ တခါတလေလည်း လူငယ်တယောက်အနေနဲ့ ညီမလေးစိတ်တွေ ထိန်းချုပ်ထားရတာတွေ ရှိတာပေ့ါ။ လွတ်လွတ်လပ်လပ် နေချင်တဲ့သူတွေထဲမှာ ညီမလေးလည်း ပါပါတယ်။

ကိုယ့်ကိုချစ်တဲ့သူရှိသလို မချစ်တဲ့သူလည်း ရှိတော့ ငါဘာလုပ်လို့လဲလို့ ပေါ်တင်မေးချင်တာလည်းရှိတာပေ့ါ။ ကိုယ့်အပေါ်ဘာလို့ အဲဒီလို ဆက်ဆံလဲ သိချင်တယ်။ ဒါပေမယ့် ကိုယ့် Image ကို ထိခိုက်မှာစိုးလို့ ထိန်းချုပ်ခဲ့ရတာလည်း ရှိပါတယ်။ အဲဒါမျိုးဆိုရင် အသည်းယားတယ်။ ကိုယ့်စိတ်ထဲမှာရှိတဲ့အတိုင်း အပြင်လူတွေလို facebook ထဲမှာ တင်ကြည့်ချင်တယ်။ ဘယ်လိုရှိမလဲလို့ပေ့ါ။ ညီမလေးက ကလေးပဲရှိသေးတာလေ။ ဒါပေမယ့် လူကြီးဆန်ဆန် နေလိုက်ရတာတွေလည်းရှိတော့ အဲဒီအချိန်ဆို ကိုယ့်ဘာသာကိုယ်ပြန်ရယ်ချင်မိတယ်။ ညီမလေးလည်း ကိုယ်တိုင်လိမ္မာတဲ့ သမီးတယောက်ဖြစ်အောင် ကြိုးစားနေဆဲပဲရှိပါသေးတယ်။ လုံးဝစင်းလုံးချော မဖြစ်သေးပါဘူး။ ညီမလေးလည်း အပြင်လူတွေနဲ့ သူလိုကိုယ်လိုပါပဲ။ စိတ်လွတ်လွတ်လပ်လပ် နေရမယ်ဆိုရင် လုပ်ချင်တာက သူငယ်ချင်းတွေနဲ့ ပျော်ပွဲစား ထွက်ချင်တယ်။ ညီမလေးက လွတ်လပ်တယ်ဆိုပေမယ့် ပရမ်းပတာနေမယ့်သူ မဟုတ်ပါဘူး။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်တဲ့အတွက် တခါတလေ မိဘတွေဆီက ဒီလိုလွတ်လွတ်လပ်လပ်နေဖို့ ပါမစ်လိုချင်မိတယ်။ ညီမလေးက ကိုယ့်ခံစားချက်တွေကို စာနဲ့ချရေးတာက ကိုယ့်စိတ်ထွက်ပေါက်ပါပဲ။ Facebook ပေါ်တော့ မတင်ပါဘူး၊

Facebook က ကိုယ်သိချင်တာတွေ၊ အပြင်မှာဖြစ်နေတာတွေကို အကုန်သိရပါတယ်။ ညီမလေးက တဦးတည်းသောသမီးဖြစ်တော့ မောင်နှမ မရှိပါဘူး။ ဒါပေမယ့် မိဘတွေက ညီမလေးနဲ့ စကားပြောပေးတော့ ပျင်းချိန်တောင်မရှိပါဘူး။ ညီမလေးရင်ထဲက ခံစားချက်တွေကို မိဘတွေကို အားလုံးဖွင့်ချပါတယ်။ ညီမလေးက စာတော်တဲ့သူထဲမှာ မပါပါဘူး။

အသင့်အတင့်လောက်ပါပဲ။ စာတော်တယ်ဆိုတာ အဆင့်၁၊ ၂ ရတဲ့သူတွေပါ။ ညီမလေးက အဆင့် ၁၀ အတွင်းတော့ ဝင်ပါတယ်။ ညီမလေးက ဘယ်သူငယ်ချင်းနဲ့မဆို ပေါင်းပါတယ်။ ညီမလေးနဲ့ခင်ချင်တဲ့ စိတ်တခုရှိရုံနဲ့တင် ပေါင်းပါတယ်။

အပြင် ဗဟုသုတရအောင်တော့ သူငယ်ချင်းတွေနဲ့ စကားပြောတာနဲ့တင်သိရပါတယ်။ ညီမလေးရဲ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းက လူတွေနဲ့စကားပြောရင်လည်း သိရပါတယ်။

အားကစားမှာ စိတ်ဝင်စားတာက အရင်ကတော့ ကြက်တောင်ရိုက်တာပေ့ါ။ အခုဆီးဂိမ်းမှာ စိတ်ဝင်စားသွားတာက ဘောလုံးကို တော်တော်စိတ်ဝင်စားသွားတယ်။ ဘောလုံးကန်ချင်စိတ်လည်း ဖြစ်မိပါတယ်။ တခါလောက်တော့ ဘောလုံးကန်တဲ့သူတယောက်ဖြစ်ချင်မိတယ်။ ညီမလေးက အားကစားဆိုရင် အဖွဲ့အစည်းနဲ့လုပ်ရတဲ့ အားကစားကိုပဲ ကြိုက်ပါတယ်။ ဆီးဂိမ်းမှာ ညီမလေးဘောလုံးပွဲ ကြည့်ပြီး စိတ်လှုပ်ရှား ရင်ခုန်ခဲ့ရပါတယ်။ မြန်မာနိုင်ငံဘောလုံးအားကစားသမားတွေအတွက် ရင်ခုန်တဲ့ သန်းခြောက်ဆယ်သော ပြည်သူတွေထဲမှာ ညီမလေးလည်းအပါအဝင်ပါပဲ။ ညီမလေးကိုချစ်ပေးတဲ့ ပရိသတ်တွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်၊ ချစ်ပါတယ်လို့ပြောပါရစေရှင်။



ဓာတ်ပုံ-ပြည့်ချမ်း(P C P Studio)

The Irrawaddy
Weekly Journal
NEWS Update
Vol.1 No.1, January 5 2014
A

Amnesty

# ပြစ်ဒဏ်ကျ ထောက်လှမ်းရေးနှင့် အကောက်ခွန် ဝန်ထမ်းတချို့လည်း လွတ်မြောက်

သူဇာ




ဓာတ်ပုံ -ဂျေပိုင်/The Irrawaddy

လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက်လာမည့်သူများကို စောင့်မျှော်နေသူများ။

သမ္မတဦးသိန်းစိန်၏ ဒီဇင်ဘာလ ၃၀ ရက်နေ့ ထုတ်ပြန်လိုက်သော ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်ကြောင့် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်လာခြင်းနှင့်အတူ အကျဉ်းကျခံနေရသော ထောက်လှမ်းရေးနှင့် အကောက်ခွန်ဝန်ထမ်းတချို့ပါ ပြန်လည်လွတ်မြောက်လာကြောင်းလက်ကျန်နိုင်ငံရေး အကျဉ်းသားများ စိစစ်ရေးကော်မတီမှ ကိုဘိုကြည်က ဧရာဝတီသတင်းဌာနသို့ ပြောသည်။

လတ်တလောစာရင်းများအရ သမ္မတ၏ လွတ်ငြိမ်းခွင့်အမိန့်ကြောင့် လွတ်မြောက်လာသူများတွင် အကောက်ခွန်ဝန်ထမ်း ၂ ဦး၊ ထောက်လှမ်းရေး ၂ ဦး လွတ်မြောက်လာသည်ဟု ကိုဘိုကြည်၏ အဆိုအရ သိရှိရသည်။

"ကျနော်တို့ တင်ပြထားတဲ့ အထဲမှာ၄၆ယောက်လွတ်ဖို့ ကျန်သေးတယ်။ မကြာခင်ရက်ပိုင်းအတွင်း ထပ်လွတ်ပေးမယ်လို့ ထင်ပါတယ်။ ကျနော်တို့ စာရင်းအတိအကျ မသိရသေးဘူး။ အစိုးရပိုင်းက ထုတ်ပြန်ပေးသွားဖို့ ကျနော်တို့ တိုက်တွန်းမှာပါ။ စာရင်းအတိအကျရရင်လည်း ကျနော်တို့ ထုတ်ပြန်ပေးပါမယ်" ဟု ကိုဘိုကြည်က ပြောသည်။

ဇန်နဝါရီလ ၁ ရက်နေ့ ညနေပိုင်းအထိ ရရှိထားသော သတင်းအချက်အလက်များအရ သမ္မတဦးသိန်းစိန်၏ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကြောင့် နိုင်ငံရေးအကျဉ်းသား ၄၀ ဝန်းကျင်ခန့် လွတ်မြောက်လာပြီး တရားရုံးတွင် အမှုရင်ဆိုင်နေရသောနိုင်ငံရေးလှုပ်ရှားသူ ၁၂၀ ဝန်းကျင်ခန့် တရားစွဲမှုမှ လွတ်မြောက်လာပြီဖြစ်ကြောင်း နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှ အထွေထွေအတွင်းရေးမှူး ကိုတိတ်နိုင်က ပြောကြားသည်။

"သမ္မတရဲ့ လွတ်ငြိမ်းချမ်းသာခွင့်ကိုတော့ ကြိုဆိုပါတယ်။ အခုဆို နိုင်ငံရေးအမှုအနေနဲ့တော့ ကုန်ပါပြီ။ နိုင်ငံရေးအကျဉ်းသားတွေတော့လွတ်ဖို့ ကျန်

Page C --->

IN BRIEF

## ကရင်နှစ်သစ်ကူးပွဲတော်နှင့် အခမ်းအနားများ ကျင်းပ

၂၀၁၄ ဇန်နဝါရီ ၁ ရက်နေ့ ကျင်းပသည့် ကရင်နှစ်သစ်ကူးပွဲတော်နှင့် အခမ်းအနားများကို ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ ထီးကော်ကိုးဌာနချုပ်တွင် ကျင်းပခဲ့ပြီး KNU/KNLA ငြိမ်းချမ်းရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ထိန်မောင်တက်ရောက်ကြောင်း သိရှိရသည်။ ကရင်နှစ်သစ်ကူးပွဲတော်နှင့် အခမ်းအနားများကို ကရင်ပြည်နယ်တွင်သာမက ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ် အာလိန်ငါးဆင့်ဘုရားဝင်း အပါအဝင် မြို့နယ်တချို့၊ ပြည်နယ်/တိုင်းဒေသကြီး တချို့တို့တွင် ကျင်းပပြုလုပ်သည်။ *- The Irrawaddy*

## ဒေါ်အောင်ဆန်းစုကြည် ချင်းပြည်သွားမည်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် ဖွံ့ဖြိုးမှုအနိမ့်ကျဆုံး ပြည်နယ်တခုဖြစ်သော ချင်းပြည်နယ်သို့ ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင် သွားရောက်မည်ဖြစ်ပြီး လူထုစည်းရုံးရေးနှင့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေးတို့အတွက် လူထုသဘောထား ရယူသွားမည်ဖြစ်ကြောင်း NLD ၏ ပြောခွင့်ရပုဂ္ဂိုလ် ဦးဝင်းမြင့်က ဧရာဝတီသို့ ပြောကြားသည်။

၎င်းခရီးစဉ်တွင် ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိကလည်း လိုက်ပါမည်ဖြစ်ပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၇ ရက်နေ့က ပြုလုပ်မည့် တီးတိန်မြို့နယ် ဒေါ်လွန်အုပ်စု ဇိုးနွမ်းဇန် (ဆန်သိုက်) ကျေးရွာ၊ အမက (မူလွန်) ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် အလှူငွေ ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်မည်ဟု သိရှိရသည်။ *-ထက်နိုင်ဇော်*



ဓာတ်ပုံ -ဂျေပိုင်/The Irrawaddy

ရန်ကုန်မြို့တွင်းတနေရာ။

## ရန်ကုန်မြို့ လေထုညစ်ညမ်းမှု စစ်ဆေးမည်

မင်းဗညား

ရန်ကုန်မြို့၏ အချက်အခြာကျသောနေရာ ၁၅ ခုတွင် လေထုသန့်ရှင်းရေးလုပ်ငန်းများအတွက် ဂျာမန်နည်းပညာပူးပေါင်းရေးအဖွဲ့ German International Co-operation(GIZ) နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနတို့ ပူးပေါင်းစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့ပြအင်္ဂါရပ်ဖြင့် ကိုက်ညီမှုရှိစေရန်ရည်ရွယ်ပြီး လေထုညစ်ညမ်းမှု များပြားလျက်ရှိသောနေရာများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ စံချိန်စံညွှန်းများအတိုင်းရှိလာစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၏တာဝန်ရှိပုဂ္ဂိုလ်တဦးက ဧရာဝတီသို့ပြောသည်။

"ကားတွေအသွားများတဲ့နေရာတွေ၊ စက်မှုလုပ်ငန်းတွေ ရှိတဲ့နေရာတွေလို အဓိကကျတဲ့နေရာ ၁၅ နေရာမှာ အရင်ဆုံး

Page B --->

Labour

# ပြည်ပ အလုပ်အကိုင်ဆိုင်ရာဥပဒေ ပြင်ဆင်ရန်စီစဉ်

**မေခ**

ပြည်ပ အလုပ်အကိုင်ဆိုင်ရာဥပဒေကို ပြင်ဆင်ရန် စီစဉ်နေကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ပရွှေ့ပြောင်းဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်ခင်နွေဦးက ပြောသည်။

ဒီဇင်ဘာ ၂၉ ရက်က ရန်ကုန်မြို့ မြေနီကုန်းရှိ ကရုဏာဆေးခန်းတွင် ရွှေ့ပြောင်းအလုပ်သမားကွန်ရက်မှ ကျင်းပသော ရွှေ့ပြောင်းလုပ်သားများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ထိုသို့ပြောကြားခြင်းဖြစ်သည်။

"ဥပဒေအားလုံးကို ခေတ်နဲ့လျော်ညီအောင်ပြင်နေတယ်။ ဒီဟာက ကျင့်သုံးနေတယ်ဆိုပေမယ့် လိုအပ်ချက်တွေရှိလာတဲ့အပေါ် ထပ်ပြင်ဆင်ကြတာပေါ့။ ဒီနှစ်အတွင်းမှာ ပြင်ဆင်သွားမှာပါ" ဟု ဒေါ်ခင်နွေဦးက ပြောသည်။

အဆိုပါဥပဒေမှာ ၁၉၉၉ ခုနှစ်ကတည်းက အတည်ပြု ကျင့်သုံးနေသည့် ဥပဒေဖြစ်ကြောင်း၊ အဆိုပါဥပဒေ၌ ပါဝင်သည့်အခန်းများတွင် အလုပ်သမားများ ခံစားခွင့်ပိုရလာရေးနှင့် တရားမဝင် လူခေါ်ပွဲစားများ ပပျောက်ရေးအတွက် ဦးတည်ရေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

"အခုဒီတခါကျရင်တော့ ဥပဒေကိုပြင်ဆင်မယ်ဆိုရင် ပြည်ပအေဂျင်စီတွေနဲ့ နိုင်ငံတကာ အလုပ်သမားအဖွဲ့တွေကိုပါခေါ်ပြီး ဆွေးနွေးတိုင်ပင်သွားမယ်။ လိုအပ်ချက်မရှိအောင်ထည့်သွားဖို့ စီစဉ်ထားပါတယ်" ဟုလည်း ဒေါ်ခင်နွေဦးက ပြောသည်။

ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေမှာ ပြည်တွင်းအေဂျင်စီများ လိုက်နာကျင့်သုံးရမည့် ဥပဒေတခုဖြစ်ပြီး လက်ရှိတွင် အဆိုပါဥပဒေနှင့် လိုက်နာခြင်းရှိမရှိကို စစ်ဆေးအရေးယူလျက်ရှိကြောင်း သိရသည်။



ဓာတ်ပုံ - ဂျေပိုင်/ The Irrawaddy

၂၀၁၃ ခုနှစ် ဇွန်လအတွင်းဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများအပြီး မလေးရှားနိုင်ငံမှပြန်လာကြသော မြန်မာအလုပ်သမားများ ရန်ကုန်လေဆိပ်သို့ရောက်ရှိလာစဉ်။

လက်ရှိတွင် အဆိုပါဥပဒေဖြင့် အေဂျင်စီများကို ထိန်းကျောင်းနေခြင်းဖြစ်ကြောင်း၊ တရားဝင် ခွင့်ပြုထားသည့် အေဂျင်စီပေါင်း ၁၈၂ ခု ရှိကြောင်း သိရသည်။

"လက်တွေ့မှာက လူခေါ်ပွဲစားတွေက ရှိနေတုန်းပဲ။ ဒီပြဿနာတွေ ပြေလည်ဖို့အတွက် လုပ်ဆောင်ရမှာပါ။ အခုဆို အစိုးရပိုင်းကလည်းပူးပေါင်းဆောင်ရွက်မှုတွေ တော်တော်လုပ်လာတယ်။ ဒီအပိုင်းမှာ သွားတဲ့လုပ်သားတွေ အပိုင်းကလည်း နားလည်ဖို့လိုတယ်။ တကယ်ကိုယ့်အတွက် လုံခြုံဖို့အတွက် တရားဝင်အေဂျင်စီတွေဘက်ကနေ သွားစေချင်တယ်" ဟု ရွှေ့ပြောင်းအလုပ်သမား ကွန်ရက်မှ ဦးစိန်ဌေးက ပြောသည်။

အေဂျင်စီများအနေဖြင့် ပြည်ပအလုပ်ကိုင်ဥပဒေအပြင် လူကုန်ကူးမှုအဖွဲ့မှသတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ကြရကြောင်း သိရသည်။

ဒေါ်ခင်နွေဦးကလည်း "အခုအချိန်အထိ လူခေါ်လမ်းလျှောက် ပွဲစားတွေအန္တရာယ်က မပပျောက်သေးဘူး။ အနိမ့်ဆုံး ငွေကြေး အလိမ်ခံရတယ်။ နောက် အမြင့်ဆုံးကတော့ လူကုန်ကူးခံရတယ်။ သူတို့တွေက ထိုင်းနဲ့မလေးနယ်စပ်တွေမှာရှိနေသလို ပြည်တွင်းမှာလည်းရှိတယ်။ နယ်စပ်တွေမှာရှိနေတဲ့ လူခေါ်ပွဲစားတွေ မပပျောက်တာက သူတို့က နယ်စပ်မှာနေတော့ ဘာသာစကားကျွမ်းတယ်။ တချို့က လူကုန်ကူးတာတော့ မဟုတ်ဘူး။ တကယ် အလုပ်လုပ်ဖို့တော့ ခေါ်ပေးတယ်။ နောက် တစုံတခုဖြစ်ရင် တာဝန်မယူဘူး။ အလုပ်သမားတွေ အာမခံချက်မရှိဘူး။ ဒီတော့ အလုပ်သမားတွေဘက်ကလည်း တရားဝင် စေလွှတ်ခွင့်ပေးထားတဲ့ အေဂျင်စီတွေနဲ့ ချိတ်ဆက်လုပ်ဆောင်သင့်တယ်" ဟု ပြောသည်။

အလုပ်သမားဝန်ကြီးဌာနမှ ထုတ်ပြန်ထားချက်အရ ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၃ ခုနှစ် မတ်လအထိ ပြည်ပသို့ အလုပ်သမား တရားဝင်စေလွှတ်မှုပေါင်း ၁၈၈၉၂၀၇ ဦး ရှိကြောင်း၊ တရားဝင်ခွင့်ပြုပေးသည့် နိုင်ငံပေါင်း ၁၅ နိုင်ငံရှိပြီး ၎င်းတို့တွင် မလေးရှားနိုင်ငံကို လုပ်သားအများဆုံး ပို့ထားကြောင်း၊ ၎င်းနောက်တွင် ထိုင်း၊ တောင်ကိုရီးယားနှင့် စင်ကာပူနိုင်ငံတို့ ဖြစ်ကြောင်း သိရသည်။ ■

## Page A – ရန်ကုန်မြို့ လေထုညစ်ညမ်းမှု . . .

တပ်ဆင်သွားမယ်။ အဓိက လေထုညစ်ညမ်းမှု ဘယ်လောက်ရှိနေပြီလဲ၊ ဘယ်အဆင့်အထိ ရောက်နေပြီလဲဆိုတာကို စက်က ထုတ်ပြန်ပေးသွားမှာ။ အဲ့ဒီလို စက်ကနေ သတိပေးချက်ထုတ်ပြန်ရင်တော့ ဒီနေရာက လေထုညစ်ညမ်းမှုရှိတဲ့နေရာလို့သတ်မှတ်ပြီး လေထုသန့်ရှင်းအောင် ပြုပြင်မှုတွေလုပ်သွားမှာပါ" ဟု ၎င်းကဆိုသည်။

ယခုကဲ့သို့ လေထုအရည်အသွေး စောင့်ကြည့်လေ့လာရေးဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဂျာမန်နည်းပညာ ပူးပေါင်းအဖွဲ့ GIZ မှ အဓိက ကူညီပံ့ပိုးပေးခြင်းဖြစ်ကြောင်း၊ ယင်းအဖွဲ့အစည်းသည် အရှေ့တောင်အာရှ နိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နိုင်ငံများတွင် စက်များတပ်ဆင်ပြီး ကူညီပေးခဲ့ကြောင်း သိရသည်။

"စက်တွေက ပြည်ပကနေမှာထားတာ။ ထိုင်းနယ်စပ်ကိုရောက်နေပြီ။ အခုက နှစ်သစ်ကူး ရုံးပိတ်ရက်တွေ ခွင့်ကာလရက်ရှည်တွေ ရှိနေတယ်လေ။ ပြောရရင် သယ်ရုံပဲရှိတော့တယ်။ စက်တွေကို လာမယ့်နှစ်ဆန်းပိုင်းလောက်မှာ စပြီးတပ်ဆင်သွားဖို့ စီစဉ်နေပါပြီ" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ရန်ကုန်မြို့တွင် WHO ၏ စံချိန်စံညွှန်း တိုင်းတာမှုအရ လေထုညစ်ညမ်းမှု ဖြစ်ပေါ်နေသည့်နေရာများကို ပြည်သူများသို့ ထုတ်ပြန်အသိပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့ရှိ မူလသတ်မှတ်ထားသည့် ၁၅ နေရာအပြင် အခြားနေရာများ၌ စက်များတိုးချဲ့တပ်ဆင်ရန် စီစဉ်ထားကြောင်းနှင့် အဆိုပါ ၁၅ နေရာသည် မည်သည့်နေရာများဖြစ်သည်ကို ထုတ်ပြန်ပြောဆိုနိုင်ခြင်း မရှိသေးကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၏ တာဝန်ရှိပုဂ္ဂိုလ်ကဆိုသည်။

ရန်ကုန်မြို့အတွင်း လေထုအရည်အသွေး တိုင်းတာရေး စက်ပစ္စည်း ကိရိယာများ တပ်ဆင်ခြင်းအပြင် စွန့်ပစ်အမှိုက်များအတွက် စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ဆောင်ချက်များ၊ စွန့်ပစ်အမှိုက်များအား လျှပ်စစ်နှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရန် ဆောင်ရွက်မှုများအပြင် သဘာဝပတ်ဝန်းကျင် ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ ခိုင်မာစွာ ပေါ်ပေါက်လာရေးအတွက် ပြည်ပနိုင်ငံများဖြင့် ပူးပေါင်း ဆောင်ရွက်မှုများလည်း ရှိကြောင်း ၎င်းကပြောဆိုသည်။

၂၀၁၂ ခုနှစ် မတ်လအတွင်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန လက်အောက်တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုနှင့်ပတ်သက်ပြီး ဦးစီးဌာနတခုအဖြစ် ထည့်သွင်းဖွဲ့စည်းကာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာဥပဒေ (Environmental Conservation Law) အသစ်ကို ပြဋ္ဌာန်းခဲ့သည်။ ထို့အပြင် အဆိုပါ လုပ်ငန်းများအတွက် ဂျပန် အစိုးရနှင့် ဂျပန်နိုင်ငံ၏ နည်းပညာအကူအညီ ထောက်ပံ့မှုများကို ရယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုဆိုင်ရာ နည်းပညာများကို ယခင်အစိုးရလက်ထက်က ပြည်သူသို့ အသိပညာဖြန့်ဝေပေးမှု အားနည်းချက်များ ရှိခဲ့သည်ဟု ပညာရှင်တချို့က ဝေဖန်ပြောကြားမှုများ ရှိခဲ့ပြီး၊ အစိုးရသစ်လက်ထက်တွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များကို လုပ်ဆောင်လာသည်ကို တွေ့ရသည်။ ■

Refugee

# စစ်ဘေးရှောင် ဒုက္ခသည်များ ပြန်ခေါ်မည်

**နန်းဆိုင်နွမ်**

ထိုင်းနိုင်ငံနယ်စပ်နှင့် ပြည်တွင်းဒုက္ခသည်စခန်းများရှိ ကယား (ကရင်နီ) စစ်ဘေးရှောင် ဒုက္ခသည်များကို ပြန်လည်နေရာချထားပေးရန် ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (KNPP) နှင့် ပြည်နယ် အစိုးရတို့ စီစဉ်နေကြကြောင်း သိရသည်။

"ဒုက္ခသည်တွေအတွက် အိမ်ခြေ ၅၀ ဆောက်ပေးဖို့ လျာထားပါတယ်။ ၃ နှစ်စာ ထောက်ပံ့ကြေး ပေးဖို့တွေ၊ မိုင်းရှင်းလင်းရေးကိစ္စတွေ လုပ်ဆောင်နေပါတယ်။ အဲ့ဒါတွေအားလုံးလုပ်ပြီးမှပဲ ပြန်ခေါ်ပါမယ်" ဟု ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (KNPP) ၏ စစ်ရေးချုပ် ဗိုလ်မှူးကြီးဘုန်းနိုင်က ပြောသည်။

လက်ရှိအချိန်တွင် ပြည်တွင်း စစ်ဘေးရှောင် (IDPs) များအတွက် ကယားပြည်နယ် ရှားတောမြို့နယ် မယ်လယ စံပြကျေးရွာတွင် ဦးစွာပြန်လည်နေရာချပေးမည်ဖြစ်ပြီး ပြန်လာသူများကို ကူညီထောက်ပံ့မည်ဟု ၎င်းကပြောဆိုသည်။

ထိုင်းနိုင်ငံနယ်စပ်သို့ ရောက်ရှိနေသည့် ဒုက္ခသည်များကို ပြန်ခေါ်ရန်အတွက်ကိုမူ အစိုးရက တရားဝင် ခွင့်ပြုမိန့်မကျလာသေးကြောင်းနှင့် ယခု စစ်ဘေးရှောင် ပြည်တွင်းဒုက္ခသည်များ (IDPs) ကို ထားရှိမည့် မယ်လယ စံပြကျေးရွာတွင် လမ်းများ မဖောက်လုပ်ရသေးကြောင်းလည်း ဗိုလ်မှူးကြီး ဘုန်းနိုင်က ပြောသည်။

ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ခရိုင် အမှတ် (၁) နှင့် အမှတ် (၂) ဒုက္ခသည်စခန်းနှစ်ခုတွင် ယခင် က ဒုက္ခသည်ဦးရေ ၃၀,၀၀၀ နီးပါး နေထိုင်ခဲ့ရာ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးများရုံး (UNHCR) အစီအစဉ်ဖြင့် တတိယနိုင်ငံသို့ ၁၀,၀၀၀ ကျော် သွားရောက်အခြေချ နေထိုင်နေကြောင်း၊ ယခုလက်ရှိ စုစုပေါင်း ဒုက္ခသည်ဦးရေ ၁၆,၀၀၀ ခန့် ကျန်ရှိနေကြောင်း သိရသည်။ ■

**The Irrawaddy**
Vol:1,No:1
C

Constitution

# ကြံ့ခိုင်ရေး၏ အခြေခံဥပဒေ ပြင်ဆင်ချက် ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်ရန် ခက်ခဲဆဲ

**ထက်နိုင်ဇော်**

၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပါရှိသည့် ပုဒ်မ ၅၉(စ)အပါအဝင် အချက် ၅၀ ကျော်ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (ကြံ့ခိုင်ရေးပါတီ) က ပြင်ဆင်ရန်စီစဉ်နေသော်လည်းဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်လာရေးအတွက် ခက်ခဲနေဆဲဖြစ်သည်ဟု သိရသည်။

ဒီဇင်ဘာလ ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့သော ကြံ့ခိုင်ရေးပါတီ ဗဟိုကော်မတီအဆင့် အစည်းအဝေးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးအတွက် အချက် ၇၃ ချက် တင်ပြရာ၌ ၂၂ ချက်ကို ပယ်ဖျက်၍ ၅၁ ချက်ကို ပြင်ဆင်ရန် အတည်ပြုခဲ့ကြောင်း ကြံ့ခိုင်ရေးပါတီက ပြောသည်။

ပြင်ဆင်ချက်များထဲတွင် သမ္မတအရည်အချင်း ပြင်ဆင်သတ်မှတ်ခြင်းအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များကို သမ္မတကတိုက်ရိုက်ခန့်အပ်ခြင်းမဟုတ်ဘဲ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များက ရွေးချယ်ခွင့်ရရှိ စေရန်၊ ခရိုင်နှင့် မြို့နယ် အုပ်ချုပ်ရေးမှူးများကို ဥပဒေပြဋ္ဌာန်း၍ တာဝန်ပေးဆောင်ရွက်ရန်ဆိုသောအချက်များပါဝင်ကြောင်းလည်း ကြံ့ခိုင်ရေးပါတီ ဗဟိုကော်မတီဝင် ဦးလှဆွေက ပြောပြသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေပါ သမ္မတဖြစ်ခွင့် အရည်အချင်း သတ်မှတ်ချက်တွင် ပါဝင်သည့် ပုဒ်မ ၅၉(စ)တွင် တရားဝင် သားသမီးတဦးဦး၏ ဇနီးနှင့် ခင်ပွန်းသည် နိုင်ငံခြားသား မဖြစ်စေရဆိုသော အချက်ကို ကြံ့ခိုင်ရေးပါတီက ပြင်ဆင်ပေးရန် လွှတ်တော်သို့ တင်သွင်းမည်ဟု သဘောတူခဲ့သော်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်လာရန် အတားအဆီးများစွာ ရှိနေသေးကြောင်း မြန်မာ့နိုင်ငံရေးလေ့လာသူများက ပြောဆိုကြသည်။

NLD နေပြည်တော်ခရိုင်ဥက္ကဋ္ဌ ဦးမင်းသူက ဒေါ်အောင်ဆန်းစုကြည်သည် သူ၏ သားနှစ်ဦးကို မွေးဖွားခဲ့သည့်အချိန်တွင် မြန်မာသံရုံးသို့သွားရောက်ပြီး နိုင်ငံသားမှတ်ပုံတင်ခဲ့ကြောင်းကို ၁၉၈၉ ခုနှစ် ကပြုလုပ်သော ဒေါ်အောင်ဆန်းစုကြည်၏ ပထမဆုံးသတင်းစာဆရာများနှင့် တွေ့ဆုံပွဲတွင်ထုတ်ဖော်ပြောဆိုထားကြောင်း၊ သားနှစ်ဦးလုံးမှာ မြန်မာနိုင်ငံသားများဖြစ်ကြောင်းကို ရှင်းလင်းခဲ့ကြောင်းဧရာဝတီသို့ ပြောသည်။

ဒေါ်အောင်ဆန်းစုကြည်၏ သားနှစ်ဦးသည် ယခုအခါ ဗြိတိန်နိုင်ငံသားများဖြစ်ကြသော်လည်း မွေးဖွားချိန်မှ ၁၉၈၉ ခုနှစ်အထိ မြန်မာနိုင်ငံသားများ ဖြစ်ခဲ့ကြောင်း၊ သို့သော် နောက်ပိုင်းတွင် နိုင်ငံရေးအရ တပ်မတော်အစိုးရက မြန်မာနိုင်ငံသားအဖြစ် ရုပ်သိမ်းခဲ့သည့်အတွက် ၎င်းတို့နှစ်ဦးကို နိုင်ငံမဲ့ (Stateless) ဖြစ်မသွားစေရန် ဗြိတိန်နိုင်ငံက နိုင်ငံသားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကျနော့် အမြင်အရ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခင်ပွန်း မိုက်ကယ်အဲရစ်က သေသွားပြီဆိုတော့ ပြဿနာ မရှိတော့ဘူး။ ဒါပေမယ့် သူ့ရဲ့သားနှစ်ယောက်မြန်မာနိုင်ငံသား ခံလိုက်ရင်ရပြီ။ ဒါဆို သူ သမ္မတအဖြစ် အရွေးခံခွင့်ရှိပြီ" ဟု ဦးလှဆွေက ဧရာဝတီသို့ ပြောသည်။

မြန်မာ့နိုင်ငံရေးလေ့လာသူ ဒေါက်တာရန်မျိုးသိမ်းကမူ လက်ရှိအာဏာရပါတီဖြစ်သော ကြံ့ခိုင်ရေးပါတီသဘောထားတခုတည်းနှင့်သာ ဒေါ်အောင်ဆန်းစုကြည် သမ္မတမဖြစ်နိုင်ဘဲ ဖြတ်ကျော်ရမည့် အဆင့်များစွာ ရှိနေသေးကြောင်း၊ လွှတ်တော်ထဲတွင် ယင်းအချက်ကိုပြင်ဆင်ရန် မဲခွဲဆုံးဖြတ်မှု အပါအဝင်


ဓာတ်ပုံ –ဂျေပိုင်/The Irrawaddy

**သမ္မတဖြစ်ရေး ဒေါ်အောင်ဆန်းစုကြည် အဆင့်များစွာဖြတ်ကျော်ရဦးမည်။**

ပြည်လုံးကျွတ် ဆန္ဒခံယူပွဲများ ပြုလုပ်ရမည် ဖြစ်ကြောင်း ဧရာဝတီသို့ ပြောသည်။

နိုင်ငံရေးသဘောအရ ကြံ့ခိုင်ရေးပါတီ အနေဖြင့် သမ္မတအရည်အချင်းကန့်သတ်ချက်ကို ပြင်ဆင်ပေးလိုကြောင်း သဘောထားရှိသည်ဟု ထုတ်ပြရုံသာ ဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

သမ္မတဖြစ်ခွင့် ပုဒ်မကို ပြင်ဆင်နိုင်ရန် လွှတ်တော်ထဲတွင် အမတ်ဦးရေ ၇၅ ရာခိုင်နှုန်းကျော် ရှိရန် လိုအပ်သည့်အတွက် တပ်မတော်၏ သဘောထားမှာ အရေးကြီးလာကြောင်း ဒေါက်တာ ရန်မျိုးသိမ်းက ပြောဆိုသည်။

"ကြံ့ခိုင်ရေးပါတီက ပြင်ပေးဖို့ သဘောတူရုံလောက်နဲ့ ဒေါ်စုသမ္မတမဖြစ်နိုင်သေးဘူး။ လွှတ်တော်ထဲမှာ ဒီကိစ္စကိုပြန်ဆွေးနွေးရင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တွေရှိတယ်။ ကြံ့ခိုင်ရေး အပါအဝင် တခြားပါတီတွေနဲ့ တိုင်းရင်းသားတွေ ထောက်ခံဦး၊ တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်တယောက် မထောက်ခံရင် ဘာမှလုပ်လို့မရဘူး။ လွှတ်တော်က သဘောတူသွားရင်တောင် ဖွဲ့စည်းပုံမှာပါတဲ့ အချက် ၇၄ ချက်လောက်က တနိုင်ငံလုံးမှာ လူထုဆန္ဒခံယူပွဲလုပ်ပြီး ပြင်မှရမယ်" ဟု ဒေါက်တာ ရန်မျိုးသိမ်းက ဆိုသည်။

တနိုင်ငံလုံးတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ပြုလုပ်၍ မဲပေးပိုင်ခွင့်ရှိသည့် လူဦးရေအားလုံးထောက်ခံမှသာလျှင် ပြင်ဆင်နိုင်မည် ဖြစ်သောကြောင့် ဒေါ်အောင်ဆန်းစုကြည်မှာ သမ္မတဖြစ်နိုင်ခြေ နည်းပါးသည်ဟုလည်း ၎င်းကပြောသည်။

တပ်မတော် အနေဖြင့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေး ဆွေးနွေးပြီး ဖြစ်သော်လည်း အသေးစိတ် မထုတ်ပြန်နိုင်သေးကြောင်း ၊ သို့သော် မကြာမီ ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း ၂၀၀၈ ဖွဲ့စည်းပုံ ပြင်ဆင်ရေး တပ်မတော်သား ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးချုပ်ဝေလင်းက ဧရာဝတီသို့ ပြောကြားသည်။

NLD ပါတီကလည်း ၂၀၀၈ ဖွဲ့စည်းပုံပြင်ဆင်ရေးကို စီစဉ်နေကြောင်း၊ ဖွဲ့စည်းပုံ အခန်း (၁၂) ၌ ပြင်ဆင်ခွင့် ပေးထားရာ ထိုအခန်း (၁၂) ကိုပင် ပြင်ဆင်ရန် လိုအပ်ကြောင်း NLD ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းကလည်း ပြောသည်။

"အခန်း (၁၂) ကိုလည်း ပြင်ဖို့လုပ်မှာပါ။ ဟို ၇၅ ရာခိုင်နှုန်းကျော် ဆိုတာလည်း ပြင်ရမယ်။ ကျနော်တို့ ၅၉ (စ) ကိစ္စ အပါအဝင် ပြင်ရမယ့် အကြောင်းတွေအားလုံးကို မကြာခင်ထုတ်ပြန်ပေးဖို့ ရှိပါတယ်"ဟု ဦးဉာဏ်ဝင်းက ဆိုသည်။

ဒီဇင်ဘာလ ၂၉ ရက်တွင် NLD ပါတီ၏ ၂၀၁၃ ခုနှစ်အတွက် ဒုတိယအကြိမ် ဗဟိုကော်မတီ အစည်းဝေး ကျင်းပခဲ့ပြီး ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်သည် ဖြစ်စေ၊ မပြင်သည် ဖြစ်စေ NLD ပါတီအနေဖြင့် ၂၀၁၅ ရွေးကောက်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်မည် ဖြစ်ကြောင်း ဦးဉာဏ်ဝင်းက အစည်းဝေးအပြီးတွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲ၌ ပြောဆိုသည်။

NLD ပါတီသည် ယင်း၏ ပြိုင်ဖက်ပါတီ ကြံ့ခိုင်ရေးပါတီနှင့် နှလုံးရည်အရ ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး တိုက်ပွဲများ ဆက်လက်ပြင်းထန်မည် ဖြစ်ကြောင်း၊ NLD အနေဖြင့် ပုဒ်မ ၅၉ (စ) အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြင်ဆင်လိုသောအချက် ၁၆၈ ချက်ရှိကြောင်း ထုတ်ပြန်ပြောဆိုသည်။

၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်း လူ့အဖွဲ့အစည်းက ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေးနှင့်ပတ်သက်ပြီး အကြံပြုချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာ သုံးသပ်ရေး ကော်မတီသို့ ဒီဇင်ဘာလ ၂၄ ရက်က ပေးပို့ခဲ့သည်ဟု ထုတ်ပြန်သည်။

အကြံပြုချက်များတွင် ဒေါ်အောင်ဆန်းစုကြည် သမ္မတအဖြစ် အရွေးခံနိုင်မည့်ပုဒ်မကို ပြင်ဆင်ပေးရန် တောင်းဆိုမှု မပါဝင်ဘဲ တိုင်းရင်းသား နိုင်ငံရေးအင်အားစုများနှင့် တွေ့ဆုံဆွေးနွေးမှု ၊ ပြည်ထောင်စုလွှတ်တော်၏ ဖွဲ့စည်းပုံ အခြေခံဥပဒေ လေ့လာသုံးသပ်ရေးဖြစ်စဉ် ၊ ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံငွေရတုအခမ်းအနားမှ ဆုံးဖြတ်ထားသော အမျိုးသားအင်အားစု အားလုံးပါဝင်သည့် ညီလာခံ တရပ်ဖြစ်ပေါ်လာရေး ကြိုးပမ်းနေမှု ဖြစ်စဉ်များ အားလုံးကို ဆက်စပ်ညှိနှိုင်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင် ပြောင်းလဲမှုများကို ဥပဒေကြောင်းအရ ခိုင်မာစွာအတည်ပြုနိုင်ရန် အကြံပြုထားသည်။ ■

## Page A – ပြစ်ဒဏ်ကျထောက်လှမ်းရေး . . .

ပါသေးတယ်။ ကျနော်တို့အနေနဲ့လည်း ဆက်လက် ကြိုးစားသွားပါမယ်။ နောက်ပြီး တခြားအမှုတွေနဲ့ စွဲချက်တင်ထောင်ချထားတဲ့သူတွေကိုလည်း ဆက်လက်လွှတ်ပေးဖို့ ဆောင်ရွက်သွားပါမယ်" ဟု ကိုတိတ်နိုင်က ဆိုသည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့ ညပိုင်းတွင် ပုဒ်မ ၅၀၅ (ခ) အပါအဝင် ပုဒ်မများစွာဖြင့် တရားစွဲဆိုခံနေရသော ကိုရဲမင်းဦး၊ ဒေါ်နော်အုန်းလှနှင့် ကိုထင်ကျော်အပါအဝင် တက်ကြွလှုပ်ရှားသူ ၅ ဦး အချုပ်ကျခံနေရသောအင်းစိန်ထောင်မှ ပြန်လည်လွတ်မြောက်ကြောင်း သိရှိရသည်။

ဒေါ်နော်အုန်းလှသည် သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ကြောင့် တရားရင်ဆိုင်နေရသော ပုဒ်မ ၅၀၅(ခ)အမှု သုံးခု၊ ပုဒ်မ ၁၈ အမှု ၂၁ ခု ပယ်ပျက်သွားသော်လည်း ၂၀၀၇ ခုနှစ် ရွှေတိဂုံဘုရားပေါ်တွင် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးဆုတောင်းမှုအတွက် ဆက်လက်တရားရင်ဆိုင်ရမည်ဖြစ်ကြောင်း သိရှိရသည်။

"မနေ့ကတော့ အဲဒီတမှုကျန်သေးလို့ ကိုယ်ပိုင်ခံဝန်ကတိ လက်မှတ်ထိုးပြီးမှ လွတ်လာခဲ့တာပါ။ သမ္မတအနေနဲ့ အခုလို လွှတ်ပေးလိုက်တာ ကောင်းပါတယ်။ ဒါပေမယ့် မတရားတဲ့ ပုဒ်မ ၄၂၇၊ ၄၄၇ တွေနဲ့ တရားစွဲခံထားရတဲ့ လယ်သမားတွေကိုလည်း ကျန်နေပါသေးတယ်။ ကျမအနေနဲ့ ကိုယ့်ရဲ့ ယုံကြည်ချက်အတိုင်း ပုဒ်မ ၁၈ ကိုရအောင် ဖျက်သိမ်းသွားဖို့ ကြိုးစားမှာပါ" ဟု ဒေါ်နော်အုန်းလှက ပြောသည်။

သမ္မတ ဦးသိန်းစိန်၏ လွတ်ငြိမ်းခွင့်အမိန့်တွင် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့နှင့် ထိုနေ့ မတိုင်မီ မတရားအသင်း အက်ဥပဒေပါ ပြစ်မှုများ၊ နိုင်ငံ တော် သစ္စာဖောက်ဖျက်ပုန်ကန်မှု (ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၁၂၂)၊ အကြည်ညိုပျက်အောင် ပြုလုပ်မှု (ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၁၂၄-က)၊ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပါ ပြစ်မှုများ၊ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေပါ ပြစ်မှုများ၊ အများပြည်သူ၏ အကျိုးပျက်စီးစေမှု (ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၅၀၅)၊ ၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှု အက်ဥပဒေပါ ပြစ်မှုများကြောင့် ပြစ်ဒဏ်ချမှတ်ခြင်းခံနေရသူ အားလုံးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်ခြင်း ဖြစ်သည်။

သက်ဆိုင်ရာ တရားရုံးများရှိ ကြားနာ စစ်ဆေးဆဲပြစ်မှုဆိုင်ရာ အမှုများကိုပိတ်သိမ်းပြီး တရားခံများအား အမှုမှချက်ချင်း လွှတ်ရမည်ဖြစ်ပြီး စုံစမ်းအရေးယူဆဲဖြစ်သောအမှုများကို ဆက်လက် အရေး ■

The Irrawaddy NEWS Update



New Year



ဓာတ်ပုံ -ဂျေပိုင်/The Irrawaddy

ရန်ကုန်မြို့၊ ဒဂုံမြို့နယ် မြို့မကွင်း (မိုင်ဒါကွင်း) တွင် ၂၀၁၄ ခုနှစ် နှစ်သစ်ကူးချိန် ကြိုဆိုပွဲမြင်ကွင်း။

Society

# အာဆီယံနိုင်ငံများနည်းတူ စားသုံးသူအခွင့်အရေး ကာကွယ်သည့် ဥပဒေ အမြန်ဆုံး အတည်ပြုပြဋ္ဌာန်းစေလို

**သီဟတိုး**

မြန်မာနိုင်ငံတွင် အခြားအာဆီယံ နိုင်ငံများနည်းတူ စားသုံးသူအခွင့်အရေး ကာကွယ်သည့် ဥပဒေတရပ် ပြဋ္ဌာန်းအတည်ပြုရန် လိုအပ်ကြောင်း မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးအသင်း ဥက္ကဋ္ဌ ဦးဗအုပ်ခိုင်က မြန်မာပြည်သူ့ဖိုရမ်တွင် တိုက်တွန်းဆွေးနွေးခဲ့သည်။

ဒီဇင်ဘာ ၂၈ ရက်နေ့မှ ၃၀ ရက်နေ့အထိ ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာတွင် ကျင်းပသည့်ဖိုရမ်တွင် ယင်းသို့ တိုက်တွန်းဆွေးနွေးခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် လက်ရှိပြဋ္ဌာန်းထားသော အမျိုးသား အစားအသောက်ဥပဒေ ပုဒ်မ (၃၄) သည် ယခင်စစ်အစိုးရ လက်ထက်ကတည်းကပြဋ္ဌာန်းထားသည့် ဥပဒေတရပ်ဖြစ်ပြီး ယနေ့ခေတ်ကာလနှင့် လျော်ညီမှုမရှိတော့ကြောင်း ၎င်းကပြောသည်။

ယင်းဥပဒေ၏ ပြစ်မှုနှင့် ပြစ်ဒဏ်ခန်းတွင် ပါဝင်သည့် "ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ တမျိုးမျိုး ချမှတ်နိုင်သည်" ဆိုသည့် ပြဋ္ဌာန်းချက်အား "မဖြစ်မနေ ထောင်ဒဏ်ချမှတ်ရန်"ဟု ပြင်ဆင်သင့်ကြောင်း မြန်မာပြည်သူ့ဖိုရမ်၏ လူ့အခွင့်အရေး၊ တရားမျှတမှုနှင့် ပတ်သက်သည့် ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

"လက်ရှိဥပဒေဟာ လုပ်ငန်းရှင်တွေ၊ ခရိုနီတွေကိုသာ ကာကွယ်ပေးတဲ့ ဥပဒေတွေဖြစ်နေတယ်။ ဒီတော့ စားသုံးသူကိုကာကွယ်ပေးတဲ့ ဥပဒေကိုဖြစ်ဖို့အတွက် အမျိုးသားအစားအသောက် ဥပဒေထဲမှာလည်း ဒီအချက်ကို ထည့်သွင်း ပြင်ဆင်ရမယ်" ဟု ဦးဗအုပ်ခိုင်က ဧရာဝတီသို့ ပြောသည်။

ထို့နောက် ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးတွင် ပြည်သူအားလုံးယုံကြည်စိတ်ချ အားထားရသော နိုင်ငံတကာအဆင့်မီ အမျိုးသားဓာတ်ခွဲခန်းများကိုမဖြစ်မနေ တည်ထောင်ရန်လိုအပ်ကြောင်း ဖိုရမ်သို့တက်ရောက်လာသည့် လူမှုအဖွဲ့အစည်းများက တောင်းဆိုလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (FDA)သည် အဂတိတရားကင်းရှင်းပြီး မိမိတို့ဌာနမှ ထောက်ခံချက် ပေးထားသော စားသောက်ကုန်ပစ္စည်းများကို အနည်းဆုံးသုံးလတကြိမ် စစ်ဆေး၍ မသင့်သော စားသောက်ကုန်ပစ္စည်းများကို မီဒီယာများမှ အသိပေးကြေညာချက်များ ထုတ်ပြန်ပေးရန်လည်း တောင်းဆိုခဲ့သည်။

လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများတွင် ဓာတုပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာ သုံးစွဲမှုများကို လျှော့ချပြီး သဘာဝ မြေဩဇာနှင့် ဇီဝပိုးသတ်ဆေးများကို ပြောင်းလဲအသုံးပြုရန်လည်း အဆိုပါ ထုတ်ပြန်ချက်တွင် ရေးသားထားသည်ကို တွေ့ရသည်။

"အသီးအနှံတွေမှာ ကြီးထွားမြန်နှုန်းဆေးတွေ၊ ပိုးသတ်ဆေးတွေ အစရှိတဲ့ ဓာတုဗေဒဆေးတွေကို လွန်လွန်ကဲကဲ သုံးတာတွေကြောင့် အခုနောက်ပိုင်းမှာ အရက်၊ ဆေးလိပ် မသောက်သုံးဘဲနဲ့ အသည်းကင်ဆာဖြစ်တဲ့သူတွေ၊ ကျောက်ကပ်၊ နှလုံးအစရှိတဲ့ ရောဂါဖြစ်ပွားသူတွေ တနေ့တခြား ပိုပိုများလာတယ်" ဟု အမည်မဖော်လိုသူ အသည်းရောဂါ အထူးကု ဆရာဝန်တဦးက ပြောသည်။

အာဆီယံဒေသတွင်း နိုင်ငံများအနက် မြန်မာနိုင်ငံသည် အစားအသောက် ဘေးကင်းလုံခြုံမှုအနိမ့်ဆုံးနိုင်ငံတနိုင်ငံဖြစ်သည်ဟု သုံးသပ်ကြောင်း၊ စားသုံးသူ အခွင့်အရေးနှင့် အစားအသောက် ဘေးကင်းလုံခြုံရေးသည် မြန်မာနိုင်ငံ၏အမျိုးသားရေး အခွင့်အရေးတရပ်အဖြစ် အဆိုပါအသင်းမှ ရှုမြင်သုံးသပ်မိကြောင်း ဦးဗအုပ်ခိုင်က ပြောသည်။

၎င်းက "မြန်မာနိုင်ငံမှာ တနေ့ထက်တနေ့ဖြစ်ပွားနှုန်း အဆမတန်မြင့်တက်လာတဲ့ ကင်ဆာအန္တရာယ်က လူကြီးပိုင်းတွေသာမကဘူး၊ ကလေးသူငယ်တွေရယ် အလုပ်လုပ်နိုင်တဲ့ လူလတ်ပိုင်းအရွယ်တွေပါ ဖြစ်နေတဲ့အတွက် နိုင်ငံတော်အနေနဲ့ လူသားအရင်းအမြစ်တွေ ဆုံးရှုံးတယ်။ နောက်ပြီး ဆေးကုသစရိတ်တွေဟာလည်း နိုင်ငံတော်အတွက် ဝန်ထုတ်ဝန်ပိုးတခုဖြစ်လာမယ်။ ဒါဟာအမျိုးသားရေးအန္တရာယ်တခုလို့ သုံးသပ်မိတယ်" ဟု ဧရာဝတီသို့ ပြောသည်။



ဓာတ်ပုံ -ဂျေပိုင်/The Irrawaddy

ရန်ကုန်မြို့၊ သံဈေးရှိ ငါးပိအရောင်းဆိုင်တဆိုင်။

အာဆီယံ အစိုးရများအား မြန်မာနိုင်ငံသို့ တင်သွင်းမည့် စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများအား လုံခြုံစိတ်ချမှုရှိမှသာ တင်သွင်းပေးရန် တောင်းဆိုထားပြီး၊ အာဆီယံ ပြည်သူ့ဖိုရမ်တွင် တက်ရောက်လာမည့် အစိုးရများထံသို့လည်း မြန်မာတနိုင်ငံလုံး၏ စားသုံးသူများကိုယ်စား ထပ်မံတောင်းဆိုသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစားသုံးသူ ကာကွယ်ရေးအသင်းမှ သိရသည်။

မြန်မာပြည်သူ့ဖိုရမ်တွင် မြန်မာနိုင်ငံရှိ အရပ်ဖက် လူ့အဖွဲ့အစည်းပေါင်း ၁၆၅ ဖွဲ့၏ အသံများကို စုစည်းဖော်ထုတ်ပြီး နိုင်ငံတော်အစိုးရထံ တင်ပြမည်ဖြစ်ကာ၊ ၂၀၁၄ တွင် ပြုလုပ်မည့် အာဆီယံပြည်သူ့ဖိုရမ်အတွက် ကြိုတင်ပြင်ဆင်နိုင်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အဖွဲ့အစည်းအသီးသီးမှ လူဦးရေ ၆၅၀ တက်ရောက်ခဲ့သည့် ယင်းဖိုရမ်တွင် တရားမျှတမှုနှင့် လူ့အခွင့်အရေး၊ ဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဆိုင်ရာ ခေါင်းစဉ် ၄ ခုဖြင့် အလုပ်ရုံဆွေးနွေးပွဲပေါင်း ၁၈ ခု ကျင်းပပြုလုပ်ခဲ့သည်။ ■